
# ခွန်းဆင့်သူသူ

မျက်ဝန်းချင်းဆုံမှာစိုးမိတယ်



cover design #walone##2016



# ခွန်ုးဆင့်သူသူ

မျက်ဝန်းချင်းဆုံမှာစိုးမိတယ်



# မျက်ဝန်းချင်းဆုံမှာစိုးမိတယ်

## ခွန်းဆင့်သူသူ


မြန့်ချိရေး

**အေးရိပ်စာပေတိုက်**

အမှတ် (၂၃၈)၊ မြဝတီလမ်း။ ၁၁-ရပ်ကွက်၊

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်။

ဖုန်း-ဝ၉ ၇၈၀၃၆၀၄၉၃

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသည့်ခုနှစ်၊ လ | - ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ် |
| အုပ်ရေ | - ၁၀၀၀ |
| ထုတ်ဝေသူ | - ရွှေပေစာအုပ်တိုက်၊ ဦးနိုင်မိုး (၀၀၁၇၅)<br>ကျောက်ကုန်းလမ်း၊ ၁၄-ရပ်ကွက်၊ ရန်ကင်း။<br>ဖုန်း-၀၉ ၄၀၂၅၀၅၀၂၉၊ ၀၉ ၇၉၈၄၄၃၅၃၈ |
| ပုံနှိပ်သူ | - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)<br>ဦးအောင်ဇော်၊ အမှတ် (၈)၊ အိမ်ကြီးလမ်း၊<br>ရေကျော်၊ ပုဇွန်တောင်။ |
| မျက်နှာဖုံးဒီဇိုင်း | - ဝလုံး |
| မျက်နှာဖုံးပလင် | - Eagle |
| အတွင်းအပြင်အဆင် | - ပုံရိပ်ရှင် (၀၉ ၄၂၀၀၅၂၀၈၇) |
| တန်ဖိုး | - ၂၀၀၀ ကျပ် |

၈၀၈.၈၄

ခွန်းဆင့်သူသူ

မျက်ဝန်းချင်းဆုံမှာ စိုးမိတယ်၊ ခွန်းဆင့်သူသူ၊ - ရန်ကုန်။
ရွှေပေစာအုပ်တိုက်၊ ၂၀၁၆။

စာ-၁၅၃၊ ၁၂.၅ × ၁၈.၅ စင်တီ

(၁) မျက်ဝန်းချင်းဆုံမှာ စိုးမိတယ်

# မာတိကာ


| | | |
|---|---|---|
| ✣ | ကျေးဇူးတင်လွှာ | ၇ |
| ၁။ | ဒီနေရာမှာ ရပ်နေကြမှာလား | ၈ |
| ၂။ | အထည်ကြီးပျက် | ၁၂ |
| ၃။ | ရွှေမြန်မာတွေတဲ့လား | ၁၆ |
| ၄။ | ပြည်သူလိုလားတဲ့ သမ္မတ | ၂၀ |
| ၅။ | ကာတွန်းကပြောသောသမိုင်း | ၂၅ |
| ၆။ | ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာလား | ၂၉ |
| ၇။ | စံပြလူ့အဖွဲ့အစည်းဆိုတာ | ၃၃ |
| ၈။ | အပူလှိုင်းဒီဂရီ ၅၂၈ | ၃၆ |
| ၉။ | လူသားရဲ့ ဂုဏ်သိက္ခာ | ၄၀ |
| ၁၀။ | ရေစီးကြောင်းပြောင်းခြင်း | ၄၄ |
| ၁၁။ | တို့ပိုင်တဲ့မြေ | ၄၈ |
| ၁၂။ | ဦးခေါင်းထက်မှာ ဓါးမိုးထားစေ | ၅၂ |
| ၁၃။ | သွေးချင်းတို့ပျော်ရာမြေ | ၅၅ |
| ၁၄။ | ယူနစ်ပျောက်ခြင်း | ၅၉ |
| ၁၅။ | ချဉ်ဖတ်ဖြစ်ရခြင်းအကြောင်း | ၆၂ |
| ၁၆။ | ဘာတွေစားရမှာလဲ | ၆၅ |
| ၁၇။ | ကျွန်မနဲ့ ဘန်ကောက် | ၆၉ |
| ၁၈။ | ပွတ်ပွဲသဘင်ဆင်နွဲနေသူများဖတ်ဖို့ | ၇၃ |
| ၁၉။ | ဒီလိုနဲ့ အပျံသင်စငှက်ကလေးတွေ | ၇၇ |

၂၀။ မေမေနှင့် အိမ်နီးချင်းစစ်ပွဲ ၈၁
၂၁။ အဖြစ်စားခေတ် ၈၅
၂၂။ အော်ရဟာစ်ရခေတ်ကြီးနဲ့ နည်းဗျူဟာ ၈၈
၂၃။ သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ ၉၁
၂၄။ စကားပြောသော ထမင်းချိုင့်များ ၉၅
၂၅။ ဝါးလုံးခေါင်းထဲမှာ သာတဲ့လ ၉၉
၂၆။ ကြားက ငထွား ကြီးပွားနေသလား ၁၀၃
၂၇။ မစည်ကားအပ်တဲ့အရပ် ၁၀၇
၂၈။ ရွေးကောက်ပွဲမှာ နတ်ရှိသလား ၁၁၀
၂၉။ မျက်ဝန်းချင်းဆုံမှာ စိုးမိတယ် ၁၁၄
၃၀။ နိုင်ငံကြီးသား ပီသကြပါစေ ၁၁၇
၃၁။ ပြည်သူတွေက စာတတ်ကြပါတယ် ၁၂၀
၃၂။ အပြောင်းအလဲတွေနဲ့ ကောင်းလာမည့် မြန်မာပြည် ၁၂၄
၃၃။ အရိပ်ကောင်း ၁၂၇
၃၄။ အမှန်တရားက ပြတင်းပေါက်က ခုန်ဆင်းသွားပြီလား ၁၃၀
၃၅။ လေသန့်ဘူးတွေ ဝယ်ရဦးမှာလား ၁၃၄
၃၆။ အသစ်က ပြန်စကြစို့ ၁၃၈
၃၇။ ရှင်ဘုရင်ရယ်၊ ဆင်းရဲသားရယ်၊ စာအုပ်တွေရယ် ၁၄၂
၃၈။ ခံတွင်းပျက်တဲ့သကြန် ၁၄၅
၃၉။ နေညိုညို အသွားအို ၁၄၉
✣ စာရေးသူ၏ ကိုယ်ရေးအကျဉ်း ၁၅၃

# ကျေးဇူးတင်လွှာ

ဆောင်းပါးများအား ထည့်သွင်းဖော်ပြပေးခဲ့ကြသော 7 Day News, The Voice, Popular News, မြန်မာပို့စ်ဂျာနယ်၊ သမဂ္ဂနှင့် စံတော်ချိန် သတင်းစာတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ် ပါသည်။

ခွန်းဆင့်သူသူ
၀၉-၇၈၀၃၆၀၄၉၃

✧ ✧ ✧

# ဒီနေရာမှာ ရပ်နေကြမှာလား

နှစ်တစ်နှစ်ရဲ့ နောက်ဆုံးလဟာ အေးချမ်းလွန်းစွာပဲ ကုန်ဆုံးသွားပါပြီ။ သက္ကရာဇ်တွေ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ရက်ပြီးတစ်ရက်၊ မရပ်မနား ခရီးဆက်နေကြသလို ကျွန်မတို့ လူသားတွေကကော သက္ကရာဇ်တွေနဲ့အတူ ရှေ့ခရီးကို ဆက်ခဲ့ကြပြီလား၊ ခရီးမဆက်ဘဲ ရပ်နေကြသလား။ ဒါမှမဟုတ် နောက်ပြန် ပြန်လှည့်သွားကြသလားဆိုတာ မေးခွန်းထုတ်ချင်စရာပါ။

ကျွန်မတို့တိုင်းပြည်မှာ ၈၈ ဒီမိုကရေစီ အရေးတော်ပုံကြောင့် နိုင်ငံရေးသမားတွေ၊ ကျောင်းသားခေါင်းဆောင်တွေ ပေါ်ပေါက်လာခဲ့ကြတာ တိုင်းပြည်အတွက် အရှုံးထဲက အမြတ်လို့ပဲ ပြောရမှာပါ။ အန်တီစု အပါအဝင် ဒီနိုင်ငံရေးသမားတွေကိုလည်း ယနေ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ကျက်သရေရှိစွာ ကျွန်မတို့မြင်တွေ့နေကြရပါပြီ။ ဒါပေမဲ့ ကျွန်မတို့ ယုံကြည်အားကိုးတဲ့ ချစ်တဲ့ နိုင်ငံရေးသမားတချို့တွေ၊ ကျောင်းသားခေါင်းဆောင်တွေကိုတော့ လွှတ်တော်နိုင်ငံရေးမှာ မမြင်ရ၊ မတွေ့ရသေးပါဘူး။ မကြာခင်မှာ ၂၀၁၅ ရွေးကောက်ပွဲကရောက်လာပါတော့မယ်။ သူတို့တွေကို လွှတ်တော်ရင်ပြင်မှာ ပြည်သူ့ကိုယ်စားလှယ်တွေအဖြစ် ပြည်သူတွေက မြင်တွေ့ချင်ကြမယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ မရှိပါဘူး။

ကျောင်းသားခေါင်းဆောင်ဆိုတာ ခေတ်စနစ် အခြေအနေအရ အချိန်အခါအရ ပေါ်ပေါက်လာတတ်ကြသူတွေပါ။ အလကားနေရင်း ခေါင်းဆောင်ဖြစ်ချင်တိုင်း ဖြစ်လို့ရတာ မဟုတ်ပါဘူး။ ခေတ်တစ်ခုကနေ တစ်ခုကို၊ စနစ်တစ်ခုကနေ တစ်ခုကို ကူးပြောင်းကြတဲ့ တော်လှန်ရေးကာလတွေမှာသာ ခေါင်းဆောင်ကောင်းတွေ ပေါ်ပေါက်လာတာပါ။

၈၈ ကျောင်းသားခေါင်းဆောင်တွေ၊ ကျောင်းသားထုတွေ ဦးဆောင်ပြီး ပြည်သူတွေအတွက် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးခဲ့ကြတယ်ဆိုတာ ငြင်းပယ်လို့ မရတဲ့ အချက်တစ်ခုပါ။ စစ်အာဏာရှင်လက်ထက်မှာ နိုင်ငံရေးသမားတွေကို လူလုံးမလှအောင် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ခဲ့လေတော့ လူထုက နိုင်ငံရေး မလုပ်ရဲလောက်အောင် ကြောက်ရွံ့ခဲ့ကြရတယ်။ နိုင်ငံရေးဆိုတဲ့ အသံကိုတောင် ကျယ်ကျယ် မပြောရဲကြတဲ့ ဘဝတွေဖြစ်ခဲ့ကြရတယ်။

ဒီအကြောက်တရားတွေထဲကပဲ ထွန်းထွန်းပေါက်ပေါက် နိုင်ငံရေးသမားတွေ၊ ကျောင်းသားခေါင်းဆောင်တွေဟာ အမေက မွေး၊ ထောင်ကကျွေးဆိုသလို စစ်အာဏာရှင်ရဲ့ မှတ်ကျောက်တင်ခြင်းကို အကြိမ်ကြိမ်ခံခဲ့ကြရတယ်။ ၂၀၀၇ ခုနှစ် စက်သုံးဆီတွေ ဈေးတက်လို့ ဘတ်စ်ကားခတွေ အဆမတန် မြင့်တက်လာတာကို ဒီကျောင်းသားတွေကပဲ တညီတညွတ်တည်း လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြတာ တိုင်းသိပြည်သိ၊ ကမ္ဘာသိအောင် ရာဇဝင်တွင်ခဲ့ကြပါပြီ။

သူတို့ရဲ့ ကျေးဇူးကြောင့် အခုဆို လွှတ်တော်နိုင်ငံရေး ပေါ်ပေါက်လာပြီး လွှတ်တော်ထဲမှာ ဒီမိုကရေစီဆိုတဲ့အသံတွေ ညံနေကြပါပြီ။ ဒီအသံတွေက အသံစစ်တွေလား၊ အသံတုတွေလား ဆိုတာလည်း ပြည်သူတွေက မှန်းဆအကဲဖြတ်နိုင်ပါပြီ။

အခုလို တိုင်းရေးပြည်ရေး အရေးကြီးတဲ့အချိန်၊ အခြေခံဥပဒေ ပြင်ဆင်ဖို့ အပူတပြင်း လိုအပ်နေတဲ့အချိန်မှာ လွှတ်တော်မှာ ဝင်ရောက်ဆွေးနွေးအကြံပြုတင်ပြ၊ ထောက်ပြကြရမယ့် ဒီမိုကရေစီ ဘက်တော်သားစစ်စစ်တွေ အရေးတကြီး လိုအပ်နေပါပြီ။

၂၀၁၀ ရွေးကောက်ပွဲ ကာလတွေတုန်းက ၂၀၀၈ အခြေခံဥပဒေကို လက်သင့်မခံနိုင်လို့ ရွေးကောက်ပွဲကို ဆန့်ကျင်ကြသူတွေ အများအပြားပါ။ ဒါပေမဲ့ နိုင်ငံတကာမှာလည်း စစ်အစိုးရဦးစီးတဲ့ ရွေးကောက်ပွဲတွေမှာ အတိုက်အခံဘက်တွေက ဝင်ရောက်ပြီး ဒီမိုကရေစီကို ၂၀ကျပ်ဖိုးပဲရရ၊ ၄၀ကျပ်ဖိုးပဲရရ၊ တဖြည်းဖြည်းနဲ့ သဲ့ယူပြီး ရယူခဲ့ကြရတာပါပဲ။

အန်တီစုကတော့ လွှတ်တော်နိုင်ငံရေးထဲမှာ ပါဝင်ပြီး အခြေခံဥပဒေပြင်ဆင်ဖို့ကို အပတ်တကုတ် ကြိုးစားအားထုတ်နေပါတယ်။ အန်တီစု အပါအဝင် အသက် ၆၀ ကျော် သက်ကြီးဝါကြီးတွေက အခြေခံဥပဒေကို

တစ်နည်းနည်းနဲ့ ပြုပြင်ပြောင်းလဲဖို့ ၇၅ ရာခိုင်နှုန်းနဲ့ ၂၅ ရာခိုင်နှုန်း လွန်ဆွဲပွဲကြားထဲမှာ၊ ကိုယ့်ဘက် တစ်မဲသာဖို့အရေး ဦးဆွေးဆံမြည့် ထမ်းရွက်နေကြချိန်မှာ ကျွန်မတို့ ယုံကြည်အားကိုးတဲ့ ကျောင်းသားခေါင်းဆောင်တွေကတော့ လွှတ်တော်ပြင်ပ နိုင်ငံရေးထဲမှာပဲ ရှိနေကြပါသေးတယ်။ သက်ကြားရွယ်အိုတွေက ကျဉ်းထဲကျပ်ထဲကြားက အခြေခံဥပဒေတွေကို ပြုပြင်ပြောင်းပြီးမှပဲ၊ လမ်းခင်းပေးပြီးမှပဲ သူတို့တွေက လွှတ်တော်ထဲကို ရောက်လာကြမှာလားလို့ မေးခွန်းထုတ်ရ မလိုပါ။

တိုင်းပြည်မှာ လွှတ်တော်ပြင်ပ နိုင်ငံရေးဟာလည်း အရေးကြီးပါတယ်။ တိုင်းပြည်ရွေ့အောင် တစ်ဖက်တစ်လမ်းက ကူညီထောက်ပံ့ပေးနိုင်ပါတယ်။ ဒါပေမဲ့ တကယ်ပင်မ ဒီမိုကရေစီ ရေသောက်မြစ်ကတော့ လွှတ်တော်နိုင်ငံရေးပဲ ဖြစ်ပါတယ်။ ဦးသိန်းဖေမြင့်ရဲ့ 'ဘုတလင်မှ အသံ' စာအုပ်ထဲမှ ထုတ်ဝေသူ၏ စကားလေးကို ပြန်လည် မျှဝေချင်ပါတယ်။ လွှတ်တော်နိုင်ငံရေးရဲ့ အနှစ်သာရကို သူက ပြောပြထားတာပါ။

"ဥပမာအားဖြင့် မီးခိုး တက်နေသည်ကို မြင်ရလျှင် အောက်ခြေတွင် မီးရှိနေသည်ဟု အလွယ်တကူ သိနိုင်သလို အကြင်နိုင်ငံ ပြည်သူ့လွှတ်တော် ပါလီမန်သာ ထင်ရှားရှိနေလျှင် ထိုနိုင်ငံ၌ ဒီမိုကရေစီ အောက်ခြေခံ ရှိနေပြီဟု သိအပ်ရာ၏"

'ပါလီမန်ဆိုသည်မှာ ဒီမိုကရေစီ၏ အထွတ်အမြားလည်း ဖြစ်သည်။ အောက်ခြေအုတ်မြစ်လည်း ဖြစ်သည်။ ရသအားဖြင့် 'ဝေဖန်ပြောဆိုခွင့်' သာလျှင်တည်း။ ပြည်သူ့ကိုယ်စားလှယ်တို့သည် ပြည်သူကောင်းကျိုး၊ ဆိုးပြစ်များကို တင်ပြရာ စခန်းဌာန၊ တရားဥပဒေပြု စည်းဝေး တိုင်ပင်ရာဌာန၊ ဝေဖန်ပြောဆိုရာဌာနမှာ ထိုပြည်သူ့လွှတ်တော် ပါလီမန်သာ ဖြစ်သည်။ တိုင်းပြည်အတွက် ပါလီမန်သည် အရေးပါပြီး ပြည်သူ့ကိုယ်စားလှယ်တို့သည် အဘယ်မျှ အရေးပါသည်ကို သိသာမြင်သာစေသော စကားစုကလေးပင်။ ဤမျှတိုင်းပြည်အတွက် အရေးပါသော နေရာတွင် အရေးမပါသော သူများ နေရာမယူမိစေရန် အရေးပါသောသူများက နေရာယူကြရပါမည်။

ယနေ့ လွှတ်တော်ကိုလည်း တစ်ခေတ်တစ်ခါက လွှတ်တော်ကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်၊ ဦးသိန်းဖေမြင့်တို့ခေတ်က လွှတ်တော်ကဲ့သို့ လှုပ်ရှားသက်ဝင်ပြီး ဝေဖန်သံများနှင့် ညံစေချင်တာ အမှန်ပါ။ လွှတ်တော်ထဲမှာ အန်တီစုရဲ့ အသံ၊ ဦးသိန်းညွှန့်ရဲ့ အသံတွေ၊ ဦးအေးမောင်ရဲ့ အသံ၊ ဦးဌေးဦးရဲ့

အသံတွေ ကြားရသလိုပဲ၊ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီးတို့ အသံတွေ၊ ကိုကိုးကျွန်းပြန် ဦးလှရွှေရဲ့ အသံ၊ ဦးဝင်းတင်၊ ဦးဘိုကြည်ရဲ့ အသံတွေ၊ ဇာဂနာ၊ မေတ္တာတို့ရဲ့ အသံတွေလည်း ကြားချင်ပါတယ်။ အခြား ကျွန်မ မသိရှိတဲ့ ပြည်တွင်းပြည်ပ နိုင်ငံရေးသမားဟောင်းတွေ၊ ကျောင်းသား ကျောင်းသူတွေရဲ့ အသံတွေလည်း ကြားချင်ပါတယ်။ တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးကို သယ်ပိုးလိုကြတဲ့ ဒီမိုကရေစီဘက်တော်သားတွေကို လည်း ကြိုဆိုပါတယ်။

တိုင်းပြည်မှာ ခိုင်မာတဲ့ အင်အားရှိတဲ့ စစ်တပ် Institution ရှိသလိုပဲ ခိုင်မာတဲ့ အင်အားရှိတဲ့ ဒီမိုကရေစီ Institution ရှိဖို့ လိုအပ်ပြီလို့ နိုင်ငံရေး လေ့လာသူတွေက သုံးသပ်ပြောဆိုကြတယ်။ ဒီမိုကရေစီ အင်အားစုတွေက ဖရဲသီးလို တစ်လုံးရှိရင် နှစ်ခြမ်းကွဲမယ်၊ တစ်ခြမ်းရှိရင် လေးစိတ်စိတ်မယ်။ ဖရဲသီးနိုင်ငံရေး ဖြစ်နေပြီ'လို့ အားမလိုအားမရနဲ့ ဝေဖန်ထောက်ပြကြတဲ့ အသံတွေလည်း ကြားရပါတယ်။ ခိုင်မာတဲ့၊ အားကောင်းတဲ့ ဒီမိုကရေစီ အင်အားစုတစ်ရပ် ရရှိဖို့ အားလုံးပူးပေါင်းကြဖို့ လိုအပ်နေပါပြီ။

ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးခဲ့ကြတဲ့ ကျောင်းသား ခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားဟောင်းတွေဟာ တိုင်းပြည်အတွက် တာဝန် ကျေခဲ့ကြပါတယ်။ သို့သော်လည်း ဒီမိုကရေစီက လမ်းတစ်ဝက်မှာပဲ ရှိပါသေး တယ်။ နိုင်ငံတော်သစ်ကြီးက 'ရွှေပြည်တော်မျှော်တိုင်းဝေး'မဖြစ်ကြရအောင်၊ 'ခဲလေသမျှ သဲရေကျ'မဖြစ်ကြလေအောင် လမ်းဆုံးထိ ဆက်လျှောက်ကြစေ ချင်တာကတော့ အမှန်ပါ။

***The Voice Daily,***

***January, 2014.***

✧ ✧ ✧

# အထည်ကြီးပျက်

ရေသန့်နဲ့ ခြေဆေးနေကြတဲ့သူတွေနဲ့ ရေသန့်ကို ဝယ်မသောက်နိုင်ကြတဲ့သူတွေ၊ အတူတကွ မှီတင်းနေထိုင်နေကြတဲ့ ကျွန်မတို့တိုင်းပြည်ဟာ တကယ်တော့ အင်မတန်မှ ချမ်းသာတဲ့တိုင်းပြည်ပါ။

ငယ်ငယ်က ပထဝီစာအုပ်ထဲမှာ ကိုယ့်တိုင်းပြည်ကထွက်တဲ့ တွင်းထွက်ပစ္စည်းတွေကို အလွတ်ကျက်ခဲ့ရတာပေါ့။ ခဲမဖြူ၊ အဖြိုက်နက်၊ ဘော်၊ သွပ်၊ သံ၊ ကြေး၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ပုလဲ၊ ရေနံစသည်ဖြင့် ကျွန်မတို့ သံကုန်ဟစ်ပြီး စာကျက်ခဲ့ရတာ။

ကျွန်မတို့ မြေကြီးက ရွှေသီးလိုက်ပုံများ၊ ထွက်လိုက်တဲ့ ကျောက်မျက်ရတနာတွေကလည်း များမှများ၊ ပေါမှပေါ၊ လူရယ်လို့ ဖြစ်လာခဲ့ကတည်းက ကျောက်မျက်ပြခန်းဆိုတာကို ယောင်လို့တောင် မရောက်ဖူးခဲ့ပေမယ့် တီဗွီဖန်သားပြင်ကနေ ကျောက်မျက်ရတနာပြခန်းတွေကိုတော့ ကျွန်မတို့ပြည်သူတွေ မစားရဝမခမန်းဆိုသလို ကိုယ့်ပြည်ကထွက်တဲ့ ကျောက်မျက်ရတနာတွေကို မျက်ဝါးထင်ထင်ပဲ အားပါးတရ ကြည့်ကြရပါတယ်။ ကျောက်စိမ်းတွေ၊ ပတ္တမြားတွေ၊ နီလာတွေဆိုတာ အစိုက်အခဲ ကြီးမှကြီး၊ လှမှလှ၊ အရွယ်အစားအစုံစုံ၊ အရောင်အသွေးအဖုံဖုံနဲ့ လာဝယ်ကြတဲ့ ဧည့်ပရိသတ်တွေကလည်း ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကလူတွေနည်းနည်း၊ အိမ်နီးချင်းတိုင်းပြည်က လူတွေက များများ၊ ဩော်-- ကျွန်မတို့တိုင်းပြည်ဘဏ္ဍာမှာ နိုင်ငံခြားငွေတွေ တိုးပွားတာကို မုဒိတာပွားရပါတယ်။

တွင်းထွက်ပစ္စည်းမှာ မြေကြီးက ရွှေသီးသလိုပဲ စိုက်ပျိုးရေးကဏ္ဍမှာလည်း မြေကြီးက ရွှေသီးတာပါပဲ။ စိုက်ပျိုးရေးနိုင်ငံဆိုတော့ ရှေးပဝေသဏီ

ကတည်းက ကျွန်မတို့လူမျိုးတွေက စိုက်ပျိုးရေး အတတ်ပညာတွေ ရှိခဲ့ကြတာပါ။ အခုလို ဓာတ်မြေဩဇာတွေ လှိုင်လှိုင်ကြီးမပေါ်ပေါက်ခင်ကတည်းက ဘိုးဘွားဘီဘင်တွေက မိရိုးဖလာ မြေဆွေး၊ နောက်ချေးတွေနဲ့ စိုက်ပျိုးခဲ့ကြတာပါ။

လယ်ယာထွက်ကုန်တွေဟာ ပြည်တွင်းမှာ စားမကုန်၊ သောက်မကုန်လို့ ပြည်ပကို တင်ပို့ခဲ့ကြရတာ ကျွန်မတို့ မြန်မာတွေ ဂုဏ်ယူစရာ။ ဆန်၊ စပါး၊ ပြောင်း၊ ဂျုံ၊ ဝါ၊ နှမ်း၊ ပဲအမျိုးမျိုးအပြင် ငရုတ်၊ ကြက်သွန် စတဲ့ သီးနှံတွေက နိုင်ငံခြားကို တင်ပို့ကြရတယ်။ ဆန်၊ ကျွန်းသစ်နဲ့ သစ်မာ၊ ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုတဲ့ အဓိကပို့ကုန်တွေက တခြား တိုင်းပြည်တွေမှာ ရနိုင်ခဲတဲ့ အရာတွေကို ကျွန်မတို့တတွေ ရရှိထားကြတာပါ။ ဒါကြောင့်လည်း အခုဆို ကမ္ဘာ့နိုင်ငံအသီးသီး ကုမ္ပဏီတွေက ကျွန်မတို့ တိုင်းပြည်ဆီကို လာပြီး ချဉ်းကပ်ကြတာပဲ ကြည့်လေ။

မြစ်ကြီးလေးစင်းအပြင် သစ်ပင်တစ်ပင်ရဲ့ သစ်မြစ်တွေလို မြစ်၊ ချောင်း၊ အင်းအိုင်တွေကလည်း ပေါများတော့ သား၊ ငါး၊ ပုဇွန်တွေဆိုတာ ပေါမှပေါ။ စားလို့မကုန်၊ ပိုလျှံနေတော့ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်တွေ လုပ်ပြီး ကြာရှည်ခံအောင် စီမံထားကြရတယ်။

အဲဒီလို ကျွန်မတို့ တိုင်းပြည်က တွင်းထွက်ပစ္စည်းတွေ၊ လယ်ယာထွက်ကုန်တွေ၊ ရေထွက်ကုန်ပစ္စည်းတွေကို နိုင်ငံခြားကို လှိုင်လှိုင်ကြီး တင်ပို့နိုင်ခဲ့ကြတယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအားက ထပ်တူပဲ ကျသလား၊ ဘယ်ဘက်က အားသာနေသလဲဆိုတာ မသိနိုင်ပေမယ့် ပြည်ပကို ထွက်ရှိတဲ့ကုန်ပစ္စည်းတွေက ထွက်လိုက်တာမှ သောက်သောက်လဲ၊ ကျွန်းသစ်နဲ့ သစ်မာအပြင် ပင်လုံးကျွတ် အမြစ်ပါတူးပြီး ရောင်းရသတဲ့။ သစ်ခွပန်း၊ ဖယောင်းပန်းမကျန် တောက်တဲ့တောင် အကောင်ကြီးရင် ဈေးကောင်းရနေပြီ။

ပုဇွန်ထုပ်ဆိုတာ ကိုယ့်ပြည်တွင်းမှာ လူနည်းစုသာစားနိုင်တော့တဲ့ အစားအစာ၊ ဈေးထဲမှာ ငါးသလောက်အကောင်သေးလေးတွေပဲ တွေ့ရတော့တယ်။ ငယ်ငယ်ကလို ငါးသလောက်အကောင်ကြီးကြီးကို မကျည်းနှစ်နဲ့ ဆီပြန်ရေကျန်ချက်စားရတဲ့ အခွင့်အရေးက ရှားရှားပါးပါး ဖြစ်သွားပြီ။ အခုခေတ်မှာ ကြီးပြင်းတဲ့ ကလေးတွေ ဒီလိုဟင်းမျိုး စားဖူးချင်မှ စားဖူးကြမှာ။

သားစိမ်း၊ ငါးစိမ်းတွေကို ပြည်ပကို တင်ပို့ကြတော့ အရင်ကလို သားစို၊ ငါးစို မပေါကြတော့ဘဲ ငါးခြောက်နဲ့ ပုဇွန်ခြောက်ဈေးက ခေါင်ခိုက်

သွားပြီ။ ငါးရံ့ခြောက်ဆိုတာ ဈေးထဲမှာ မြင်သာမြင်ရ မစားရတဲ့ အစာပါ။ သဘာဝဓာတ်ငွေ့တွေ ပိုလျှံလို့ ပြည်ပကို ရောင်းရတဲ့ ကျွန်မတို့တိုင်းပြည်ဟာ မီးပျက်တာခဏခဏပဲဆိုတော့ တာဝန်ရှိသူတွေ အတွက်အချက်မှားပြီး ပိုလျှံတာထက်ကို ပိုပြီးရောင်းမိနေသလားဆိုတာ စဉ်းစားစရာပါပဲ။

ကုန်ကြမ်းပစ္စည်းတွေ ပေါများပြီး ကုန်ချောပစ္စည်းပါးရှားတဲ့ ကျွန်မတို့ဆီမှာ ပြည်ပကသွင်းကုန်တွေကတော့ ဝင်လာမစဲ တသဲသဲပါပဲ၊ အခုဆို ဟန်းဆက်နဲ့ ဆက်စပ်ပစ္စည်းတွေက လမ်းဘေးပလက်ဖောင်းဈေးမှာ ပေါပေါများများ နေရာယူနေကြပြီ။ တီဗွီနဲ့ ရေခဲသေတ္တာဆိုတာ ကိုယ့်ဆီကသာ မထုတ်လုပ်နိုင်တာ။ အိမ်တိုင်းလိုလိုမှာ ရှိနေကြပြီ။ ဆင်းရဲတဲ့အိမ်တွေမှာလည်း ဆန်အိုးထဲမှာ ဆန်မရှိရှိရင်သာနေမယ်၊ အပေါ်စက်၊ အောက်စက်လေးတော့ အလုပ်ကအပြန် ကြည့်ဖို့ဝယ်ထားကြတယ်။ ကန်စွန်းရွက်ချဉ်ရည်ဟင်း၊ ငါးပိတို့စရာနဲ့ ထမင်းစားရတာ အရေးမကြီးကြ၊ ညဘက် ကိုးရီးယားဇာတ်လမ်းတွဲလေးကြည့်ရဖို့က အရေးကြီးကြပြီလေ။ ကျွန်မတို့ ပြည်သူတွေ အရင်ကထက်စာရင် ခေတ်မီလာတယ်လို့ ဆိုရမှာပေါ့။

ပြည်ပကို ပို့ကုန်တွေက ထွက်လိုက်တာမှ သောက်သောက်လဲ၊ ပြည်ပက သွင်းကုန်တွေကလည်း ဝင်လာမစဲ တသဲသဲနဲ့၊ သွင်းကုန်၊ ထွက်ကုန်တွေနဲ့ စည်ပင်ဝေဆာနေတဲ့ ကျွန်မတို့ရဲ့ တိုင်းပြည်ကြီးဟာ Led Development Country (LDC) တဲ့။ ကမ္ဘာ့နိုင်ငံအသီးသီးက ကျွန်မတို့တိုင်းပြည်ရဲ့ ကဏ္ဍာအဖုံဖုံမှာ အကူအညီပေး ကြမယ်တကဲကဲ ဖြစ်နေကြပြီ။

ကျွန်မတို့တတွေ ပညာရေးအဆင့်မမြင့်လို့၊ အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းဖို့၊ ဒေသဖွံ့ဖြိုးရေးအားနည်းလို့၊ ဒီမိုကရေစီစံချိန်စံနှုန်း ပြည့်မှီဖို့၊ ကမ္ဘာနဲ့ နှစ် ၅၀ လောက် နောက်ကျကျန်ရစ်ခဲ့လို့၊ ကုန်ထုတ်လုပ်မှု စံချိန်စံညွှန်းမြင့်တင်ဖို့၊ လယ်ယာသုံးစနစ် ခေတ်မီအဆင့်မြင့်ဖို့ စတဲ့ အဘက်ဘက်က လိုအပ်ချက်တွေကို ကူညီဖြည့်ဆည်းပေးမလို့တဲ့။ ငွေအားကော၊ အတတ်ပညာအားကော ကူညီကြမယ်တဲ့။ အဆင်းရဲဆုံးစာရင်းမှာ ပါဝင်နေတဲ့ ကျွန်မတို့တိုင်းပြည်ကို စောင်မကြည့်ရှုကြမယ်ပေါ့။

အခုလို တိုင်းတစ်ပါးသားက ကူညီကြတာကို ကျွန်မတို့တတွေက ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား၊ ဝမ်းနည်းဝမ်းသာ ဖြစ်ရမှာလား၊ အခုမှ ကျွန်မတို့တိုင်းပြည်က 'အထည်ကြီးပျက်' လို ဖြစ်နေကြရပါပြီ။ ဟိုရှေးရှေးတုန်းကတော့ ကျွန်မတို့လူမျိုးက ဘိုးစဉ်ဘောင်ဆက် အင်မတန်ချမ်းသာတဲ့

လူမျိုး၊ ကျွန်မတို့တိုင်းပြည်က အင်မတန်ချမ်းသာတဲ့ တိုင်းပြည်ပါ။ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လို ပုံကြတယ်ဆိုတဲ့ ကျွန်မတို့ရဲ့ ဘိုးဘွားဘီဘင်တွေကို ကျွန်မကတော့ ရှက်မိပါရဲ့။

*စံတော်ချိန် သတင်းစာ၊ ၂၀၁၄။*

✧ ✧ ✧

# ရွှေမြန်မာတွေတဲ့လား

ကမ္ဘာပေါ်တွင်စားသောက်ရန် အကောင်းဆုံးနိုင်ငံမှာ နယ်သာလန်ဖြစ်ပြီး အဆိုးဆုံးနိုင်ငံမှာ ချဒ်ဖြစ်ကြောင်း ၁၂၅ နိုင်ငံ၏ အစားအသောက်စားသောက်ပုံ လေ့လာကာ Oxfom မှ စစ်တမ်းထုတ်ခဲ့သည်။ အကောင်းဆုံးဖြစ်ရခြင်းမှာ အစားအသောက်ဈေး သက်သာခြင်း၊ ဆီးချိုဖြစ်ပွားနှုန်း နည်းပါးခြင်းနှင့် အခြားသောဥရောပနိုင်ငံများထက် အဟာရပြည့်ဝခြင်း တို့ကြောင့်ဖြစ်ကြောင်း ချဒ်နိုင်ငံသည် အဟာရနည်းပါးသည့် အစားအသောက်များသာရှိခြင်း၊ ဈေးကြီးခြင်းနှင့် သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် ဖြစ်သည်တဲ့။

နောက်ထပ် သတင်းတစ်ပုဒ်ဖတ်ရပြန်တာက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အဟာရချို့တဲ့မှုနှုန်း အမြင့်ဆုံးခံစားနေရသည် တတိယမြောက်နိုင်ငံဟု Unicef ကပြောထားသည်။ စားနယ်ရိက္ခာမလုံလောက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အလေ့အထနည်းခြင်း၊ ရေကောင်းရေသန့်နှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု အကန့်အသတ်ဖြင့်သာရရှိခြင်း၊ အစားအသောက်ကျွေးသည့် ပုံစံမမှန်ခြင်း စသည့်အချက်များ ထောက်ပြထားသည်။

ဆန်ရေစပါးပေါများကြွယ်ဝတဲ့ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့မြန်မာနိုင်ငံဟာ အဟာရချို့တဲ့မှုနှုန်းအမြင့်ဆုံးပါတဲ့။ စိတ်မကောင်းစရာပါပဲ။ 'အမျိုးသမီးတွေနဲ့ ကလေးငယ်တွေမှာ ဗီတာမင်နဲ့ သတ္တုဓာတ်ချို့တဲ့နေတာကို သိပ်ပြီးသတိမထားမိကြဘူး။ ဒီချို့တဲ့မှုဟာ ဖုံးကွယ်နေတဲ့ ဆာလောင်ခြင်းလို့ပြောလို့ရပြီး အဟာရချို့တဲ့မှုကို ပိုမိုဆိုးဝါးစေပါတယ်' လို့ FAO ဌာနကိုယ်စားလှယ်ဘူသီလန်က ဆိုထားပါတယ်။ တော်သေးတာပေါ့။ စားသောက်ရန်အဆိုးဆုံးနိုင်ငံက ကျွန်မတို့နိုင်ငံမဖြစ်ဘဲ ချဒ်နိုင်ငံဖြစ်နေလို့။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်တဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံထဲမှာ ပါဝင်နေပါသတဲ့။ အခုခေတ်မှာ ခေတ်စားနေတဲ့ရောဂါက ကင်ဆာပါ။ ဖြစ်လိုက်ကြတဲ့ကင်ဆာရောဂါအမျိုးမျိုးက လူကြီး၊ လူငယ်တွေကို သေမင်းဆီပို့ပစ်ခဲ့တာ။ ကင်ဆာနဲ့ သွေးတိုး၊ နှလုံး၊ ဆီးချို၊ လေဖြတ်ကြတာဟာ လူတွေရဲ့ စားသောက်ကြတဲ့ အစားအသောက်တွေကြောင့် စားသောက်ပုံ မမှန်ကြတာကြောင့်ဆိုတာ ဘယ်လိုမှ ငြင်းမရနိုင်ပါ။

ကျွန်မတို့ငယ်ငယ်က ကင်ဆာဆိုတာ မကြားဖူးပါ။ တီဘီရောဂါဟာ အဆုံးဝါးဆုံးရောဂါ။ တီဘီရောဂါသည်ဆိုရင် ဆိုးဆိုးဝါးဝါးရောဂါသမားပဲ။ အဆုတ်ရောဂါကု ဆေးရုံတက်ပြီး နှစ်ရှည်လများ ဆေးကုသ ခံယူကြရတယ်။ နှလုံး၊ သွေးတိုး၊ ဆီးချိုဝေဒနာရှင်များလည်း ယခုလောက် မပေါ်များကြပါ။

ကျွန်မရဲ့ မိဘတွေက ပဲခူးသူ၊ ပဲခူးသားတွေပါ။ ပဲခူးမြို့က ပုစွန်ခြောက်၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ကောင်းကောင်းထွက်ပါတယ်။ အိမ်တိုင်းအိမ်တိုင်းရဲ့ မီးဖိုချောင်မှာ ပုစွန်ခြောက်မှုန့်ပုလင်းလေးတွေ ရှိကြပါတယ်။ အချိုမှုန့်ကို မသုံးတတ်ကြသေးပါဘူး။ ပုစွန်ခြောက်မှုန့်ကိုပဲ ဟင်းခတ်မှုန့်အဖြစ် သုံးကြပါတယ်။ ချဉ်ရည်ဟင်း၊ ဟင်းချိုချက်ရင် ပုစွန်ခြောက်မှုန့်လေးနဲ့ ချက်ကြပါတယ်။ အသုပ်သုပ်ရင်လည်း ပုစွန်ခြောက်မှုန့်လေးနဲ့၊ ငါးပိရည်ဖျော်ရာမှာလည်း ပုစွန်ခြောက်မှုန့်လေး ဖြူးလိုက်တာပါပဲ။

နောက်ပိုင်း တီဗွီတွေပေါ်လာတော့ တီဗွီမှာ အာဂျီနိုမိုတိုအချိုမှုန့် ကြော်ငြာရာကနေ အစပြုပြီး တဖြည်းဖြည်းနဲ့ အချိုမှုန့်ကို နတ်သုဒ္ဓါတစ်ပါးလို ခံခံမင်မင်စားသုံးလာခဲ့ကြတာ ယနေ့ထိတိုင်ပါပဲ။ မြို့ပြမှာ အချိုမှုန့်ကို ရေလဲ့ သုံးကြသလို။ ကျေးလက်မှာလည်း အချိုမှုန့်မသုံးတတ်ရင်ဘဲ ခေတ်မမီတော့ သလို၊ ဘာလိုလိုဆိုတော့ ရွာက အလှူပွဲတွေမှာလည်း အချိုမှုန့်က မပါရင်မဖြစ်၊ မြို့သွားမယ့်သူကို မမှာမဖြစ်မှာကြတာက အချိုမှုန့်ပေါင်ထုပ်ပဲ၊ မော်လမြိုင် ရထားလမ်းဟာ အချိုမှုန့်မှောင်ခိုခေတ်တစ်ခေတ် ဖြစ်လိုက်ကြသေးတယ်။ အခုထိတော့ တစ်နိုင်ငံလုံးရဲ့ မီးဖိုချောင်မှာ အချိုမှုန့်ပုလင်းက နေရာယူလို့ ကောင်းနေတုန်းပါပဲ၊ အချိုမှုန့် မပါရင် ဟင်းမချက်တတ်တော့တဲ့ အိမ်ရှင်မတွေ၊ အချိုမှုန့်မပါတဲ့ဟင်းကို အရသာမတွေ့တော့တဲ့သူတွေ တစ်နိုင်ငံလုံးမှာ ဒုနဲ့ဒေး ဖြစ်နေကြဆဲပါ။

တချို့ကျတော့လည်း ဘေးဖြစ်မယ်ဆိုတာ သိသိကြီးနဲ့ ဈေးကြီးတဲ့ ပုစွန်ခြောက်မှုန့်အစား ဈေးနည်းတဲ့ အချိုမှုန့်ကို အစားထိုးစားသုံးနေခဲ့ကြတာမို့ အချိုမှုန့်ရဲ့ ဘေးထွက်ဆိုးကျိုးတွေကို ဘယ်သူက ဘာပဲပြောပြော၊ ဘာပဲဆိုဆို အချိုမှုန့်က လက်ရှိဘဝနဲ့ အံဝင်ခွင်ကျ ဖြစ်နေလေတော့ မြန်မာပြည်မှာ အချိုမှုန့်က ပန်းပန်လျက်ပါပဲ။

ကျွန်မတို့ဆီမှာ အချိုမှုန့်နဲ့ ကင်းလွတ်တဲ့နေရာဆိုတာ ရှားမှရှားပါ။ ကျွန်မတို့ မြန်မာတွေ မနက်ခင်းစာအဖြစ် မက်မက်စက်စက် မုန့်ဟင်းခါးက ငါးများများနဲ့ချက်တဲ့ဆိုင်က စားပါတယ်။ များသောအားဖြင့် ငါးက နည်းနည်း အချိုမှုန့်က များများ၊ ဟင်းရည်မှာ ငါးအနံ့ကလေးသာ ရပြီး၊ ပါးစပ်ထဲမှာတော့ အချိုမှုန့်အရသာက စွဲကျန်နေတော့တာပါ။ ကြာဇံသုပ်၊ ခေါက်ဆွဲသုပ်၊ လက်သုပ်စုံဆိုတာတွေကလည်း ပဲမှုန့်နဲ့ အချိုမှုန့်များများ၊ ငရုတ်ဆီအချဉ်ရည်နဲ့ပဲ သုပ်ထားတာ အာဟာရဘယ်မှာရှိမှာလဲ။ အာဟာရမရှိတဲ့အပြင် ငရုတ်ဆီရဲ့ ဆိုးဆေးကြောင့် ကင်ဆာဖြစ်ဦးမှာ။ အချိန်မအား၊ အလုပ်မအားကြတော့ စားမှု၊ သောက်မှုကိစ္စကလည်း နိစ္စဓူဝကိစ္စဆိုတော့ ကြေးများမနေအားဘဲ ပြီးလွယ်စီးလွယ် ဝယ်စားကြရတာပါပဲ။

မြန်မာပြည်သူလူထုအများစုက ဆင်းရဲကြတော့ မနက်စာကို နွားနို့လည်း ဝယ်မသောက်နိုင်၊ လက်ဖက်ရည်တစ်ခွက် နှစ်ရာ၊ အီကြာကွေး တစ်ချောင်း တစ်ရာ၊ ရေကျဲကျဲ မုန့်ဟင်းခါး တစ်ပွဲနှစ်ရာ၊ အသုပ်တစ်ပွဲ နှစ်ရာနဲ့ မနက်ခင်းအဆာပြေဝယ်စားကြရတဲ့ဘဝတွေ။ တချို့ မုန့်ဟင်းခါးတစ်ပွဲ ဝယ် အိမ်က ထမင်းကြမ်းနဲ့ရောပြီး နှစ်ယောက်စားရတဲ့ဘဝတွေလည်း အများကြီးပါ၊ အာဟာရပြည့်ဖို့ဆိုတာထက်၊ ဗီတာမင်နဲ့ သတ္တုဓာတ်ဆိုတာတွေထက် မနက်နဲ့ည ထမင်းနပ်မှန်ဖို့ပဲ ခေါင်းထဲထည့် စဉ်းစားနေကြရတာဆိုတော့ UNICEF ပြောတာက အရေးမကြီး၊ ဆီဖိုး၊ ဆန်ဖိုးနဲ့ မီတာခပေးဖို့တွေက ပိုပြီး အရေးကြီးနေကြတာလေ။

ခန္ဓာကိုယ်အတွက် အသားဓာတ်လိုတယ်ဆိုတာ သိကြပေမယ့် အနီရောင်အသားက ရှားပါးကုန်ဖြစ်နေပြီ။ ကြက်သားကလည်း သကြံန်ပြီး ကတည်းက ဈေးပြန်မကျသေးဘူး။ ငါးခူက ရှစ်ရာ၊ ငါးကြင်းက ခြောက်ရာ၊ သားစို၊ ငါးစိုရှားတော့ ငါးခြောက်တွေလည်း ဈေးတက်ပြီပေါ့။ ရခိုင်ပြည်မှာ ပေါချက်ပက်စက်တယ်ဆိုတဲ့ ငါးနီတူခြောက်တောင် အရင်က သုံးရာ၊ လေးရာ ဈေးပဲရှိတာ၊ အခုသမ္မတကြီးဦးသိန်းစိန်လက်ထက်ကျမှ ရှစ်ရာ၊ တစ်ထောင်ဈေး

ဖြစ်နေပြီ။ ရန်ကုန်သူတွေ ဝယ်စားဖို့ လက်တွန့်ကြပြီ။ သားဈေး၊ ငါးဈေး၊ ကြက်၊ ဝက်ဈေးတက်တော့ ဆင်းရဲသားလက်လုပ်လက်စားတွေ စားဖို့ အာဟာရက ဘာဖြစ်နိုင်မလဲ။ ကြက်ဥ၊ ဘဲဥက တစ်လုံး တစ်ရာ့နှစ်ဆယ်၊ တစ်ရာ့သုံးဆယ်၊ မိသားစုများတဲ့ အိမ်တွေမှာ တစ်ယောက်တစ်လုံးနှုန်းနဲ့ မစားနိုင်ကြတော့ဘူး။ မိသားစုကိုးယောက်၊ ဆယ်ယောက်ရှိတဲ့အိမ်တွေမှာ ဘဲဥတစ်ယောက်တစ်ခြမ်းစီနဲ့ ငါးပိ၊ တို့စရာနဲ့ စားနေကြတာ ကျွန်မ ခဏခဏ တွေ့ဖူးတယ်။

ဆင်းရဲသားအများစုတွေ စားနေကြတဲ့ ဟင်းပွဲကတော့ ရိုးရိုးလေး ပါ။ ထိုင်ဝမ်ကန်စွန်းရွက် ပွပွက တစ်စည်းနှစ်ရာ၊ မြန်မာရေကန်စွန်းကျစ်ကျစ် က တစ်စည်းတစ်ရာ အခြေအနေအရ ထိုင်ဝမ်ပဲဖြစ်ဖြစ်၊ မြန်မာပဲဖြစ်ဖြစ်၊ စားအုန်းဆီနဲ့ အချိုမှုန့်များများ၊ ကော်မှုန့်လေး ဖြူးထားတဲ့ ကန်စွန်းပလိန်း ကြော်တစ်ခွက်၊ ငါးပိတို့စရာလေးနဲ့ဆို ဟင်းလျာ မြည်သွားပြီ။ တကယ်တော့ ကန်စွန်းပလိန်းနဲ့ ငါးပိတို့စရာက ဘယ်လိုမှ မလိုက်ဖက် မအပ်စပ်လှတာပါ။ မလိုက်ဖက်လှတာကိုပဲ လိုက်ဖက်ချင်ယောင်ဆောင် လိုက်ဖက်သလို တွဲဖက် ပြီး ကျွန်မတို့ မြန်မာတွေ စားလာခဲ့ကြတာ နှစ်ပေါင်းများစွာပါ။ မြန်မာထုရဲ့ ဆင်းရဲခြင်းခံနိုင်ရည် စွမ်းပကားကတော့ ဒီတစ်ချက်နဲ့တင် အံ့မခန်းပါပဲ။ အစိမ်းရောင်ရှိတဲ့ အသီးအရွက်တွေက ဗီတာမင်ကို ရစေတယ်ဆိုတဲ့ အသိနဲ့ အားမွေးခဲ့ကြရတာပေါ့။ အချိုမှုန့်၊ စားအုန်းဆီ၊ ကန်စွန်းရွက်စားပြီး လူ လုပ်နေကြသူတွေပေါ့။

ဝန်ထမ်းတွေ လစာတိုးပြီး ကုန်ဈေးနှုန်းတွေ မကျသေးသရွေ့တော့ အခြေခံလက်လုပ်လက်စားဘဝတွေနဲ့ လစာတိုးတဲ့ ဝန်ထမ်းတွေလည်း ဆင်းရဲ နေကြဦးမှာပဲ။ တိုင်းပြည်လည်း ဆင်းရဲနေဦးမှာပါပဲ။ သမ္မတကြီးက ပြည်သူ တွေ ဆင်းရဲခြင်း ပပျောက်စေချင်ရင်တော့ အရင်ဦးဆုံးကုန်ဈေးနှုန်းတွေ ကျနိုင်အောင် ကြိုးစားရမှာပါ။ ခေတ်အဆက်ဆက်မှာ တရိပ်ရိပ်နဲ့ မသိမသာ ကျလာအောင် လုပ်နိုင်စွမ်းရမှာ။ ဒါမှ ပြည်သူတွေလည်း အာဟာရ ပြည့်ပြည့် ဝဝစားသုံးရပြီး သမ္မတကြီးလည်း ဂင်းနစ်စံချိန် ဝင်ချင်ဝင်သွားမှာ။ ဝန်ထမ်း တွေကို လစာတိုးအောင် လုပ်နိုင်ခဲ့သေးရင် ကုန်ဈေးနှုန်းတွေ ကျဆင်းအောင် လည်း လုပ်နိုင်စွမ်းရမှာပေါ့။

ခုတော့ ကမ္ဘာက လက်ညှိုးထိုးကုန်ကြပြီ။ ကျွန်းသစ်၊ ရေနံ၊ သဘာဝ ဓာတ်ငွေ့တွေ အလျှံပယ်ထွက်တဲ့ နိုင်ငံ၊ အဖိုးတန်ကျောက်မျက်ရတနာတွေ

ဆိုတာ မြေကြီးထဲကနေ ထွက်ထွက်နေကြတာဆိုတဲ့ နိုင်ငံက နိုင်ငံသူ၊ နိုင်ငံသားတွေကတော့ အာဟာရ ချို့တဲ့နေကြတာ စံချိန်မြင့်ပါပဲတဲ့လေ။ တော်သေးတာပေါ့။ အာဟာရချို့တဲ့တဲ့အဆင့်မှာပဲ ရှိနေသေးလို့။ ငတ်မွတ်ခေါင်းပါးတဲ့အဆင့်ကို ရောက်ရင်ဖြင့် ရွှေမြန်မာတို့အတွက် ရှက်စရာကောင်းပါဘိ။

*7 Day Daily,*

*May, 2014.*

✧ ✧ ✧

## ပြည်သူလိုလားတဲ့ သမ္မတ

ရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါးဟာ ရတနာပုံနေပြည်တော်ကြီးကို ထီးသစ်၊ နန်းသစ်တည်ဆောက်လေသတဲ့။ ဒီလိုတည်ဆောက်ရာမှာ လူထု အားနဲ့ တည်ဆောက်တာဆိုတော့ လူတိုင်းပင်ပန်းဆင်းရဲကြတာပေါ့။ လူတိုင်း မအားကြဘူးတဲ့။ တစ်နေ့မှာတော့ ဘုရင်ကြီးရဲ့ ညီတော်အိမ်ရှေ့မင်းသားက ပြည်သူ့ဆန္ဒကိုသိဖို့အတွက် သာမန်ခရီးသွားပုံစံ ဝတ်စားပြီး တိုင်းပြည်အနှံ့ စနည်းနာဖို့ ထွက်ခဲ့သတဲ့။

တစ်နေရာအရောက်မှာတော့ မင်းသားလေးက လှည်းသမားကို လမ်း ကြုံလိုက်ပါရစေဆိုပြီး ခွင့်တောင်းတယ်။ လှည်းသမားကလည်း သာမန်ခရီး သွားထင်ပြီး လှည်းပေါ်လိုက်ဖို့ ခွင့်ပြုလိုက်တာပေါ့။ မင်းသားလေးက အကြံနဲ့ ဆိုတော့ လှည်းသမားကို စကားစလိုက်တယ်။ 'ဘယ်လိုလဲ လှည်းဆရာ ကြီးရဲ့၊ ရပ်ရွာအေးချမ်းလို့ ရောင်းပန်းဝယ်ပန်းသာပါစ' လို့ မေးတော့၊ 'မမေး စမ်းပါနဲ့ဗျာ၊ ခုအချိန်မှာ ကျုပ်တို့ စီးပွားဖြစ်ဖို့ မလွယ်ပါဘူး' လို့ ပြန်ဖြေ သတဲ့။

မင်းသားလေးက 'ဘာဖြစ်လို့လဲ' လို့ဆိုတော့ လှည်းသမားက 'ဘာဖြစ်ရမလဲ၊ ထီးနန်းအသစ်တည်တော့ ကုန်ကျစရိတ်ကများ၊ လူထုက မျှခံ ဆိုသလိုပဲ။ ကျုံးဆောက်၊ တူးမြောင်းဖောက်ရနဲ့ အလုပ်ရှုပ်ကြရပြီး အခွန်အတုတ်တွေလည်း များပါဘိ၊ လူထုအားလုံး ဆင်းရဲတွင်း နက်နေကြ ပြီဗျ' တဲ့။

ဒီတော့ မင်းသားလေးက 'ဒီလိုဆိုလည်း ဘုရင်ကြီးကိုသတ်ပြီး သူ့ညီမင်းသားလေးကို ဘုရင်ပြုခိုင်းရင်ကော' လို့ ဆိုတော့ -

"ဘာထူးမှာလဲ၊ မင်းဆိုးမင်းညစ် တစ်မျိုးတည်း ဖြစ်မှာပေါ့ဗျ။ မင်းဆိုသမျှ ကွင်းရှောင် ထမင်းတောင် မစားချင်ဘူးဆိုသလို ဖြစ်နေပြီ ရောင်းရင်းရဲ့" လို့ ပြောလိုက်သတဲ့။

မင်းသားလေးလည်း လှည်းသမားကို မိတ်ဆွေဖွဲ့၊ အမည်နေရပ် မေးပြီး လမ်းခုလတ်မှာပဲ ဆင်းသွားတော့တယ်။ လှည်းသမားလည်း ကိုယ့်ရပ်၊ ကိုယ့်ရွာကို ခရီးဆက်ခဲ့တာပေါ့လေ။ ရွာရောက်ပြီး မကြာမီမှာပဲ လှည်းသမား လေးကို နေပြည်တော်က စာချွန်နဲ့တကွ ရှေ့တော်မှောက်ရောက်စေလို့ အခေါ် လွှတ်လိုက်သတဲ့။ လှည်းသမားလေးလည်း ငါတော့ မင်းဒဏ်သင့်ပြီ ထင်တယ် လို့ တွေးမိပြီး သူ့မိန်းမကို -

"ရှင်မရေ၊ ငါ့ကို နန်းတော်က အခေါ်လွှတ်လို့ လိုက်သွားရမယ်။ ငါတိုင်းပြည်ထိပါးအောင် ငါ ဘာမှမလုပ်ခဲ့ဘူး၊ ဒါပေမဲ့ ငါတို့ဒုက္ခရောက်နေ တာကိုပဲ ပြောခဲ့တာပါ။ ငါပြန်မလာလည်း လုပ်ငန်းတွေ ဦးစီးလုပ်ပေါ့ကွာ"

လို့ မှာကြားခဲ့ရှာတယ်။

လှည်းသမားလေးလည်း အိမ်ရှေ့မင်းသားလေးရှေ့မှောက် ရောက် တော့ မင်းညီမင်းသားအဝတ်အစားတွေနဲ့ ခမ်းနားနေတဲ့ မင်းသားလေးကို မမှတ်မိဘူးပေါ့။

"ငါ့ကို မမှတ်မိဘူးလား။ မင်းလှည်းပေါ်မှာ မင်းပြောသမျှ ငါ နားထောင်ခဲ့ရတာလေ။ ဘာတဲ့၊ မင်းဆိုရင် ထမင်းတောင် မစားချင်ဘူး တဲ့လား"

ဆိုတော့မှ လှည်းသမားလည်း ကြောက်ရွံ့တုန်လှုပ်သွားပြီး -

"ကျွန်တော်မျိုး မှားပါတယ်။ ကျွန်တော်မျိုး မလိမ္မာမို့ ခွင့်လွှတ်ပါ"

လို့ ပျာပျာသလဲနဲ့ တောင်းပန်ရှာတာပေါ့။

လှည်းသမားရဲ့ အမူအရာကို သဘောကျသွားတဲ့ မင်းသားလေးက တဟားဟားနဲ့ အော်ရယ်ပြီး စကားဆိုသတဲ့။

"မောင်မင်း မမှားပါဘူး။ မောင်မင်းရဲ့ စကားအတိုင်း တိုင်းပြည်မှာ လူထုတွေ ခံစားနေကြရတာ ငါကိုယ်တော်စုံစမ်းလို့ သိတော်မူတယ်။ ဒီအတွက် နောင်တော်ဘုရင်ကြီးလည်း သူ့တပည့်တွေ လုပ်ရပ်ကြောင့် စိတ်မကောင်း ဖြစ်တော်မူတယ်။ မောင်မင်းကိုခေါ်တာ အပြစ်ပေးဖို့ ခေါ်တာ မဟုတ်ပါဘူး။ နေပြည်တော်က တို့တစ်တွေကို အမှန်သိအောင်၊ ရင်ထဲကဆန္ဒအတိုင်း မှန်ရာကိုလျှောက်တင်ခဲ့တဲ့ မောင်မင်းကို ချီးမြှင့်မလို့ပါ"

ဆိုပြီး အသပြာတစ်ထောင် ချီးမြှင့်လိုက်တယ်။ လှည်းသမားလေးလည်း ဟုတ်တိုင်းမှန်ရာ ရင်ဖွင့်ခဲ့မိတာကြောင့် အသပြာတစ်ထောင် ရရှိလိုက်ပြီး နေရပ်ဆီကို ပျော်ရွှင်စွာနဲ့ ပြန်လာခဲ့တာပေါ့။

ပုံပြင်လေးကတော့ ဒါပါပဲ။ ဒီပုံပြင်ကလေးကိုဖတ်အပြီးမှာတော့ ကျွန်မရဲ့အတွေးမှာ မြင်းလှည်းကလေးက ရပ်မနေဘဲ ဆက်လက်ပြီး ခရီးထွက်ခွာမောင်းနှင်နေပါတော့တယ်။ ဩော်…ပုံပြင်ထဲက မင်းသားလေးနဲ့ ဘုရင်ကြီးတို့ရဲ့ စိတ်ထားလေးတွေက ဖြူစင်လိုက်တာ၊ မင်္ဂလာရှိလိုက်တာ။

ရှင်ဘုရင်ကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်ပြစ်တင်နေတဲ့ သာမန် လက်လုပ်လက်စား ပြည်သူတစ်ယောက်ကို စိတ်မဆိုးတဲ့အပြင် ဆုတောင်ချလိုက်သေးတယ်။ ဗြဟ္မစိုရ်တရား လက်ကိုင်ထားပြီး မှန်ကန်တဲ့တရားလမ်းကြောင်းအပေါ်မှာ နှလုံးသွင်းမှန်လို့သာ ဒီလို မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်နိုင်တာ။ နိုမို့ဆိုရင်တော့ လှည်းသမားလေးရဲ့ကံကြမ္မာက မတွေးရဲစရာပဲ။ ဒေါသကြီးတဲ့ဘုရင်ဆိုရင်တော့ ပါးအချက်တစ်ရာ၊ ကျောအချက်တစ်ရာ အရိုက်ခံရမလား၊ ပြည်နှင်ဒဏ်ပေးမလား၊ သေဒဏ်ပေးမလားပဲနော်။ ပြည်သူ၊ ပြည်သားတွေကလည်း ဘုရင်ကြီးရဲ့ စိတ်နေစိတ်ထားကို သိရှိလိုက်ရလို့ ပျော်ကြမှာပဲ။ သူတို့ရဲ့ဆန္ဒတွေကို အလေးထားတဲ့ ဘုရင်ကို အရင်ကထက်ပိုပြီး လိုလားနှစ်သက်ကြမှာပဲ။ ပိုပြီး ချစ်ခင်သွားကြမှာပဲ။ သူတို့ရဲ့ဘုရင်ကြီး ကံတော်ကုန်မှာ၊ သက်တမ်းကုန်မှာ စိုးရိမ်နေကြမှာပါပဲ။ ဘုရင်ကြီး သက်တော် ရာကျော်ရှည်ပါစေလို့ ဆုတောင်းမေတ္တာတွေ ပို့သကြမှာပဲလို့ တွေးမိပြီး တော်လိုက်တဲ့ဘုရင်ကြီး၊ တော်လိုက်တဲ့မင်းသားလေးလို့ မုဒိတာ ပွားနေမိပါတော့တယ်။

တစ်ဆက်တည်းမှာပဲ ကျွန်မတို့ရဲ့ သမ္မတကြီးဆီ အတွေးတွေက ရောက်သွားပါတယ်။ တလောက ကေအင်ယူဗဟိုကော်မတီအဖွဲ့ဝင် ဖဒိုမန်းငြိမ်းမောင်က ကျွန်မတို့ရဲ့သမ္မတကြီးဦးသိန်းစိန်ကို နောက်ထပ်သမ္မတ သက်တမ်းမှာလည်း သမ္မတဆက်လုပ်ပါဦးလို့ ဆန္ဒပြု တောင်းဆိုလိုက်ပါတယ်။ လက်နက်ကိုင် တိုင်းရင်းသားခေါင်းဆောင်တစ်ယောက်က သမ္မတကြီးကို နှစ်သက်လိုလားတယ်ဆိုတာ သိရလို့ ဝမ်းသာမိတာပေါ့။ သမ္မတကြီးကလည်း ပြည်သူက လိုလားမယ်၊ ပြည်သူက တောင်းဆိုမယ်ဆိုရင်တော့ ပြန်ပြီးတော့ စဉ်းစားပါ့မယ်လို့ အဖြေပေးထားပါတယ်။

သမ္မတကြီးပြောတာမှန်ပါတယ်။ ပြည်သူကလိုလားမှ၊ ပြည်သူက တောင်းဆိုမှ၊ ရှင်ဘုရင်လုပ်မယ်ဆိုတာ ဒီမိုကရေစီနည်းလမ်းကျပါတယ်။

ဒီမိုကရေစီနည်းလမ်းကျကျ စဉ်းစားဆုံးဖြတ်တဲ့ သမ္မတကြီးရဲ့ သဘောထားက လေးစားစရာပါပဲ။

အဲဒီလို ပြည်သူကလိုလားဖို့ ပြည်သူကတောင်းဆိုဖို့ဆိုတာကလည်း ဘယ်ရှင်ဘုရင်မှ မိုးနတ်မင်းဆီမှာ ဆုတောင်းနေလို့ မရဘဲ ပုံပြင်ထဲက မင်းသားလေးနဲ့ ရှင်ဘုရင်လို ပြည်သူ့ဆန္ဒကို အလေးထားပြီး အမှားကိုဝန်ခံရဲ၊ အမှန်ကို ရင်ဆိုင်ရဲတဲ့ သတ္တိထူးတွေရှိနေဖို့လည်း အဓိက လိုတာပါပဲလေ။

ရည်ညွှန်း။ ။ မြန်မာ့ရိုးရာပုံပြင်များ (ကြည်ဖော်)

*7 Day Daily,*

*June, 2014.*

✧ ✧ ✧

# ကာတွန်းက ပြောသောသမိုင်း

'အနုပညာ' ဆိုတာ အကြမ်းကို အနုဖြစ်အောင် ဖန်တီးသရုပ်ဖော်ရတာ၊ အရင့်ကို အနုလုပ်ရတာတဲ့။ အလွန်သိမ်မွေ့နူးညံ့သော၊ ညင်သာပျော့ပျောင်းသော အလုပ်တရားပင်။ အနုပညာဖန်တီးချက်များသည် သူ့ပင်ကိုသဘောနှင့်သူ၊ သူ့အတတ်ပညာနှင့် သူ့အလုပ်ကိုယ်စီရှိကြပြီး လူတို့၏ စိတ်နှလုံးကို ညှို့ယူဖမ်းစား၊ သိမ်းသွင်းနိုင်စွမ်း ရှိကြသည်။

ထိထိမိမိ၊ ရှုရှုတတ ရှိလှသော အနုပညာဖန်တီးချက်များသည် ကမ္ဘာကျော်တတ်ကြသည်သာ။ ဖတ်ခဲ့မိသော မြန်မာကာတွန်းလေးတစ်ပုဒ်က ကျွန်မရင်ထဲမှာ ရက်ပေါင်းများစွာ ထိခတ်ခံစားလို့မဆုံး၊ ဥဒါန်းတွန်ကျူးလို့ မဆုံးနိုင်အောင် ဖြစ်ရကာ အနုပညာတန်ကြေးမြင့်လှသော ကာတွန်းဟုသာ ဆိုချင်ပါတော့သည်။ ကာတွန်းကလေးက တစ်ကွက် ကာတွန်းကလေးပါ။ တိုက်တာအဆောက်အအုံများ နှစ်ဖက်အကြားတွင် လူနှစ်ယောက်က မတ်တပ်ရပ်လျက်။ တစ်ယောက်က 'ဟောဒီဘက်က တိုက်တွေက တရုတ်တွေပိုင်ဆိုင်တာ၊ ဟိုဘက်ခြမ်းက တိုက်တွေက ကုလားတွေ ဆောက်နေကြတာ။ မြန်မာတွေက အဲဒီတိုက်တွေမှာ ပန်းရန်လုပ်၊ မဆလာသယ်ပေါ့' တဲ့။

တစ်ကွက်တည်းဖြင့် စာဖတ်သူကို လက်တို့ပြီး ညင်ညင်သာသာပြောပြလိုက်တာ။ ရှင်းရှင်းကလေးနှင့် ရင်ကို တို့ထိကစားသွားခဲ့တာ။ ဖတ်ခဲ့ရတာ ရက်နည်းနည်းကြာပြီမို့ စကားပြောကတော့ ကာတွန်းထဲကလို အတိအကျ ဟုတ်ချင်မှ ဟုတ်တော့မည်။ ဒါပေမဲ့ ဒီသဘောအတိုင်းပါပဲ။ ခုချိန်ထိ ဒီကာတွန်းလေးက ကျွန်မကို ဖမ်းစားထားဆဲ။ ကာတွန်းကပေးတဲ့ရသက ကျွန်မကို လွှမ်းမိုးထားဆဲ ဖြစ်သည်။

လွန်ခဲ့သော နှစ်လေးဆယ်ကျော်၊ ကျွန်မ လူမှန်းသိတတ်စအရွယ်၊ ကလေးဘဝတုန်းက၊ ကျွန်မရဲ့ အဘိုး၊ ဘကြီး၊ ဦးလေးနဲ့ အဖေတို့က လက်ဖက်ရည်သမားတွေ၊ နံနက်ခင်း၊ နေ့လယ်ခင်းတွေမှာ လက်ဖက်ရည်ဆိုင်သွားကြလျှင် ကျွန်မလည်း ပါသည်။ ကျွန်မလည်း လက်ဖက်ရည်သောက်ရသည်။ ထိုခေတ်က လက်ဖက်ရည်က တရုတ်နှင့် အိန္ဒိယနွယ်ဖွားများ ရောင်းတာများသည်။ တရုတ်၊ အိန္ဒိယနွယ်ဖွားများ ရောင်းသည့် လက်ဖက်ရည်ကမှ ပိုကောင်းသည်။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်အစ၊ ဆိုက်ကားသမား၊ လေးဘီးမောင်းသမားမကျန်၊ စာရေးစာချီအဆုံး လက်ဖက်ရည် သောက်တတ်ကြပြီး အချို့ကလည်း လက်ဖက်ရည်ကို မသောက်ရမနေနိုင်ဘဲ ဘိန်းစွဲသလို စွဲကြသည်။

မြို့ထဲ၊ တရုတ်တန်းသို့ ရောက်လျှင် တရုတ်ဆိုင်မှ ပဲမုန့်နှင့် လက်ဖက်ရည်ကို သောက်ရသည်မှာ ကလေးတစ်ယောက်အတွက် ဘယ်တော့မှ မရိုးနိုင်သည့် စွဲမက်မှုဖြစ်သည်။ ဆူးလေတစ်ဝိုက်မှာလည်း တစ်ချိန်တုန်းက ဘားလမ်းမုတ်ဆိတ် လက်ဖက်ရည်ဆိုင်က အလွန်နာမည်ကြီးခဲ့သည်။ ဘားလမ်းထဲ ရောက်သည်နှင့် လက်ဖက်ခြောက်အကျရည်၏ အနံ့က မွှေးပျံ့လို့နေကာ ဖြတ်သွား၊ ဖြတ်လာတို့အပေါ် ဆွဲဆောင်နေတော့သည်။ ဘားလမ်းရောက်မှလို့မှ ထိုလက်ဖက်ရည်ကို မသောက်ရလျှင် တစ်ခုခုလိုနေသလို၊ ဘာလိုလိုနှင့် ဟာတာတာ ဖြစ်ကြရသည်။

ကွမ်းယာဆိုင်ရှိလျှင်လည်း အိန္ဒိယနွယ်ဖွားလူမျိုးရောင်းသည့် ကွမ်းယာက ပို၍စားကောင်းသည်။ ကွမ်းယာကိုလည်း သူတို့လူမျိုးများသာ အများစုရောင်းကြသည်။ လူစည်ကားရာ လမ်းထိပ်တွေမှာ သူတို့ကွမ်းယာဆိုင်တွေကလည်း လက်ညှိုးထိုး မလွတ်တမ်း ရှိကြသည်။ ကွမ်းယာဆိုင်သာ ပြောတာပါ၊ စုံစီနဖာ အကုန်ရောင်းသည်။ နားဖာကလော်၊ ချိတ်အစ အပ်ချည်လုံး၊ သွားတိုက်ဆေး၊ ဆပ်ပြာမကျန်၊ သော့ခလောက်၊ ဓာတ်မီး၊ ဓာတ်ခဲအဆုံး ရောင်းကြသည်။ ကွမ်းယာကိုလည်း မြန်မာတွေရော၊ တရုတ်၊ ကုလားပါမကျန် ပက်ပက်စက်စက် စားကြသည်။

တဖြည်းဖြည်း နှစ်ကာလတွေလည်း ကြာလာခဲ့ကြပါပြီ။ လက်ဖက်ရည်ဆိုင်တွေလည်း တိုးလာကြပါသည်။ ကွမ်းယာဆိုင်ကလေးတွေလည်း ပိုမိုများပြားလာခဲ့ကြပါပြီ။ လက်ဖက်ရည်၏ အရသာတွေလည်း ပြောင်းလာ၊ ကောင်းလာကြပါသည်။ တစ်ဆိုင်တစ်မျိုးဆိုသလို အရသာထူးကဲလာပါသည်။ ထို့အတူ ဆိုင်ပိုင်ရှင်တွေလည်း ပြောင်းလဲလာသည်။ လက်ဖက်ရည်ဆိုင်ရှင်

တော်တော်များများက အရင်လို တရုတ်၊ ကုလားမဟုတ်တော့။ လက်ဖက်ရည်ဆိုင်လောကကို အညာသားများ ကြီးစိုးလာကြသည်ဟု ဆိုရလောက်သည်။ ဆိုင်ရှင်အများစုက အညာသားတွေ ဖြစ်ကြသည်။

ကွမ်းယာဆိုင်တွေကလည်း လမ်းဘေးတွေမှာ မှိုပေါက်သလို တိုးပွားနေကြတာ။ တစ်ဆိုင်နှင့် တစ်ဆိုင် ဘေးချင်းကပ်လျက်၊ မျက်နှာချင်းဆိုင်လျက်။ အရင်တုန်းက ကွမ်းယာဆိုင်တွေနှင့်လည်း မတူတော့။ ခုံလေးချပြီး ဆေးလိပ်နှင့် ကွမ်းယာသာ ရောင်းကြတော့သည်။ ချိုချဉ်၊ သကြားလုံး၊ အချဉ်ထုပ်တွေတောင် မရောင်းကြတော့။ ရောင်းသူတွေကလည်း မြန်မာလူမျိုးအများစု ဖြစ်သည်။

ပြောင်းလဲလာသည့် အခြေအနေတွေကို သွားရင်းလာရင်း စူးစမ်းလေ့လာမိသလောက်၊ စပ်စုကြည့်ရသလောက် တရုတ်နှင့် အိန္ဒိယနွယ်ဖွားများက ဘယ်လိုအလုပ်မျိုးတွေ လုပ်နေကြသလဲဆိုတော့ ရွှေလုပ်ငန်းတွေ၊ ကျောက်မျက်ရောင်းဝယ်ရေးတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စက္ကူရောင်းဝယ်ရေးနဲ့ ပုံနှိပ်လုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ ပွဲရုံလုပ်ငန်းတွေ စသည့် လုပ်ငန်းကြီးတွေ လုပ်နေကြသည်။ ပိုင်ဆိုင်ကြသည်။

ဒီတော့ ကျွန်မတို့တိုင်းပြည်မှာ ဘယ်လိုလူမျိုးတွေက ချမ်းသာကြပြီး ဘယ်လိုလူမျိုးတွေက ဆင်းရဲနေကြသလဲ၊ ဆင်းရဲသူအများစုက ဘယ်သူတွေလဲဆိုတာသိသာပါသည်။

ကျွန်မတို့ မြန်မာလူမျိုးတွေ၏ မိရိုးဖလာရောင့်ရဲတင်းတိမ်ခြင်းစိတ်တွေက ကျွန်မတို့လူမျိုးတွေကို နောက်သို့ရောက်စေခဲ့လေသလား။ ဘဝမှာ ထိပ်ဆုံးရောက်ချင်တဲ့သူ အရေအတွက်ကပဲ နည်းတာလား။ ဘဝရည်မှန်းချက်အတွက် အစီအစဉ် (plan) ဆွဲထားမှုက အားနည်းနေကြလေတော့သလား။ အေးအေးလူလူ လက်ဖက်ရည်လေးရောင်း၊ ကွမ်းယာလေးရောင်းပြီး ဘုရားသွား၊ ကျောင်းတက် ဘဝကို ကျေနပ်နေကြသူတွေပဲလား၊ အကြောင်းအကျိုးညီညွတ် မျှတမှုတွေ မရှိတာ များနေလို့ပဲလားဆိုတာတော့ ကျွန်မရဲ့ ဉာဏ်တစ်ထွာ၊ တစ်မိုက်ကလေးနဲ့ ဖြန့်ထွက်တွေးလို့ မနိုင်နိုင်တော့။

ဩော်…ကျွန်မတို့မြန်မာတွေ ကျတဲ့ဘဝမှာ နေတတ်ကြပုံများ ကွမ်းရောင်းရင်း၊ လက်ဖက်ရည်ရောင်းရင်း၊ ဆိုက်ကားနင်းရင်း၊ ပန်းရန်လုပ်ရင်း၊ ဘိလပ်မြေသယ်ရင်း၊ အိမ်အကူလုပ်ရင်း၊ ဖရဲသီးရောင်းရင်း၊ ကုန်စိမ်းရောင်းရင်း၊ စုမဲစုရင်း၊ နေ့ပြန်တိုးပေးရင်း၊ ကျပ်တိုးမတ်တိုးတွေနဲ့ တိုင်ပတ်ရင်း၊

အကြွေးထူရင်း၊ နှစ်လုံးသုံးလုံးထိုးရင်း၊ ဆံပင်ကျွတ်ဝယ်ရင်း၊ ရေသန့်ဗူး၊ ဘီယာဗူးခွံဝယ်ရောင်းရင်း ဘဝကို အပြုံးမပျက် ရှင်သန်နေကြတာ မြန်မာဆိုတဲ့အတိုင်း မာမာပါပဲလေ။

ဒါပေမဲ့ ဘယ်သူ့ကိုယ်မှ အပြစ်တင်စရာမလိုပါ။ ကိုယ့်ထက်သာသွားတဲ့ လူတွေ ဘယ်လိုကြိုးစားတယ်၊ ဘယ်အရာတွေမှာ ကိုယ်ထက်သာတယ်ဆိုတာ လေ့လာသုံးသပ်ပြီး ပိုကြိုးစားကာ ဗီရိယစိုက်ဖို့လိုပါသည်။ မျိုးဆက်သစ်တွေမျက်နှာမငယ်အောင် သည်နေ့ကစပြီး အားလုံးဝိုင်းကြိုးစားဖို့ လိုပါသည်။

***7 Day Daily,***
***October, 2014.***

✧ ✧ ✧

# ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာလား

နိုင်ငံပေါင်း ၁၃၅ နိုင်ငံကို လူမှုအကူအညီပေးရေးအဖွဲ့က စစ်တမ်းကောက်ယူခဲ့ရာ မြန်မာနိုင်ငံမှ လူဦးရေး ၈၅ ရာခိုင်နှုန်းဟာ အလှူအတန်းတွင် တက်ကြွစွာ ပါဝင်ကြသတဲ့။ ကမ္ဘာ့လှူဒါန်းမှုအများဆုံး ထိပ်ဆုံးငါးနိုင်ငံစာရင်းထဲမှာပါဝင်ပြီး မြန်မာက ဒုတိယအဆင့်ပါတဲ့။ အဆိုးများနဲ့ကျော်ကြားလှတဲ့ ကျွန်မတို့နိုင်ငံရဲ့ ရှားရှားပါးပါး ကောင်းကွက်လေးတစ်ခုလို့ ဆိုရမှာပါ။ ကျွန်မတို့လို ဆင်းရဲတဲ့နိုင်ငံဟာ အလှူအတန်းပေးမှုမှာ ကမ္ဘာ့ချမ်းသာတဲ့ နိုင်ငံတွေကတောင် လက်ဖျားခါရလောက်တယ်ဆိုတော့ ကျွန်မတို့နိုင်ငံများ ချမ်းသာကြည့်ပါလား။ ကမ္ဘာမှာ လှူဒါန်းမှုအရက်ရောဆုံးနိုင်ငံဆိုပြီး ဂင်းနစ်စံချိန် ဝင်ချင်ဝင်သွားဦးမှာ။

ကျွန်မတို့မြန်မာတွေက ရှေးပဝေသဏီကတည်းက အရိုးစွဲအောင် ယုံကြည်လက်ခံထားကြတာ ဘာတဲ့။ 'အလှူရေစက် လက်နှင့်မကွာ' တဲ့ 'ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက်ရ' 'မရှိလို့မလှူ အလှူလို့မရှိ' 'ဘယ်လက်ကတစ်ဆုပ်ကြဲ ညာလက်ကတစ်လှည်းဝင်' ပေးကမ်းခြင်းသည် အောင်မြင်ရာ၏တဲ့။ အဲဒီလို မိရိုးဖလာလက်သုံးစကားတွေနဲ့ မျိုးရိုးစဉ်ဆက်အလှူအတန်းတွေ ပြုလာခဲ့ကြတာ၊ လှူဒါန်းမှုကိုနှစ်သက်ခုံမင်လာခဲ့ကြတာပါ။

ပေးကမ်းလှူဒါန်းခြင်းဆိုတာ မင်္ဂလာတစ်ပါးပါပဲ။ ဗုဒ္ဓဘာသာမှ မဟုတ်ပါဘူး။ ဘယ်ဘာသာမဆို ပေးကမ်းလှူဒါန်းခြင်းကို ကောင်းသောအကျင့်တရားလို့ လက်ခံထားကြတာပါ။ မကောင်းသောအကျင့်ရယ်လို့ သတ်မှတ်မထားကြပါဘူး။ ဒါပေမဲ့ စဉ်းစားမိတာက မြန်မာလူမျိုးတွေရဲ့

လှူဒါန်းပေးကမ်းခြင်းတွေက နည်းမှန်၊ လမ်းမှန် ဖြစ်ကြပါရဲ့လား၊ ဗုဒ္ဓရဲ့ တရားတော်နဲ့ ညီပါရဲ့လား။ တစ်နည်းအားဖြင့် ဗုဒ္ဓရဲ့အလိုကျကော ဖြစ်ကြပါရဲ့လားလို့ ဆင်ခြင် တွေးတောမိပြန်ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေရဲ့ ရက်ရက်ရောရော လှူဒါန်းတတ်မှုတွေကို တချို့က အခွင့်ကောင်း ယူကြတာတွေလည်း ရှိကြပါတယ်။ အလှူခံမဏ္ဍပ်တွေမှာ အများအားဖြင့် တွေ့နေရတယ်။ တချို့အလှူခံတွေ ကားလမ်းပေါ် ပိတ်ရပ်ပြီး လမ်းဖယ်မပေးဘူး။ ကားသမားဆီ ခွက်ထိုးခံပြီး အလှူခံတော့တယ်။ ကားသမားကလည်း အောင့်သက်သက်နဲ့ အလှူငွေထည့်လိုက်ရသလိုမျိုး၊ အလှူဆိုရင်တော့ ဒါက မတတ်သာလို့ လှူလိုက်ရတဲ့ အလှူမျိုးဖြစ်သွားပြီ။ အေးဓားပြ တိုက်သလိုမျိုးပဲပေါ့။ ဒီလိုအဖြစ်မျိုးကြုံဖူးတဲ့ သူငယ်ချင်းက 'ကျွန်တော်က ဒီလိုအလှူခံတာမျိုး မကြိုက်ဘူး။ မလှူချင်ဘူး။ အလုပ်ကိစ္စ နောက်ကျမှာစိုးလို့ ကားထွက်လို့ရအောင်သာ လှူခဲ့ရတာ' လို့ ရင်ဖွင့်တော့ ဗုဒ္ဓဘာသာအတွက် စိတ်မကောင်းဖြစ်ရပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးတွေက ကိုယ့်အိမ်ရှေ့၊ ကိုယ့်ဆိုင်ရှေ့ကို အလှူခံလာရပ်ရင် ဘာသာညာညာ၊ တောင်တောင်အီအီ စဉ်းစားမနေကြဘဲ ၅၀ တန်၊ ၁၀၀ တန်ကတော့ လွယ်လင့်တကူ လှူလိုက်ကြတာက အစဉ်အလာတစ်ခုလို ဖြစ်နေကြပါပြီ။ ဒါကြောင့်လည်း ကျွန်မတို့နိုင်ငံက သယံဇာတတွေ ပေါများကြွယ်ဝတဲ့အပြင် အလှူခံတွေလည်း ပေါချက်ပက်စက်တယ်လို့ ဆိုရမှာပါ။

တချို့ စားသောက်ဆိုင်တွေမှာ ဆိုင်ရှေ့တွေမှာ အလှူခံမဝင်ရလို့ စာကပ်ထားတာ တွေ့ရပါတယ်။ ရုတ်တရက်တော့ စိတ်ထဲမကောင်းသလို ခံစားရပေမယ့် ဒီလုပ်ရပ်က မမှန်ဘူးလို့လည်း ယူဆလို့ မရပါဘူး။ ဒီလိုလွယ်လွယ်နဲ့ ရကြစတမ်းဆိုရင် အလွယ်လိုက်ကြမယ့်သူတွေ ရှိကြမှာပဲ။ ဒီလိုလွယ်လွယ်ရနေကြလို့သာ သံဃာအတု၊ သီလရှင်အတု၊ အလှူခံဖြတ်ပိုင်း အတုတွေနဲ့ သာသနာကို ခုတုံးလုပ်ကြတဲ့သူတွေကြောင့် သာသနာညှိုးနွမ်းစေတာပေါ့။

အလှူခံတွေအကြောင်းစဉ်းစားမိတော့ တန်ခိုးကြီးဘုရားတစ်ဆူဖူးတုန်းက အဖြစ်အပျက်ကို သတိယမိသေးတော့တယ်။ တောင်ပေါ်ကဘုရားဆိုတော့ အနီးအနားတောင်တွေဆီက ဘုရားတွေကိုလည်း ဖူးချင်တော့ တစ်တောင်ဆင်း၊ တစ်တောင်တက်နဲ့ တောလမ်းခရီးပေါ့။ လမ်းမှာ အလှူခံမဏ္ဍပ်တွေက လမ်းကိုပိတ်ပြီး ဆောက်ထားကြတယ်။ မဏ္ဍပ်ထဲရောက်တာနဲ့

အလှူခံပုဂ္ဂိုလ်တွေက 'နားပါဦး၊ အမောဖြေပါဦး၊ ရေအေးအေးလေး သောက်သွားပါဦး၊ ဘုရားဖူးပြီး ကုသိုလ်ယူပါဦး၊ ဆုလေးတွေ တောင်းသွားပါဦး၊ ဆုတောင်းပြည့်ပါတယ်' ဆိုပြီးပြောကြတော့ ဂူထဲဝင်၊ ဘုရားရှိခိုးပြီးတော့ ခရီးဆက်မယ်အလုပ် ထိုပုဂ္ဂိုလ်တွေက အနားရောက်လာပြီး 'ရေအေးအေးလေး တစ်အိုးလောက် လှူသွားပါဦး၊ တစ်အိုးတစ်ထောင်ပဲ ကျပါတယ်၊' ကြံ့တုန်း ရွှေသကြၤန်း လေးလည်းကပ်သွားပါလား၊ အစ်မရဲ့ညိုနေတဲ့အသား အရည်လေးဝင်းဝါပြီး လှသွားအောင်ပေါ့' စသည်ဖြင့် တစ်မျိုးမဟုတ်တစ်မျိုး အလှူခံနေကြတာ။ မလှူမချင်းကို တတွတ်တွတ်နဲ့ ပြောနေကြတာ။ လမ်းတွေ့သမျှ မဏ္ဍပ်တိုင်းလို လိုမှာပါပဲ။ အလှူခံပုဂ္ဂိုလ်တွေကလည်း ဘုရားတွေမှာ တွေ့နေကျ အလှူခံပုဂ္ဂိုလ်တွေလို အသက်အရွယ်ကြီးကြီး အဘိုးကြီးတွေ မဟုတ်ကြ။ ငယ်ငယ်ရွယ်ရွယ်တွေ၊ လူလတ်ပိုင်းတွေပါ။ ဘာလို့များ လုပ်နိုင်ကိုင်နိုင်တဲ့အရွယ်တွေက ဘုရားမှာ အလှူခံနေကြပါလိမ်လို့ တွေးမိပါသေးတယ်။ သူတို့လည်း ကားလမ်းမမှာပိတ်ပြီး ခွက်ထိုးခံတာနဲ့ ဘာထူးသေးလည်းနော်။

အလှူဒါနမြောက်တယ်ဆိုတာ လှူတဲ့သူက ကြည်ကြည်ဖြူဖြူနဲ့ စေတနာသဒ္ဓါတရား ထက်သန်စွာ စိတ်ပြတ်စွာနဲ့လှူဒါန်းမှသာ ဒါနမြောက်တာပါ။ ဒါမှသာ မှန်မြတ်သန့်စင်တဲ့အလှူ၊ စင်ကြယ်တဲ့အလှူ ဖြစ်မှာပါ။ ဒီလိုအလှူမျိုးမှလည်း ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးရမှာပါ။ ဒီလိုမှန်မြတ်သန့်စင်တဲ့၊ အကျိုးရှိတဲ့အလှူဖြစ်ဖို့ကလည်း အလှူခံပုဂ္ဂိုလ်ရဲ့အပိုင်း၊ အလှူခံပုဂ္ဂိုလ်ရဲ့ တာဝန်ကလည်းကြီးလေးလှပါတယ်။ သီလသမာဓိ ပြည့်ဝတဲ့ ပုဂ္ဂိုလ်ကိုလှူရင် ပိုပြီးအကျိုးရှိတယ်လို့ အဆိုရှိလေတော့ အလှူခံမယ့် ပုဂ္ဂိုလ်ရဲ့ အခန်းကဏ္ဍကလည်း အလှူတစ်ခုမှာ ဘယ်လောက်အရေးကြီးတယ် ဆိုတာ သိသာမြင်သာပါတယ်။

တစ်နှစ်မှာ တစ်ခါသာလှူကြရတဲ့ ကထိန်အလှူပွဲမှာ မှန်မှန်မြတ်မြတ်နဲ့လှူကြ၊ တန်းကြတာ ပျော်စရာလည်းကောင်းပါတယ်။ ပျော်တာလည်း ပျော်တာပေါ့။ ကထိန်လှည့်ရာမှာ ကားတစ်စီးစာအပြည့် ဆောင်းဘောက်စ်ကြီးတွေတင်ပြီး နားကွဲမတတ်ဖွင့်ကြ၊ မူးပြီး ကကြဆိုတော့ ဒီကားခတွေ ဆောင်းဘောက်စ်ခတွေ၊ အရက်ဖိုးတွေက ဘုန်းကြီးကျောင်းကို ရောက်ရမယ့်အလှူငွေတွေထဲက ပဲ့ပါသွားကြတာပဲမဟုတ်လား။ တော်ရုံတန်ရုံဘောက်စ်ကလေးနဲ့ ဖွင့်ပြီး ဘုန်းကြီးကျောင်းသွားပို့လို့ကောမရဘူးလား။

အလှူခံ ထွက်ကြရာမှာ၊ ကထိန် လှည့်ကြရာမှာ၊ ရှေးရှေးတုန်းကတော့ ဦးရွှေရိုးနဲ့ဒေါ်မိုးအကနဲ့ ဖျော်ဖြေနေကျပေါ့။ အခုခေတ်မှာတော့ နိုင်ငံရပ်ခြား တေးသွားတွေနဲ့ မူးမူးနဲ့ကနေကြပြီ။ အလှူခံခွက်ကိုင်တဲ့ လူကလည်း အရက်ကလေးတမြမြနဲ့ အလှူလိုက်ခံနေတယ် ဆိုရင်တော့ ဒီလိုအပြုအမူမျိုးက ဘုရားရှင် နှစ်သက်သဘောကျမယ့် အပြုအမူမျိုးလား၊ ဘုရားရဲ့ အလိုကျဖြစ်ပါမလားလို့ ဆင်ခြင်ကြည့်မိတယ်။

တခြားအချိန်တွေမှာ ဘယ်လိုပဲ ဖြစ်နေပါစေ၊ နိုက်ကလပ်တွေ၊ ကာရာအိုကေခန်းမတွေမှာ အရက်သောက်တာမဆန်းပေမယ့် ဘာသာရေးပွဲတော်တွေမှာ၊ ဘာသာရေးအလုပ် လုပ်နေကြတဲ့အချိန်တွေမှာတော့ ဘုရားရဲ့ တရားတော်နဲ့အညီ ဘုရားရှင် နှစ်သက်လိုလားတဲ့ ပြုမူမှုတွေနဲ့ ထိန်းထိန်းသိမ်းသိမ်း၊ နေထိုင်တတ်မှုက ပိုပြီးမကောင်းဘူးလား။ ပိုပြီး သိမ်မွေ့မသွားဘူးလားလို့ ယူဆမိပါတယ်။

ကမ္ဘာကတော့ မြန်မာလူမျိုးတွေက အလှူအတန်းတွေမှာ တက်ကြွစွာပါဝင်ကြကြောင်း အသိအမှတ်ပြုနေကြပါပြီ။ ဒီအလှူတွေအထမြောက်အောင်၊ ဒါနမြောက်အောင်၊ အများအကျိုးအတွက် ဆောင်ရွက်နေ၊ ပရဟိတလုပ်ငန်းတွေ လုပ်နေကြတဲ့ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နေကြပါတယ်ဆိုတဲ့ ကိုကိုပရဟိတသမားတွေက ပရဟိတကုသိုလ်ပြုရာမှာ ကုသိုလ်ကတစ်ပဲ ငရဲကတစ်ပိဿာမဖြစ်ကြဘဲ၊ ဘုရားရှင်ရဲ့ အလိုကျနဲ့ မသွေဖည်ဘဲ ပြုမူနိုင်ကြပါစေလို့ မေတ္တာနှင့် ဆုတောင်းမိပါရဲ့။ ။

*7 Day Daily,*

*November, 2014.*

◇◇◇

# စံပြလူ့အဖွဲ့အစည်းဆိုတာ

ကျွန်တော့်ဘဝကို တောင်အာဖရိကပြည်သူတွေ လွတ်မြောက်ရေးအတွက် မြှုပ်နှံထားတာပါ။ ကျွန်တော်ဟာ လူဖြူလွှမ်းမိုးရေးကို ဆန့်ကျင်သလို၊ လူမည်းလွှမ်းမိုးရေးကိုလည်း ဆန့်ကျင်ပါတယ်။ ကျွန်တော်ဟာ နိုင်ငံသူနိုင်ငံသားအားလုံး သဟဇာတဖြစ်ပြီး တန်းတူအခွင့်အရေးရရှိတဲ့ လွတ်လပ်ပြီး ဒီမိုကရေစီနည်းလမ်းကျတဲ လူ့အဖွဲ့အစည်းမျိုးကို မြတ်နိုးပါတယ်။ ဒီလိုစံပြလူ့အဖွဲ့အစည်းမျိုးဟာ ကျွန်တော် နေထိုင်ရှင်သန်လိုတဲ့ ဆုပ်ကိုင်လိုတဲ့ လူ့အဖွဲ့အစည်းမျိုးပါ။ ဒီလိုစံပြလူ့အဖွဲ့အစည်းမျိုးဟာ လိုအပ်ခဲ့ရင် ကျွန်တော့်အသက်ကိုပေးနိုင်တဲ့ လူ့အဖွဲ့အစည်းမျိုးပါတဲ့။ နယ်ဆင်မင်ဒဲလားရဲ့စကားနဲ့ သူ့နှလုံးသားလေးက လှလိုက်တာ။

ဒီလိုစံပြလူ့အဖွဲ့အစည်းမျိုးကို ဗိုလ်ချုပ်အောင်ဆန်းလည်း လိုချင်ခဲ့တာပဲ။ ဦးသန့်လည်း လိုချင်ခဲ့တာပဲ။ ဂန္ဒီကြီးလည်း လိုချင်ခဲ့တာပဲ။ သခင်ကိုယ်တော်မှိုင်းလည်း လိုချင်ခဲ့တာပါပဲ။ လူတိုင်းလူတိုင်းလည်း လိုချင်ခဲ့ကြမှာပါပဲ။ (တချို့တချို့သော ရွှေဉာဏ်ရှင်များက လွဲလို့ပေါ့လေ။)

ဒါပေမဲ့ ဒီစံပြ လူ့အဖွဲ့အစည်းမျိုးကို ဘယ်သူမှ မရရှိခဲ့သေး၊ မရောက်ရှိခဲ့သေးကြတဲ့ မျှော်လင့်တောင့်တနေရဆဲ၊ လက်ရှိပစ္စုပ္ပန်အခြေအနေတွေနဲ့ လုံးချာလိုက်ရင်း ဝေးကွာနေကြရဆဲပါ။

စံပြလူ့အဖွဲ့အစည်းဆိုရာမှာ လွတ်လပ်မှု၊ တန်းတူအညီအမျှရှိမှု၊ တရားမျှတမှုဆိုတဲ့ စံနှုန်းတွေနဲ့ ပြည့်ဝနေရမှာ ဖြစ်ပေမယ့် လုံးဝဥဿုံအပြည့်အဝတော့ ရနိုင်ဖို့ကတော့ မလွယ်လှပါဘူး။ ဒါပေမဲ့ ဒီစံနှုန်းတွေဟာ အတိုင်းအတာတစ်ခုအထိတော့ ရရှိနေကြမှာပါ။ ဘာလို့လည်းဆိုတော့ လူဆိုတဲ့

အမျိုးက အကောင်းအဆိုး၊ အားနည်းချက်၊ အားသာချက်တွေနဲ့ ရောယှက်ပေါင်းစပ်နေကြလို့ပါပဲ။

သေချာတာကတော့ ဒီအဖွဲ့အစည်းက လူတစ်ယောက်က လူတစ်ယောက်ကို အရှင်လတ်လတ် ခေါင်းပြတ်သတ်ရဲတဲ့ အဖွဲ့အစည်းမျိုး မဟုတ်။ ပဋိပက္ခတွေ ညှိနှိုင်းဆွေးနွေးရင်း ပဋိပက္ခတွေ တိုးပွားနေကြမယ့် အဖွဲ့အစည်းမျိုးမဟုတ်၊ ငြိမ်းချမ်းရေးစကားတွေ ဆိုကြရင်း သေနတ်တွေ မောင်းတင်နေတဲ့ အဖွဲ့အစည်းမျိုး၊ လော့ခွက်ချည်းပဲ ကျန်ကျန်၊ ကိုယ့်နိုင်ငံကို ရတဲ့ဈေးနဲ့ ရောင်းစားမယ့် အဖွဲ့အစည်းမျိုး၊ မြစ်တွေကို အပိုင်းပိုင်းဖြတ်ပြီး၊ သူ့ထက်ငါ ရိက္ခာယူကြမယ့် အဖွဲ့အစည်းမျိုး၊ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ လူတွေများတဲ့ အဖွဲ့အစည်းမျိုး၊ တရားမှုရှိဖို့ မရှိဖို့ထက် လက်ဦးမှုရဖို့သာ အဓိကထားတဲ့အဖွဲ့အစည်းမျိုး၊ ငယ်ငယ်က ပြည်သူ့နီတိတွေ သင်ကြရပြီး လူကြီးဘဝမှာ မေ့ပစ်ကြတဲ့အဖွဲ့အစည်းမျိုးမဟုတ်၊ မဟုတ်ကြတာတော့ အသေအချာပါ။

အဲဒီလိုအဖွဲ့အစည်းမျိုးတွေ မဟုတ်ဘူးဆိုတော့၊ အဲဒါတွေနဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းမျိုးကို ဆိုလိုတာပေါ့။ မိုးပေါ်က အပ်တစ်စင်းနဲ့ မြေပြင်က အပ်တစ်စင်းတို့ထိခတ်ဖို့က လွယ်ကောင်းလွယ်ပါလိမ့်ဦးမယ်။ စံပြလူ့အဖွဲ့အစည်းကို ရရှိပိုင်ဆိုင်နိုင်ဖို့ကတော့၊ ဝေးဝေးက သက်တန့်ကို လှမ်းမျှော်ကြည့်ရသလိုပါပဲ။

နိုင်ငံတစ်ခုတည်ဆောက်ရာမှာ နိုင်ငံသားတွေရဲ့ mindset က အခြေခံအုတ်မြစ်ပဲဆိုတော့ ဒီအုတ်မြစ်တွေရဲ့ အရည်အသွေးအလိုက် ဒီနိုင်ငံက ဖြစ်တည်နေမှာပဲပေါ့။ နိုင်ငံတွင်းက အသိပညာရှင်၊ အတတ်ပညာရှင်၊ လွှတ်တော်အမတ်တွေ၊ နိုင်ငံရေးသမားတွေ တညီတညွတ်တည်း ပြောကြတာကတော့ နိုင်ငံမှာ အောက်ခြေက လူငယ်ကအစ အထက်အထိ mindset တွေ ပျက်နေကြတာ။ နှစ်ပေါင်း ၅၀ ကျော်ကြာပါပြီတဲ့။ ပျက်စီးမှုတွေ အသားကျနေကြတဲ့ စိတ်အခြေအနေတွေကို ပြင်ဖို့ကတော့ ကြာမှာပဲပေါ့။ အချိန်တွေ ပေးရဦးမှာပဲပေါ့။ ကြာမှာပဲဆိုပြီး အထူးဖာတ်ခင်းပြီး မပြုပြင်ကြရင်လည်း ပိုဆိုးရုံပဲ ရှိမှာဆိုတော့၊ မပြင်မဖြစ် ပြင်ချင်တဲ့ စိတ်ကလေးနဲ့ အခုချက်ချင်း ပြင်ကိုပြင်ရပါမယ်။ တဖြည်းဖြည်းချင်းပဲ ပြင်ပြင်၊ နည်းနည်းပဲ ပြင်ပြင်၊ များများပဲပြင်ပြင်၊ ပြင်တော့ပြင်ကြရမှာပါ။

စံပြရပ်ကွက်၊ စံပြကျေးရွာ၊ စံပြဆေးရုံဆိုတာတွေတောင် ရှိနေကြသေးတော့ စံပြလူ့အဖွဲ့အစည်းဆိုတာကလည်း မမျှော်လင့်ကောင်းတဲ့အရာ၊

မစားကောင်းတဲ့ သစ်သီးရယ်လို့ မဟုတ်ဘဲ၊ မဖြစ်နိုင်ဘူးဆိုတာ မဟုတ်၊ မဖြစ်သေးတာပဲရှိတယ်လို့ ယူဆကြရမှာပဲပေါ့။

လက်ရှိပစ္စုပ္ပန်အခြေအနေမှာတော့ ကိုယ့်ကြောင့်သူများတကာ၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေကြတုန်း၊ လွတ်လပ်မှုတွေကို အလွဲသုံးစားလုပ်နေကြတုန်း၊ မတရားတဲ့ကိစ္စတွေ ဖြစ်ပေါ်နေကြတုန်းပါ။ လမ်းမတွေပေါ်မှာ အမှိုက်တွေ ပစ်ချနေကြတုန်း၊ ကားပေါ်ကနေ ကွမ်းတံထွေးတွေ ထွေးပစ်နေကြတုန်း၊ အမြန်ရောက်ချင်ဇောနဲ့ ကားလမ်းမပေါ်မှာ နေရာလုပွဲတွေ ကျင်းပနေကြတုန်း၊ ကိုယ့်ထက်သာ မနာလိုကြတဲ့ သူတွေ များနေတုန်း၊ ငါ့ဝမ်းပူဆာမနေသာပေမယ့် သူတကာဝမ်းပူဆာတော့ နေသာကြတဲ့ သူတွေများတုန်း၊ လူ့အသက်တစ်ချောင်းကို ကြက်ကလေး၊ ငှက်ကလေးကို သတ်သလို လက်ယဉ်နေကြတုန်းပါ။

မျှော်လင့်မိတဲ့ စံပြလူ့အဖွဲ့အစည်းဆိုတာကို စိတ်ကူးယဉ်ကြည့်တော့ ပျော်စရာကြီးပါ။ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် သန့်စင်တဲ့ အပြုံးတွေနဲ့ ရင်းနှီးချစ်ခင်ကြလို့၊ တကယ့်ကို မျှော်လင့်ချက်မပါတဲ့ ခင်မင်ရင်းနှီးမှုတွေပါ။ လူလူချင်း ညှင်းပမ်းနှိပ်စက်တယ်ဆိုတာမရှိ၊ ရက်စက်တယ်ဆိုတဲ့ စကားလုံးမရှိ။ ကလိန်ခြံကျစ္စာ လည်သူစားကြေးဆိုတာ မရှိ။ နောက်ကျောဓါးထိုးမယ့်သူတွေမရှိ၊ အဓိပ္ပာယ်မဲ့ ကြောက်ရွံ့မှုမရှိ၊ အာဏာနဲ့ နေရာကို အလွဲသုံးစားလုပ်မယ့်သူတွေ မရှိ၊ သူများရဲ့ အောင်မြင်မှုကို မုဒိတာမပွားနိုင်ကြသူတွေ မရှိ၊ တစ်ဝမ်းတစ်ခါးအတွက် ဖီးသီးဗန်းမှောက်ကျသလို လုစားမယ့်သူတွေ မရှိ၊ လူမျိုးဘာသာခွဲခြားမယ့်သူတွေ မရှိ၊ တောင်တန်းမြေပြန့်၊ ပြည်နယ် ပြည်မခွဲခြားဆက်ဆံမယ့်သူတွေ မရှိ၊ အပြုံးတုတွေ မရှိ၊ ရက်စွဲအတုတွေ မရှိ၊ နှလုံးသားအတုတွေ မရှိ၊ စာချုပ်အတုတွေ မရှိ၊ အို… နေပျော်စရာကောင်းတဲ့ လူ့အဖွဲ့အစည်းကြီးပဲပေါ့။

ရွှံ့နွံ့တွေ ဗလပွဲနဲ့ ရှုပ်ပွ၊ ဗွက်ထနေတဲ့ တောကြမ်းကြမ်းကြီးကို ပန်းရနံ့ပေါင်းစုံတွေနဲ့ သင်းထုံနေတဲ့ သာယာလှပတဲ့ တောတန်းလေးဖြစ်လာဖို့ ပြုပြင်မွမ်းမံချယ်သဖို့က၊ လက်တွေ့မပါတဲ့ လုပ်ဆောင်မှုတွေပဲ ဆိုရင်တော့ အိပ်မက်တွေကို စိတ်ကူးတွေနဲ့ အကောင်အထည်ဖော်နေကြတာပဲပေါ့။

***7 Day Jaurnal, 2014.***

✧ ✧ ✧

## အပူလှိုင်းဒီဂရီ ၅၂၈

ခရမ်းလွန်ရောင်ခြည်လွန်ကဲနေပါတယ်ဆိုတဲ့ ရန်ကုန်မြို့ရဲ့ နေ့အပူရှိန်က မေလေးရဲ့ ရင်ထဲက သောကအပူလှိုင်းကိုတော့ မီနိုင်မယ် မထင်ပါဘူး။ နံနက်တိုင်း ၅ နာရီမှာ နိုးလာမယ့်သားလေးရဲ့ ပြောနေကျစကားအတိုင်း 'မေမေ မုန့်စားမယ်' ဆိုတဲ့ အသံလေးကို ကြားယောင်မိရင်း ရင်ထဲမှာ ပူလောင်ရတဲ့ ကိုယ့်အဖြစ်ကို ကိုယ်သာအသိဆုံးပါ။ ခုဆို သားလေးက အိပ်ရာက နိုးလာတိုင်း မိခင်ရဲ့မျက်နှာကို မမြင်ရရှာတာ တစ်လကျော်ခဲ့ပြီလေ။

မေလေးတို့ရဲ့ ရွာက တောင်တွေ၊ ရိုးတွေ ပတ်လည်ဝိုင်းနေတဲ့ ရခိုင်ကမ်းရိုးတန်းဒေသက ရွာလေးတစ်ရွာပါ။ သံတွဲ-ဂွလမ်းမ နံဘေးမှာ တည်ရှိပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ ရွာကလေးကို တောင်တွေ၊ ချောင်းတွေက ခြားထားတာပေါ့။ ဘယ်နေရာကြည့်ကြည့် တောင်တွေအထပ်ထပ်ရဲ့ တင့်တယ်လှတဲ့ မြင်ကွင်းတွေနဲ့ ရခိုင်ရိုးမတောင်တန်းတွေဆီက ဖြတ်တိုက်လာတဲ့ သန့်ရှင်းစင်ကြယ်တဲ့လေကို ရှူရှိုက်ရတဲ့ အရသာတွေက မေလေးတို့ဒေသရဲ့ တန်ဖိုးမြတ်မရနိုင်တဲ့ သဘာဝအမွေအနှစ် ရတနာတွေပါ။

အိမ်ခြေ ၁၃၀ ကျော်သာရှိတဲ့ ရွာကလေးက လက်ဖက်ရည်ဆိုင်မရှိ၊ နွားနို့ဆိုင်မရှိ၊ အရက်ဆိုင် တစ်ဆိုင်၊ ကုန်စုံဆိုင်သုံးဆိုင်သာရှိတဲ့ ရွာကလေးပါ။ ညနေတိုင်း အလုပ်သိမ်းချိန်ဆို ရွာက ကြီးကြီးငယ်ငယ် ကာလသားတိုင်းလိုလို၊ တစ်ဆိုင်းတည်းသော အရက်ဆိုင်မှာ တစ်ခွက်တစ်ဖလား ဝင်မော့ကြတာ အစဉ်အလာတစ်ခုပါပဲ။

ရွာမှာတော့ အများစုက လယ်တွေ၊ ကိုင်းတွေ ရှိကြမယ်။ ပိုက်ထောင်ကြတယ်။ မေလေးတို့ကတော့ လယ်မရှိ၊ ကိုင်းမရှိ၊ အဖေက လက်သမား၊

အမေက သူများလယ်မှာ ကိုင်းမှာ နွေဆို ပဲနုတ်၊ ပဲခြွေ၊ မိုးတွင်းဆို ကောက်စိုက်ပေါ့။ ပဲခြွေရင် တစ်တင်းကို ၅၀၀ ကျပ်၊ တစ်ရက်ကို သုံးတင်းလောက် ရအောင် ခြွေနိုင်တယ်။ မိုးတွင်းကောက်စိုက်ရင် တစ်နေ့ ကျပ် ၁၅၀၀ ရတယ်။ မေလေးက အိမ်မှာ ထမင်း၊ ဟင်းချက်၊ သားက တစ်ဖက်နှင့်။

ကိုင်းကတာပေါင်း၊ တန်ခူးဆို ရိုးပြတ်ပြီ။ ကဆုန်၊ နယုန်မှာ အလုပ်ပြတ်ကြပြီ။ ပိုက်ဆံလည်း ပြတ်ကြပြီ။ ဝါဆို၊ ဝါခေါင်၊ ကောက်မစိုက်ရခင် နှစ်လလောက်အလိုမှာ အလုပ်မရှိကြတော့။ ပိုက်ဆံရှိတဲ့သူတွေက ဟန်မပျက်ကြပေမယ့် ပိုက်ဆံမရှိတဲ့သူတွေကျတော့ ကြွေးတင်ကြပြီပေါ့။

မေလေးတို့က လယ်မရှိ၊ ကိုင်းမရှိပေမယ့် စားဖို့သီးနှံကတော့ ဝယ်မစားကြရပါဘူး။ လယ်တွေ၊ ကိုင်းတွေရှိတဲ့ အိမ်တွေက မရှိတဲ့အိမ်တွေကို ရက်ရက်ရောရော၊ ဖောဖောသီသီပေးကြတာ ပိုလျှံတောင်နေပါသေးတယ်။ ပြောင်းဖူး၊ ငှက်ပျော၊ မြေပဲကအစ ခရမ်းသီး၊ ရေတ်သီးစိမ်း အဆုံးပါပဲ။ သားငါးအတွက်ကတော့ မေလေးက ချောင်းထဲဆင်းပြီး ရှာလိုက်ရုံပါ။ တော်ရုံတန်ရုံ ပိုက်ဆံမရှိလည်း မေလေးတို့အတွက် ဟင်းစားက ချောင်းထဲ ဆင်းလိုက်တာပေါ့။

ရန်ကုန်ရဲ့ သားငါးဈေးတွေကို သိရတော့ ရွာက သားငါးပုစွန်ပေါများချက်ကို တွေးမိပြီး ကိုယ့်ဒေသရဲ့ ရေမြေတောတောင်မြစ်ချောင်းတွေရဲ့ တန်ဖိုးကို တစိမ့်စိမ့် လွမ်းရတော့တယ်။ ရွာမှာက ကြက်သား၊ ဝက်သား တစ်ဆယ်သားကို ၃၅၀၊ ပင်လယ်ငါးအကောင်းဆုံးတွေ ဖြစ်တဲ့ ငါးမိုးသီး၊ ငါးကျီးကန်းက ၂၀၀၊ ငါးဒုတ်ခုတ်သား၊ ငါးမော့်ရုံခုတ်သားက ၂၅၀ ဆိုတာ ဈေးအကြီးဆုံးငါးတွေပါ။ ပုစွန်ထုပ်က ၃၀၀၊ ချောင်းထဲက ရတဲ့ ပုစွန်တွေကလည်း အကြီးအသေးကို လိုက်ပြီး ၁၀၀၊ ၂၀၀ ဈေးပဲ ရှိတယ်။ ငါးနီတူခြောက်တောင် နိုင်ငံခြားသားတွေ ကြိုက်တယ်ဆိုလို့ အခုမှ ဈေးတက်သွားတာ ၃၅၀၊ ၄၀၀၊ ငါးခုံးမလို ငါးသေးသေးမွှားမွှားလေးတွေက ၁၀၀၊ ကင်းမွန်က အစိတ်သား ၃၀၀၊ ရန်ကုန်မှာ ဈေးဝယ်ထွက်တဲ့ အိမ်ရှင်မတစ်ယောက်ရဲ့ တစ်ရက်ဈေးဖိုး ၃၀၀၀ ကျပ်က ရွာမှာဆို ၄ ရက်လောက်စားရမှာ။

ရေထွက်သယံဇာတတွေ ပေါများ ကြွယ်ဝလှတဲ့ မေလေးတို့ဒေသမှာသာ ၂၄ နာရီ မီးရမယ်၊ ရန်ကုန်နဲ့ သံတွဲကို နေ့ချင်းပေါက် ကားသွားလာလို့ရမယ်ဆိုရင် ရေထွက်ကုန်ပစ္စည်းတွေ ထုတ်လုပ်တဲ့ စက်မှုဇုန်တွေ ရှိလာနိုင်တာပဲလေ။ အဲဒီကျရင် ဒေသခံတွေအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ပေါများလာမှာ။

ရွာမှာ လူငယ်တွေက နည်းပြီး၊ လူလတ်ပိုင်းတွေ များကြတယ်။ လူငယ်တွေက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတဲ့သူတွေ များတော့ လူလတ်ပိုင်းတွေ စောစောဖြစ်ကုန်ကြတယ်။ ဒီအထဲမှာ မေလေးလည်း တစ်ယောက်အပါအဝင်ပါ။ အသက် ၁၇ နှစ်နဲ့ ပညာတစ်ပိုင်းတစ်စ ဘဝ ရောက်ပြီး အိမ်ထောင်ကျခဲ့တာ။

မေလေးဘဝမှာ စောစောအိမ်ထောင်ကျခြင်းရဲ့ ဒုက္ခကတော့ တစ်ခု လပ်၊ ကလေးတစ်ယောက် အမေဆိုတဲ့ ဝိသေသ တိုးလာတာပါပဲ။ ဒါကလည်း စင်ကာပူနိုင်ငံကို သွားရခြင်းရဲ့ အကြောင်းတရား အရင်းခံလို့ပဲ ဆိုရမှာပါ။ မေလေးမိဘအတွက်၊ မေလေးသားလေးအတွက်၊ မေလေးတို့ မိသားစုဘဝတွေ ပြောင်းလဲဖို့အတွက် မေလေးစွန့်စားရတာပါ။ မေလေးအဖေက အသက် ၆၄ နှစ်၊ လက်သမားလုပ်စားလာတာ အနှစ် ၄၀ ရှိပြီး၊ အမေက ၅၂ နှစ်၊ ခုထိ တော့ အလုပ်လုပ်နိုင်သေးတယ်။ ပင်ပင်ပန်းပန်း အလုပ်လုပ်မှ ပါးစပ်လှုပ်ရတဲ့ မေလေးတို့ဘဝကို မေလေး ပြောင်းလဲပစ်ချင်ပြီ။

တကယ်တော့ စင်ကာပူကို သွားပြီး အိမ်အကူလုပ်ဖို့ဆိုတာ မေလေး အသက် ၂၃ နှစ်အရွယ်နဲ့ စိုးကြောက်မိတာ အမှန်ပါ။ နိုင်ငံခြားမှာ ငါ အဆင်ပြေပါ့မလားဆိုတဲ့အတွေးနဲ့ နေ့နေ့ညည၊ စင်ကာပူအကြောင်း တွေးနေ မိတာ၊ ကြာတော့ မေလေးရဲ့ နှလုံးခုန်သံက စင်ကာပူ၊ စင်ကာပူနဲ့ မြည်နေ ကြလေသလားပဲ။ ရန်ကုန်မှာ သင်တန်းလာတက်ရပေမယ့် အိမ်ကို ပြန်ပြေး ချင်စိတ် ပေါက်မိတာ ခဏခဏပါပဲ။ သင်တန်းမှာ ကိုယ့်လိုပဲ သက်တူ ရွယ်တူတွေ၊ ပညာတစ်ပိုင်းတစ်စတွေ၊ ဘဝတူတွေနဲ့ တွေ့ရတော့လည်း အားတင်းမိ၊ အားတက်မိရပါတယ်။

သင်တန်းဆရာမက 'ဒီအလုပ်က ကိုယ့်စိတ်နဲ့ မာနကို လျှော့ချ ထားရမယ်' လို့ ဆိုပြန်တော့ ကိုယ့်ကိုယ်ကိုယ် အားမငယ်မိ။ သိမ်ငယ်မိ ပြန်ပါရော။

သုံးနှစ်အရွယ် သားလေးလို သက်တူရွယ်တူ ကလေးငယ်လေးကို တွေ့မိရင်တော့ ကောက်ယူပွေ့ချီမိရင်း စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည် ဖြိုင်ဖြိုင် ကျမိတော့တာပါပဲ။ အပူရှပ်ကို ဟန်လုပ်နေရပေမယ့် 'သားလေး' ဆိုတဲ့ အသိဝင်လာရင် ငါ အိမ်ပြန်တော့မယ်လို့ စိတ်ကူးမိတာ အခါခါပါ။ ဒါပေမဲ့ အဖေ့ရဲ့ စကားတစ်ခွန်းက နောက်ကြောင်းပြန်လှည့်ဖို့ကို တွန်းဆုတ် စေခဲ့ပါတယ်။

အဖေက 'ရှေ့တစ်လှမ်းတိုးပြီးရင်၊ နောက်ကို ပြန်မဆုတ်ရစေနဲ့' တဲ့၊ အဖေ့ရဲ့အမှာစကားက မေလေးအတွက် စိတ်ပျက်ယိမ်းယိုင်မှုတွေ၊ လွမ်းတစိတ်တွေကို ပယ်ရှားပစ်လိုက်နိုင်တဲ့ ခြင်္သေ့မင်းရဲ့ ခွန်အားတွေပါ။ စင်ကာပူမှာ ၂ နှစ် အလုပ်လုပ်ပြီး ပြန်လာရင် ရွာမှာ ကုန်စုံဆိုင်ကြီးဖွင့်မယ်လို့ အဖေနဲ့ အမေကို မေလေး ပြောထားခဲ့တာ။ ကတိတည်နိုင်အောင် ကြိုးစားရမှာပေါ့။

ပန်းကန်ပြား-ပလိပ် (Plate)၊ ပန်းကန်လုံး-ဘိုး (bowl)၊ ရေခွက်-ဂျက်ဂ် (Jug)၊ ငရုတ်သီးမှုန့်-ပက်ပါး (pepper)၊ ငရုတ်ဆီ-ချီလီဆော့စ် (chillisauce) လို့ အသံဆာဆာနဲ့ အော်ကျက်နေရင်းက ခရမ်းလွန်ရောင်ခြည်ထက် ပိုလွန်းတဲ့ အပူလှိုင်းတို့က မေလေးရဲ့ ရင်ထဲမှာ မြုပ်ချည်ပေါ်ချည်၊ မြုပ်လိုက်၊ ပေါ်လိုက်နဲ့ ဘောင်ဘင်ကို ခတ်နေတော့တာပါပဲလေ။

***Popular News,***

***April, 2014.***

✧ ✧ ✧

# လူသားရဲ့ဂုဏ်သိက္ခာ

ရန်ကုန်သူ ရန်ကုန်သားတွေ ပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြတဲ့ ပုံစံက သွားသုတ်သုတ်၊ လာသုတ်သုတ်၊ စားသုတ်သုတ်နဲ့ သုတ်သီးသုတ်ပြာ ဖြစ်နေကြတာ။ ဘာနဲ့တူလဲဆိုတော့ ပျားအုံထဲက ပျားပိတုန်းလေးတွေလိုပါပဲ။

အချိန်ကြောင့်၊ အလုပ်ကြောင့်၊ ငွေကြေးကြောင့် ပျာယီးပြာယာ၊ သုတ်သီးသုတ်ပြာပုံစံတွေနဲ့ ဘဝက နေသားကျနေကြတာပါ။ ဒီထဲကမှ ရန်ကုန်မြို့ရဲ့ ပျာယာအခတ်ဆုံး လူတန်းစားကို ပြောပါဆိုရင်တော့ ကားဒရိုင်ဘာနဲ့ စပယ်ယာတွေပါလို့ ကျွန်မက လက်ညှိုးထိုးပြမိမှာပဲ။

နေ့စဉ်နဲ့အမျှ လမ်းမတွေပေါ်မှာ လုယက်မှုတွေ ဖြစ်နေကြတာ။ မှတ်တိုင်မှာ ခရီးသည်ကို အလုအယက်တင်၊ အလုအယက်မောင်း၊ ရှေ့ကကားကို အလုအယက်ကျော်တက်၊ ကားတစ်စီးစာ နေရာရဖို့ အတင်းအဓမ္မခေါင်းဝင်ထိုး၊ နောက်ကားပါပြီဆို ခရီးသည်ကို အတင်းတွန်းတင်၊ အတင်းဆွဲချ၊ မီးပွိုင့်လွတ်ဖို့၊ ကျောင်းဆင်းချိန်၊ ရုံးဆင်းချိန် မှီဖို့၊ အလုအယက်မောင်းနေကြတာ ကမ္ဘာမှာ မြန်မာနိုင်ငံပဲ ရှိမယ်ထင်ပါတယ်။

လောကမှာ သူတို့ပဲ အရေးတကြီးရှိကြတဲ့ဟန်မျိုးနဲ့၊ သူတို့လောက်စိုးရိမ်တကြီး ဖြစ်နေကြတာလဲ သူတို့ပဲ၊ ဘာတွေကို အရေးတကြီး ဖြစ်နေပြီး၊ ဘာတွေကို စိုးရိမ်သောက ဖြစ်နေသလဲတော့ မသိဘူးပေါ့။ စပယ်ယာရဲ့ မျက်စိက ကြီးကန်းမျက်စိလို ရှေ့ကြည့်၊ နောက်ကြည့်၊ ဘေးကြည့်၊ ဝဲယာကြည့်နဲ့ ယာဉ်အန္တရာယ် စိတ်ချရဖို့ ကြည့်တာထက် ရှေ့ကကားက တစ်နှစ်လေး၊ အဓိပတိ နောက်မှာ ပါလာပြီ။ မေတ္တာလှိုင်းနဲ့တော့ ရှေ့မှတ်တိုင်မှာ ငြိနိုင်တယ်၊

စသည်ဖြင့် ခရီးသည်တွေ အတွက်ထက် သူတို့အကျိုးစီးပွားတွေအတွက် သူတို့ကြည့်နေကြတာပါ။ စိုးရိမ်နေကြတာပါ။

ကားခတောင်းတဲ့အချိန်လေးမှာတော့ ခရီးသည်ကို ဂရုစိုက်ကြပါတယ်။ ကျန်တဲ့အချိန်တွေမှာတော့ လူစင်စစ်ကနေ ဆန်ကောထဲက ဆီးဖြူသီးလိုပဲ လိမ့်နေနေ၊ လှည့်မကြည့်အား။ သူတို့ခေါက်ရေ များဖို့ကိုပဲ ခေါင်းထဲမှာ ရှိကြတယ်။ ကားပေါ်မှာ ခရီးသည်အပြည့်ပါမလာရင် စပယ်ယာရော ဒရိုင်ဘာပါ မျက်စိမျက်နှာပျက်နေကြပြီ။ စပယ်ယာက ဒေါသကုမာရ မျက်နှာပေးနဲ့ နဂိုကမရှည်တဲ့စိတ်က ပိုလို့တိုပြီး ယောက်ယက်ခတ်နေတော့တာ။ ဆပ်ပြာသည် လင်ပျောက်လို့ ပျာယာခတ်နေတယ်ဆိုတာ သူ့လိုနေမှာပဲလို့ တွေးကြည့်မိပါတယ်။ တချို့ စပယ်ယာတွေကျတော့ လူသာငယ်တာ ဆရာကြီးဂိုက်နဲ့ ဟောက်စားလုပ်ချင်သေးတာ။ လူကြီးကို လူကြီးမှန်းမသိ၊ ဂါဝရတရားဆိုတာကို လျစ်လျူရှုထားကြပြီလား။ မေ့ထားပစ်ကြပြီလားဆိုတာ စဉ်းစားစရာပါ။

သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ရှာဖွေစားသောက်ကြရတာခြင်းအတူတူ၊ သူတို့ဝမ်းကပဲ ပိုပြီး ကြီးနေကျယ်နေတယ်လို့ ထင်မှတ်နေကြသလားမသိ။ မနက်လည်း ရုံးချိန်၊ ကျောင်းချိန်လေးမို့ ပျာယာခတ်။ ညနေလည်း ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်လေးမို့ ပျာယာခတ်၊ နေ့ခင်းဘက်ဆိုလည်း လူပါးလို့ဆိုပြီး ရှေ့ပေါက်ကနေ လူခေါ်လိုက်၊ နောက်ပေါက်ပြေးပြီး အော်ခေါ်လိုက်နဲ့ အုယားဖားယား ဖြစ်နေတာပါပဲ။ ညဘက်ကျတော့လည်း အေးအေးလူလူ ရှိပြီများ မထင်လိုက်နဲ့။ နောက်ကားပါလာလို့၊ ရှေ့ကကားကို အမှီလိုက်ဖို့ အကြောင်းပြချက်တွေနဲ့ ဟောဟောဒိုင်းဒိုင်း မောင်းတော့တာပဲ။ ကဲ မိုးလင်းကနေ မိုးချုပ်တဲ့အထိ သူတို့လောက် ဗျာများပြီး ပျာယီပျာယာ ဖြစ်နေကြတဲ့သူ ဘယ်သူရှိဦးမလဲ။

တစ်နေ့တစ်နေ့ သူတို့ရဲ့ ကုန်ကျစရိတ်ကလဲ အများသားပဲ။ မြောက်ဒဂုံကနေ ဆူးလေ မရောက်မချင်း မှတ်တိုင်မှာ ကွမ်းဝယ်တာ သုံးခါလောက်ရှိမယ်။ တစ်နေ့ ငါးခေါက်ဆိုရင် အသွားအပြန် ဆယ်ခေါက်မှာ၊ ကွမ်းဖိုးက ဘယ်လောက်များ ရှိမလဲ။ နေ့စဉ်ထုတ် သတင်းစာကို ဝယ်ဖတ်၊ မဖတ်တော့ မသိဘူး။ ကွမ်းယာကျတော့ စပယ်ယာနဲ့ ဒရိုင်ဘာတို့ သူ့ထက်ငါ အပြိုင်စားနေကြသလား မှတ်တယ်။ ကွမ်းတံတွေး မထွေးရလို့သာ ဆိုတယ်။ သူတို့ပဲ ကားပေါ်ကနေ ထွေးချနေကြတာ။

ကလေးတွေနဲ့ ကျောင်းသားငယ်တွေအတွက် အတုမြင် အတတ်သင် ဆိုသလိုပါပဲ။ တချို့က မှတ်တိုင်တွေမှာ စပယ်ယာက ပိုက်ဆံလိပ်လေး လှမ်းပေးရသေးတာ။ ဘာအတွက်လဲတော့ မသိဘူးပေါ့။ ထမင်းဖိုး၊ ကွမ်းဖိုး၊ လက်ဖက်ရည်ဖိုး၊ ဘီယာဖိုး၊ ရေဘူးဖိုးနဲ့ တချို့ စမောလေးရှိရင် စမောလေး ဖိုးနဲ့ဆို သူတို့ရဲ့ ကုန်ကျစရိတ်ကလဲ မသေးရှာဘူး။

သဘောမနောကောင်းပြီး ယဉ်ကျေးတဲ့ စပယ်ယာ၊ ဒရိုင်ဘာတွေနဲ့ တွေ့ရင်တော့ စိတ်ချမ်းသာရပါတယ်။ တချို့ စပယ်ယာကျတော့ တစ်လမ်းလုံး လိုအပ်မှသာ ပြောတဲ့၊ နှုတ်နည်းတဲ့အတွက် ဒရိုင်ဘာတွေက မကြိုက်ပြန်ဘူး။ မှတ်တိုင်မှာ လူရှိရှိ၊ မရှိရှိ နားညည်းလောက်အောင် အော်ခေါ်နေမှ၊ ခရီးသည် ကို တွန်းတွန်းထိုးထိုးနဲ့ အော်ဟစ်ငေါက်ငမ်းနေမှ စပယ်ယာ ပီသတယ်ဆိုပြီး သဘောကျလေရဲ့။ နှုတ်နည်းတဲ့ စပယ်ယာဆို ကားမောင်းရင်းနဲ့ မကျေမနပ် အော်ဆဲနေတတ်တဲ့ ဒရိုင်ဘာမျိုးကို တွေ့ရတော့လည်း ဩော် ဒုက္ခ ဒုက္ခလို့ပဲ ညည်းတွားမိရပါတော့တယ်။

ဒရိုင်ဘာပဲဖြစ်ဖြစ် စပယ်ယာပဲဖြစ်ဖြစ် တစ်နေ့တာ လုပ်အားခကို သတ်မှတ်ကြေးထက် ပိုပြီး လိုချင်ကြတာ လူ့သဘာဝပါ။ ဒါပေမဲ့ တရားမဲ့ပြီး မဟားဒရား ပုံစံနဲ့ကျတော့ ယာဉ်တိုက်မှုတွေ ဖြစ်ကုန်ကြပြီ။ တစ်နှစ်ထက် တစ်နှစ် ယာဉ်မတော်တဆမှုတွေကြောင့် လူတွေ သေပျောက်ကြတာ များများ လာကြပြီ။ ဘတ်စ်ကားနဲ့ မကင်းနိုင်ကြတဲ့ ခရီးသည်တွေအတွက်တော့ အသက် အန္တရာယ် လုံခြုံစိတ်ချရဖို့က ကားပေါ်မှာ ဘုရားစာဆိုရုံမှတစ်ပါး ဘာများ တတ်နိုင်ကြဦးမှာလဲ။ ကားပေါ်မှာ 'လောဘနဲ့ သေရဲပြည်'လို့ သတိပေးစာကို သူတို့အတွက် (ဒရိုင်ဘာနဲ့ စပယ်ယာ) ကပ်ထားရမှာ။

နိစ္စဓူဝ ဘတ်စ်ကားစီးရတဲ့ဘဝမှာ ကျွန်မက ထုသားပေသား ကျနေ ပါပြီ။ တော်ရုံတန်ရုံလောက်ကတော့ သည်းခံလိုက်၊ လျစ်လျူရှုလိုက်တာပါပဲ။ မိုက်ရိုင်းတဲ့ စပယ်ယာမျိုးနဲ့ တွေ့ရင်တော့ အသံမထွက်ဘဲ ကျိန်ဆဲမိတာလည်း ရှိတာပေါ့လေ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကို ခန္တီပါရမီ အသင့်အတင့်တော့ ရှိလာပြီလို့ ထင်ထားမိခဲ့တာ။ တစ်ရက်မှာတော့ ရန်ကင်း ဆယ့်နှစ်လုံးတန်း မှတ်တိုင်ကနေ ၁၀၇- မိနီဘတ်စ်ကားအသေးကို စီးလာခဲ့တာ ကျောင်းရှေ့ မှတ်တိုင်မှာ ဆင်းမယ် လုပ်တော့ ကားကမရပ်ဘဲ လှည်းတန်းမီးပွိုင့်ကျမှ ကားကို ရပ်ပေးတယ်။ ဘာဖြစ်လို့ မှတ်တိုင်မှာ မရပ်တာလဲလို့ ကျွန်မက မေးတော့ စပယ်ယာက မီးပွိုင့်မိနေလို့ ဒီကပဲ ဆင်းလျှောက်လိုက်ပါတဲ့။

သူ့ဘက်က ဘာမှမမှားသလို လေသံမျိုးနဲ့ အပေါ်စီးက ပြောလိုက်တာ။ ကျွန်မအပါအဝင် သုံးယောက်က မီးပွိုင့်အလယ်လောက်ကနေ နောက်ကားတွေကို ကြည့်ရှောင်ပြီး မှတ်တိုင်ဆီကို ပြန်လျှောက်ခဲ့ရတယ်။ အမြဲလိုလို ရေငုံနှုတ်ပိတ်နေတတ်တဲ့ ကျွန်မက ကားပေါ်က ဆင်းဆင်းချင်း စပယ်ယာကို ပြန်အော်မိခဲ့သေးတယ်။ နင်တို့ကို တိုင်မယ်လို့။

ကျွန်မ ဒေါသလည်းထွက်၊ ရှက်လည်း ရှက်မိပါတယ်။ လမ်းပြန်လျှောက်ရတဲ့ အဖြစ်က ဘာမှ အပန်းမကြီးလှပေမယ့် ဒီလိုလုပ်ရပ်က လူ့တန်ဖိုးကို နှိမ့်ချတာလို့ ခံစားရပြီး ဝမ်းနည်းမိသွားတာပါ။ လူသားထက်ကို ပိုပြီး ဘာကအရေးကြီးနေတာလဲ။ မှတ်တိုင်မှာ တစ်ယောက်ပဲ ဆင်းဆင်း၊ သုံးယောက်ပဲ ဆင်းဆင်း၊ ခဏလေးရပ်ပေးဖို့ကို အချိန်မပေးချင်တော့တာ ဘာကြောင့်လဲ။ လူသားရဲ့ တန်ဖိုးထက် မီးပွိုင့်မှာ ကိုယ့်ကားကို ထိပ်ဆုံးက နေရာယူဖို့က ပိုပြီး အရေးကြီးသတဲ့လား။ ကျွန်မတို့ရဲ့ လူသားဖြစ်တည်မှုက ရှုံးလိုက်တာလို့ တွေးမိပြီး အဲဒီနေ့က ကျွန်မရှက်လို့ မဆုံးတော့။

လူ့ယဉ်ကျေးမှုကြီးမှာ လူကိုလူလို ဆက်ဆံပြီး တန်ဖိုးမထားကြရင် တခြားဘာကို တန်ဖိုးထားပြီး ဆက်ဆံကြရမှာတဲ့လဲ။ 'ထမင်းကျွေးသော လက်ကို မကိုက်ပါနဲ့' ဆိုတဲ့ စာတန်းကို ဘတ်စ်ကားပေါ်မှာ ကပ်ထားကြတယ်။ လူသားရဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားပါလို့ စာကပ်ထားရလောက်အောင် ကျွန်မတို့ မျိုးဆက်တွေက ညံ့ကုန်ကြပြီတဲ့လား။

**Popular News.**

✧ ✧ ✧

# ရေစီးကြောင်း ပြောင်းခြင်း

နေ့တစ်နေ့၏ ညနေခင်းချိန်ခါသည် မပူလွန်းမအေးလွန်းဘဲ သာယာနေပျော်ဖွယ်ကောင်းသော အချိန်အခါသမယကလေး ဖြစ်သည်။ တစ်နေ့တာပင်ပန်းကြသမျှ အတိုးချအနားယူကြ၊ စိတ်လက်အပန်းဖြေကြရသော အချိန်ဆည်းဆာနေညိုချိန်ကလေးပင်။

ကျွန်မတို့ ကျောင်းသူဘဝက ညနေခင်း နားခိုရာများသည် လက်ဖက်ရည်ဆိုင်များ ဖြစ်တတ်ကြသည်။ လက်ဖက်ရည်ဆိုင်များသည် ဘော်ဒါများဆုံစည်းရာနေရာ။ ကျား၊ မအရွယ်သုံးပါးမရွေး လက်ဖက်ရည်ဆိုင် ထိုင်တတ်ကြပြီး အပေါင်းအသင်းများနှင့် ရောက်တတ်ရာရာ စကားစမြည် ပြောဆိုကြရင်း၊ ငြင်းခုံဆွေးနွေးကြရင်း ကက်ဆက်မှ သီချင်းသံကို စည်းဝါးလိုက်ကာဆိုညည်းကြရင်း တစ်နေ့တာ အမောတွေကို စိတ်လက်အပန်းဖြေကြရတာ အရသာတစ်မျိုးပါ။

လက်ဖက်ရည်ဆိုင် နာမည်လေးတွေကလည်း လှလည်းလှ၊ ချစ်စရာလည်း ကောင်းသည်။ ဆုံစည်းရာ ကြည်နူးရိပ်၊ မြမေတ္တာ၊ အိပ်မက်အိမ်စသည်ဖြင့် ကဗျာဆန်ဆန် လှလှပပနှင့် ဆွဲဆောင်မှုရှိကြသည်။ လက်ဖက်ရည်ဆိုင်ရဲ့ ပုံသဏ္ဍာန်ကတော့ မျိုးစုံလှသည်။ ယခုလို မြေဈေးတွေကလည်းခေါင်မခိုက်လှသေးတော့ လက်ဖက်ရည်ဆိုင်တွေက နေရာထိုင်ခင်း ကျယ်ကျယ်ဝန်းဝန်းရှိကြသည်။ တချို့ဆိုင်တွေက အရိပ်ကောင်းကောင်း ခြံဝန်းကျယ်ကျယ်နှင့် အုပ်အုပ်ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းညို့ညို့၊ တချို့ဆိုင်တွေကတော့ဆိုင်ခန်းရှည်မျောမျော၊ လမ်းဘေးပလက်ဖောင်းပေါ် မေးတင်လို့။ ကိုယ်အာရုံကျရာ၊ ကိုယ့်ဆိုင်အစွဲနှင့် ကိုယ်ထိုင်တတ်ကြကာ ညနေခင်းများ၏ လက်ဖက်

ရည်ဆိုင်များသည် လှုပ်ရှားသက်ဝင်နေသော သက်ရှိပန်းချီကားများပင် ဖြစ်နေတော့သည်။ TV တွေကလည်း ပေါပေါများများ မရှိကြသေးတော့ ကက်ဆက်ထဲမှ သီချင်းသံတွေကသာ ကျွန်မတို့၏ တစ်ခုတည်းသော အန်တာတိန်းမန့်ပါ။

လက်ဖက်ရည်သောက်ရင်း စကားပြောကြရင်း၊ သီချင်းတွေ ခံစားကြရင်း၊ ကျွန်မတို့ရဲ့ ရင်ခုန်သံတွေ ညံခဲ့ကြတာ။ နေညိုညိုမှာ စိတ်လက်အပန်းဖြေခဲ့ကြတာ။ ပြန်တွေးကြည့်တော့ လွမ်းစရာပါ။ လက်ဖက်ရည်ဆိုင်ညချမ်းတွေမှာ စိုင်းထီးဆိုင်ရဲ့ မောင့်လပြည့်ဝန်းကို ခံစားခဲ့ကြရသည်။ ချစ်ကောင်းရဲ့ ကော်ဖီခါးခါးကို သံပြိုင်ဟစ်ကာ ရင်ခုန်ခဲ့ကြရသည်။ လက်ဖက်ရည်နှင့် တွဲဖက်ပြီး ဂီတကို စားသုံးခဲ့ကြရသည်မှာ မြိန်ရေယှက်ရေပါပဲ။

ယနေ့ခေတ်မှာတော့ ညနေခင်း နားခိုရာများသည် ဘီယာဆိုင်များဖြစ်နေကြပါပြီ။ ညနေ ၆ နာရီကျော်လျှင်ပင် လက်ဖက်ရည်ဆိုင်တွေ ငုတ်တုတ်မေ့ကုန်ကြပါပြီ။ ယောကျ်ားကြီးကြီး၊ ငယ်ငယ်၊ အရွယ်သုံးပါးမရွေး၊ (အားလုံးတော့မဟုတ်ပါ) ဘီယာဆိုင်ကို ရောက်ကုန်ကြပါပြီ။ ကက်ဆက်သံ မလိုဘဲ ဘီယာရင်ခုန်သံတွေ ညံနေကြပါပြီ။

မူးယစ်စေတတ်သော အရာမှန်သမျှတို့သည် စွဲလန်းတတ်ကြသည်လား မသိပါ။ နေ့စဉ် ဘီယာသောက်သော မိတ်ဆွေတစ်ယောက်က ပြောဖူးပါသည်။ သူ ဘီယာသောက်တာ ၉ နှစ် ကျော်လာတော့ အခုဆို ဘီယာမသောက်သောနေ့များတွင် ဘယ်လိုမှ အိပ်၍မပျော်တော့ကြောင်း၊ သွေးသွေးတွေအကုန်ဖောက်ထုတ်ပြီး သူများရဲ့သွေးတွေ အစားထိုးလိုက်မှ ဘီယာပြတ်သွားမလားမသိဘူးဟု ညည်းတွားပါတော့သည်။

ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နှင့် ပြန်ဆုံကြတော့ သူကအရာရှိတစ်ယောက်လည်း ဖြစ်နေပါပြီ။ အရက်သမားလည်း ဖြစ်နေပါပြီ။ သူအရက်သမားဖြစ်တာ ဘီယာကြောင့်တဲ့။ ဘီယာကို စသောက်ကြည့်ရင်းကတစ်ခွက်ကနေ နှစ်ခွက်၊ နှစ်ခွက်ကနေ မတင်းတိမ်နိုင်တော့။ ငွေကြေးအခြေအနေအရ ဘီယာထဲ ဝီစကီတစ်ပက် ပေါက်ထည့်ရာက (ပေါက်စီလုပ်တယ်လို့ဆိုကြတယ်) အရက်စွဲသွားတာဟု ရှင်းပြပါသည်။ သူပြောသည့်အတိုင်းဆိုရင်တော့ 'အရက်သမားအစ ဘီယာက'ဟု ဆိုရမလိုပင်။

ကျွန်မတို့ခေတ်တုန်းက မိန်းကလေးတွေ လက်ဖက်ရည်ဆိုင် ထိုင်ကြသလို၊ ယခုခေတ် မိန်းကလေးတွေလည်း ဘီယာဆိုင် ထိုင်လာကြသည်။

ဘီယာသောက်လာကြသည်။ တလောတုန်းက စင်ကာပူမှာ ၂ နှစ်ကျော်ကြာ အလုပ်သွားလုပ်နေသည့် တူမနှင့် ဖုန်းပြောဖြစ်တော့ သူ အိမ်ကို လွမ်းတဲ့အခါ ဘီယာသောက်ပါတယ်တဲ့။ သူ ဘီယာကို စွဲနေပြီတဲ့လေ။ တခြားနည်းနဲ့ အိမ်ကို လွမ်းလို့ မရဘူးလားသမီးရယ်ဟု ကျွန်မ ပြောချင်ပေမယ့် ပြောမထွက်တော့ပါ။ အရွယ်ငယ်ငယ်နှင့် မိသားစုအတွက် တိုင်းတစ်ပါးမှာ ငွေရှာထွက်နေတဲ့ တူမရဲ့ ခံစားမှု ထွက်ပေါက်ကို အဝေးကနေ လှမ်းထိန်းလို့ ထိရောက်နိုင်ပါတော့မလားဟု တွေးမိပါသည်။

မကြာသေးခင်ကပဲ သူငယ်ချင်းတစ်ယောက်ရဲ့ သမီးက နိုင်ငံခြားမသွားခင် အန်တီတို့အိမ်မှာ နှုတ်ဆက်ပွဲလေးလုပ်ချင်တယ်ဟု ပြောလာပါတယ်။ ကျွန်မက လုပ်လေလို့ ခွင့်ပြုတော့ သူက 'ဘီယာပါမှ ဖြစ်မှာနော် အန်တီ' တဲ့။ ကျွန်မ မျက်လုံးပြူးသွားပါသည်။ အရာရာ ဘီယာပါမှ ဖြစ်တဲ့ ခေတ်ကို ရောက်နေကြပြီတဲ့လား။ ဘီယာကို လျှာဖျားပေါ်မတင်တဲ့ ကျွန်မကပဲ တော်တော် ခေတ်နောက်ကျနေပြီလား မသိ။ အပြောင်းအလဲခေတ်ကြီးမှာ ကျွန်မက ကျန်ရစ်ခဲ့တာလား မသိတော့ပါ။

ကျွန်မတို့ မြန်မာတွေ သင်္ကြန်မှာ ဘီယာသောက်ကြသည်။ အလှူပွဲတွေမှာ၊ မွေးနေ့ပွဲမှာ၊ အသုဘအိမ်မှာ ဘီယာဝိုင်းဖွဲ့ကြသည်။ Happy New Year လို့ အော်ပြီး ဘီယာသောက်ကြသည်။ ဝမ်းသာခြင်း အထိမ်းအမှတ်နှင့်လည်း သောက်ကြသည်။ ဝမ်းနည်းခြင်းအထိမ်းအမှတ်နှင့်လည်း သောက်ကြသည်။

မြို့ရွာအနှံ့ လူစည်ကားရာ လမ်းဆုံတွေမှာ ဘီယာဆိုင်တွေက ဆိုင်ခန်းခ ကြေးကြီးကြီးတွေပေးပြီး နေရာယူထားကြသည်။ တဖြည်းဖြည်းနှင့် ရပ်ကွက်တွေထဲမှာ လက်ဖက်ရည်ဆိုင်များကဲ့သို့ တိုးဝင်နေရာယူလာကြသည်မှာ ယခုဆိုလျှင် တစ်လမ်းကျော်တွင် ဘီယာဆိုင်တစ်ဆိုင်နှုန်းလိုလို ဖြစ်နေကြပါပြီ။

လူတိုင်း ကိုယ့်အကြိုက်နှင့် ကိုယ်ရှင်သန်ခွင့် ရှိကြပါသည်။ တချို့က ပဲပြုတ်ကြိုက်သည်။ တချို့က ပေါင်မုန့်ကြိုက်သည်။ တချို့က အအေးကြိုက်သည်။ တချို့က အပူကြိုက်သည်။ တချို့က ကော်ဖီကြိုက်သည်။ မြန်မာမိန်းကလေးတစ်ယောက်က ဂျင်းဘောင်းဘီနှင့် ကြေးအိုးကို ကြိုက်သလို၊ ကိုရီးယားမင်းသမီးကလည်း မြန်မာရင်ဖုံးအင်္ကျီနှင့် မုန့်ဟင်းခါးကို ကြိုက်ခွင့်ရှိပါသည်။

ခေတ်၏ လူငယ်၊ လူရွယ်လေးများ အနာဂတ်၏ သားပျိုး သမီးပျိုများ ဘီယာဆိုင်မှာ ထိုင်နေကြပါသည်။ ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းထဲမှာ ကျွန်မတို့ ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မလဲ။ မျောပါနိုင်မလဲ။ ခြေကုန်လက်ပန်းကျမလဲဆိုတာ ပင်ကို သက်လုံကောင်းမှုအပေါ်မှာ တည်မှီနေပါသည်။

***Popular News,***
***July , 2014.***

✧ ✧ ✧

## တို့ပိုင်တဲ့မြေ

ဒဂုံအရှေ့ပိုင်းကို သွားမည့် မေတ္တာလှိုင်း၊ လိုင်းကားကို စီးလျှင် ဒဂုံတက္ကသိုလ်ရောက်သည်နှင့် နောက်ထပ် ၁၀ မိနစ်လောက်အကြာတွင် ကျော်ကြားမှတ်တိုင်ကို ရောက်ပါသည်။ ရပ်ကွက် ၁၂၃၊ ၁၂၄၊ ၁၃၃တို့သို့ သွားလိုလျှင် ထိုမှတ်တိုင်တွင် ဆင်းရပါသည်။ ထိုရပ်ကွက်များသည် မင်းရဲကျော်စွာလမ်းမကြီး၏ တစ်ဖက်တစ်ချက်စီတွင် တည်ရှိကြသည်။

တစ်သုံးသုံး ၁၃၃ ဈေးလမ်းမကြီးအနီးရှိ လမ်းထောင့်ကျကျတွင် ရှိသော ရခိုင်မုန့်တီဆိုင်ကလေးသည် လူသူနည်းပါးတတ်သော နေ့ခင်းနှစ်နာရီအချိန်မှာပင် စားသုံးသူတွေ လေး၊ ငါးယောက်ခန့် ရှိနေသည်။ မုန့်တီဟင်းရည်၏ရနံ့က ဆိုင်အနီးအနားတစ်ဝိုက်မှာ မွှေးပျံ့လို့ နေနေတော့ ကျွန်မ မနေနိုင်တော့။ ဆိုင်ထဲဝင်ထိုင်ကာ ရခိုင်သုပ်၊ ငါးဖယ်နဲ့ဟု မှာလိုက်ပါသည်။

မုန့်တီသည် အဒေါ်ကြီးက ရခိုင်လူမျိုးဆိုတော့ အသုပ်လက်ရာကလည်းကောင်း၊ ဟင်းရည်ကလည်း ကောင်းပါသည်။ ကျွန်မ အသုပ်စားနေစဉ်မှာပင် နောက်ထပ် စားသောက်မည့်သူတွေ ရောက်လာကြသည်။ ရှစ်ပေသာသာလောက်ရှိမည့် မြေစိုက်တဲ ဆိုင်ကလေးထဲတွင် စားသုံးသူတွေ ဝင်လာလိုက်၊ ထွက်သွားလိုက်နှင့် စည်ကားနေလေရာ ဈေးသည် အဒေါ်ကြီးမှာ လက်မလည်အောင် ရောင်းနေရပါသည်။

ခဏအကြာမှာတော့ လူနည်းနည်း ပါးသွားပါသည်။ ကျွန်မက ရေနွေးကြမ်း သောက်နေရင်းက -

"အဒေါ့်ဆိုင်က ရောင်းကောင်းတယ်နော်။ ဘယ်အချိန်ထိ ရောင်းတာလဲ"

လို့ မေးလိုက်တော့ -

"ညနေ ၅ နာရီခွဲလောက်အထိပါပဲ။ ရောင်းတာတော့ ရောင်းရပါတယ်။ ဒါပေမဲ့ ပင်ပန်းပါတယ်။ မနက် ၇ နာရီကတည်းက ဈေးသွားပြန်လာချက်ပြုတ်ပြီး ပြင်ဆင်ရတာ တစ်နေကုန်တာပါပဲ။ ကိုယ့်အတွက် တစ်နေ့လေးထောင်၊ ငါးထောင်လောက်တော့ ကျန်ပါတယ်။ ရရစားစားပါပဲ။ အပိုအလျှံတော့ မရှိပါဘူး"

"ဆိုင်လခကော ပေးရသေးလား"

"မပေးရဘူး။ ခြံရှင်က အိမ်မဆောက်သေးလို့ သူ့ခြံရှေ့ ရောင်းရတာ။ အိမ်ဆောက်ရင်တော့ ဖယ်ပေးရမှာပေါ့"

ဆက်လက်ပြီး အဒေါ်ကြီးနှင့် ကျွန်မ လေပေးဖြောင့်နေတော့သည်။ အဒေါ်ကြီးတို့ သားအမိနှစ်ယောက်က လေးခန်းတွဲမှာ တစ်လ သုံးသောင်းနှင့် ငှားနေသည်။ ၁၀ ပေ အခန်းကျဉ်းကလေးက သားအမိနှစ်ယောက် အတွက် မလူးသာ မလွန့်သာ ရန်ကုန်ကို ခဏဆိုပြီး အလည်လာရာက မပြန်ဖြစ်တော့သည်မှာ ယခုဆို လေးနှစ်ကျော်ခဲ့ပြီ။ သမီးက အပ်ချုပ်ဆိုင်မှာ အလုပ်လုပ်သည်။ ရန်ကုန်မှာ နေရတာ ပျော်လားဟု ကျွန်မက မေးတော့ -

"မပျော်ပါဘူး၊ အေး နေရထိုင်ရတာ မွန်းကျပ်ပါတယ်။ အသက်ရှူမဝသလိုပဲ၊ ရောက်ခါစက အခန်းကျဉ်းထဲမှာ မနေတတ်၊ မထိုင်တတ်တဲ့ ထိုင်ငိုချင်တော့တာပဲ။ ကိုယ်ကသာ ကိုယ့်တောလို ကျယ်ကျယ်ဝန်းဝန်း မဟုတ်လို့ မနေတတ်တာ။ ဒီ ၁၀ ပေလေးကိုပဲ ကိုယ်ပိုင်ဖို့ဆိုတာ မလွယ်ဘူး။ တို့သားအမိတွေ ၁၀ နှစ်လောက် အလုပ်လုပ်တာတောင် ပိုင်ချင်မှပိုင်မှာ"

အဒေါ်ကြီးပြောတာ ဟုတ်ပါသည်။ လွန်ခဲ့သော ၂၀၀၅ ခုနှစ်က၊ ၁၂၃ ရပ်ကွက်မှာ ပေ ၂၀ ကို တစ်သိန်းခြောက်သောင်းနှင့် ဝယ်ထားခဲ့သော သူငယ်ချင်း၏မြေကွက်သည် ယခု ၂၀၁၄ ခုနှစ်တွင်တော့ သိန်း ၁၃၀ ဖြစ်လို့နေပါပြီ။ ကျွန်မတို့ ငယ်ငယ်က လွမ်းရေးထက် ဝမ်းရေးခက်ဟူသော ဆိုရိုးစကားရှိခဲ့သည်။ အလုပ်အကိုင်ရှားပါးသော ငွေကြေးရှားပါးသော ခေတ်ပေကိုး။ အလုပ်အကိုင်တွေ ပေါများလာသော ယနေ့ခေတ်မှာတော့ ဝမ်းရေထက် နေရေးခက်နေကြပါပြီ။

ကျွန်မအသိ လက်သမားဆရာရှိရာ ၁၂၃ ရပ်ကွက်ထဲသို့ ဝင်လာတော့ ရပ်ကွက်အဝင်လမ်းမက ဈေးဆိုင်ခန်းတွေနှင့် စည်းကားလို့နေပါသည်။ လမ်းမဘေး တစ်ဖက်တစ်ချက်ဆီမှာ ၁၀ ပေအိမ်သေးသေးလေးတွေက မီးခြစ်

ဆံဖူးတွေ အစီအရီထောင်ထားသလို ညီညာလို့။ တစ်အိမ်နှင့် တစ်အိမ်ကြား အကြားအလပ်မရှိ ပူးကပ်လို့နေကြသည်။

ကျွန်မရှာနေတဲ့ လက်သမားဆရာရဲ့ အိမ်ကလည်း ထိုအိမ်များထဲမှ တစ်အိမ်ပင်၊ မနိမိုး၊ ထရံကာ၊ ဝါးခင်းထားသော အိမ်ကလေးထဲ ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ အိမ်အောက်ကရေတွေကို မြင်ရပါတော့သည်။ ဝါးကြမ်းခင်းနှင့်ရေက တစ်ထွာလောက်ပဲ ကွာတော့သည်။ နွေဆိုရင်တော့ အိမ်အောက်မှာရေမရှိပါဟု လက်သမားဆရာက ဆိုပါသည်။ ကျွန်မက 'ညဘက်မှာ ကလေးတွေအတွက် မြွေပါးကင်းပါးကြောက်စရာ ကောင်းတယ်နော်' လို့ ပြောတော့ 'ဘယ်တတ်နိုင်မလဲ၊ ဒီလိုပဲ နေရတာပဲ' တဲ့လေ။

ယခင်ကတော့ လက်သမားဆရာက အလုပ်ရှားပါးချိန်မှာ မြောင်းတူး၊ မြဲကာ၊ တစ်ခြားဘောက်လိုက်လုပ်ရပေမယ့် အခုတော့ လက်သမားတစ်ပိုင်း၊ အိမ်ခြံမြေပွဲစားတစ်ပိုင်းဖြစ်လို့ နေပါပြီ။ ကလေးသုံးယောက်ရှိပြီး အကြီးကောင်က ရှစ်တန်း၊ အငယ်နှစ်ယောက်က ငါးတန်းနှင့် သုံးတန်း ကလေးအားလုံးကို ရပ်ကွက်ထဲက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ ထားထားသည်။ ၁၀ ပေပတ်လည်အိမ်ကလေး သေးသေးမှာ မိသားစု ငါးယောက် ဘယ်လိုများ နေကြမလဲဟု တွေးမိပြီး မုန်တီသည်အဒေါ်ကြီး၏ မျက်နှာကို မြင်ယောင်မိတော့သည်။

"ဒီအိမ်နေရာတွေက အပိုင်ဝယ်ထားကြတာလား"

လို့ ကျွန်မက စပ်စုတော့ -

"အုပ်ချုပ်ရေးမှူးနဲ့ နားလည်မှုယူပြီး ကိုယ်ဘာသာဆောက်နေကြတာတွေ၊ ကျူးတွေပေါ့"တဲ့။

ရန်ကုန်မှာ အိမ်လခတွေဈေးကြီးနေတဲ့ အချိန်မှာ တစ်လတစ်လ အိမ်လခအတွက် အသည်းအသန် ရှာဖွေလုပ်ကိုင်နေကြတဲ့ သူတွေ၊ ခြောက်လတစ်ခါ အိမ်စာချုပ်ဖို့ မချုပ်နိုင်ကြတဲ့ သူတွေအတွက်တော့ 'ကျူး' လိုက်ခြင်းက ဖြေရှင်းနည်းတစ်ခုပဲပေါ့။ ဒီထက် မှန်ကန်တဲ့ ဖြေရှင်းနည်းကတော့ ရန်ကုန်မြို့ရဲ့ အစွန်းအဖျားမှာ နေရာတစ်ခုသတ်မှတ်ပြီး ကျူးတွေအတွက် တစ်ရွာတစ်ကျေး ဆောက်ခွင့်ပေးရင် ကောင်းမှာလို့ တွေးမိပါတယ်။ 'ကျူးရွာ' ဆိုပြီး တည်ပေးရမှာ။

မကြာသေးခင် ကာလတုန်းက သတင်းတစ်ပုဒ်မှာ ဖတ်လိုက်ရပါတယ်။ မြန်မာနိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ အရှေ့တောင်အာရှနိုင်ငံများ

ထဲတွင် ဒုတိယ အကြီးဆုံးနိုင်ငံဖြစ်ပြီး လူဦးရေမှာလည်း ၅၅ သန်းခန့်သာ ရှိသောကြောင့် လူတိုင်းကို မြေပေးနိုင်ကြောင်း မြန်မာနိုင်ငံတွင် မြေယာမဲ့စရာအကြောင်း မရှိကြောင်း ဝန်ကြီးဦးစိုးသိန်းက ထည့်သွင်းပြောကြားသည်။ မြေယာမဲ့များကို မြေပေးရန် စတင်စာရင်းကောက်နေပြီတဲ့။

မင်္ဂလာရှိသော သတင်းပင် ဖြစ်ပါသည်။ လူကြီးမင်းများ လက်တွေ့ကျကျ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်ကြပါစေဟု ဆုတောင်းရပါမည်။ မြေဧရိယာ ကျယ်ကျယ်ဝန်းဝန်း ရှိလှပါသော နိုင်ငံ၏ နိုင်ငံသားတစ်ယောက်က မသေခင်မှာတော့ သူပိုင်တဲ့မြေကြီးပေါ်မှာ မားမားရပ်ပြီး ဒါငါပိုင်တဲ့ မြေလို့ လုံခြုံစွာ ရဲရဲဝံ့ဝံ့ ကြွေးကြော်ပိုင်ခွင့်တော့ ရသင့်တယ်လို့ မထင်ဘူးလားလေ။ ။

***Popular News,***

***July , 2014.***

✧ ✧ ✧

# ဦးခေါင်းထက်မှာ တားမိုးထားစေ

မုသားမပါ လင်္ကာမချောတဲ့။ စကားပြောကြရာမှာ ဟုတ်တိုင်းမှန်ရာ အတိုင်းသာ တည့်တည့်ကြီး ထုတ်ဖော်ပြောကြစတမ်းဆိုရင်တော့ လူ့အဖွဲ့အစည်းကြီးမှာ တုတ်တပြက်၊ ဓားတပြက်နဲ့ တရုတ်သိုင်းကားတွေလို ဂိုဏ်းဃနတွေ ကွဲပြီး ရုတ်ရုတ်သဲသဲဖြစ်ကြ၊ ရန်ဖြစ်နေကြမလားပဲ။ တစ်ဖက်သား နားကြားကောင်းအောင်၊ စကားလှအောင် မုသားလေးတွေ စွက်ပြီး ပြောကြပါမှ အလိမ္မာဖက်တယ်။ ယဉ်ကျေးတယ်လို့ အထင်ရှိကြလေတော့ မုသားတွေနဲ့ ယဉ်ပါးတဲ့သူတွေ၊ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဆိုတာ မုသားတွေနဲ့ ကြီးပြင်းနေထိုင်လာခဲ့သူတွေလို့ ဆိုရမလိုပါ။

ဘဝတစ်လျှောက်လုံး မုသားတွေနဲ့ ယဉ်ပါးလာခဲ့ကြတဲ့ ကျွန်မတို့တစ်တွေဟာ အရှိကို အရှိအတိုင်း၊ တုတ်ထိုးအိုးပေါက်၊ ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်မှုတွေကို မနှစ်မြို့နိုင်ကြလေတော့ လူမုန်းမခံရအောင်၊ လူအများနှစ်သက်အောင်၊ အပြောအဆို ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်တတ်မှုက အမှန်ပဲလို့ ယူဆမိလာကြတာပါပဲ။ လက်တွေ့မှာလည်း ရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ကို ရုပ်ဆိုးလိုက်တာလို့ အရှိကို အရှိအတိုင်း ပြောလိုက်ပေမယ့် မိန်းကလေးအတွက်ကတော့ အမှန်တရားက ခါးသီးစရာ၊ မုန်းတီးစရာပဲလေ။ နိစ္စဓူဝလူမှုကိစ္စအဝဝမှာ မုသားလေးတွေ မသိမသာ စွက်လို့၊ သိသိသာသာ စွက်လို့၊ မုသားဖြူတွေပါလို့ ဆင်ခြင်လဲလို့ မုသားတွေ ရေလဲသုံးနေကြတာ အဆင်ကို ချောလို့ပါပဲ။

ကျွန်မ ငယ်ငယ်က ဈေးရောင်းရင်းနဲ့ ကျောင်းတက်ခဲ့ရတယ်။ ဈေးဝယ်သူက လျှော့ပါဦးလို့ ဈေးဆစ်တဲ့အခါ 'လျှော့လို့မရဘူး။ အမြတ်ဘယ်

လောက်ပဲကျန်တာ၊ အရင်းက ဘယ်လောက်ရှိတယ်' စသည်ဖြင့် လူကြီးတွေ ပြောသလို၊ ဝယ်သူကို မဝယ်၊ ဝယ်အောင် မဟုတ်တာတွေ လိမ်ပြောရတယ်။ အစပိုင်းမှာပြောဖို့ မရဲပေမယ့် လိမ်ရမှာ ရှက်ပေမယ့် နောက်တော့လည်း မျက်နှာပြောင်ပြောင်နဲ့ လိမ်ညာရဲလာတာပါပဲ။ အတွေ့အကြုံက သင်ပေးလိုက် တာဖြစ်မှာပါ။ ထမင်းစားဖို့သာ ဈေးရောင်းနေရပေမယ့် ဈေးသည်ဘဝကို ပျော်ပိုက်တဲ့သူတော့ မဟုတ်ခဲ့ပါဘူး။ စာဖတ်ဝါသနာကကြီးတော့ ဈေးရောင်း ရင်းနဲ့ စာတွေဖတ်ခဲ့ရတာ။ စာအုပ်ကို လက်ကမချတမ်း စာအမြဲဖတ်နေတဲ့ ကျွန်မကို ဈေးရောင်းတာ ပျက်တယ်ဆိုပြီး အဘိုး၊ အဘွားတွေက ဆူတာပေါ့။ ကျွန်မက အဆူသာခံလိုက်တယ်။ စာကြည့်တော့ မပျက်ခဲ့ပါဘူး။ တစ်နေ့ကျ ရင် ငါဈေးမရောင်းဘူး။ စာရေးဆရာ လုပ်မယ်လို့ စိတ်ထဲမှာ တေးထားမိတာ အဲဒီကတည်းကပါ။

စာရေးဆရာဆိုတာ ကျွန်မရဲ့ ငယ်ဘဝအိပ်မက်ပါ။ စာရေးဆရာ တွေက ကျွန်မရဲ့ ဟီးရိုးတွေ၊ ဒဂုန်တာရာ၊ ခင်နှင်းယု၊ ခင်ဆွေဦး တို့ကို အားကျသလို တက္ကသိုလ်ဘုန်းနိုင်၊ သုမောင်၊ မင်းလူ၊ ဂျူးတို့ကိုလည်း အားကျ ခဲ့တယ်။ နောက်ပိုင်းမှာ ခေတ်အခြေအနေအရ သတင်းမီဒီယာကို စိတ်ဝင်စား လာပြီး ဆောင်းပါးတွေကို ရှာဖွေဖတ်တတ်လာခဲ့တော့ ဆရာကြီး ဇဝန၊ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး တက်တိုး၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ လူထုစိန်ဝင်းတို့ကို အားကျလာခဲ့တော့တယ်။ ဒေါ်ခင်မျိုးချစ်လို မြူးမြူးသွက် သွက်ရေးဟန်ကလေးတွေကို သဘောကျတယ်။ ငါလည်း သူ့လို ရေးတတ်ချင် လိုက်တာလို့ ဆန္ဒတွေ ဖြစ်လာတော့တယ်။

ငယ်စဉ်ကတည်းက ဘာကြောင့် စာရေးဆရာဖြစ်ချင်ရတာလဲ၊ ဘာကြောင့်စာရေးဆရာဘဝကို လိုချင်ရတာလဲလို့ အခုအချိန်မှာ ပြန်စဉ်းစား ကြည့်တော့ စာရေးဆရာဆိုတာ အမှန်တရားကို ချစ်မြတ်နိုးတယ်။ ခေတ်အ ဆက်ဆက်မှာ ဘက်မှားတဲ့ ဘက်က မရပ်တည်ကြဘူး။ ဘယ်လောက်ပဲ အကြောက်တရားတွေ ရှိရှိ၊ ဦးခေါင်းပေါ်မှာ ဓားမိုးထားပါစေဦးတော့။ မှန်ကန် တဲ့ လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းတဲ့သူတွေ ဖြစ်တယ်လို့ ယုံကြည်လေး စားပြီး ကျွန်မစိတ်ညွတ်မိတာ ဖြစ်မှာပါ။ စာရေးဆရာရဲ့ သဘောသဘာဝ ကလေးကို ကျွန်မချစ်တာနေမှာ။

ဘဝအချိုးအကွေ့မှာ ဘော့စ်တစ်ယောက်ရဲ့ စက္ကထရီတစ်ယောက် အဖြစ် အလုပ်ဝင်လုပ်ဖြစ်တော့ ဒီအလုပ်က ကျွန်မရဲ့ သဘောသဘာဝနဲ့

လားလားမှ မသက်ဆိုင်ဘဲ၊ ကျွန်မနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတော့တာပါပဲ။ မိုးလင်းကနေ မိုးချုပ်တဲ့အထိ ဘော့စ်သွားရာ တကောက်ကောက် လိုက်နေရတာ။ စာအုပ်ကိုင်ပြီး စာဖတ်ဖို့ဝေးစွ။ အိမ်ရောက်တော့ ကျွန်မခန္ဓာက ဒေါင်းပြီပေါ့။ ညနက်ခံပြီး စာမဖတ်နိုင်တော့။

ဒီကြားထဲ ကျွန်မရဲ့ အလုပ်က ပျော်စရာ၊ စိတ်ဝင်စားစရာ မကောင်းပြန်။ ဘော့စ်အတွက် ဖုန်းလက်ခံနားထောင်ပေးရတယ်။ ဘော့စ် လိမ်ခိုင်းသလို တောင်ပြော၊ မြောက်ပြော လျှောက်ပြောရတယ်။ ဘော့စ်ရှိနေလျက်နဲ့ လာတဲ့ ဧည့်သည်ကို မရှိဘူးလို့ နှင်လွှတ်ရတယ်။ ဘော့စ်အတွက် ထမင်းပွဲပြင်ပေးရ၊ ဈေးဝယ်ပေးရ အခန်းသန့်ရှင်းရေးလုပ်ရ၊ အသုံးအဆောင်ပစ္စည်းတွေ ရှာပေးရ၊ ဘော့စ်ရဲ့ စမောလေးနဲ့ အဆင်ပြေအောင် နေရထိုင်ရနဲ့ တစ်နေ့တစ်နေ့ ကျွန်မရုပ်က မဟုတ်တာတွေ လျှောက်ပြောနေတဲ့ ဆပ်ကပ်ထဲက ဂျိုကာပုံပေါက်နေမလားပဲ။ အရာရာကို သည်းခံနိုင်ပေမယ့် စာမဖတ်ရတာကို သည်းမခံနိုင်တဲ့ အဆုံး ကျွန်မအလုပ်က ထွက်လိုက်တော့တယ်။

ဘဝရဲ့ အလှည့်အပြောင်း၊ ကံကြမ္မာ အချိုးအကွေ့တွေမှာ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရတဲ့ ဈေးသည်ဘဝကို မခုံမင်၊ ရှုံးစမိုးနဲ့ ကြော့ကြော့လေး နေရတဲ့ ရာထူးနေရာကိုလည်း မမက်မော၊ ကိုယ်စိတ်နှစ်ပါး လွတ်လပ်စွာနေရတဲ့ စာရေးဆရာရဲ့ ဘဝသာ ကျွန်မအလိုချင်ဆုံးဘဝပါ။ စာရေးဆရာထဲကမှ ဇာတ်လမ်း၊ ဇာတ်ကောင်ကို စိတ်ကူးစိတ်သန်းတွေနဲ့ ဖန်တီးသရုပ်ဖော်တဲ့ ဝတ္ထုရေးဆရာတစ်ယောက်ထက်၊ အရှိကို အရှိအတိုင်း ခံစားရေးဖွဲ့ရတဲ့ ဂျာနယ်လစ်တစ်ယောက်၊ ဆောင်းပါးရှင်တစ်ယောက်သာ ပိုဖြစ်ချင်လာတော့တယ်။

တကယ်တော့ ဂျာနယ်လစ်တွေဆိုတာ သတင်းစာ၊ ဂျာနယ်ဆောင်းပါးရှင်တွေဆိုတာ၊ ဦးခေါင်းထက်မှာ ဓားမိုးထားစေဦးတော့ စာတစ်ပုဒ်ကို မှသားမပါဘဲ လက်ာချောအောင် ရေးကြရတဲ့သူတွေပါ။ ။

***Popular New,***

***August, 2014.***

✧ ✧ ✧

# သွေးချင်းတို့ ပျော်ရာမြေ

*ဆွပ်ပရာဘွမ်×× သွေးချင်းတို့ ပျော်ရာမြေ×× မြေပြန့်က တောင်တန်းတို့ဆီကိုတစ်ခေါက်×× ရောက်လာရင်လေ×× ခေါင်ရည်ကမြစ်ဆုံတစ်ခေါက် ×× ပျော်ရာဘဲ မြစ်ဆုံတစ်ခေါက်လာရင်လေ×× တစ်နေ့လုံးတွေ×× တစ်နေ့လုံး×× နေပူချိန်က ရှားလှသည်×× ဆယ့်နှစ်လရာသီအချိန်အခါမရွေး ×× မိုးသံကြားနေ×× မီးခိုးတလူတောင်ဘက်ပိုင်းက×× ကောက်သစ်စားပွဲမှာလည်းနော်××× ဂျိန်းဖောကနဲ့ မနောကကိုလေ×××*

*လှမ်းကြို့မယ်လေ×× ကချင်ပြည်နယ် မြစ်ကြီးနားမြို့တောင်ပိုင်းမှာနေ ×× ရောဝတီမြစ်ဖျားက မေမေလီခပေါင်းဆုံကာနေရာ×× သုံးမြောင့်ပုံစံကြိုက် နယ်မြေ××× မြောက်ပိုင်းကုန်းအထက်မှာ တည်ရှိနေ×× စိမ်းလန်းတဲ့ မြက်ခင်းများနဲ့ စိုစိုပြည်×××*

မြစ်ကြီးနားမြို့ဆိုတာ သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်း၊ စိမ်းစိမ်းစိုစိုနဲ့ အေးမြသာယာတဲ့မြို့၊ မိုးနဲ့ဆောင်းကာလက တာရှည်ပြီး နွေကာလက နှစ်လလောက်သာ ရှိတာမို့ သီချင်းထဲကအတိုင်း အမြဲလိုလို အေးမြစွတ်စိုနေတဲ့ မြို့ကလေးပါ။ အေးအေးချမ်းချမ်းနဲ့ နေလို့ သိပ်ကောင်းတာဟု မြို့ခံများက ဆိုကြပါသည်။

အမြဲတမ်းစွတ်စိုနေတာမို့ မြေဆီ၊ မြေနှစ်ကောင်းမွန်ပြီး ဘာပင်စိုက်စိုက် ဖြစ်ထွန်းကြသည်။ ဒူးရင်း၊ ပိန္နဲ၊ သရက်၊ တညင်းပင်လိုမျိုး၊ အပင်ကြီးတွေလည်း ရှိကြသလို၊ နာနတ်၊ မင်းဂွတ်၊ လိမ္မော် စသော စားသုံးသီးပင်များလည်း စိုက်ပျိုးသမျှ ဖြစ်ထွန်းကာ လှိုင်လှိုင်ပေါပါသည်။ စိုက်ပျိုးရေးနှင့် အသက်မွေးကြသူများ ရှိကြပြီး များသောအားဖြင့် သစ်မွေးစိုက်ကြသည်။

သစ်မွေးဆီရောင်းဝယ်ရေးမှာ တွင်ကျယ်သော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။

ခြံဝင်း၊ အိမ်ဝင်းတွေမှာလည်း ကျယ်ကျယ်ဝန်းဝန်းရှိကြပြီး ပေ ၈၀၊ ၁၀၀လောက်ရှိကြရာ အိမ်တိုင်းလိုလိုက စားသုံးသီးပင်များကို အိမ်ဘေး မြေကွက်လပ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ အိမ်တွေကို အကြီးကြီး တွေ ဆောက်ထားကြပြီး မီးဖိုဆောင်တစ်ဆောင်သည် ရန်ကုန်မြို့၏ ပေ ၂၀×၆၀ အိမ်တစ်အိမ်လောက် ကျယ်ဝန်းပါသည်။

ရတနာနယ်မြေ ဖြစ်သည့်အားလျော်စွာ မြို့ကလေးက ဆင်းတောင့် ဆင်းရဲ မရှိလှ။ မြို့သူမြို့သားတွေက စားဝတ်နေရေး ချောင်လည်ကြသည်။ မြို့အနီးအနားဝန်းကျင်မှာ ရွှေမော်လုပ်ငန်းတွေ ရှိတာကြောင့် ကုန်စည်ရောင်း ဝယ်ရေးမှု ကောင်းကြကာ အရောင်းအဝယ်သမား၊ ကုန်သည်ပွဲစားများနှင့် မြို့ကလေးမှာ အမြဲလိုလို စည်ကားနေတတ်သည်။ ထိုမြို့ကလေးမှာ ကချင်၊ မြန်မာ၊ တရုတ်၊ ဂေါ်ရခါး၊ ရှမ်း၊ ပန်ချာပီ စသော လူမျိုးပေါင်းစုံ နေထိုင်နေ ကြပြီး အများစုမှာ ကချင်လူမျိုးများ ဖြစ်သည်။ ကချင်လူမျိုးမှာပင် အမျိုးအနွယ် ၁၂ မျိုးလောက် ရှိကြသည်ဟု ဆိုသည်။ ထိုလူမျိုးပေါင်းစုံတို့က တစ်မြို့တည်းနေ၊ တစ်ရေးတည်းသောက်ကာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ နားလည်မှု၊ သစ္စာရှိမှုများနှင့် အတူတကွနေထိုင်လာခဲ့ကြသည်မှာ ဟိုးရှေးရှေး ကတည်းကပင်။

ရွှေမော်လုပ်ငန်းများရှိ အလုပ်သမားများမှာ မြန်မာပြည်တနံတလျားမှ လာရောက်လုပ်ကိုင်ကြသူများဖြစ်ပြီး လူတန်းစားပေါင်းစုံ လူမျိုးပေါင်းစုံ ရှိ ကြသည်။ အလုပ်သမား ၁၅ ယောက်၊ အယောက် ၂၀ အင်အားနှင့် ဝါးတစ် ပြန် နှစ်ပြန်နက်အောင် စက်ကြီးများဖြင့် တူးကြသော မော်တွင်းများ ရှိကြ သလို၊ လူ ၄ ယောက်လောက်နှင့် တူးရသော ၄ပေ ကျင်းငယ်များလည်း ရှိသည်။ ကျင်းအကြီးအသေးပေါ် မူတည်ပြီး အလုပ်သမားအနည်းအများ ကွာခြားသည်။

ထိုအလုပ်သမားများကို လောပန်(ခ)ရွှေမော်ပိုင်ရှင်က ထမင်းကျွေး ရသည်။ အလုပ်သမားအတွက် စားသောက်ကုန်ကို မြစ်ကြီးနားမှ ဝယ်ယူကြ သည်။ မော်တောထဲမှာ ဈေးဆိုင်ကလေးတွေ ရှိကြသော်လည်း မြစ်ကြီးနား ထက် ဈေးနှစ်ဆ ပိုကြီးသည်။ လမ်းခရီးကြမ်းသောကြောင့်၊ ရေတစ်တန်၊ ကုန်းတစ်တန်၊ တောင်ကုန်းတောင်ဆင်းတွေကို ဖြတ်သန်းရသောကြောင့်၊

မြစ်ကြီးနားတွင် ထွန်းရွှေဝါလိမ်းဆေးတစ်ဘူး ၅၀၀ ကျပ်ဆိုလျှင်၊ မှော်တောတွင် ၁၀၀၀၊ ၁၅၀၀ ကျပ်ပေးဝယ်ကြရသည်။ ဝေးလံသော မှော်တောတွေဖြစ်သော နမ့်ဆန်မှော်၊ စနေမှော်များသို့ မြစ်ကြီးနားမှ ဆိုင်ကယ်နှင့် သွားလျှင် တစ်နေကုန် သွားရသလို၊ အနီးအနားရှိရွှေမှော်တော များဆီသို့ သွားလျှင်တော့ ၂ နာရီလောက်နှင့် ရောက်ပါသည်။

မြို့သူမြို့သားများက စီးပွားရေးချောင်လည်လည် ရှိကြတော့ ဒုစရိုက်မှု နည်းပါးကြသည်။ တစ်ယောက်နှင့်တစ်ယောက် ရိုးရိုးသားသား ဆက်ဆံကြသည်။ ချစ်ချစ်ခင်ခင် ရိုင်းရိုင်းပင်းပင်း ရှိကြသည်။ လိမ်ညာလှည့် ဖြားသူ၊ ကလိန်ကကျစ်သမား ရှားပါးသည်။ ကချင်လူမျိုးများအများစု နေထိုင် ကြသော်လည်း ကချင်ရိုးရာမနောပွဲများ ကောက်သစ်စားပွဲများ ကျင်းပသလို၊ မြန်မာတို့၏ ဆယ့်နှစ်လရာသီအလိုက် ပွဲတော်များလည်း ကျင်းပကြပါသည်။

အေးချမ်းသာယာပြီး စီးပွားရေးအဆင်ပြေကာ နေချင်စဖွယ်ကောင်း သော မြို့ကလေးသည် ၂၀၁၁ ခုနှစ်မှ စပြီး မအေးချမ်းနိုင်တော့ပါ။ စစ်ကြောင့် မြို့ကလေးသည် မတည်ငြိမ်နိုင်တော့ဘဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်လာပါသည်။ မြို့သူမြို့သားများမှာ မိုးလင်းသည်နှင့် ဘာသံကြားရမလဲဟု စိုးရိမ်ထိတ်လန့် မှုတွေနှင့် နားစွင့်နေကြရတော့သည်။

စစ်ကြောင့် ရွာတွေမှာမနေရဲတော့ဘဲ ထွက်ပြေးတိမ်းရှောင်ကြသူ တွေမှာ ဒုက္ခသည်တွေ ဖြစ်ကြရသည်။ အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။ မြစ်ကြီးနား မြို့ပေါ်မှာ အရောင်းအဝယ်တွေလည်းပါးကုန်းသည်။ တချို့ဆိုင်တွေက စစ်ပြေး ဒုက္ခသည်တွေဆီမှာ အကြွေးတွေပါကုန်သည်။ ဘယ်ပြေးလို့ ဘယ်လိုက်ရမှန်း မသိဘဲ အကြွေးတွေဆုံးကာ စီးပွားပျက်ကုန်ကြသည်။ ကုန်သည်တွေလည်း အကျိုးအမြတ် များများစားစား မရှိကြတော့ဘဲ စီးပွားရေးထိခိုက်လာသည်။

ရွှေမှော်တောမှ လောပန်လောင်းတွေနှင့် ကျင်းသမားများလည်း စိုး တထိတ်ထိတ်နှင့် အလုပ်လုပ်နေကြရသည်။ ဘယ်အချိန်မှာ ပေါ်တာလာဆွဲမလဲ ဆိုသည့် စိုးရိမ်စိတ်ကဖိစီးကာ မငြိမ်းချမ်းနိုင်တော့။ တချို့ ကျင်းသမားတွေ လည်း ပြန်ကုန်ကြသလို၊ မပြန်ဘဲနေရသည့် ကျင်းသမားတွေလည်း စွန့်စားပြီး နေနေကြသည်။ ရွှေလုပ်ငန်းကလည်း ရွှေကြောမိရင် မိသလို ရေရှည်လုပ်ကိုင် ရသော လုပ်ငန်းဆိုတော့ လောပန်များမှာလည်း စွန့်စားကြရသည်။ မိုးရွာတုန်း ရေခံကြရပေမယ့် ကျီးလန့်စာစားဘဝမျိုးမို့ သွားသတိ၊ လာသတိ၊ နေသတိနှင့် နေနေကြရသည်။ ကျင်းသမားတစ်ယောက် ပေါ်တာ ပါသွားပြီဆို ၄ ရက်

အတွင်း လောပန်ကလိုက်ရွေးရင်ရွေး ၄ ရက်ကျော်သွားရင်တော့ ထိုကျင်းသမားအတွက် အပြန်လမ်းက မသေချာ မရေရာတော့။ ပေါ်တာဆွဲခြင်းသည် အိပ်ကောင်းသော ညအချိန် ၁ နာရီ ၂ နာရီလောက်တွင် လာရောက်ခေါ်သွားခြင်းဖြစ်သည်။ နှစ်ဖက်စလုံးက တပ်များမှ လိုအပ်ရင် လိုအပ်သလို လာရောက် ပေါ်တာဆွဲကြသည်။

မြို့သူမြို့သားများက စစ်ကိုမလိုလားကြ။ အရင်လို အေးအေးချမ်းချမ်း နေလိုလှသည်။ ကချင်မနောပွဲလည်း မကျင်းပရသည်မှာ ၃ နှစ်ရှိပြီ။ နှစ်ဖက်စလုံးမှလည်း အသေအပျောက်များလှပြီ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလည်း မြန်မြန်ပြီးစေချင်လှပြီ။ စစ်ပွဲတွေ ကြာရှည်တာနှင့်အမျှ ကိုယ်လူမျိုးတွေပဲ ဒုက္ခသည်ဦးရေ တိုးကုန်သည်။ အစိုးရနှင့် ကေအိုင်အေသုံးနှစ်အတွင်းမှာ တိုက်ပွဲပေါင်း ၂၅၀၀ ခန့် ဖြစ်ပွားခဲ့ကြသည်။ ရလဒ်ကတော့ အာရှတိုက်၏ အိုးမဲ့အိမ်မဲ့ ပြည်တွင်းဒုက္ခသည် အများဆုံးဖြစ်သော ပါကစ္စတန်နိုင်ငံ၏နောက်တွင် မြန်မာကအဆင့် ၂ နေရာကရပ်တည်လျက်ရှိသည်။ ကမ္ဘာမှာ အဆင်းရဲဆုံး နိုင်ငံစာရင်းဝင်သောနိုင်ငံက ကမ္ဘာမှာ အရှည်ကြာဆုံးသော ပြည်တွင်းစစ်ဖြစ်နေကြသည်မှာ ကမ္ဘာ့အံ့သြဖွယ်ရာ ပြယုဂ်တစ်ခုဟုသာ ဆိုရပါတော့မည်။

မြစ်ကြီးနားမြို့ခံ ကုန်သည်တစ်ယောက်က ပြောလာပါသည်။

"အခု အခြေအနေမှာတော့ မြန်မာအကြောင်းလည်း မပြောနဲ့၊ ကချင်အကြောင်းလည်း မပြောနဲ့။ ဒါဆိုရင် မြစ်ကြီးနားမှာ နေလို့ရပြီတဲ့"တဲ့။

***Popular News,***

***August, 2014.***

◇ ◇ ◇

# ယူနစ်ပျောက်ခြင်း

နေရာတိုင်းမှာ သူ့နေရာနှင့်သူ ယူနစ်ရှိသည်။ လူတန်းစားအလွှာ အသီးသီးမှာ သူ့အလွှာနှင့်သူ ယူနစ်ရှိသည်။ ကျောင်းမှာ၊ ရုံးမှာ၊ ဆေးရုံမှာ၊ ဘူတာရုံမှာ၊ ကားဂိတ်မှာ၊ လေဆိပ်မှာ၊ အုပ်ချုပ်ရေးပိုင်းတွေမှာ၊ သူ့နေရာနှင့်သူ ယူနစ်ရှိကြသည်။ ရှိရသည်။ ယခုတော့ နေရာတိုင်းမှာ ယူနစ်မရှိတော့။ လူတန်းစားအလွှာအသီးသီးမှာ ယူနစ်မရှိတော့။ ယူနစ်တွေပျောက်ကုန်ကာ အားလုံးရောပြွမ်း၊ လုံးထွေးလို့နေပါပြီ။

ယူနစ်ဆိုတာ သတ်မှတ်ချက်သဘောပင်ဖြစ်သည်။ ကျောင်းဆရာ တစ်ယောက်သည် 'ဆရာ' ဆိုသည့်ဂုဏ်၊ သမားဂုဏ်ရှိစွာ ရပ်တည်နေထိုင် နိုင်ရမည်။ တစ်ခေတ်တစ်ခါတုန်းကတော့၊ ကျောင်းဆရာဟူသည် ဘဝတစ် လျှောက်လုံးမှာ စားဝတ်နေရေးအတွက် အပူတပြင်း ရှာဖွေလုံးပန်းစရာမလို၊ ငွေရှာစရာမလိုသော လူတန်းစားတစ်ရပ်ဖြစ်ခဲ့သည်။ ယူနစ်ရှိခဲ့သည်။ ယခုခေတ် မှာတော့ ဆရာက ကျောင်းသားအိမ်လိုက်ပြီး ဂိုက်လုပ်နေရ၊ ကျူရှင် ပြနေရ တော့ ဆရာဆိုသည့် ယူနစ်ပျောက်သွားသည်။ မူလတန်းဆရာမှအစ ပါမောက္ခ အဆုံး၊ စားဝတ်နေရေးအတွက် ငွေနောက်လိုက်ကာ ငွေရှာနေကြရသည်။

တစ်ခေတ်တစ်ခါတုန်းက ရထားတွေသည် ဘယ်အချိန်မှာ ထွက် မည်၊ ဘယ်အချိန်မှာ ဘယ်ဘူတာကို ရောက်မည်၊ ဘယ်နှစ်ခေါက် ပြေးဆွဲ မည်ဆိုသည့် ယူနစ်ရှိသည်။ လေယာဉ်တွေ၊ ကားတွေလည်း ဤသို့ပင်။ အချိန်မှန်၊ နေရာမှန်၊ ခေါက်ရေမှန်ကာ ယူနစ်ရှိကြသည်။ ယခုတော့ ရထား တွေ၊ ကားတွေက အချိန်လည်း မမှန်၊ ခေါက်ရေလည်း မမှန်တော့။ ယူနစ်တွေ ပျောက်ကုန်သည်။

တစ်ခေတ်တစ်ခါတုန်းက ၉ တန်းအောင်လျှင် အောက်တန်းစာရေး အလုပ်ရသည်မှာ ယူနစ်တစ်ခုပင်။ ထိုမှတစ်ဆင့် ၁၀ တန်းအောင်လျှင် အထက်တန်းစာရေးဘွဲ့ ဖြစ်လျှင် ရုံးအုပ်၊ ဌာနမှူး စသည်ဖြင့် အဆင့်ဆင့် ယူနစ်တွေ ရှိသည်။ ၉ တန်းမအောင်လျှင် စက်ရုံလုပ်သား၊ လေးဘီးမောင်းသမား၊ ဈေးသည်၊ ဆိုက်ကားသမား စသည်ဖြင့် ကြုံရာကျပန်း လုပ်ကိုင်စားသောက်ကြရသည်။

ယခုခေတ်မှာတော့ ဆယ်တန်းကို ရိုးရိုး အဆင့်နှင့်သာအောင်သော ကျောင်းသားတစ်ယောက်၏ အနာဂတ်သည် မရေရာ။ အနာဂတ်မှာ သူဘာဖြစ်နိုင်သည်ဆိုသည့် အလားအလာ ပျောက်ဆုံးနေသည်။ ကျောင်းပြီး၊ ဘွဲ့ရပြီးလျှင် စာသင်ခန်းထဲမှာ စာတွေကိုထားခဲ့ကာ ဝမ်းရေးအတွက် ငွေရှာကြရသည်။ ၈ တန်း၊ ၉ တန်းတွေနှင့် ကျောင်းထွက်ထားသူတွေလို Taxi မောင်းရသည်။ ကုန်သည်ပွဲစား လုပ်ရသည်။ ဘတ်စ်ကား မောင်းရသည်။ စပါယ်ယာ လိုက်ရသည်။ ကားပြင်ရသည်။ လက်ဖက်ရည် ရောင်းရသည်။ အရက်ရောင်းရသည်။ ဘွဲ့ရ၊ ပညာတတ်ဆိုသည့် ယူနစ်ပျောက်သွားသည်။

ဆေးရုံမှ ဆရာဝန်ကြီးများ၊ ပါရဂူများလည်း အပြင်ဆေးခန်းတွေမှာ အသပြာဆရာ၊ အသပြာဆရာဝန်တွေ ဖြစ်ကုန်ကြသည်။ တတ်သစ်စ ဆရာဝန်လောင်းအလျာတွေလည်း လစာနှင့်မလောက်တော့။ တိုးဂိုက်လုပ်ရသည်။ ကားပွဲစားလုပ်ရသည်။ ရှေ့နေကလည်း ရှေ့နေအလုပ်အပြင် အိမ်၊ ခြံမြေ အကျိုးဆောင်လုပ်ရသည်။ ကျူရှင်ပြရသည်။ ရုံးစာရေးမကလည်း ရုံးဆင်းလျှင် ကော်ဖီဆိုင်မှာ ဝင်လုပ်ရသည်။ တက္ကသိုလ်မှဆရာမများလည်း ကျောင်းသားအိမ်မှာ ဂိုက်လုပ်ရသဖြင့် မိုးချုပ်မှအိမ်ပြန်ရောက်ကြသည်။ ယေဘုယျအားဖြင့်တော့ လူတန်းစားအလွှာအသီးသီးက သူ့အလွှာနှင့်သူ၊ သူ့အဆင့်နှင့်သူ မရှိကြတော့။ အားလုံးရောထွေးကာ ငွေကြေး၏ သားကောင်များ ဖြစ်နေကြရသည်။ ငွေက ပထမ၊ ငွေက ဒုတိယ၊ ငွေက တတိယဖြစ်နေကြရကာ ယူနစ်တွေ ပျောက်ကုန်ပြီး အားလုံးရောထွေးနေကြသည့် ဖြစ်အင်သည် မစ်ရိုတ်တစ်ခွက်နှင့်ပင် တူနေသေးတော့သည်။

လူမှန်၊ နေရာမှန်ဖြစ်ကြသည်မှာ ရှားရှားပါးပါးဖြစ်ပြီး အများစုက လူမှား၊ နေရာမှား ရောက်နေကြလျှင် တိုင်းပြည်သည်လည်း အင်အားများ လျော့ပါး ဆုံးရှုံးကြရကာ ယူနစ် ပျောက်နေပေတော့မည်။ စစ်တပ်က တိုင်းပြည်အုပ်ချုပ်နေရလျှင်၊ ရဟန်းသံဃာတော်တွေက ဥပဒေပြဋ္ဌာန်းနေကြ

လျှင်၊ လယ်သမားတွေက ဆိုက်ကားနင်းနေရလျှင်၊ နိုင်ငံရေးသမားတွေက ပရဟိတလုပ်နေကြလျှင်၊ ပညာတတ်တွေက ဈေးသည်တွေ ဖြစ်နေရလျှင် သမဝါယမက လယ်ယာစိုက်ပျိုးရေးအလုပ် လုပ်နေကြလျှင် တိုင်းပြည် တိုးတက်မှုမှာ နှေးကွေးနေတော့မှာ အမှန်ပင်။

တစ်ခေတ်တစ်ခါက အိန္ဒိယနိုင်ငံမှာ ဓာတ်ဆီတွေ ရှားပါးကာ ဈေးကြီးနေကြချိန်တွင် သမ္မတက ဓာတ်ဆီချွေတာသည့်အနေဖြင့် ဝန်ကြီးများ၊ ပြည်သူများနှင့်အတူတူ လမ်းလျှောက်ပြီး ရုံးတက်သည်ဟု ဆိုသည်။ တိုင်းပြည် ၏ ဖြစ်ပေါ်နေသော အခြေအနေပေါ် မူတည်ပြီး သမ္မတက အကောင်အထည် ဖော် ဖြေရှင်းလိုက်ခြင်းပါ။

တိုင်းပြည်မှာ ယူနစ်တွေ မပျောက်ကြရလေအောင် ကျောင်းသားက အစ၊ ဝန်ကြီးများအလယ် သမ္မတအဆုံး၊ ကိုယ့်အလုပ်ကိုယ် လုပ်ကြရပါမည်။ ကိုယ့်ယူနစ်နှင့်ကိုယ် ရှိကြရပါမည်။

ဥပမာ သမ္မတကြီးက မိန့်ခွန်းပြောကြားရာတွင် 'မိဘပြည်သူများ ခင်ဗျား။ တိုင်းပြည်ရဲ့ လူဦးရေ ၂၆ ဒသမ ၅ ရာခိုင်နှုန်းဖြစ်တဲ့ လူ ၁၆ သန်းဟာ ဆင်းရဲမွဲတေမှု အဆိုးဆုံး (extreme poverty) ဖြစ်နေပါတယ်။ တိုင်းပြည်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဆင်းရဲ မွဲတေမှုကို ပပျောက်စေဖို့အတွက် ကြိုးပမ်း၊ အားထုတ်မှုတစ်ရပ်အနေနဲ့ စီးပွားရေးစစ်တမ်း ကောက်ကြရပါ တယ်။ အိမ်တစ်အိမ်ရဲ့ ဝင်ငွေ၊ ထွက်ငွေ ဘယ်လောက်ရှိတယ်ဆိုတာ စစ်တမ်း ကောက်ကြရပါတယ်။ သည့်အတွက် ကျွန်တော်ကိုယ်တိုင်ပါဝင်ပြီး တစ်အိမ် တက်ဆင်းလိုက်ပါ စာရင်းကောက်သွားပါမယ်လို့ အသိပေးပြောကြားလိုပါ သည်။ မိဘပြည်သူများကလည်း ဝိုင်းဝန်း ကူညီပေးကြပါလို့ မေတ္တာရပ်ခံ အပ်ပါတယ်...' လို့ မိန့်ခွန်းခြွေ ပြောကြားလိုက်တယ်ဆိုရင် သမ္မတက သူ့အလုပ်သူ လုပ်လိုက်တာပါပဲ။

*Popular News,*

*August, 2014.*

✧ ✧ ✧

# ချဉ်ဖတ်ဖြစ်ရခြင်းအကြောင်း

ပြင်သစ်နိုင်ငံက ဧရိယာ စတုရန်းမိုင်ပေါင်း ၂၄၆၂၀၀ ကျယ်ပြီး လူဦးရေ ၆၆ သန်း ကျော် ရှိတယ်။ အနောက်ဥရောပမှာ အကြီးဆုံးနိုင်ငံဖြစ်ပြီး မြို့တော်မှာ ပဲရစ်မြို့ ဖြစ်တယ်။ ပြင်သစ်က နျူကလီးယားပါဝါနိုင်ငံတစ်ခု ဖြစ်ပြီး ကမ္ဘာမှာ နျူကလီးယားလက်နက် တတိယ အများဆုံးနိုင်ငံဖြစ်တယ်။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သလို NATO နေတိုးနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်တယ်။ ဖွံ့ဖြိုးပြီး နိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာမှာ စတုတ္ထမြောက် အချမ်းသာဆုံးနိုင်ငံ ဖြစ်တယ်။

မြန်မာနိုင်ငံက ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၇ ရှိတယ်။ ပြင်သစ်နိုင်ငံထက် နည်းနည်းပိုကြီးတယ်။ ကမ္ဘာမှာ ၄၀ မြောက်နဲ့ အရှေ့တောင်အာရှမှာ ဒုတိယအကြီးဆုံးနိုင်ငံဖြစ်တယ်။ လူဦးရေက သန်း ၆၀ ကျော် ရှိတယ်။ မြန်မာနိုင်ငံက ကျောက်စိမ်း၊ ပတ္တမြား၊ ကျွန်းသစ်၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ စတဲ့ သယံဇာတပစ္စည်းတွေ အလျှံပယ်ထွက်တယ်။ မြန်မာနိုင်ငံက ပြင်သစ်နိုင်ငံနဲ့ အကျယ်အဝန်းရော၊ လူဦးရေပါ မကွာဘူး။ ပြင်သစ်ထက်သာတာက သဘာဝသယံဇာတတွေ အလျှံပယ်ထွက်တယ်။ ဒါပေမဲ့ ပြင်သစ်က ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ စာရင်းဝင်ပြီး မြန်မာက အဆင်းရဲဆုံးနိုင်ငံဇယားမှာ တန်းစီနေတယ်။

ပြင်သစ်တွေ ဘာကြောင့် ချမ်းသာရသလဲလို့ သုံးသပ်ရရင် ပြင်သစ်မှာ စီးပွားရေးလုပ်ငန်းတချို့ကို အစိုးရကပိုင်ပြီး တချို့ကို ပုဂ္ဂလိက ပိုင်တယ်။ အစိုးရက ရထားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေး လုပ်ငန်း၊ လေကြောင်းလိုင်းနဲ့

ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းတွေ ပိုင်တယ်။ ကျန်တဲ့ လယ်ယာလုပ်ငန်း၊ ကား၊ လေယာဉ်၊ ဝိုင်၊ ချိစ်၊ ရေမွှေးစတဲ့ ပစ္စည်းတွေ ထုတ်လုပ်တဲ့ လုပ်ငန်းတွေကို ပုဂ္ဂလိကလုပ်ငန်း ရှင်တွေ ပိုင်ဆိုင်ကြတယ်။ ဘာ သယံဇာတမှ မရှိဘဲနဲ့ ဘာကြောင့် ချမ်းသာသလဲဆိုတော့ ပြင်သစ်က မြန်မာထက် ပိုပညာတတ်လို့ပဲ။ ပြင်သစ်က ထုတ်တဲ့ လေယာဉ်တွေ၊ ကားတွေ၊ အရက်၊ ရေမွှေးတွေဟာ ကမ္ဘာကျော်တယ်။ မြန်မာနိုင်ငံက ထုတ်တဲ့ ကမ္ဘာ့ဈေးကွက်ဝင် ပစ္စည်း တစ်ခု ပြောပါဆိုရင် ဘာပြောမလဲ။

သယံဇာတတွေ အလျှံပယ်ထွက်တဲ့ မြန်မာနိုင်ငံက ဘာကြောင့် ဆင်းရဲရတာလဲ။ သယံဇာတပစ္စည်းဆိုတာ ခုရောင်းရင် ခုကုန်တယ်၊ မကုန်နိုင်တာက ပညာ၊ ဒါမှမဟုတ် လူ့စွမ်းအား အရင်းအမြစ်ပဲ။ ဒါပေမဲ့ အာဏာရှင် လောင်းရိပ်အောက်မှာ ပညာက မပွင့်လင်းနိုင်ဘူး။ ဘာကြောင့်လဲဆိုရင် အာဏာရှင်တွေက ပညာတတ်ထက် သူတို့အမိန့်ပေးတာကို လုပ်တဲ့ နလပိန်းတုံး တွေကို ပိုလိုချင်လို့ပဲ။ ပြီးတော့ ပြည်တွင်းစစ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးနဲ့ အတူ ပါလာတဲ့ ပြည်တွင်းစစ်က အခုထိ တောက်လောင်နေတုန်း ရှိသေးတယ်။ ပြည်တွင်းစစ်ဆိုတာ မွဲဆေးပဲ၊ ပြည်တွင်းစစ်ကြာလေ နိုင်ငံမွဲလေပဲ။

ကျွန်မ ဖတ်ခဲ့ရတဲ့ ဝတ္ထုကို တစ်ပုဒ်ထဲက အထက်ပါ စကားစု တွေကို သူငယ်ချင်းတွေ ဆုံတုန်းမှာ ပြန်လည်ဖောက်သည်ချ ပြောပြနေမိ ခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ကျွန်မက -

"ငါ စိတ်မကောင်းတာက ငါတို့က ငါတို့ရဲ့ဘိုးဘေးတွေ ဆောက် လုပ်လှူဒါန်းထားခဲ့တဲ့ ရွှေတိဂုံဘုရား၊ ရှိပြီးသား ရှေးဟောင်းပုဂံဘုရားတွေ ကိုပဲ လက်ညှိုးထိုးပြပြီး ဂုဏ်ယူနေကြတာ။ ငါတို့ကိုယ်ငါတို့ မြန်မာဆိုပြီး ဂုဏ်ယူနေကြတာ။ ငါတို့လက်ထက်မှာ ငါတို့မျိုးဆက်တွေ ဘာလုပ်နိုင်ခဲ့ လို့လဲ။ နှစ်ပေါင်း ၅၀ ကျော် စစ်အာဏာရှင် လက်အောက်မှာ ငါတို့ ဘာမှ မလုပ်နိုင်ခဲ့ဘူး။ ကမ္ဘာ့ဈေးကွက်ဝင်ပစ္စည်း ဘာမှ မလုပ်နိုင်ခဲ့ကြဘူး။ နှစ်ပေါင်း ၅၀ ဆိုတာ နည်းတဲ့ နှစ်တွေမှ မဟုတ်တာ။ အဲဒီနှစ်တွေမှာ ငါတို့တွေက နလပိန်းတုံးတွေလို ရှင်သန်နေခဲ့ကြတာ"

ကျွန်မ စကားအဆုံးမှာတော့ အားလုံးက အတွေးကိုယ်စီနဲ့ ငြိမ်သက် နေမောနေကြပြီး၊ လက်ဖက်ရည်ဆိုင်ရဲ့ ပြင်ပက မိုးစက်မိုးပေါက်ကျသံက လွဲလို့ ကျွန်မတို့ရဲ့ လက်ဖက်ရည်ဝိုင်းက တိတ်ဆိတ်လို့ နေပါတော့တယ်။ အတန်ငယ်ကြာတော့မှ ဥပဒေအဓိကနဲ့ ဘွဲ့ရထားတဲ့ ရန်ကုန်ရဲ့ အစွန်အဖျား

မြို့သစ်မှာ ဆံပင်ညှပ်စားနေတဲ့ သူငယ်ချင်းရဲ့ မချိတင်ကဲ ရင်ဖွင့်သံက တိတ်ဆိတ်နေသော စကားဝိုင်းကို ဖြိုခွင်းလိုက်ပါတော့တယ်။

"ကျွန်တော်ကတော့ ဗိုလ်ချုပ်ကိုပဲ အပြစ်တင်ရမလို ဖြစ်နေပြီဗျာ။ ဘာလို့ အေးအေးဆေးဆေးမနေဘဲ အပင်ပန်းခံပြီး လွတ်လပ်ရေးကို ယူခဲ့ရတာလဲ။ စွန့်လွှတ် စွန့်စားခဲ့ရတာလဲ။ အင်္ဂလိပ်တွေ အုပ်ချုပ်ခဲ့စဉ်တုန်းက မြန်မာပြည်ရဲ့ သယံဇာတတွေပဲ သူတို့ယူတာ၊ စိတ်ဝင်စားတာ၊ ပြည်သူပြည်သားတွေကိုတော့ အဆင့်မြင့်တဲ့ ပညာရေးစနစ်ကို ထူထောင်ပေးသွားတယ်။ စေတနာထားခဲ့တယ်။ ပညာရေးကို အခြေခံကျကျ အုတ်မြစ်ချပေးခဲ့တာ။ လွတ်လပ်ရေးရပြီး ကိုယ့်လူမျိုးအုပ်ချုပ်မှပဲ ပညာရေးစနစ်ကို ရိုက်ချိုး ဖျက်ဆီးပစ်လိုက်ကြတာ။ ကျွန်တော်တို့ မျိုးဆက်တွေတုံးကုန်တာ ဘယ်လောက် ရင်နာဖို့ကောင်းလဲ။ နောက်ပြီး ၁၃၀၀ ပြည့်ရေနံမြေသပိတ်ဆိုပြီး ဘာလို့ မှောက်ကြတာလဲ။ ရေနံမြေလုပ်သားတွေ သူတို့ဆယ်ပေ အခန်းကျဉ်းလေးထဲမှာ နေရလို့၊ ရေနံဆီလုံလောက်အောင် မပေးလို့ဆိုပြီး သပိတ်မှောက်ကြတယ်။ တကယ်တော့ အင်္ဂလိပ်ကို သူတို့ ကျေးဇူးတင်ရမှာ။ အင်္ဂလိပ်ကမှ သူတို့လည်း အိမ်ကြီးအိမ်ကောင်းနဲ့ နေတယ်။ အလုပ်သမား မိသားစုတွေ နေဖို့လည်း ဆယ်ပေအခန်း ပေးသေးတယ်။ ကိုယ့်လူမျိုး အုပ်ချုပ်တာက နေစရာ မပေးနိုင်ဘူး။ နေစရာ မရှိလို့၊ နေစရာမပေးလို့ ပြည်သူတွေ ကျူးဘဝ ရောက်နေရပြီ။ ဗိုလ်ချုပ်ကို ခေါ်ပြလိုက်ချင်တယ်။ ဗိုလ်ချုပ်ရယူပေးခဲ့တဲ့ လွတ်လပ်ရေးကို လာကြည့်လှည့်ဦးလို့"

မိုးတဖွဲဖွဲမှာ သူ့ရဲ့ စကားသံက ကျယ်ကျယ်လောင်လောင်၊ ဆူဆူပွက်ပွက် ဆိုပေမယ့် ကျွန်မရဲ့ ရင်ထဲမှာ နာကျင်ဆွတ်ပျံ့ကာ သူ့ရဲ့ စိတ်အချဉ်ပေါက်မှုတွေကို နားလည်ခံစားနေမိပါတယ်။

တစ်ခုခုကို အချဉ်ဖောက်ဖို့၊ အချဉ်ပေါက်ဖို့ဆိုတာ ချက်ချင်းမဖြစ်ဘဲ ကာလတစ်ခုတော့ ကြာရပါတယ်။ ဟင်းသီးဟင်းရွက်တွေကို ရေရှည် အထားခံအောင်၊ ကြာရှည်စားရအောင် ချဉ်ဖတ်အဖြစ် စီမံထားရသလိုမျိုးပါ။ ကာလကြာရှည်စွာ စိတ်အချဉ်ဖောက်ခံရတဲ့၊ စိတ်အချဉ်ပေါက်နေကြတဲ့ ပြည်သူတွေရဲ့ ဘဝကလည်း နှမ်းရိ၊ ညှိုးရော်လို့ ချဉ်ဖတ်တွေလိုပါပဲလေ။

*ရည်ညွှန်း။ နတ်မျူး၊ တောင်ပံတို့ ခွန်အား၊ ခေတ်ရနံ့မဂ္ဂဇင်း၊ အမှတ် ၄၊ ဩဂုတ် ၂၀၁၄။*

**Popular News, August, 2014.**

✧ ✧ ✧

## ဘာတွေ စားရမှာလဲ

အသက်နှစ်ဆယ်ကျော်အရွယ် နုနယ်ပျိုမျစ်လှတဲ့ အချိန်တုန်းကတော့ မနက်မိုးလင်းရင် အရင်ဦးဆုံး သတိရမိတာ ချစ်သူမျက်နှာပါ။ အခုလို အသက်အရွယ် ငါးဆယ်နားနီးနီး၊ အချိန်ကာလများမှာတော့ မနက် မိုးလင်းရင် အရင်ဦးဆုံး သတိရမိတာက ဘယ်သူ့မျက်နှာကိုမဟုတ်တော့။ 'ဒီနေ့ ဘာတွေစားရမလဲ' ဆိုတဲ့ အတွေးက အရင်ဦးဆုံး ဒိုင်းခနဲ ဝင်လာတော့တာ။

လက်ဖက်ရည်ကြိုက်တဲ့ ကျွန်မက မိုးလင်းတာနဲ့ လက်ဖက်ရည်ဆိုင်ကို ပြေးနေကျပါ။ အခုတလောမှာတော့ လက်ဖက်ရည်ဆိုင်သွားဖို့ကို တွန့်ဆုတ်နေမိပါတယ်။ စားနေကျ လက်ဖက်ရည်နဲ့ အီကြာကွေးကို စားချင်ပေမယ့် အခြားစားပွဲဝိုင်းဆီက ပျံ့ဝဲလာမယ့် ဆေးလိပ်ငွေ့တွေရဲ့ အန္တရာယ်ကို တွေးမိလို့ပါ။ အရင်တုန်းကတော့ ဒီဆေးလိပ်ငွေ့တွေကို အရေးမထားဘဲ လျစ်လျူရှုခဲ့တာပါပဲ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရှေ့တောင်အာရှမှာ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူနေရမှု အများဆုံးနိုင်ငံသည် မြန်မာနိုင်ငံတဲ့။ စဉ်းစားကြည့်တော့ ကျွန်မ အသက်နီးပါးလောက်ကိုပဲ ကိုယ်မသောက်ဘဲနဲ့ သူများရဲ့ဆေးလိပ်ငွေ့တွေ ရှူပြီး ကြီးပြင်းနေထိုင်လာခဲ့ရတာဆိုတော့ တစ်ချိန်မှာ ကျွန်မလည်း အဆုပ်ကင်ဆာ မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မလဲနော်။

ပြီးတော့ အီကြာကွေးကို ကြော်တဲ့ဆီက ဘာဆီလဲ၊ ပဲဆီ မဟုတ်တာတော့ အသေအချာပဲ။ တရုတ်ကဝင်တဲ့ ဆီတွေများ ဖြစ်နေမလား။ နေ့စဉ်ရက်ဆက် အထပ်ထပ်အခါခါ ပြန်ကြော်ထားတဲ့ ဆီမည်းမည်းတွေကလည်း အန္တရာယ်ပဲ။ ဂျုံကို ပွအောင်ထည့်သုံးတဲ့ ဆော်ဒါက များရင်လည်း ပြဿနာ။ လက်ဖက်ရည်ကကော ယုံကြည်စိတ်ချစွာ သောက်လို့ ရပါသလား။ လက်ဖက်

ခြောက်ရဲ့ ဆိုးဆေးအန္တရာယ်ကို အသာထား။ ဟိုတလောက သတင်းတစ်ခု ဖတ်လိုက်ရတယ်လေ။ တရုတ်က ဝင်တဲ့ နို့မှုန့်တွေကို အတန်း အစားအလိုက် ဈေးအမျိုးမျိုးနဲ့ လက်ဖက်ရည်ဆိုင်တွေမှာ လိုက်သွင်းတယ် ဆိုတဲ့ သတင်း။ ဆိုင်ရှင်ရဲ့ သုံးနိုင်တဲ့ ငွေပမာဏအလိုက် အဆင်ပြေတဲ့ အတန်းအစားကို ဝယ်သုံးရုံပဲတဲ့။

အရင်တုန်းကတော့ ငါးဆိုရင် အကောင်ကြီးမှ ကြိုက်တာ။ အခု တော့ အကောင်ကြီးလွန်းရင် ကြီးထွားဆေးတွေကြောင့်လားဆိုပြီး အကောင် သေးတာကိုပဲ ရွေးဝယ်မိတော့တယ်။ ငယ်ငယ်တုန်းကတော့ မြစ်ငါးတန်တို့၊ ငါးဘတ်တို့ကို လူတစ်ရပ်ကျော်လောက်ကို ကြီးတာ မြင်ဖူးတယ်။ အိမ်က သင်္ဘောဆိပ်နားမှာဆိုတော့ သင်္ဘောဆိုက်ချိန်ဆို လူတစ်ရပ်ကျော်လောက်ရှိတဲ့ ငါးကြီးတစ်ကောင်ကို ဝါးလုံးရှည်နဲ့ ရှေ့က တစ်ယောက်၊ နောက်က တစ် ယောက် ထမ်းပြီးသယ်လာတဲ့ မြင်ကွင်းတွေကို နေ့စဉ် မြင်နေရတာပေါ့။ အခုခေတ်လို ကြီးထွားဆေးတွေလည်း မရှိကြသေးပါဘူး။ ငါးတွေက သူ့ သဘာဝအလျောက်ပဲ ကြီးထွားခွင့် ရခဲ့ကြတာပါ။ ငါးဟင်းဆိုတာလည်း ဈေးပေါပေါနဲ့ ချက်စားခွင့်ရတဲ့ ဟင်းလျာပါ။

ခုခေတ်မှာတော့ ငါးမျိုးစိတ်တွေ ရှားပါးကုန်ပြီ။ ငါးဈေးတွေလည်း ကြီးကုန်ပါပြီ။ တစ်လောကပဲ ထိုင်းပင်လယ်ပြင်မှာ ငါးတွေ မရှိတော့ဘူးလို့ ဖတ်လိုက်ရတယ်။ မြန်မာ့ပင်လယ်ထဲကို ဝင်ပြီး ငါးတွေ ခိုးဖမ်းကြတယ်တဲ့။ ငါးမျိုးတွေတုန်းကုန်တာလည်း မပြောနဲ့၊ ဈေးထဲမှာ ငါးဖမ်းမပေါက်စနလေး တွေ၊ လက်သန်းလောက်ပဲရှိတဲ့ ငါးမွေးထိုး အကောင်သေးသေးလေးတွေ တွေ့နေရတယ်။ ငါးတွေ ကြီးထွားချိန်ကိုတောင် မစောင့်နိုင်တော့လောက် အောင် လူတွေရဲ့ လောဘနဲ့ သောကက ကြောက်စရာကောင်းလိုက်တာ။

ငါးဈေးကြီးလို့ ကြက်သားကျတော့လည်း ရေထိုးနဲ့ မိတာပဲ။ ချက်လိုက်ရင် ရေထည့်စရာမလိုဘဲ သူ့ရေနဲ့ သူ နူးနေတော့တာ။ ပေါင်သား ဆို ပိုပြီး ရေထွက်သေးတယ်။ ပုစွန်နီနီတွေက သဘာဝအရောင်မှ မဟုတ် တာ။ ပုစွန်သည်တွေကလည်း ပုစွန်တွေကို လင်ဗန်းထဲမှာ ရေစိမ်ပြီး ရောင်း တာ။ ဆီသတ်ပြီးချက်ရင် ဆုံဆေးရည် မထည့်ရသေးဘူး။ ဆီဒယ်အိုးထဲမှာ ပုစွန်လေးတွေ ရေကူးနေကြသလားပဲ။ လင်ဗန်းထဲမှာ ရေစိမ်ထားလို့ နူးအိ နေတဲ့ ပုစွန်လေးတွေကို ကြည့်ပြီး ဆရာကြီး ရွှေဥဒေါင်းကို သတိရသေး တော့တယ်။

ဆရာကြီးရဲ့ တစ်သက်တာ မှတ်တမ်းစာအုပ်ထဲမှာ 'ခုခေတ် ပုစွန် ထုပ်တွေက သူငယ်ငယ်တုန်းကလို မချိုတော့ဘူး၊ မမွှေးတော့ဘူး' တဲ့လေ။ ကျွန်မတို့ခေတ်၊ ကျွန်မတို့ စားနေရတဲ့ ပုစွန်တွေကို ကြည့်ပြီး ဆရာကြီး ဘာများပြောမလဲနော်။ ဆရာကြီးတော့ ကျွန်မတို့ မျိုးဆက်တွေကို လွတ်သနား နေတော့မှာ အသေအချာပါပဲ။

အသီးအနှံတွေက ခန္ဓာကိုယ်အတွက် အဓိကစားသုံးရမှာ ဖြစ်ပေမယ့် ရာသီအလိုက်ပေါ်တဲ့ သီးနှံတွေက အန္တရာယ်ကင်းကြပါရဲ့လား။ သွေးရိုး သားရိုး ဟုတ်ကြရဲ့လားလို့ တွေးမိရတာ အခါခါပါ။ ငှက်ပျောသီးတွေကို မြင်ပေမယ့် သီးမွှေးငှက်ပျောသီးတွေကို ကြိုက်ပေမယ့် စားချင်စိတ် မရှိပြန်ဘူး။ ငှက်ပျောသီးအစိမ်းတွေကို အမှည့်မြန်အောင် ဆေးထိုးကြတယ်လို့ ပြောကြ တာကိုး။ မုန်လာဥနီ အလုံးကြီးကြီးတွေ၊ ရှည်မျောမျော မုန်ညင်းစိမ်းရွက် ဖားဖားကြီးတွေ၊ တစ်တောင်လောက်နီးပါးရှိတဲ့ ကြက်ဟင်းခါးသီးတွေက သဘာဝအတိုင်း သန့်သန့်စင်စင် ရှိပါ့မလား။ တလောတုန်းက အလုံးကြီးကြီး ထွားထွား ရွှေဖရုံသီးစားပြီး မူးချင်သလိုလို၊ အန်ချင်သလိုလို ဖြစ်လိုက် သေးတယ်။

ဈေးထဲက ရေချိုငါးပိကိုတော့ ဝယ်မစားဖြစ်တာ ကြာပါပြီ။ ငါးခုံးမ ငါးပိ၊ ငါးရံ့ ငါးပိ၊ ငါးစင်ရိုင်းငါးပိ၊ ဘယ်ငါးနဲ့ပဲဖြစ်ဖြစ် ငါးပိတွေက စားမကောင်းတော့။ တစ်ဆယ်သားနှစ်ရာ၊ သုံးရာတန်လည်း မကောင်း။ လေးရာတန်လည်း မကောင်း။ ဈေးသည်တွေကတော့ ကောင်းတယ်၊ စစ် တယ် ပြောကြတာပဲ။ ကျိုလိုက်ရင်သာ အောက်သိုးသိုးနဲ့ ဒိုက်ဆော် နံနေ တာ။

ငယ်ငယ်က စားရတဲ့ ငါးပိက ကျိုလိုက်ရင် တစ်အိမ်လုံး မွှေးနေတာ လေ။ အခုခေတ် ငါးပိတွေလို မနံပါဘူး။ ကိုရီးယားကင်ချီကို ကမ္ဘာက လက်ခံအောင် မကောင်းကောင်းအောင် ကြိုးစားနေကြတဲ့အချိန်မှာ မြန်မာ ငါးပိကတော့ ကြာလေ မကောင်းလေလို့ပဲ ဆိုရပါတော့မယ်။

လူတွေရဲ့ လောဘကြောင့် နေ့စဉ်စားနေကြရတဲ့ ငါးတွေ မျိုးတုန်း ကုန်တာနဲ့အမျှ လူတွေကကော ဘာထူးသေးလဲ တဖြည်းဖြည်းနဲ့ လူ့သက်တမ်း တွေက တိုတိုလာကြပြီ မဟုတ်လား။ အခုခေတ်မှာ ခေတ်စားနေတဲ့ ရောဂါက ကင်ဆာ။ ဘယ်သူ့မေးမေး ကင်ဆာ။ ကျွန်မတို့ ရှူရှိုက်ရတဲ့ လေ၊ သုံးစွဲ ရတဲ့ ရေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ ခြင်ဆေးခွေ၊ ပလတ်စတစ်နဲ့ ဖော့ဘူး

တွေ၊ ကျွန်မတို့ရဲ့ ပတ်ဝန်းကျင်က ကင်ဆာပတ်ဝန်းကျင်၊ ကျွန်မတို့ရဲ့ ကမ္ဘာကြီးက ကင်ဆာကမ္ဘာကြီး ဖြစ်နေပါပကော။

လူဖြစ်ရတုန်းမှာ ရောဂါကင်းကင်းနဲ့ သက်တမ်းရှည်ရှည်လေး နေချင်သေးတော့ သွေးတိုး၊ နှလုံး၊ ဆီးချို၊ လေဖြတ်တာ မဖြစ်ချင်တော့။ ဆားလျှော့စား၊ သကြားလျှော့စား၊ ဆီလျှော့စား၊ အချိုမှုန့်ရှောင်၊ ရယ်ဒီမိတ် အစားအစာရှောင်၊ အအေးဘူးတွေ ရှောင်၊ အနီရောင်အသား ရှောင်၊ ကော်ဖီမစ်တွေ ရှောင်၊ အကြော်စုံတွေ ရှောင်၊ အကင်တွေရှောင်၊ တရုတ်က လာတဲ့မုန့်တွေ ရှောင်၊ ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ ရှောင်စရာတွေက အများသားပဲ။

အဲဒီလိုနဲ့ မနက်၊ မနက်ဆို ဈေးထဲမှာ နှစ်ပတ်လောက်လျှောက်၊ ဟိုတွေး၊ ဒီတွေး၊ ဟိုဟာလည်း စိတ်မချ၊ ဒီဟာလည်း စိတ်တိုင်းမကျနဲ့ ဈေးဆွဲခြင်းလေးကိုင်ပြီး တလည်လည်ဖြစ်နေတဲ့ ကျွန်မ၊ နောက်ဆုံး ဆုံးဖြတ်ချက်ပိုင်ပိုင် ချအပြီးမှာတော့ ကျွန်မရဲ့ ခြေလှမ်းတွေက အန္တရာယ်ကင်း၊ ဘေးရှင်း ကြက်ဥ၊ ဘဲဥသည်ဆီကိုပဲ လှမ်းမိပါတော့တယ်။

ဒါတောင် တရုတ်ကလာတဲ့ ကြက်ဥတွေ မဖြစ်ပါစေနဲ့လို့ ဆုတောင်းပြီး စားရမှာပါ။

***Popular News,***

***Sept , 2014.***

✧ ✧ ✧

## ကျွန်မနဲ့ ဘန်ကောက်

တကယ်တော့ ကျွန်မနဲ့ ဘန်ကောက်က သူစိမ်းပြင်ပြင်ပါပဲ။ ဘန်ကောက်မှာ အသိအကျွမ်းကလည်း မရှိ၊ ဟိုဟိုသည်သည် လိုက်ပို့ပေးမယ့်သူကလည်း မရှိဆိုတော့ ကျွန်မမှာ တကယ်ပဲ စိတ်အားငယ်မိရပါတယ်။ လေယာဉ်ကွင်းပေါ်က အဆင်း၊ ဘန်ကောက်မြေကို ခြေချမိတာနဲ့ ကျွန်မရဲ့ စိတ်အားငယ်မှုတွေဟာ တစ်ဝက်လောက်ကို လျော့ကျသွားပါတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ မြင်တွေ့ရတဲ့ မျက်နှာတွေ၊ သစ်ပင်တွေ၊ ရာသီဥတုနဲ့ ရှူရှိုက်ရတဲ့လေတွေဟာ ကျွန်မတို့နိုင်ငံနဲ့ သိပ်မကွာလှဘူးလေ။

ထိုင်းနိုင်ငံသားတွေဟာ ကျွန်မတို့မြန်မာတွေနဲ့ တော်တော်ဆင်ပါတယ်။ အသားအရေ မျက်နှာပေါက်၊ ကိုယ်လုံးကိုယ်ထည်နဲ့ ဆံပင်တွေက မြန်မာနဲ့ သိပ်မကွာပါဘူး။ တချို့ သိပ်အသားဖြူလွန်းတဲ့သူတွေက လွဲရင်ပေါ့လေ။

ထူးခြားတာကတော့ သူတို့တွေရဲ့ မျက်နှာပေါ်က အပြုံးတွေ၊ ဘယ်သူ့ကြည့်လိုက် ကြည့်လိုက် အပြုံးမျက်နှာတွေနဲ့။ လွတ်လပ်ပေါ့ပါးစွာ ဘဝကို ဖြတ်သန်းနိုင်ကြသူတွေလို သက်သောင့်သက်သာ ရှိနေကြတာ။ အပူသောကတွေ၊ ကျပ်တည်းခက်ခဲမှုတွေနဲ့ လားလားမှ သက်ဆိုင်မှု မရှိကြသလိုပါပဲ။ အပူရပ်မဟုတ်တဲ့ သူတို့တွေကို ကြည့်ပြီး ကျွန်မတို့နိုင်ငံသားတွေရဲ့ မျက်နှာတွေကို ပြေးမြင်မိပါတော့တယ်။

ရာသီဥတုကလည်း နည်းနည်းလေး ပိုပူတာကလွဲလို့ သိပ်တော့ မကွာလှပါဘူး။ သစ်ပင်တွေ ဆိုရင်လည်း ကျွန်မတို့ဆီက အတိုင်းပါပဲ။ ကုက္ကို၊ သရက်၊ ဗာဒံပင်တွေကအစ မြန်မာ့ရှုခင်းပါပဲ။ စက္ကူပန်းပင် ရောင်စုံ

တွေကိုတော့ ရုံးရှေ့၊ အိမ်ရှေ့တော်တော်များများမှာ အလှစိုက်ထားကြတာ စနစ်ကျလှပါတယ်။

မြန်မာနဲ့ ကွာခြားတာကတော့ အဆောက်အအုံ၊ လမ်းနဲ့ ကားတွေပါ။ မြင့်မားလွန်းလှတဲ့ အဆောက်အအုံတွေက မရေမတွက်နိုင်အောင် များပြားလို့။ ကားလမ်းတွေက ခုံးတံတားတွေ အသွယ်သွယ်နဲ့ နှစ်ထပ်၊ သုံးထပ် ခွေခေါက်လို့။ ကျွန်မအနေနဲ့ကတော့ တောသားမြို့ရောက်သလိုပါပဲ။ ကားတွေကလည်း သစ်လွင်တောက်ပလို့၊ TAXI တွေဆိုလည်း အဲကွန်းနဲ့ ကားသစ်တွေပဲ။ ကားဟောင်းကားစုတ်ဆိုတာ ဘယ်မှာမှမရှိ။ ကားအရောင်းဆိုင်တွေကလည်း ပေါများချက်က ကျွန်မတို့ဆီက ကွမ်းယာဆိုင်တွေ ပေါသလိုကို ပေါကြတာ အားကျစရာပါ။ လူသွားလမ်းတွေကလည်း ကွန်ကရစ်လမ်းတွေ။ လမ်းပေါ်မှာ အမှိုက်တွေ မရှိ၊ လမ်းထိပ်တိုင်းမှာ အမှိုက်ပုံးကြီးတွေ ရှိကြတယ်။

စိတ်အချမ်းသာဆုံးကတော့ ဘတ်စ်ကားစီးရတဲ့အချိန်ပဲ။ ဘတ်စ်ကားတစ်စီးမှာ လူ ၂၀၊ ၃၀ လောက်ပဲ ပါတယ်။ ကားသေးတွေဆိုရင် (ကျွန်မတို့ဆီက ဘီအမ်အရွယ်အစား) လူဆယ်ယောက်လောက်ပဲ ရှိတယ်။ မနက်ပိုင်း သင်တန်းသွားဖို့ ကားပေါ်တက်လိုက်တယ်ဆိုရင်ပဲ ထိုင်ခုံလွတ်တွေက ကျွန်မကို လှောင်ပြောင်နေကြသလိုပါပဲ။ ကျွန်မတို့ဆီမှာက ရုံးတက်၊ ရုံးဆင်းချိန်မှာ နေရာရဖို့ မပြောနဲ့၊ ခြေနှစ်ချောင်း မတ်မတ်ရပ်နိုင်ရေးကိုပဲ အားထုတ်နေရတာလေ။ အိမ်ကနေ ပြင်ဆင်ပြီး ကြော့ကြော့လေးထွက်ပေမယ့် ကားပေါ်မှာ နင်လားငါလား တိုးဝှေ့စီးပြီးမှ အလုပ်ကို ရောက်ကြရတာ။

ဘန်ကောက်မှာတော့ ရုံးချိန်တွေမှာ ကားခမပေးဘဲ စီးခွင့်ရတဲ့ Free Line တွေ ရှိတယ်။ အဲဒီကားတွေက စပယ်ယာမပါဘူး။ ကိုယ်က အေးအေးဆေးဆေး တက်ထိုင်ပြီး စီးသွားရုံပဲ။ သူများတွေလိုပဲ ခပ်တည်တည်နဲ့ ကြော့ကြော့လေးထိုင်နေရင်းက ကိုယ့်ပြည်သူ၊ ပြည်သားတွေ ဘတ်စ်ကားတိုးစီးရတဲ့ဘဝ၊ စပါယ်ယာအငေါက်ခံရတဲ့ ဘဝတွေကို တွေးမိပြီး မျက်ရည်ဝဲသွားတော့တယ်။

ဘတ်စ်ကားတွေက ချောင်ပေမယ့် မီးပုံ့ရထား (Sky Train)မှာတော့ အမြဲပဲ လူပြည့်နေတတ်တယ်။ ရထားက ငါးမိနစ်တစ်စီးရှိပြီး၊ မြန်လည်းမြန်၊ အချိန်လည်း မှန်တယ်။ ကားစီးရင်း ကားလမ်းပိတ်တာနဲ့ ကြုံရသေးတော့ ရထားပဲ အစီးများကြတယ်။ ကျွန်မလည်း မီးပုံ့ရထားစီးရတာကို တော်တော်

သဘောကျတယ်။ ရထားတွေက ဂျုန်းဂျုန်းဂျက်ဂျက် လှုပ်လီလှုပ်လှည့် မဟုတ်ဘဲ ငြိမ်ငြိမ်ကလေးနဲ့ ငြိမ့်ငြိမ့်ကလေး စီးရတာ။ ရထားထဲမှာလည်း အဲကွန်းနဲ့ မွှေးမြနေသေး။ တီဗီတွေကလည်း မရေတွက်နိုင်အောင် တပ်ထား သေး၊ အခုရပ်မယ့် ဘူတာအမည်၊ နောက်ရပ်မည့် ဘူတာအမည်တွေကို ကြေညာပေးတယ်။ ဘန်ကောက်နဲ့စိမ်းတဲ့ ကျွန်မတို့လိုလူတွေအတွက် အဆင် ပြေတာပေါ့။

ကားလမ်းတွေက ကျဉ်းတော့ ကားလမ်းပိတ်နေရင် ဆိုင်ကယ်တွေ က လူသွားလမ်းပေါ်ကို တက်ပြီး မောင်းကြတယ်။ လမ်းလျှောက်တဲ့သူက ဆိုင်ကယ်သံနားစွင့်ပြီး ရှောင်ပေတော့ပဲ။ ပြီးတော့ လမ်းဘေးဈေးသည် အတော် များများက အင်္ဂလိပ်စာ အခြေခံအားနည်းလွန်းကြတာ တွေ့ရတယ်။ အင်္ဂလိပ် လို How much ကို မသိသူတွေ၊ One hundred, Two hundred ကို မသိကြသူတွေ တော်တော်များတယ်။

ထူးခြားတာက ဘန်ကောက်မှာ လက်ဖက်ရည်ဆိုင် မရှိဘူး။ ကော်ဖီ ဆိုင်ပဲ ရှိတယ်။ ရာသီဥတုက နည်းနည်းပူတော့ သူတို့တွေ ရေခဲသိပ်စားကြ တယ်။ မိုးလင်း သူတို့သောက်တဲ့ ကော်ဖီက ကော်ဖီအေးတွေပဲ။ စားသောက် ဆိုင်တွေမှာလည်း ရေခဲခွက်တွေ ဖောဖောသီသီ ပေးတယ်။ ရေခဲမုန့်၊ ရေခဲသုပ် ဆိုတာလည်း တွန်းလှည်းကလေးတွေနဲ့ နေရာအနှံ့ရှိတယ်။ အရသာလည်း ရှိ၊ ဈေးလည်းချိုတယ်။ တစ်ဆယ်ဘတ်တန် ရေခဲမုန့်ကို ဝယ်စားမိတော့ တစ်ရာတန်၊ နှစ်ရာတန်ခွက်ကလေးတွေနဲ့ အရသာမရှိတဲ့ ရေခဲမုန့်ကိုပဲ စားနေ ကြရတဲ့ ကျွန်မတို့ဆီက ကလေးတွေကို ပြေးပြီး သတိရမိပြန်ရော။

ကျွန်မအတွက်တော့ ဘန်ကောက်ခရီးစဉ်ဟာ ပျော်စရာပါ။ အစစ အရာရာ ဈေးချိုပြီး နေပျော်တဲ့နေရာပါပဲ။ လှပတဲ့ ဘန်ကောက်မြို့ရဲ့ တိုးတက် ခေတ်မီမှုတွေ မြင်ရတော့ ကိုယ့်နိုင်ငံအတွက် စိတ်အားငယ်မိရပါတယ်။ တကယ်တော့ ၁၉၇၀ ပြည့်နှစ်အထိ မြန်မာနဲ့ထိုင်းဟာ စီးပွားရေးမှာ အတူတူပဲ လို့ သိရပါတယ်။ ၁၉၇၀ နောက်ပိုင်းကျမှ ထိုင်းက စီးပွားရေး ထိုးတက် သွားတာဆိုတော့ အခုဆိုရင် ကျွန်မတို့က နှစ်လေးဆယ်လောက် နောက်ကျ ကျန်ရစ်ခဲ့တာပေါ့။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျွန်မတို့နိုင်ငံလည်း ထိုင်းလို လှပတဲ့၊ ခေတ်မီတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာရဦးမှာပါ။ အဲဒီကျရင် ထိုင်းပြည်သူ ပြည်သားတွေလိုပဲ ကျွန်မတို့မြန်မာပြည်သူပြည်သားတွေရဲ့ မျက်နှာတွေမှာ

အပြုံးပန်းတွေဝေလို့၊ ဘဝကို ကြောင့်ကြမှု ကင်းစွာ၊ လွတ်လပ်ပေါ့ပါးစွာ ဖြတ်သန်းနိုင်ကြလို့ အပူရုပ်ကို ဟန်လုပ်နေကြသူမျိုး မဟုတ်တော့မှာ အသေအချာပါ။

*Popular News,*

*Sept, 2014.*

✧ ✧ ✧

# ပွတ်ပွဲသဘင် ဆင်နွှဲနေသူများ ဖတ်ဖို့

နည်းပညာတွေ အားပြိုင်နေကြသော ယနေ့ခေတ်တွင် စာအုပ်စာပေ အခန်းကဏ္ဍသည် မှေးမှိန်နေကြပြီလား။ 'စာအုပ်စာပေ၊ လူ့မိတ်ဆွေ' ဆိုသော စကားသည် ယနေ့ခေတ်နှင့် အံဝင်ခွင်ကျ ဖြစ်နိုင်ပါတော့မလားဟု ကျွန်မ မကြာခဏ တွေးမိပါသည်။ ယနေ့ခေတ်မှာ ဘယ်နေရာမှာ ဘယ်သူမဆို ခေါင်းလေးတွေငုံ့ကာ လက်ကိုင်ဖုန်းလေးတွေကို စိတ်ဝင်တစား နှင့် ပွတ်နေကြလေပြီလေ။

'သတင်းစာတစ်စောင်ကို နှစ်ရာ၊ ဆယ်ရက်ဆို နှစ်ထောင်ပဲ၊ ဝယ်မဖတ်တော့ဘူး၊ ပိုက်ဆံကုန်တယ်' ဟု မိတ်ဆွေတစ်ယောက်က ပြောလာခြင်းကို ကျွန်မက ထူးပြီး မအံ့သြတော့ပါ။ သူ့လိုမျိုးသတင်းစာ၊ ဂျာနယ်ဖတ်ဖို့ ပိုက်ဆံအကုန်မခံချင်ကြသော သူမျိုးကို ကျွန်မဝန်းကျင်တွင် မကြာခဏ မြင်ဖူးနေကျပင်။ တစ်ခါတစ်လေမှ အပျင်းပြေသဘော တစ်စောင်တစ်လေ ဝယ်ဖတ်ချင်ဖတ်၊ ဒါမှမဟုတ် လက်ဖက်ရည်ဆိုင်မှ ယူကြည့်ချင်ကြည့်၊ ကိုယ့်အိတ်ကပ်ထဲက ပိုက်ဆံကိုတော့ သတင်းစာဖိုး၊ ဂျာနယ်ဖိုးအတွက် အကုန်မခံချင်ကြသူတွေ အများအပြားပါ။

စာဖတ်ခြင်းကို အချိန်ပိုရှိမှသာ အပျင်းပြေသဘောဖတ်ခြင်း ဖြစ်ပြီး စာဖတ်ခြင်းသည် အဓိကအလုပ်မဟုတ်၊ အရေးမကြီးဟု ယူဆနေကြသူတွေလည်း အများအပြား ရှိကြပါသည်။ စားဝတ်နေရေးအတွက်သာ အဓိကလုံးပန်းနေကြပြီး စာဖတ်ခြင်းဖြင့် စိတ်ကူးမယဉ်နိုင်ဟု ဆိုကြသူတွေလည်း ရှိကြသည်။

တစ်ခါက သူငယ်ချင်းမတစ်ယောက်နှင့်အတူ မြို့ထဲရောက်တော့ စာအုပ်တစ်အုပ်ကို နှစ်ထောင်ကျပ်ဖြင့် ဝယ်လိုက်သည့် ကျွန်မကို သူမက

တအံ့တဩနှင့် 'ဟယ်၊ ပိုက်ဆံ နှမြောစရာ၊ စာဖတ်ချင်တာများ ငှားဖတ်ပေါ့။ ဖတ်ပြီး ပြီးသွားတာပဲဥစ္စာ၊ ဘာလို့ ဝယ်ရတာတုံး။ အဲဒီပိုက်ဆံက ဝက်သား ဟင်းတစ်ခွက် ချက်လို့ရတယ်' တဲ့။

သူမက အစားအသောက် ခုံမင်တတ်သူပီပီ စာအုပ်တစ်အုပ်ကို ဟင်းတစ်ခွက်နှင့် နှိုင်းယှဉ်ကြည့်နေသည်။

"ငါက သူများတွေလို စာအုပ်ဖတ်ပြီး ပြီးသွားတာမှ မဟုတ်တာ။ ကြိုက်တဲ့ စာအုပ်ကို အပိုင်သိမ်းထားချင်တာ။ ထပ်တလဲလဲ ဖတ်နေချင်တာ။ စာအုပ်ကလေးတွေကို အမြတ်တနိုးနဲ့ တသသကြည့်နေချင်တာ"

ကျွန်မ၏ စာအုပ်တွေအပေါ် မြတ်နိုးတွယ်တာမှုကို နားမလည်ဟန် ဖြင့် သူမက ခေါင်းခါပြပါသည်။

စာအုပ်တစ်အုပ် ဝယ်ဖတ်ဖို့ သတင်းစာ၊ ဂျာနယ် ဝယ်ဖတ်ဖို့ နှမြော တတ်ကြသူများသည် သိန်းချီသော ဟန်းဆက်ကို သူ့ထက်ငါ အပြိုင်ဝယ်ဖို့ မနှမြော၊ သောင်းချီသော ပိုက်ဆံအိတ်လှလှလေးတွေ၊ ဖိနပ်လှလှလေးတွေ ဝယ်ဖို့လည်း လက်မနှေး။ ဘီယာသောက်ဖို့၊ ဘောလုံးပွဲလောင်းဖို့လည်း ဝန်မလေးကြ၊ စာအုပ်တစ်အုပ် နှစ်ထောင်၊ သုံးထောင်ကျပ်ကို ဝယ်ဖို့ကျတော့ လက်တွန့်ကြသည်။ စာအုပ်ဈေးတွေ ကြီးလာလေလေ၊ လူတွေလည်း စာအုပ် တွေနှင့် အလှမ်းဝေးလေလေ ဖြစ်နေကြတော့သည်။

ကျွန်မတို့ ငယ်စဉ်က ရွှေသွေး၊ တေဇစာစောင်တွေကို အိမ်က ဝယ်ပေး၍ ဖတ်ရသည်။ သည့်ထက်ပိုပြီး စာတွေ ဖတ်ချင်လာတော့ မုန့်ဖိုးကို မစားဘဲ စုရသည်။ ကိုယ့်မုန့်ဖိုးထဲက ပုံပြင်စာအုပ်တွေ ဝယ်ဖတ်သည်။ စာအုပ်အငှားဆိုင်က ထွန်းမင်းလတ်၊ အပါလွင်၊ ရွှေဂေါင်းပြောင်၊ သမိန် ပေါသွပ် ကာတွန်းစာအုပ်တွေ ငှားဖတ်ရသည်။

ကလေး ၁၀ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် အိမ်ထောင့် တစ်နေရာမှာ စာအုပ်တစ်အုပ်နှင့် ငြိမ်ကုပ်ပြီး စာဖတ်ချင်ဖတ်၊ ဒါမှမဟုတ် ဖန်ခုံတမ်း၊ ဇယ်တောက်တမ်း၊ ကုလားမစည်းနင်းတမ်း ကစားချင် ကစား နေမည်။

ယခုခေတ် ကလေးတွေကတော့ ဖန်လည်းမခုံတတ်၊ ဇယ်လည်း မတောက်တတ်တော့။ အပြင်စာဖတ်ဖို့ နေနေသာသာ၊ ကိုယ့်ကျောင်းစာတောင် ကိုယ့်ဘာသာ မကျက်တတ်ကြတော့။ စာလာကျက်ပေးသည့် ဂိုက်နှင့်မှ စာကျက်ကြတော့သည်။ ဂိုက်ပြန်သွားလျှင်တော့ စာအုပ်ကို လှည့်မကြည့်ကြ

တော့။ ဖုန်းတစ်လုံးနှင့် ဂိမ်းဆော့ကြတော့သည်မှာ အသံလည်းမထွက်၊ တုပ်တုပ်မျှလည်း မလှုပ်တော့။

ကျွန်မ၏ တူ၊ တူမများသည် စာသင်သည့် ဆရာမလာခင်ဖုန်းဖြင့် ဂိမ်းဆော့ကြသည်။ ဆရာပြန်သွားလျှင် ဂိမ်းပြန်ဆော့ကြသည်။ မျက်စိရှေ့မှာ ရှိနေသည့် မဂ္ဂဇင်းတစ်အုပ်ကို ယောင်လို့ပင် ကောက်ယူမကြည့်ကြ။ အိမ်ထဲမှာနေပြီး ဖုန်းကို လက်ထဲကမချ၊ ဘာလုပ်လုပ် ဖုန်းကိုပဲ တကိုင်ကိုင်နှင့် ဖုန်းနှင့် မျက်နှာကမခွာ၊ ဖုန်းနှင့် အလုပ်ရှုပ်နေကြသည့် သူတို့ကို ကြည့်ရသည်မှာ စိတ်မသက်သာ။

ဆယ်ကျော်သက် ခေတ်လူငယ်၊ လူရွယ်တွေကို စာဖတ်ချင်စိတ်ရှိအောင်၊ စာအုပ်တွေကို ချစ်တတ်အောင် ကျွန်မတို့ မည်သို့ ဆွဲဆောင်ရပါမည်လဲ။ စိတ်ယဉ်ကျေးမှုရှိအောင် စာဖတ်ရတယ်၊ စာဖတ်တဲ့သူဟာ နှလုံးသားမရိုင်းဘူးဆိုသည်ကို သူတို့ စွဲစွဲမြဲမြဲ ယုံကြည်သွားအောင်၊ စာဖတ်ဖို့ အချိန်ပေးချင်လာအောင် ကျွန်မတို့ဘာနှင့် မြှူဆွယ် သိမ်းသွင်းနိုင်ကြမည်လဲ။

စာဖတ်တာ ဝါသနာမပါဟု လူငယ်တော်တော်များများက ဆင်ခြေပေးလာကြတော့ ကျွန်မ တော်တော်အံ့သြသွားပါသည်။ ကျွန်မတို့တုန်းကတော့ စာတွေဖတ်လွန်းလို့၊ ခိုင်းချင်တာခိုင်းလို့မရလို့ အမေတွေက ငြူစူကြရသည်ကိုး။ သူတို့တတွေ စာဖတ်တာ ဝါသနာမပါခြင်းသည် 'ခေတ်' ကြောင့်လားဟု ကျွန်မ သံသယဖြစ်မိပါသည်။

ကျွန်မတို့ခေတ်၊ ကျွန်မတို့ဝန်းကျင်တွင် ဖတ်စရာစာက လက်တစ်ကမ်းမှာ အသင့်ရှိနေပါသည်။ စာအုပ်အငှားဆိုင်တွေ၊ ရပ်ကွက်စာကြည့်တိုက်တွေ ပေါများကြတော့ ကျွန်မတို့ စာတွေဖတ်ဖြစ်ကြသည်။ စာဖတ်ခြင်းဖြင့် စာဖတ်ရသည့်အရသာကို စွဲသွားကြသည်။ သူတို့ခေတ်၊ သူတို့ဝန်းကျင်တွင် အင်တာနက်ဆိုင်တွေပေါများကြသည်။ ဂိမ်းဆိုင်တွေပေါများကြသည်။ ရပ်ကွက်စာကြည့်တိုက်ဆိုတာ မရှိသလောက်ရှားသည်။ စာအုပ်အငှားဆိုင်လေးတွေလည်း တဖြည်းဖြည်းနှင့် ကြက်ပျောက်ငှက်ပျောက်ဖြစ်နေပြီ။ ဘယ်မှာလဲ သူတို့အတွက် စာဖတ်နိုင်ဖို့အခွင့်အရေး စာဖတ်နိုင်သည့် ပတ်ဝန်းကျင်။

အစိုးသစ်ကတော့ မြန်မာနိုင်ငံတွင် စာကြည့်တိုက်ပေါင်း ၅ သောင်းရှိသည်ဟု ပြောသွားပါသည်။ ထိုစာကြည့်တိုက်များသည် အမှန်တကယ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သော စာကြည့်တိုက် user ကို ဝန်ဆောင်မှုကောင်းစွာပေးနိုင်သော စာကြည့်တိုက်အရေအတွက်က မည်မျှရှိလေ

မည်လဲ။ ရန်ကုန်မှာတော့ ပြည်သူ့အများစုက စာကြည့်တိုက်နှင့် အလှမ်းဝေး နေဆဲဟုသာ ဆိုရပါမည်။ နိုင်ငံတစ်နိုင်ငံတွင် တစ်ခုတည်းသာရှိရမည်ဖြစ်သော အမျိုးသားစာကြည့်တိုက်သည် မြန်မာနိုင်ငံမှာတော့ နေပြည်တော်မှာတစ်ခု၊ ရန်ကုန်မှာ တစ်ခုရှိနေသည်။ နေပြည်တော်မှ အမျိုးသားစာကြည့်တိုက်မှာ တော့ အသုံးပြုသူ ရှိမရှိ မသိပါ။ ရန်ကုန်ရှိ အမျိုးသားစာကြည့်တိုက်ကတော့ နေ့စဉ်အသုံးပြုသူ ၃ ယောက် ၄ ယောက်အပြင် မပိုပါ။

စာကြည့်တိုက်သုံးဖို့ နေနေသာသာ၊ တည်နေရာအမျိုးမျိုး ပြောင်း နေသောကြောင့် အမျိုးသားစာကြည့်တိုက်ကြီး ဘယ်နားရောက်သွားသလဲ ဆိုသည်ကိုပင် မသိကြတော့သော ရန်ကုန်သူ၊ ရန်ကုန်သားတွေပါ။ တည်နေ ရာသိသူအများစုကတော့ စာကြည့်တိုက်အဝန်းအဝိုင်းထဲမှ သူတွေ၊ ဘွဲ့လွန် အတွက် စာတမ်းပြုစုသူတွေပါပဲ။

စာပေဗိမာန် စာကြည့်တိုက်ကလည်း နေရာထိုင်ခင်း ကျယ်ကျယ် ဝန်းဝန်းမရှိ။ စာကြည့်တိုက်နှင့်မတူဘဲ ရုံးကန္တာရနှင့်ပင် တူနေသေးတော့ သည်။ ရပ်ကွက်စာကြည့်တိုက်လေးတွေကတော့ ဆိုင်းဘုတ်သာရှိကြပြီး သက်ဝင်လှုပ်ရှားမှု မရှိကြသလောက်ပင်။ နယ်ဘက်တွေမှာတော့မသိ ရန်ကုန် မှာတော့ စာကြည့်တိုက်ဆိုတာ BC (British Council) နှင့် AC (American Center) တို့ လူသိများကြသည်။

နည်းပညာတွေနောက် တကောက်ကောက်လိုက်ရင်း၊ ခေါင်းငုံ့ကာ ပွတ်ပွဲသဘင် ကျင်းပနေကြသော လူမှုဝန်းကျင်မှ သူများကို စာကြည့်တိုက် များဆီ ခြေလှမ်းလှမ်းဖြစ်လာအောင် ဆွဲဆောင်နိုင်ရန်မှာ တစ်ခေတ်တစ်ခါက ဦးဆန်နီဆိုသည့်ပုဂ္ဂိုလ် ထူထောင်သွားခဲ့သော၊ အောင်မြင်ကျော်ကြားလှပါ သည်ဆိုသော၊ စာရေးဆရာ၊ စာရေးစာချီများ၊ ပြည်သူများ အများအပြား လာရောက် အသုံးပြုကြသည်ဆိုသော 'ပဲရော့ ဦးဆန်နီစာကြည့်တိုက်' လိုမျိုး စာကြည့်တိုက်တွေ၊ ပြည်သူ့စာကြည့်တိုက်တွေ များများရှိလာဖို့ပါပဲဟု တွေးမိ ရပါတော့သည်။

*Popular News,*
*Oct , 2014.*

✧ ✧ ✧

# ဒီလိုနဲ့ အပျံသင်စ ငှက်ကလေးတွေ

တစ်ခါတုန်းက တက္ကသိုလ်ဆိုတာ လူတိုင်းမက်ခဲ့ကြတဲ့အိမ်မက် တက္ကသိုလ် ကျောင်းဝင်းဆိုတာ လူတိုင်းရောက်ဖူးချင်တဲ့နေရာပါ။ ရပ်ကွက်ထဲမှာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဆိုရင် အထင်ကြီးကြ၊ အားကိုးကြတဲ့ ခေတ်ပေါ့။

တက္ကသိုလ်မရောက်ခဲ့ကြတဲ့ ကျွန်မရဲ့မိဘတွေ၊ အဘိုးအဘွားတွေကို ကျွန်မကျောင်းကပြန်လာရင် ကျောင်းရဲ့ အတွေ့အကြုံတွေ ကျောင်းကအကြောင်းတွေကို ပြောပြရသည်။ ကျွန်မပြောပြတဲ့ တက္ကသိုလ် ပုံပြင်တွေကို သူတို့တွေ မရိုးနိုင်စွာ၊ မငြီးငွေ့နိုင်စွာ စိတ်ဝင်တစား နားထောင်ကြစမြဲပါ။ အဲဒီလို တက္ကသိုလ်ဆိုတာ တစ်ချိန်တုန်းက လူတိုင်းကို ရင်ခုန် စိတ်လှုပ်ရှားစေခဲ့ပါသည်။

ခုခေတ်တက္ကသိုလ်ဆိုတာကိုတော့ လူတိုင်းရင်ကို လှုပ်လှုပ်ခတ်ခတ် မဖြစ်နိုင်ကြတော့တာ အတော်ကြာပါပြီ။ ခုခေတ် တက္ကသိုလ်ဆိုတာကို တွေးမိတော့ သူငယ်ချင်းမရဲ့ စကားကိုပြန်ပြီး သတိရမိပါသည်။ သူငယ်ချင်းမက သူ့သမီးဆယ်တန်းကို ရိုးရိုးပဲ အောင်လို့ နေ့ကျောင်းမထားဘူးလို့ဆိုလာပါသည်။

ဘာဖြစ်လို့လဲလို့ ကျွန်မကမေးတော့ 'အခု တက္ကသိုလ်တွေက စာသင်တာကလွဲလို့ တခြား ဘာမှသင်ပေးတာမှ မဟုတ်တာ။ နေ့ကျောင်းတတ်လို့ ငါ့သမီး စာတတ်တာပဲ၊ ရည်းစားထားတတ်တာပဲ ရှိမယ်။ ရည်းစားထားပြီး အပိုဆုရလာရင် ဒုက္ခ။ ကျောင်းတတ်ရင်း အချိန်ကုန်မယ့်၊ ငွေကုန်မယ့်အစား အတတ်ပညာတစ်ခုခုကို သင်ပေးလိုက်မယ်' တဲ့လေ။

ဩော်… ကျွန်မတို့ခေတ်တုန်းကတော့ သားသမီးတွေ ဆယ်တန်းအောင်ရင် မိဘများက ဝမ်းသာအားရ တက္ကသိုလ်ပို့ကြသည်။ ဆင်းရဲနွမ်းပါးသော်လည်း ခြိုးခြံချွေတာပြီး ကျောင်းပြီးအောင် ထားကြသည်။

သားက ဒုတိယနှစ် (ဖူး) မေဂျာလေ။ သမီးက တတိယနှစ်မြန်မာစာတက်နေတယ် စသည်ဖြင့် မိဘတွေက စကားပြောရင် ထည့်ထည့်ပြောရတာ၊ ဂုဏ်လုပ်ကြတာ အမောပေါ့။ အခုခေတ်မှာတော့ သားသမီးကို တက္ကသိုလ်ပို့ဖို့ ဝန်လေးနေကြတဲ့၊ စိတ်မချကြတဲ့ အခြေအနေတစ်ခု ဖြစ်နေကြရပြီ ဆိုတာကို ကျွန်မကတော့ လက်ခံချင်ပါသည်။

ညနေပိုင်း ကျောင်းဆင်းချိန်၊ ဒဂုံတက္ကသိုလ်ဘက်က ထွက်လာတဲ့ နံပါတ် ၂၀၂ ၁၇၄ စသည့် လိုင်းကားတွေကို ကျွန်မ မစီးချင်ပါ။ အဲဒီအချိန်တွေမှာ မစီးမဖြစ် စီးရမယ်ဆိုရင်တော့ ကားရဲ့နောက်ဘက်နားက ခုံတွေဆီကို မကြည့်မိအောင်ကြိုးစားရတာ စိတ်ပင်ပန်းလှပါသည်။ မကြည့်ချင် မြင်ရက်သား ဆိုသလို၊ ကားနောက်ဆုံးနား ခုံတွေဆီက ကျောင်းသူ ကျောင်းသာစုံတွဲတွေကို မြင်လိုက်ရရင် စိတ်မချမ်းမသာနဲ့ ခဲဆွဲထားရသူတစ်ယောက်လိုရင်ထဲမှာ လေးလံထိုင်းမှိုင်းသွားရတာပါပဲ။

ကျောင်းသူ၊ ကျောင်းသားစုံတွဲလေးတွေက အသက်နှစ်ဆယ်ဝန်းကျင်နုနုငယ်ငယ် မျက်နှာကလေးတွေ။ အပျိုသင်စငှက်ကလေးတွေလို လောကကိုစူးစမ်း၊ သင်ယူနေကြတဲ့အရွယ်။ အရာရာ သိချင်၊ တတ်ချင်၊ လေ့လာချင်ကြတဲ့ အရွယ်လေးတွေ။ တစ်စုံတစ်ရာကို အာရုံဝင်စားဖို့ အသင်ဖြစ်နေကြတဲ့အရွယ်ကောင်းလေးတွေပေါ့။ သူတို့လေးတွေက ဘတ်စ်ကားပေါ်မှာ အတွဲကိုယ်စီနဲ့ ထိုင်နေကြတာ စိတ်လွတ်ကိုယ်လွတ် ရှိနေကြပုံများ။ ပန်းခြံထဲမှာ၊ ရုပ်ရှင်ရုံမှာထဲမှာလိုများ သူတို့ကိုယ်သူတို့ ထင်မှတ်နေကြလေသလား မသိ။ ဘေးဘီကိုလည်း မကြည့်၊ ဂရုလည်း မစိုက်ကြ။ ကောင်လေးရဲ့ရင်ခွင်ထဲမှာ ကောင်မလေးက ကန့်ကလျ။ ကောင်လေးက ကောင်မလေးရဲ့ ဆံနွယ်တွေကို သပ်တင်ပေးလိုက်၊ မေးစေ့လေးကို ကိုင်လိုက်၊ ပါးကလေးကို ဆွဲလိမ်လိုက်၊ မျက်နှာချင်းထိတော့မယ့်အတိုင်း နီးနီးကပ်ကပ်။

တချို့ကျတော့လည်း ကောင်မလေးရဲ့ ရင်ခွင်ထဲမှာ ကောင်လေးက အိပ်မောကျလို့။ ကောင်မလေးက ကောင်လေးကို ယပ်ခတ်ပေးလို့။ တချို့ကောင်လေးကျတော့ ပိုင်စိုးပိုင်နင်းနိုင်စွာ ကောင်မလေးရဲ့ လက်လိမ်ချိုးလိုက်၊ လက်မောင်းကို ဆွဲဆိတ်လိုက်၊ နှာခေါင်းကို ဆွဲလိမ်လိုက်နှင့် ကျီစားနေ

သေးတာ။ တချို့ကြပြန်တော့လည်း မျက်နှာချင်းဆိုင် စကားတွေ တတွတ်တွတ် ပြောရင်း ကောင်မလေးရဲ့ပါးကို ရွတ်ခနဲ။

အဲဒီလို ပုံစံအမျိုးမျိုးနဲ့ စုံတွဲလေးတွေက ကားပေါ်မှာ သူတို့ပဲ ရှိကြတဲ့ အတိုင်း ကဲနေကြတာ။ အနီးအနားက သူတို့ထက်ကြီးကဲတဲ လူကြီးတွေကို မထိမဲ့မြင် ပြုနေကြသလိုပါပဲ။ သူတို့ကို ကြည့်မိတဲ့၊ မြင်မိတဲ့ခရီးသည်တွေကပဲ လူကြီးတွေကပဲ ရှက်ရှက်နဲ့ မျက်နှာလွှဲနေကြရတာပါ။ ဒီလိုမြင်ကွင်းတွေ ကလည်း ကားပေါ်မှာ ခဏခဏ မြင်တွေ့နေကြမို့ ရိုးအီနေပါပြီ။ ဒီလို မြင် ရတိုင်းလည်း ကျွန်မမှာ ဒေါသထွက်ရ၊ မကျေမနပ်ဖြစ်ရတာလည်း ရိုးအီ နေပါပြီ။

ဒီအသက်အရွယ်ကလေးတွေနဲ့ သမီးရည်းစားဘဝမှာ ဘာလို့ ရင်းနှီး လွန်း၊ ကျွမ်းဝင်လွန်းရတာလဲ။ ဘာလို့ ဒီလောက်ပတ်ဝန်းကျင်ကို လျစ်လျူ ရှုကြရတာလဲ။ ဘာလို့ မရှက်၊ မကြောက်ဖြစ်ကြရတာလဲ။ ဘာလို့ ဒီလောက် ရဲတင်းရတာလဲ။ ဘာလို့လဲ၊ ဘာကြောင့်လဲလို့ တွေးတွေးပြီး ကျွန်မ မကျေ မနပ် ဖြစ်ရပါတော့သည်။

သူတို့ရဲ့ တက္ကသိုလ် ကျောင်းသားကျောင်းသူ ဘဝဆိုတာကို စဉ်းစား ကြည့်တော့လည်း၊ သူတို့ရဲ့ တက္ကသိုလ်ဆိုတာ မြို့စွန်မြို့ဖျား လယ်ကွင်းပြောင် ပြောင်၊ ကွင်းခေါင်ခေါင်မှာဆိုတော့ အိမ်ကနေ ကျောင်းကိုရောက်ဖို့ နှစ်နာ ရီလောက်စောပြီး ထွက်ကြရသည်။ အပြန်ကြတော့လည်း ကားပေါ်မှာ တစ် နာရီခွဲလောက် အချိန်ကုန်နေကြရတော့ အတန်းချိန်ပြီးတာ သုံးနာရီဆိုပေမယ့် အိမ်ကို ၅ နာရီကျော်မှပဲ ရောက်ကြရသည်။

ဤသို့ ကျောင်းသွား၊ ကျောင်းပြန် ကားပေါ် အချိန်ကုန်စွာ၊ ပျင်းရိဖွယ်ကောင်းစွာ ဒုက္ခရောက်ရသည်က နေ့စဉ်ဆိုတော့ သူတို့ခမျာ ပင်ပန်း နွမ်းလျကြပေမပေါ့။ စာသင်ခန်းထဲမှာလည်း တစ်နေ့ ၄ ချိန်၊ ၅ ချိန် အတန်းတက်ရလို့ ပင်ပန်းနွမ်းလျ၊ ကားပေါ်မှာလည်း ၃ နာရီ၊ ၄ နာရီ အချိန်ကုန်ကြရလို့ ပင်ပန်းနွမ်းလျဆိုတော့ သူတို့တစ်တွေ အပျင်းပြေ အဖော် ရှာပေမပေါ့။ အချိန်တွေကုန်ဖို့၊ အချိန်တွေဖြုန်းလို့ အဖော်ရှာပေမပေါ့။ ဒီလိုနဲ့ အဖော်နဲ့ လိုသည်ထက်ပိုပြီး ရင်းနှီးကျွမ်းဝင်သွားကြတယ်နဲ့ တူရဲ့။

ဒီလိုနဲ့ သမားရိုးကျ ဖြစ်စဉ်တစ်ခုလို မြင်သွားကြပြီး ရဲတင်းလာ ကြတာ ထင်ရဲ့။ ဒီလိုနဲ့ ရှက်စရာရယ်လို့ အသိမရှိတော့ဘဲ မြင်ကွင်းရိုင်းတွေ ဖန်တီးကြတာ ထင်ရဲ့။ ဒီလိုနဲ့ ··· ဒီလိုနဲ့ ··· ဒီလိုနဲ့ အပျံသင်စငှက်ကလေးတွေ

အတောင်ကျိုးကြရင် ခက်ရချည်ရဲ့။ ဒီလိုနဲ့ ကျွန်မရဲ့ အတွေးတွေက မဆုံးနိုင်လေတော့။

ဒီလိုနဲ့၊ ညနေဘက်တွေမှာ တက္ကသိုလ်ဘက်ဆီက လာမယ့် ဘတ်စ်ကားတွေကိုစီးရမှာ ကြောက်တဲ့ရောဂါက ကျွန်မမှာ စွဲကပ်လာလိုက်တာ ကြာကြာလှပေါ့။

*Popular News,*

*Oct , 2014.*

✧ ✧ ✧

## မေမေနှင့် အိမ်နီးချင်းစစ်ပွဲ

ကျွန်မငယ်ငယ်က စစ်တိုက်တမ်းကစားရသည်ကို နှစ်သက်သည်။ ကစားဖို့ လူစုပြီး ဘာတမ်းကစားရရင် ကောင်းမလဲဟု တိုင်ပင်ကြလျှင် ကျွန်မ အရင်ဦးဆုံး ဖြေတတ်သည်ကတော့ စစ်တိုက်တမ်းဟူ၍သာ။

ကျွန်မ မိန်းကလေးတန်မဲ့နှင့် ဘာကြောင့် စစ်တိုက်တာကို သဘောကျမှန်းမသိ။ မိန်းကလေးပီပီသသ ထုပ်စီးတိုးတမ်း၊ ဖန်ခုံတမ်း၊ ဇယ်တောက်တမ်း ကစားနည်းတွေထက် ယောကျ်ားလေးတွေလို စစ်တိုက်ရတာ၊ သောလုံးကန်ရတာကို သဘောကျသည်။ စစ်တိုက်တမ်း ကစားလျှင်လည်း ကျွန်မက ခေါင်းဆောင်ပဲ လုပ်ချင်သည်။ နောက်လိုက်မလုပ်ချင်၊ တိုက်ပွဲတစ်ပွဲကို ကိုယ်ကပဲ ပုံဖော်ဖန်တီးချင်သည်။

စစ်တိုက်တမ်းကစားကြလျှင် ပထမဆုံး ခေါင်းဆောင်နှစ်ယောက် ကျားဗိုလ်ဆွဲရသည်။ ရှုံးသည့်သူက လူဆိုးလုပ်ရသည်။ ပြီးလျှင် ကိုယ့်ဘက်က လူတွေကို ပုန်းခိုဖို့ နေရာတွေ ရှာပေးရတာပေါ့။ သေနတ်တွေကတော့ ငှက်ပျောလက်တွေကို သေနတ်ပုံထွင်းထားတဲ့ ဖေဖေ၏ လက်ရာမြောက် သေနတ်တွေနှင့်ပါ။ စစ်ကားတွေထဲကလို စစ်ဦးထုပ်မရှိကြတော့ ကိုယ့်မှာ ရှိသည့် ဦးထုပ်တွေကိုပဲ သရက်ကိုင်းတွေထိုးပြီး ဆောင်းထားကြသေးသည်။ သစ်ပင်ကြီးတွေနောက်မှာ ကွယ်လို့ တစ်မျိုး၊ ခြုံဖုတ်တွေထဲ တိုးလို့တိုး။ မြေပြင်မှာ ဝမ်းလျားမှောက်လိုမှောက်နဲ့ တစ်ကိုယ်လုံးကို ညစ်ပတ်ပေရေ နေတော့သည်။

ရန်သူ့ဘက်က တစ်ယောက်ကို မြင်လိုက်ပြီဆို၊ ဒိုင်းဒိုင်းဆိုပြီး နာမည်ကို အော်ခေါ်၊ နင်သေပြီလို့ ပြောလိုက်ရတာ သိပ်အရသာရှိလှသည်။

ညော်… စစ်၏ ခက်ထန် ကြမ်းတမ်းမှုတွေကို မသိ၊ စစ်၏ အန္တရာယ်တွေကို မသိသေးသော ကလေးငယ်တစ်ယောက်၏ ရူးသွပ်မှုဟာ အပြစ်ကင်းလို့ပါ။

အဲသည်လို နွေရာသီကျောင်းပိတ်ရက်ရှည်တွေမှာ ဟိုဘက်အိမ်က မောင်နှမတွေနှင့် ကလေးသဘာဝ စစ်တိုက်တမ်းကစားကြသည်မှာ ပျော်စရာကောင်းလှသည်။ သို့သော် တစ်ရက်မှာတော့ မေမေနှင့် ဟိုဘက်အိမ်က အန်တီမော်တို့ တကယ့်ရန်သူ(စစ်ပွဲ)တွေ ဖြစ်ခဲ့ကြပါသည်။ ဘာက ဘယ်လိုစပြီး ရန်ဖြစ်ကြသည်မသိ။ မေမေနှင့် အန်တီမော်တို့ စကားမပြောကြတော့။ လူကြီးချင်းရန်ဖြစ်ကြတော့ ကျွန်မတို့ ကလေးတွေက မြေဇာပင် ဖြစ်ရသည်။ မေမေက ရာဇသံပေးပြီ။ ဟိုဘက်အိမ်က မောင်နှမတွေနှင့် မခေါ်ရတဲ့၊ မဆော့ရတဲ့။ အန်တီမော်ကလည်း မေမေ့လိုပဲ သူ့သားသမီးတွေကို အမိန့်ထုတ်ထားသည်။ ဖေဖေနဲ့ အန်တီမော်အမျိုးသားလည်း မိန်းမချင်း မပြေလည်ကြတော့ ခပ်တန်းတန်းဖြစ်ကုန်ကာ တရင်းတနှီး မရှိကြတော့ဘဲ မေးထူးခေါ်ပြောအဆင့်လောက်ပဲ ဆက်ဆံကြတော့သည်။

အရင်က နှစ်အိမ်တစ်အိမ်လို နေလာခဲ့ကြသော အိမ်နှစ်အိမ်သည် စိမ်းစိမ်းကားကားဖြစ်ကြပြီ။ အရင်က သူ့ဟင်းကို ကိုယ်ယူ၊ ကိုယ့်ဟင်းကို သူ့ပေးနှင့်၊ မေမေ့ရဲ့ ဗူးပင်က ဗူးသီးနှင့် ဗူးရွက်တွေကို ဟိုဘက်အိမ်ကို ပေးနေကျ။ အန်တီမော်ရဲ့ ချဉ်ပေါင်ခင်းမှာလည်း ကျွန်မတို့ သွားခူးနေကျ။ သူတို့ခြံထဲက မာလကာပင်ပေါ် ကျွန်မတို့ တက်ခူးကြသလို ကျွန်မတို့ရဲ့ သရက်သီးတွေလည်း သူတို့လာခူးစားနေကျပါ။ တစ်အိမ်က မုန့်ဟင်းခါးချက်စားပြီဆို၊ တစ်အိမ်က မီးခိုးတိတ်၊ နှစ်အိမ်စာချက်ကြစမြဲပင်။ ညဘက်ခြေခင်းလက်ခင်းသာပြီဆို၊ ကျွန်မတို့ အိမ်ရှေ့က ကွပ်ပျစ်ကြီးပေါ်မှာ လူကြီးတွေရော၊ ကလေးတွေရော စုပြုံထိုင်လို့။ လူကြီးတွေ စကားပြောတာကို ကျွန်မတို့ ကလေးတွေက မောလို့ပေါ့။

အခုတော့ ကျွန်မတို့ ကလေးတွေလည်း ပျော်စရာ မကောင်းတော့။ လူကြီးတွေ မသိအောင် ခိုးကြောင်ခိုးဝှက် ဆက်ဆံကြရသည်။ ဟိုဘက်၊ ဒီဘက် ခြေဟန်လက်ဟန်တွေနှင့် စကားပြောကြရသည်။ ညညတွေ ဆို၊ နှစ်အိမ်စလုံးမှာ စာကျက်သံတွေကလွဲလို့ တိတ်ဆိတ်ခြောက်ကပ်လို့။

မေမေနှင့် အန်တီမော်တို့၏ တင်းမာမှုသည် ကျွန်မတို့ ကလေးတွေကြားဝင်ဖြေရှင်းပေးလို့လည်း မရ။ တစ်ယောက်ယောက်က အလျှော့ပေး

လိုက်မှ ပြေလည်ကြမှာ အမှန်ပင်။ နှစ်ယောက်စလုံးကတော့ အလျှော့မပေးဘဲ တင်းခံနေကြသည်။

တစ်ရက်မှာတော့ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ကျွန်မတို့၏ မြို့ကလေးသို့ လေဆင်နှာမောင်း တိုက်ခတ်ပါတော့သည်။ ဧရာဝတီမြစ်ကို မေးတင်ထားသော ကျွန်မတို့တတွေ၏ အိမ်တွေက အကာအကွယ်မဲ့သောကြောင့် လေပြင်းဒဏ်ကို ခံကြရသည်။ ညနေ ၄ နာရီကျော်ကတည်းက တိုက်ခတ်လာသော မုန်တိုင်းသည် ည ၇ နာရီကျော်သည်အထိ အရှိန်က လျော့မသွားဘဲ တိုးလို့သာ လာသည်။ သေးသေးပုပု ကျွန်မတို့၏ အိမ်ကလေးက သွပ်တစ်ချက် မလန်သေးပေမယ့် အိမ်ကြီးဖြစ်တဲ့ ဟိုဘက်အိမ်ကတော့ သွပ်တွေ လန်ကုန်၊ လွင့်ကုန်ပြီ။

ည ၈ နာရီလောက်အထိ မုန်တိုင်းက တဝုန်းဝုန်း တိုက်ခတ်နေဆဲ။ ဖေဖေလည်း မနေသာတော့ဘဲ ဟိုဘက်အိမ်ကို ကူးသွားတော့သည်။ မေမေလည်း ထီးလေးဆောင်းပြီး ဖေဖေ့နောက်က လိုက်သွားသည်။ ခဏအကြာမှာတော့ ဖေဖေနှင့် မေမေက ဟိုဘက်အိမ်က မိသားစုကို ခေါ်ချလာသည်။ သူတို့အိမ်က အမိုးအားလုံး လန်ကုန်ပြီး တစ်အိမ်လုံး ရွှဲရွှဲစိုနေပြီတဲ့။

ခုတော့ ကျွန်မတို့ရဲ့ အိမ်သေးသေးလေးမှာ မိသားစု နှစ်စု ရှိနေပါသည်။ အိမ်ထရံကို မိုးတွေ ပက်နေသောကြောင့် အိမ်ရဲ့ အလယ်ကောင်မှာ ကျွန်မတို့ ကလေးတွေ စုထိုင်ကြရသည်။ လူကြီးတွေက မုန်တိုင်းမစဲလို့ စိတ်ပူနေကြပေမယ့် ကျွန်မတို့ ကလေးတွေကတော့ ပျော်ကြသည်။ ခုမှ အတိုးချ စကားတွေ တွတ်ထိုးကြ၊ စကားလက်ဆုံကျရသည်ကိုး။

အိမ်ရဲ့ အပြင်ဘက်မှာတော့ မုန်တိုင်းက တဝုန်းဝုန်း၊ တဒိုင်းဒိုင်းနဲ့ တိုက်ခတ်ဆဲ၊ အားကောင်းမောင်းသန် မာန်ဖီနေဆဲ။ တစ်ချက်တစ်ချက်မှာ အိမ်ကလေးက ကျွတ်ထွက်သွားတော့ မတတ်၊ သိမ့်ခနဲ၊ သိမ့်ခနဲ။ အိမ်ထဲမှာတော့ ကျွန်မတို့ကလေးတွေက မေမေနှင့် အန်တီမော်တို့ ခွဲကျွေးသည့် ထမင်းကို စားရင်း၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးစိစိနှင့်။ ငါးပိရည်ချဉ်ပေါင်ဟင်းနှင့် ထမင်းကိုနယ်ကာ ခွဲကျွေးနေသော လက်များက လက်အံ့သေမတတ်။ ကျွန်မတို့ တတွေ ထမင်းစားကောင်းနေကြသည်မှာ၊ ဘဝမှာ အမြိန်ဆုံးသော ထမင်းတစ်နပ်ပင် ဆိုရလောက်သည်။

သြော်… တစ်ချိန်တုန်းက မေမေနှင့် အန်တီမော်တို့ လေဆင်နှာမောင်း မုန်တိုင်းကြောင့် ငြိမ်းချမ်းရေး ရခဲ့ကြသလိုမျိုး၊ အစိုးရနှင့် တိုင်းရင်းသား

လက်နက်ကိုင်တွေ ဘယ်လိုအကြောင်းတရားရဲ့ ဖန်တီးလှုံ့ဆော်မှုကြောင့် ငြိမ်းချမ်းရေးရမှာပါလဲနော်။

*Popular News,*
*Oct , 2014.*

✧ ✧ ✧

# အဖြစ်စားခေတ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဝန်ထမ်းတွေကို လစာတိုးပေးဖို့ အဆို ပြုတော့ လွှတ်တော်အမတ်များအားလုံးက တညီတညွတ်တည်း သဘောတူကြ ပါတယ်။ ဒီသတင်းက အများပြည်သူတွေအတွက် ဝမ်းသာရမလိုလိုနဲ့ ဝမ်းနည်းစရာ ကောင်းတဲ့ နောက်ဆက်တွဲ အကြောင်းအရာကို တွေးမိတော့ ဝမ်းသာမှုတွေက လမ်းခုလပ်မှာတင် ကြက်ပျောက်၊ ငှက်ပျောက်သလို ပျောက်ကုန်ကြပါတယ်။ ဘာလို့လဲဆိုတော့ ဝန်ထမ်းတွေ လစာတိုးတိုင်း အလိုအလျောက် အော်တိုမက်တစ်ကယ်လီးတက်တက်သွားတဲ့ ကုန်ဈေးနှုန်းက တက်ပြီး ပြန်မှမကျတာ။

၂၀၁၄ နှစ်စကနေ တစ်မိုးတွင်းလုံးမှာ တောင်ပျံ၊ ပေါ်ဆန်းဆန် တစ်ပြည်ကို ၁၂၀၀၊ ၁၃၀၀ ကျပ်ဈေးရှိသည်။ အခု အောက်တိုဘာ၊ နိုဝင် ဘာလများမှာတော့ တောင်ပျံ၊ ပေါ်ဆန်း ဆန်ဈေးက ၁၄၀၀၊ ၁၅၀၀ ဖြစ်သွား ပြီ။ ပဲဆီ တစ်ပိဿာ ၄၈၀၀ ကျပ် ကနေ ၅၁၀၀၊ ၅၂၀၀ ကျပ်ဖြစ်နေပြီ။ ဆန်နဲ့ဆီက မြန်မာလူမျိုးတွေရဲ့ နေ့စဉ်စားနေကြတဲ့ အစာအာဟာရဆိုတော့ တခြားအစားအစာတွေကို ချွေတာစားလို့ရပေမယ့် အခြေခံစားကုန်ဖြစ်တဲ့ ဆန်နဲ့ဆီကိုတော့ ချွေတာလို့ မရနိုင်ကြပါဘူး။ ဒီနှစ်မှာ မိုးကြီးလို့ စပါးတွေ ပျက်စီးကြတာနဲ့၊ ဝန်ထမ်းလစာတိုးမှာနဲ့ဆို၊ ၂၀၁၅ အလွန်မှာ ပေါ်ဆန်းတစ်ပြည် ၁၈၀၀၊ ၂၀၀၀ များ ဖြစ်ကုန်တော့မလားပဲ။ ပဲဆီတစ်ပိဿာ ၅၅၀၀၊ ၆၀၀၀ များ ဖြစ်ကုန်ကြတော့မလား။ တွေးကြည့်ရင် သွေးတောင် တိုးချင်လာပါပြီ။

ချွေတာစုဆောင်း သူဌေးလောင်းဆိုတဲ့ စကားက ဒီခေတ်မှာတော့ ခေတ်မမီ (up to date) မဖြစ်တော့ပါဘူး။ ချွေတာစုဆောင်းရုံနဲ့ သူဌေးလောင်း

မှ မဖြစ်ကြတော့တာ။ အစစအရာရာ ချွေချွေတာတာ စုဆောင်းနေရတာက မနက်ည ထမင်းနပ်မှန်ကြဖို့ပဲလေ။

တစ်နှစ်ထက် တစ်နှစ် ပြည်သူလူထုက ဆင်းရဲသထက် ဆင်းရဲနေကြတာ ဆင်းရဲတွင်းနက်နေကြတာ။ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းကလည်း အကြောင်းရင်းတစ်ရပ်ပါပဲ။ ကုန်ဈေးနှုန်းရဲ့ ဒဏ်ကြောင့် ပြည်သူတွေမှာ စားဖြစ်ရုံ(အဖြစ်စား) စားနေကြရတာ။ အာဟာရရှိတာ မရှိတာထက် ခန္ဓာကိုယ် ပြိုလဲမသွားရုံလေး စားနေကြရတာ။ လမ်းပေါ်မှာ သွားလာလှုပ်ရှားနေကြတဲ့ လူတွေရဲ့ မျက်နှာတွေ၊ ရုပ်လက္ခဏာတွေကို ကြည့်ရင် သိသာနေတာပဲလေ။

ဆူကြုံနိမ့်မြင့် ဘဝတွေက မြန်မာပြည်မှာ မိုးနဲ့မြေလို အကွာခြားကြီး ကွာခြားလွန်းလှပါတယ်။ မိုလ်ချုပ်ဟောင်းတစ်ဦး ပိုင်ဆိုင်တဲ့အိမ်ရဲ့ တစ်လ ငှားရမ်းခငွေက သိန်း ၈၀၀ကျော်ပါသတဲ့။ ကျွန်မတို့ရဲ့ သမ္မတကြီးကလည်း လယ်ဧက ၂၀၀ ကျော် ပိုင်ဆိုင်ပါသတဲ့။ သမ္မတကြီးက စိုက်ပျိုးရေးဝါသနာပါလို့ပဲလား၊ လယ်ရော စိုက်တတ်ပါ့မလား မသိ။

ပြည်သူတွေ အဖြစ်စားနေကြရတာ သိသာထင်ရှားတဲ့ နမူနာတစ်ခု ပြရမယ်ဆိုရင် တခြားမကြည့်နဲ့။ ဘောလုံးပွဲကိုပဲ ကြည့်ပေါ့။ တခြားနိုင်ငံက ဘောလုံးသမားတွေနဲ့ ကိုယ့်နိုင်ငံက ဘောလုံးသမားတွေရဲ့ ခန္ဓာကိုယ်အနေအထားက ကြောင်နဲ့ကြွက်လိုပဲ။ အဲဒါ မြန်မာတွေ ဝင်္ငလည်တာနေမှာ။ ရှေးရှေးက ကျွန်မတို့ရဲ့ဘိုးဘွားတွေက ဂျပန်တွေကို ငပုတွေလို့ ခေါ်ခဲ့ကြတာလေ။ အခု သူတို့ရဲ့ မျိုးဆက်တွေဖြစ်တဲ့ ကျွန်မတို့က ငပုတွေ ဖြစ်နေကြပြီ။ ဝင်္ငဆိုတာကလည်း အချိန်ကာလ ဘယ်လောက်ပဲကြာကြာ၊ မျိုးဆက် ဘယ်နှဆက်ပဲဖြစ်ဖြစ်၊ အရိပ်ပမာ နောက်ကနေ ထက်ကြပ်မကွာ လိုက်လည်တတ်တယ်နဲ့ တူပါရဲ့။

ကျွန်မတို့ မြန်မာတို့လူကောင်သေးကြတာလည်း မပြောနဲ့။ ကျွန်မတို့ ဆီမှာက ကြက်သား အစိတ်သား၊ သုံးဆယ်သားကို မိသားစု ၄ ယောက်၊ ၅ ယောက် မျှတပြီး စားကြရတာ။ သူများနိုင်ငံမှာက ကြက်သားအစိတ်သား က တစ်ယောက်စာပဲတဲ့။ အဲဒီတော့ ကျွန်မတို့တွေ ဘယ်မှာ လူကောင်ထွားပါ့မလဲ။ ပုပုသေးသေး၊ သွယ်သွယ်လျလျလေးက တစ်မျိုး၊ ချစ်စရာကောင်းတာပေါ့။ ရုပ်နုတာပေါ့ဆိုပြီး ကိုယ့်ဘာသာ ဖြေတွေးတွေးနေကြတာ။ ကိုယ့်ဘာသာ ဖြေဆေးကျွေးနေကြတာ ကမ္ဘာကသိရင် ရယ်ကြမှာ။

နိုင်ငံရဲ့ အရေးကိစ္စတော်တော်များများထဲက ပြည်သူလူထုရဲ့ သမုဒ္ဒရာ ဝမ်းတစ်ထွာ အရေးကလည်း ထိပ်တန်း အရေးကြီးတဲ့ အချက်ပါပဲ။ လွှတ်တော်

မှာ ဝန်ထမ်းတွေကို လစာတိုးဖို့ အဆိုပြုကြသလိုပဲ။ ကုန်ဈေးနှုန်းတွေ ကျဆင်းအောင်လည်း လှုံ့ဆော်ပေးကြရမှာပါ။ နိုင်ငံမှာ လွှတ်တော်အမတ်တွေ ၆၀၀ ကျော်ရှိတာ နည်းတာမှတ်လို့။ ဒီအမတ်တွေက ခေါင်းချင်းဆိုင်ပြီး ကုန်ဈေးနှုန်းကိစ္စ ထိန်းညှိနိုင်အောင် နည်းလမ်းရှာကြ၊ ဘာကြောင့်လဲ၊ ဘာအတွက်လဲ အဖြေရှာကြ၊ အရေးကြီးအဆိုတင်သွင်းကြ၊ အဖွဲ့တွေဖွဲ့ပြီး ဒေသတစ်ခုနဲ့ တစ်ခုအကြား ကွာဟမှုကို ကွင်းဆင်း စစ်ဆေးကြနဲ့ဆိုရင် ဒီလုပ်ရပ်က ပျော်စရာကြီးပါ။ ပြည်သူတွေကလည်း ပျော်လိုက်ကြမယ့် ဖြစ်ခြင်း။

ခုတော့ လစာ ၁ သိန်းရတုန်းကလည်း မလောက်၊ ၂ သိန်းရလည်း ဒီတိုင်း၊ ၃ သိန်းရလည်း ဒီလိုပဲ ဆိုရင်တော့ လစာတိုးတိုင်း ထူးမခြားနား ပတ်ပျိုးတစ်ပုဒ် ဆိုရမလားပဲ။

အခု အစိုးရက အရင်အစိုးရလို မတင်းမာရှာဘူး။ ဈေးသည်လိုပဲ အလျှော့အတင်း ရှိတယ်။ လျှော့တာတောင် တဖြည်းဖြည်းနဲ့ တစ်ရစ်ချင်း လျှော့တာ။ ၄ ပွင့်ဆိုင်ပါ ဆိုတော့ တွေးတွေးဆဆနဲ့ စဉ်းစားပြီး ၁၄ ပွင့်တဲ့။ နည်းနည်းလျှော့ပါဦးလို့ ထပ်တောင်းဆိုတော့ ၄ ပွင့်မရဘူး။ ၆ ပွင့်တဲ့။ သေချာတယ်။ နောက်ဆုံးမှာ မရောင်းချင် ရောင်းချင်ပုံစံနဲ့ ဝယ်သူကြိုက်ဈေးနဲ့ပဲ ရောင်းရမှာ။ ဘာဖြစ်လို့လဲဆိုတော့ Customer is right လေ။ ၆ ပွင့်ပဲဆိုင်ဆိုင်၊ ၄ ပွင့်ပဲဆိုင်ဆိုင်၊ အဓိကက မျက်နှာချင်းဆိုင်ကြဖို့ပါပဲ။ နှစ်ပေါင်းများစွာ ခံစားနေရတဲ့ ပြည်သူတွေရဲ့ ဒုက္ခတွေကို ကိုယ်ချင်းစာပြီး ဝိုင်းဝန်းအဖြေရှာဖို့ နိုင်ငံတိုးတက်ဖို့ မျက်နှာချင်းဆိုင်ရာမှာ အတ္တကိုယ်စီ ဘေးဖယ်ပြီး တွေ့ဆုံနိုင်ကြပါစေ။

ဆီဘန်းနီဆရာတော်ကတော့ မြန်မာတွေ နီးနီးကြားကြား မရှိကြရင်တော့ ဘုရားကြီးဘုရားကြားမှာ ခွက်ဆွဲပြီး တောင်းစားရရင်ဖြင့်၊ 'သေသော်မှ တည့်ခြေဘ်ကောင်း၏' တဲ့လေ။ ဩော်… ဆီဘန်းနီဆရာတော်နှယ်။ နောက်လာမယ့် မျိုးဆက်တွေအတွက် ကြိုတွက်ပြီး ပူပန်ပေးခဲ့သွားရှာလေတယ်။

***Popular News,***

***Dec, 2014.***

✧✧✧

## အော်ရဟာစ်ရတဲ့ ခေတ်ကြီးနဲ့ နည်းဗျူဟာ

ပူပြင်းလှတဲ့ နွေနေ့လည်ခင်းမှာ ခြံထဲဆင်းပြီး စာဖတ်နေတဲ့ ကျွန်မ၊ တူမနှစ်ယောက်ရဲ့ ပူညံ၊ ပူညံစကားသံတွေကြောင့် နားစွင့်နေလိုက်မိတယ်။

"နင့်ဖုန်းကို ခဏငှားတာ ပြန်ပေးမှာပေါ့။ ဘာလို့ အော်ကြီးဟစ်ကျယ် တောင်းနေရတာလဲ။ အေးအေးဆေးဆေးတောင်းပေါ့"

"အေးအေးဆေးဆေးတောင်းတာ ပေးမှမပေးတာ၊ အော်ဟစ် တောင်းရတာပေါ့"

"အော်ဟစ်တောင်းရအောင် နင်က လမ်းဘေးဈေးသည်လား၊ ငါး စိမ်းသည်လား"

"လမ်းဘေးဈေးသည်မှ အော်ဟစ်ရတာ မဟုတ်ဘူး၊ အခုခေတ်မှာ လူတိုင်း အော်ဟစ်နေရတာ၊ ခေတ်ကိုက အော်ရဟာစ်ရတဲ့ခေတ် ဖြစ်နေတာ မသိဘူးလား"

တူမငယ်ရဲ့ ချေပပြောလိုက်တဲ့ စကားကြောင့် ကျွန်မ သဘောကျစွာ ပြုံးလိုက်မိပါတယ်။ ဟုတ်ပ၊ မှန်ပ၊ ကျွန်မတို့ခေတ်ကိုက အော်ရဟာစ်ရတဲ့ ခေတ်ကြီးပဲနော်။ အမှန်တရားအတွက် လမ်းပေါ်ထွက် တောင်းဆိုတိုက်ပွဲ ဝင်ရတဲ့ ခေတ်ကြီး။

ကျွန်မတို့ လူဖြစ်လာတဲ့ခေတ်မှာ ၈၈ မှာ လမ်းပေါ်ထွက်ပြီး ဒီမို ကရေစီရဖို့ အော်ဟစ်တောင်းဆိုရတယ်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ အော်ဟစ်တောင်းဆိုရတယ်။ ၂၇ နှစ်ကြာသည့်တိုင်အောင် တောင်းဆိုမှုတွေက မရပ်နားနိုင်ကြသေး၊ ထပ်ခါထပ်ခါ တောင်းဆိုနေကြတုန်း၊ တောင်းဆိုမှု အသစ်အသစ်တွေ တောင်းဆိုနေရတုန်း။ လယ်သိမ်း၊ မြေသိမ်းတွေ ပြန်ပေးဖို့

တောင်းဆိုရတယ်။ အလုပ်သမားတွေ၊ လစာလုံလောက်ဖို့ တောင်းဆိုရတယ်။ ဧရာဝတီမြစ်ကြီး ကျွန်းမာဖို့၊ သံလွင်မြစ်ကြီး တသွင်သွင်စီးနိုင်ဖို့၊ တောင်တွေ ပျောက်မသွားဖို့ တောင်းဆိုရတယ်။ ကျောက်မီးသွေး စက်ရုံကြောင့် သဘာဝ ပတ်ဝန်းကျင် မထိခိုက်အောင် တောင်းဆိုကြရတယ်။ အခြေခံဥပဒေ ပြင်ဆင်ဖို့ တောင်းဆိုကြရတယ်။ ပညာရေးဥပဒေအတွက် တောင်းဆိုကြရတယ်။ ကျောင်းသားတွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုနေကြရတယ်။ လက်နက်မဲ့တဲ့ ပြည်သူတွေအတွက်တော့ တစ်ခုတည်းသော လက်နက်က၊ ညီညွတ်တဲ့ စိတ်အားတွေပါပဲ။

ညီညွတ်တဲ့စိတ်အားဆိုလို့၊ ငယ်ငယ်က မြန်မာဖတ်စာမှာ သင်ခဲ့ရတဲ့ သင်ခန်းစာလေးတစ်ပုဒ်က ခေါင်းထဲရောက်လာတယ်။ ကျွန်မတို့ ကလေးတွေကို ကောင်းကောင်းကြီး ဖမ်းစားနိုင်တဲ့ သင်ခန်းစာလေးပါ။ အဘိုးအိုက သား ၃ ယောက်ကို ထင်းတစ်ချောင်းစီ ချိုးတာ လွယ်ကူပြီး၊ ထင်းတစ်စီးကို ချိုးဖို့ကျ တော့ မလွယ်ကူပုံကို သင်ခန်းစာပေးသွားတာ။ ငယ်ရွယ်နုနယ်တဲ့ ကလေးငယ် တွေရဲ့ ဦးနှောက်ထဲမှာ သံမှိုစွဲသလို မှတ်မိနေကြတော့တာပါ။ တစ်ယောက်အား နှင့်ယှူသော်မရ၊ တစ်သောင်းအားနှင့် ယှူသော်ရ၏ ဆိုတဲ့ မက်ဆေ့ချ်ကို ရစေ တာပေါ့။ အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝတွေမှာလည်း စာစီတွေ ကုံးပြီး စုပေါင်းညီညာအောင်ကြောင်းဖြာ၊ စည်းလုံးခြင်းသည် ခွန်အား စတဲ့ ခေါင်းစဉ်တွေနဲ့ ကျွန်မတို့တွေ သူ့ထက်ငါအပြိုင် လက်ရည်တွေ သွေးခဲ့ကြတာ ပါပဲ။ စာစီစာကုံးအရေးကောင်းသူက မြန်မာစာမှာ ဂုဏ်ထူးရကြတာပေါ့။

ပညာတွေ တတ်မြောက်ပြီး လုပ်ငန်းခွင် ဝင်ကြတော့ အသက်တွေ ရလာကြတော့၊ လက်တွေ့လူမှုဘဝနယ်ပယ်ထဲမှာ ကျင်လည်ကြရတော့၊ ငယ်ငယ်က အရိုးစွဲခဲ့ရတဲ့ သင်ခန်းစာတွေက ငယ်ငယ်ဘဝတွေမှာပဲ ကျန်ရစ် ခဲ့ကြပြီးသား မသိတော့။ လူကြီးဘဝနယ်ပယ်မှာတော့ 'အစကောင်းပြီး အလယ်မှာကွဲ၊ အဆုံးမသေချာ' ဆိုတဲ့ အစဉ်အလာက ပုံသေနည်းတစ်ခုလို ဖြစ်နေတော့တာ အဖွဲ့အစည်း အသီးသီးမှာပါ။ စုပေါင်းညီညာအောင်ကြောင်း ဖြာဖို့ နေနေသာသာ၊ ထင်းအစည်းက ခဏခဏပြေပြေကျနေတာ။ စုလိုက်၊ စည်းလိုက်၊ ပြေကျလိုက်နဲ့ ထင်းချောင်းတွေက ဟိုတစ်ခု၊ ဒီတစ်ခု ပြန့်ကျဲလို့။ ခဏခဏချိုးဖဲ့ခံရလို့ ကျိုးကြေကုန်တဲ့ ထင်းစတွေလည်း မနည်းမနော။ မီးစာဖြစ်၊ ဖြစ်သွားတဲ့ ထင်းချောင်းတွေလည်း မနည်းမနောနဲ့ဆိုတော့၊ ထင်း တစ်စီးဖြစ်ဖို့က လုံးလည်ချာလည် လိုက်နေတော့တာပဲပေါ့။

နိုင်ငံရေးနယ်ပယ်မှာပဲဖြစ်ဖြစ်၊ စီးပွားရေးနယ်ပယ်မှာပဲဖြစ်ဖြစ် နည်းစနစ်ကောင်းတဲ့၊ ဗျူဟာလေးတွေ ရှိကြစမြဲပါ။ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ မော်စီတုန်းရဲ့ စစ်ရေးဗျူဟာကလည်း စိတ်ဝင်စားစရာပါပဲ။ သူ့ရဲ့ ဗျူဟာက

'ရန်တက်၊ ငါဆုတ်

ရန်နား၊ ငါရှုပ်

ရန်ပန်း၊ ငါတိုက်

ရန်ပြေး၊ ငါလိုက်' တဲ့။

ရန်သူက အင်အားအလုံးအရင်းနဲ့ တက်လာရင်၊ ကိုယ်က အင်အားနည်းနေရင် နောက်ဆုတ်ပါတဲ့။ ကိုယ်ဆုတ်လိုက်လို့ ရန်သူက နားနေပြီဆိုရင်တော့ ကိုယ်က ရန်သူကို နှောင့်ယှက်ပါတဲ့၊ ရက္ခာမီးရှို့တာတို့၊ လူခွဲပြီး ဟိုနေရာ၊ ဒီနေရာ ဗုံးကွဲပြီး ထွက်ပြေးတာတို့၊ ပြောက်ကျားစနစ်သုံးတာတို့ စသည်ဖြင့် ရန်သူကို အလုပ်ရှုပ်အောင် လုပ်ပေါ့။ ရန်သူက အလုပ်တွေရှုပ်ပြီး ပင်ပန်းလာပြီဆိုတော့မှ ကိုယ်က စတိုက်ပါတဲ့။ ရန်သူက မနိုင်တော့လို့ ပြေးပြီဆိုရင်တော့ အနောက်က ထပ်ချပ်မကွာ ရှံ့ရှံ့ချုံ့ချုံ့လိုက်တိုက်ပေါ့။ ရန်ပြေး ငါလိုက်ပေါ့။

ဒီဗျူဟာလေးက တိုက်ပွဲတစ်ပွဲကို အောင်နိုင်ဖို့၊ ရန်သူကို လှည့်စားရတဲ့ ကစားကွက်ကလေးပါ။ စစ်ရေးစစ်ရာမှာ သာမက၊ စီးပွားရေးနယ်ပယ်မှာပါ အသုံးတည့်တဲ့ ဗျူဟာပါပဲလို့ ကောက်ချက်ချမိပါတယ်။

ကျွန်မတို့ရဲ့ ဒီမိုကရေစီခရီးလမ်းကြီးက နှစ်ပေါင်း ၂၇ နှစ်သို့လည်း တိုင်ခဲ့ပါပြီ။ ဆက်လက်ပြီး ခေတ်မီတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို လျှောက်လှမ်းကြရဦးမှာပါ။ လမ်းခရီးတစ်လျှောက်မှာ ဆူးညှောင့်ခလုတ်တွေ၊ စိန်ခေါ်မှုတွေ၊ တိုက်ပွဲတွေနဲ့လည်း ကြုံကြရဦးမှာပါ။ အခက်အခဲ အတားအဆီးတွေကို ကျော်ဖြတ်ပြီး ဒီမိုကရေစီ ပန်းတိုက်ဆီကို အရောက်လှမ်းနိုင်ဖို့ ညီညာတဲ့ ခွန်အားတွေ၊ ညီညွတ်တဲ့ စိတ်အားတွေ လိုပါတယ်။ ထို့အတူပဲ လမ်းကြောင်းမှန်မှန်နဲ့ ခရီးအပေါက်မြန်ဖို့လည်း နည်းဗျူဟာတွေ လိုအပ်ပါတယ်။ ဗျူဟာကောင်းကောင်းနဲ့ နည်းမှန်လမ်းမှန်ကျင့်သုံးနိုင်ဖို့က တော့ ဉာဏ်မျက်စိကြီးကြီးနဲ့ စဉ်းစားဆုံးဖြတ်ကြရမှာပဲပေါ့။

*7 Day Daily, April , 2015.*

✧ ✧ ✧

# သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ

ရှေးရှေးက လူကြီးသူမတွေများ အမြော်အမြင် တယ်ရှိကြတာပဲ။ အနာဂတ်ကို ကြိုမြင်၊ ကြိုသိ၊ ကြိုတွေးတတ်ကြတာ။ အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်တွေကျနေတာပဲ။ သြော်… သူတို့တွေက ဘဝကို ရိုးရိုးသားသား၊ ဖြောင့်ဖြောင့်မတ်မတ်၊ တည်တည်ကြည်ကြည် နေလာခဲ့ကြပြီး သီလတွေ မြဲခဲ့ကြတဲ့သူတွေဆိုတော့ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသလို သူတို့ နှုတ်ဖျားက စကားတွေက အမှန်မေ္မသစ္စာကို ညွှန်းဆိုပြနေတာပဲ ကြည့်လေ။ သူတို့တွေကို ကန်တော့ရင် ကျွန်မတို့ မျိုးဆက်သစ်တွေကို ဆုပေးပုံက ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီးလို့ သက်ရှည်ပါစေအပြင် သွားလာသာလို့ လာလမ်းဖြောင့်ပါစေတဲ့။

သူတို့ကပဲ ကျွန်မတို့ရဲ့ ဒုက္ခတွေကို ကြိုသိလို့ ကြိုပူပန်ပြီး ဆုတွေ ပေးခဲ့လေသလားလို့ ထင်ရတယ်။ အခု ကျွန်မတို့ခေတ်၊ ကျွန်မတို့ဘဝမှာ ဘယ်မှာသွားလမ်းသာလို့ လာလမ်းဖြောင့်ခဲ့လို့လဲ။ တစ်နေ့တစ်ခြား ပိုလို့ဆိုးပြီး သွားလမ်းမသာ၊ လာလမ်းမဖြောင့် နေကြတာပဲလေ။

နယ်ဘက်တွေမှာထက် ရန်ကုန်မှာက လူတိုင်းလိုလို ဆင်းရဲချမ်းသာ မရွေး၊ ကားလမ်းပိတ်တဲ့ဒုက္ခကို ခံစားနေကြရတာကြာပါပြီ။ တစ်နေ့တစ်နေ့ ခန္ဓာ သည်းခံခြင်းတရားကို လက်ကိုင်ထားပြီး၊ နှလုံးသွင်းထားပြီး သွားလာ လှုပ်ရှားနေကြရတာပါ။ နိစ္စဓူဝ သည်းခံခြင်းတရားတွေက အချည်းနှီးမဖြစ်ဘဲ နောင်တစ်ချိန် တရားအားထုတ်တဲ့အချိန်မှာ မဂ်ပေါက်၊ ဖိုလ်ပေါက်ဖို့ အထောက် အပံ့ကောင်းတွေ ဖြစ်လာစေတာပဲလေလို့ အကောင်းမြင်ရှုထောင့်က ကြည့်ရင် တော့ ကားလမ်းကျပ်တာ ကျေးဇူးတင်ချင်စရာပေါ့။

ဘတ်စ်ကားပဲစီးစီး၊ ကိုယ်ပိုင်ကားပဲစီးစီး၊ လမ်းပေါ်မှာကားတန်းရှည်ကြီးတွေက တစ်မျှော်တစ်ခေါ်ဆိုတော့ လိုရာခရီးကို ဖြောင့်ဖြောင့်ဖြူးဖြူး သွားလို့မရကြဘဲ ကြန့်ကြာနေရတာ ထုံးစံလိုဖြစ်နေပါပြီ။ အထူးသဖြင့် မြို့တော်ရဲ့ အစွန်အဖျားမြို့သစ်တွေမှာ နေတဲ့သူအတွက်ကတော့ လမ်းခရီးသွားရတဲ့ဒုက္ခက အသွားဒုက္ခ၊ အပြန်ဒုက္ခတွေကို အစီအစဉ်တကျနဲ့ လှလှပပကြီးကို ခံစားနေကြရတော့တာပါပဲ။

မြောက်ဒဂုံ ကုန်ပဒေသာမှတ်တိုင်ကနေ ဘေလီတံတားကို ရောက်ဖို့ မှတ်တိုင်ရှစ်မှတ်တိုင်ရှိပါတယ်။ မနက်ပိုင်းတွေမှာ မှတ်တိုင်ရှစ်မှတ်တိုင်ကို သွားရတဲ့ခရီးက နာရီဝက်ကျော်ကြာတယ်ဆိုရင် ယုံကြပါ့မလား မသိဘူးနော်။ ရုံးချိန်မဟုတ်တော့တဲ့ နံနက် ၁၀ နာရီကစပြီးစီးရင်တောင် ဘေလီတံတားပေါ်ရောက်တော့ ၁၀ နာရီခွဲသွားပြီ။ ကုန်ပဒေသာမှတ်တိုင်ကနေ စီးလာပြီး ဆက်သွယ်ရေးမှတ်တိုင်မရောက်ခင်ကနေ ကားတန်းကြီးရှည်နေတာ ဘေလီတံတားအထိပါ။ ဘေလီကိုရောက်ဖို့ မှတ်တိုင်အတွင်းမှာကို ကားတွေက တရွေ့ရွေ့နဲ့ မရွေ့တရွေ့ ရွေ့နေကြရတာ စိတ်မရှည်ချင်စရာပါပဲ။ စပယ်ရာတွေခများလည်း မျက်နှာငယ်ကလေးတွေနဲ့ ကိုယ်ပိုင်ကားတွေ၊ တက္ကစီကားတွေကို တစ်စီးလောက်၊ တစ်ခြမ်းလောက်နဲ့ လမ်းတောင်းနေကြတာ သနားချင်စရာပါ။

နာရီဝက်ကြာသွားပြီး ဘေလီကိုရောက်သွားရင်တော့ ဆူးလေရောက်ဖို့ကို နောက်ထပ်တစ်နာရီလောက် စီးကြရဦးမှာပါ။ ခရီးသည်တွေကလည်း ကားပေါ်မှာကြာတာကို ဘာမှမဖြစ်ကြသလိုပဲ။ အေးအေးဆေးဆေး မျက်နှာပေးတွေနဲ့ပါ။ ကားပေါ်မှာကြာတာက နေ့တိုင်းလိုလို၊ အစဉ်အလာတစ်ခုလိုမို့ စိတ်တိုလို ဒေါသထွက်နေလည်း မောရုံပဲ။ အကုသိုလ်များရုံပဲဆိုတော့ ကားပေါ်မှာထိုင်နေရင်း တွေးချင်ရာတွေး၊ ငေးချင်ရာငေးပေါ့။ ကုသိုလ်ဆိုတာ ယူတတ်ရင်ရတာပဲဆိုပြီး ကားခေါင်းခန်းထဲက ဘုရားရုပ်ပွားတော်ကို ဖူးပြီး ဂုဏ်တော်ပွားတာ ဘယ်နှစ်ခေါက်၊ ဘယ်နှစ်ခါမှန်းတောင်မသိတော့။ တချို့လည်း ပဌာန်းစာအုပ်၊ ပရိတ်ကြီး ၁၁ သုတ်စာအုပ်လေးတွေ ဖွင့်ပြီး ရွတ်ဖတ်လို့။ တစ်ခါတလေလည်း လွယ်အိတ်ထဲက သတင်းစာတစ်စောင်ကိုထုတ်ပြီး ဖတ်ချင်ဖတ်ပေါ့။ လူငယ်အများစုကတော့ ခေါင်းလေးတွေငုံ့ပြီး ဖုန်းပွတ်နေကြတာ များတယ်။

ကားပေါ်ကိုရောက်တိုင်း လွန်ခဲ့တဲ့ ၂၅ နှစ်ကျော် ကာလတုန်းက ကျော်ကြားခဲ့တဲ့ ကိုခိုင်ထူးရဲ့ သီချင်းလေးတစ်ပုဒ်ကို အမြဲ သတိရမိတယ်။

*ကြာတာတွေရယ် များတယ်×××ကြာတတ်တာတွေ××× မကြာစေဖို့ရယ် ××× ကိုယ်လေ××× ဆုတွေတောင်းမယ်×××* ဆိုတဲ့ သီချင်းက ဒီခေတ်နဲ့ အံဝင်ခွင်ကျ ကွက်တိကို ဝင်နေတော့တာနော်။

အသွားမှာကြာသလို ညနေစောင်းအပြန်မှာလည်း ဘောလီတံတားမီးပွိုင့်မှာ ကြာနေတတ်တာ တမေ့တမော။ အပင်ပေါက်မတတ် အမြစ်တွယ်နေကြတာကလည်း ဟာသတစ်ပုဒ်လိုပဲ သဘောထားလိုက်မှ စိတ်ချမ်းမြေ့မှာပါ။ နို့မို့ဆို ပူလောင်နေရင် ကိုယ်ပဲထပ်ပြီးရှုံးတော့မှာလေ။ ဘောလီတံတားတစ်စင်းတည်းရှိတုန်းက ကြာလွန်းလို့ အခုနှစ်စင်းဖြစ်လာတော့လည်း ကားအရေအတွက်များလာတော့ ကြာတာပါပဲ။ ဘန်ကောက်မှာလို နှစ်ထပ်လမ်းတွေဆောက်မှပဲ မြောက်ဒဂုံမှာနေတဲ့သူတွေအတွက် အဆင်ပြေကြမလားပဲ။ ရန်ကုန်ရွှေမြို့တော်နဲ့မြောက်ဒဂုံကို ငမိုးရိပ်ချောင်းက ခြားထားတာဆိုတော့ မြို့ထဲသွားဖို့က ဘောလီတံတားကအခရာပါ။ ဘောလီမှာပိတ်နေရင် မြောက်ဥက္ကလာပ ဘက်ကလှည့်သွားချင်သွား (ဒါမဟုတ်) တောင်မြောက်လမ်းဆုံဘက်ကို ထွက်ချင်ထွက်။ ဇာတ်လမ်းက ကိန္နရီချောင်းခြားဇာတ်မဟုတ်ဘဲ ငမိုးရိပ်ချောင်းခြားဇာတ်ဖြစ်နေတော့တာ။

တကယ်တော့ မြောက်ဒဂုံက ရန်ကုန်မြို့ကြီးနဲ့ ဘာမှမဆိုင်ဘဲ သီးခြားကမ္ဘာလေးတစ်ခုလို တသီးတသန့်ဖြစ်နေတာပါ။ မြို့သစ်စပြီးတည်ကတည်းက မျက်နှာမွဲဆင်းရဲခဲ့တဲ့မြို့လေးပါ။ လမ်းတွေက ရွံ့ဗွက်တွေနဲ့ ညစ်ပတ်၊ ပူပြင်းတဲ့နေမှာ သစ်ပင်၊ သစ်ရိပ် မရှိ။ လူဦးရေနဲ့ ဘတ်စ်ကားက မမျှတ။ ဘတ်စ်ကားလာဖို့ တမေ့တမော မျှော်ကြရသလို ကားပေါ်ရောက်ဖို့ အသည်းအသန်လုတက်ရ၊ တိုးတက်ရ ဒုက္ခနဲ့ လုလှနဲ့ ညားကြတော့တာ။ ညဘက်မှာ ခြင်ကကိုက်၊ မီးကပြတ်၊ ရာဇဝတ်မှုတွေ ထူပြောလိုက်တာမှ သမီးရှင်တွေက ခေတ်မီးကိုယ်စီနဲ့ ကားဂိတ်တွေမှာ ထွက်စောင့်နေကြရတဲ့ခေတ်ပေါ့။ သတင်းစာထဲမှာ မီးဖြတ်မယ့်မြို့တွေ ကြေညာတိုင်း၊ မြောက်ဒဂုံက ထိပ်ဆုံးကပါနေကျ။ အမြဲလိုလို မီးပြတ်နေတဲ့ မြို့ကလေးပါ။

အခုတော့လည်း ဟိုတုန်းက မြောက်ဒဂုံလို မဟုတ်တော့။ ဘတ်စ်ကား လာဖို့ တမျှော်တခေါ် စောင့်စရာမလိုတော့။ ဘတ်စ်ကားတွေက ကိုယ့်ကိုစောင့်နေကြရပြီ။ လမ်းတွေကလည်း ကွန်ကရစ်လမ်းတွေနဲ့ သာသာယာယာဖြစ်လို့။ ဒါပေမဲ့ လမ်းကကျဉ်းတော့ ကားနှစ်စီး ယှဉ်မောင်းရင် အသက်ဝဝ မရှူရဲတဲ့ ဒုက္ခကတော့ ရှိပြန်သေးတယ်။ အခုထိ မပြောင်းလဲသေးတာကတော့

ခြင်ကိုက်တာ၊ မီးပြတ်တာ၊ မြောင်းရေလျှံတာတွေပေါ့။ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး အချက်အချာမကျလှတဲ့ မြို့စွန်လိုမြို့သစ်မှာ တည်းခိုခန်းတွေ ပေါများလွန်းတာကလည်း အံ့သြစရာပါပဲ။ ဘယ်လိုလူတွေက ဘာလာလုပ်ပြီး တည်းခိုနေကြသလဲတော့ မသိဘူးပေါ့။

အခုတော့ မြောက်ဒဂုံက လိုချင်တာအကုန် ရနိုင်တဲ့ မြို့ထဲစတိုင်လို ဖြစ်နေပါပြီ။ ကားလမ်းမဘေး မြေကွက်ဈေးတွေက ခေါင်ခိုက်နေကြပြီး မြောက်ဒဂုံမှာ အလုပ်အဖြစ်ဆုံး လုပ်ငန်းကို ပြောပါဆိုရင် အိမ်ခြံမြေ အကျိုး ဆောင်လုပ်ငန်းလို့ပဲ ဆိုရတော့မှာပါ။ ပွဲစားတွေ အလုပ်ဖြစ်ကြတဲ့ မြို့ပေါ့။ နေတတ်ရင် ကျေနပ်စရာပါဆိုပေမယ့် သွားလမ်းမသာလို့ လာလမ်းမဖြောင့် ကြတာချင်းအတူတူ မြို့စွန်မှာနေတဲ့သူတွေက အမြဲတစ်မူးဖိုး ပိုရှုနေရသလို ပါပဲ။

အခုလို ရန်ကုန်မြို့ကြီးမှာ သွားလမ်းမသာ လာလမ်းမဖြောင့် ဘဝ တွေနဲ့ လူလားမြောက်နေကြရတာ ရှေးရှေးက အဘိုး၊ အဘွားတွေသာ သိကြရင်တော့ ဝဋ်နာကံနာတွေပဲ ဆိုလေဦးမလားမသိနော်။ ။

*7 Day Daily,*

*May , 2015.*

✧ ✧ ✧

# စကားပြောသော ထမင်းချိုင့်များ

အစားအသောက် စားသောက်ပုံတွေနဲ့ ပတ်သက်ရင် အင်္ဂလိပ်သူမျိုးတွေရဲ့ အယူအဆလေးတစ်ခုကို သဘောကျမိတယ်။ နံနက်စာကို မင်းညီမင်းသားတွေလို စားပါ။ နေ့လယ်စာကို ဘုရင်ကြီးလို စားပါ။ ညစာကိုတော့ သူဖုန်းစားလို စားပါတဲ့။

နံနက်ခင်းမှာ တစ်ညလုံး အစာအိမ်က နားနေရတဲ့အတွက် ဟာနေတဲ့ ဝမ်းဗိုက်ကို ပြန်ဖြည့်ဖို့ အာဟာရကို ဖွယ်ဖွယ်ရာရာ စားသောက်ဖို့ လိုပါတယ်။ နေ့လည်စာကိုလည်း ခန္ဓာကိုယ်လှုပ်ရှားသွားလာလည်ပတ်လို့ ကယ်လိုရီတွေ လောင်ကျွမ်းမှုကို ပြန်လည်ဖြည့်တင်းဖို့အတွက် ကောင်းကောင်းနဲ့ များများ စားကြရမှာပါ။

ရှင်ဘုရင်ကြီးတွေ ဟင်းပွဲပေါင်း အမျိုးစုံနဲ့ စားကြသလို စားရမှာကို တင်စားပြီး ပြောတာပါ။ ညစာကိုတော့ လျှော့စားရပါမယ်။ ညစာဟာ အိပ်တဲ့အချိန်နဲ့ နီးကပ်နေတဲ့အတွက် များများစားလို့ မသင့်တော်ပါဘူး။ ဒါကြောင့် သူတောင်းစားလို နည်းနည်းပဲ စားဖြစ်ရုံစားကြရမှာပါလို့ ဆိုလိုတာပါ။

ဒါကြောင့် သူတို့တွေရဲ့ နံနက်စာ (Breakfast)ဟာ ဖွယ်ဖွယ်ရာရာပါပဲ။ ကော်ဖီ၊ ပေါင်မုန့်ကြက်ဥကြော်၊ ကြက်အူချောင်း အပြင် အသီးဖျော်ရည်ဂျူးစ်တစ်မျိုးမျိုးလည်း ပါသေးရဲ့။ ကျွန်မတို့ မြန်မာလူမျိုး အများစု စားနေကြတဲ့ နံနက်စာကတော့ ဖွယ်ဖွယ်ရာရာမရှိ၊ ရွေးချယ်စရာမရှိ၊ တစ်မျိုးတည်းသာ ဖြစ်တတ်ပါတယ်။ ပဲပြုတ်ထမင်းကြော်နဲ့ ကော်ဖီ၊ ဒါမှမဟုတ် လက်ဖက်ရည်နဲ့ အီကြာကွေး၊ ဒါမှမဟုတ် မုန့်ဟင်းခါးပေါ့။

မုန့်ဟင်းခါးတစ်ပွဲ စားပြီးရင် လက်ဖက်ရည်နဲ့ အီကြာကွေးကို ထပ်ဆွဲဖို့က အတော်စဉ်းစားကြရတာပါ။ မုန့်ဟင်းခါးက ၃၀၀၊ လက်ဖက်ရည်နဲ့ အီကြာကွေးက ၄၀၀ ဆိုတော့ ကိုယ်တစ်ယောက်တည်း တစ်မနက်ခင်း စားတာတင် ၇၀၀ ဖြစ်နေပြီ။ ကိုယ့်မိသားစုကလည်း ရှိသေးတယ်။ နေ့လယ်စာ၊ ညစာကိစ္စတွေလည်း ရှိသေးတော့ နံနက်စာကို နှစ်မျိုး၊ သုံးမျိုးစားဖို့က အတော် ခဲခဲယဉ်းယဉ်းပေါ့။

အလုပ်သွားဖို့ ကားစီးတော့လည်း ၁၀၀ ပေးရတဲ့ လမ်းက ရှားသွားပြီ။ ဘယ်စီးစီး ၂၀၀ ကားတွေနဲ့ပဲ နှစ်ပါးသွားနေရတော့ တစ်နေ့ လမ်းစရိတ်က အသွားအပြန် အနည်းဆုံး ၄၀၀ နဲ့ ၆၀၀ကြားမှာ ကုန်ပါတယ်။ ဒီတော့ ဘယ်လိုပဲ ချွေတာ၊ ချွေတာ နံနက်စာနဲ့ လမ်းစရိတ် ၁၀၀၀ ကုန်နေပါပြီ။ နေ့လည်စာ၊ ညစာအပြင် အလုပ်သမားတစ်ယောက်အတွက် အထွေထွေ ကုန်ကျစရိတ်တွေက ရှိပါသေးတယ်။ ထီး၊ ဖိနပ်၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ ဘုရားပန်း၊ မီးတာခ၊ ရေခ၊ အဆောင်လခ၊ သနပ်ခါး၊ ချွေးနံ့ ပျောက်ဆေး၊ လိုရှင်းဘူး၊ ခေါင်းလျှော်ရည်၊ ဖုန်းကတ်စတဲ့ မသုံးမဖြစ် သုံးကြရတဲ့ အခြေခံကိစ္စတွေအပြင် ကျန်းမာရေးကိစ္စ၊ သာရေးနာရေးကိစ္စ တွေကလည်း ရှောင်လွှဲလို့ မရကြပါဘူး။

လွန်ခဲ့သော နှစ် ၄၀ လောက်က ဆိပ်ကမ်းမှာ ကုန်တင် ကုန်ချ အလုပ်သမားတစ်ယောက်ရဲ့ နေ့လယ်စာ ထမင်းချိုင့် (ဟန်းကောချိုင့်)ထဲမှာ ဟင်းပါပါတယ်။ ပဲကတ္တီပါပြုတ်ကို ကြက်သွန်နီနိုင်းချင်း၊ ပဲဆီရွှဲရွဲ (ထိုစဉ်က စားအုန်းဆီ မရှိသေး) ဆမ်းပြီး သုပ်ထားတဲ့ ဟင်းတစ်ခွက်၊ ငါးပိရည်ကို ပုဇွန်ခြောက်မှုန့်၊ ငရုတ်သီးမှုန့်များများနဲ့ ပျစ်ပျစ်လုပ်ထားတဲ့ ဘူးလေးကလည်း ထမင်းထဲမှာ မြုပ်လို့။ ထိကရုန်းလို ခရမ်းကစော့သီးပြုတ်လို တို့စရာ နှစ်မျိုး လောက်လည်းပါသေး။ ဗိုက်ဆာဆာနဲ့ ဇန်ဒါပင်ရိပ်အောက်မှာ ထိုင်ပြီး ထမင်း စားနေတဲ့ပုံက အားရစရာ။

လွန်ခဲ့တဲ့ ၂၀၀၈ ခုနှစ်၊ သဃ်ာန်းကျွန်းစံပြဈေးကြီးမှာ ကုန်တင်ကုန်ချ အလုပ်သမားတစ်ယောက်ရဲ့ ထမင်းချိုင့်က စတီးချိုင့်(စတီးရည်သုတ်ထားတဲ့ ဒန်ချိုင့်)နှစ်ဆင့်ချိုင့်။ တစ်ဆင့်မှာ ထမင်း၊ နောက်တစ်ဆင့်မှာ ဟင်းမပါ၊ ဗလာ။ ဈေးထိပ်က ကြာဇံသုပ်တစ်ပွဲ ၁၀၀ လို့ အော်ရောင်းနေတဲ့ဆိုင်မှာ ဝင်ထိုင်ပြီး၊ ကြာဇံသုပ်တစ်ပွဲကိုမှာပြီး ထမင်းနဲ့ စားနေတယ်။ လက်ဖက်ရည် အောက်ခံပန်းကန်ပြားသာသာ အရွယ်လောက်ရှိတဲ့ ကော်ပုဂံပြားထဲက ကြာဇံ

ဖတ်တွေကို တစ်ဇွန်းစားလိုက်၊ ချိုင့်ထဲက ထမင်းကို သုံးဇွန်း၊ လေးဇွန်း စားလိုက်၊ ရေနွေးကြမ်းလေး သောက်လိုက်ပေါ့။ ပန်းကန်ပြားထဲက ကြာဇံဖတ်တွေက ငါးဇွန်း၊ ခြောက်ဇွန်းလောက် ခပ်လိုက်ရင် ကုန်သွားမှာဆိုတော့ ထမင်းနဲ့ အံကိုက်ဖြစ်အောင် ကြာဇံဖတ်တွေကို ချွေတာပြီး စားနေရတဲ့အဖြစ်ကို ကြည့်ပြီး ကျွန်မ မျက်ရည်မခိုင်နိုင်တော့။

ဒီနှစ်နွေက မိုးလင်းတာနဲ့ ပူတာဆိုတော့ ဈေးကို စောစောသွားဖြစ်တယ်။ မနက် ခြောက်နာရီခွဲဆို ကျွန်မ ဈေးထိပ်ရောက်နေပြီ။ ဝယ်နေကျ ပဲပြုတ်သည်ဆီမှာ ပဲပြုတ်ဝယ်နေတုန်း။ ဘေးနားက ကြာဇံသုပ်၊ ခေါက်ဆွဲသုပ်ဆိုင်မှာ စက်မှုဇုန်က အလုပ်သမားတစ်ယောက်က အသုပ်ဝယ်ပြီး ထမင်းချိုင့်ထဲကို ထည့်နေတယ်။ ချိုင့်ထဲမှာ ထမင်းပဲ ပါတယ်။ ဟင်းမပါ။

အခုခေတ် စက်ရုံအလုပ်သမားတွေက မနက်စောစော အလုပ်ဆင်းကြရတော့ အချိန်မရကြ၊ ညပြန်ရောက်တော့လည်း မိုးချုပ်ဆိုတော့ သူတို့ရဲ့ ထမင်းချိုင့်တွေမှာ ဟင်းဟူ၍ မည်ကာမတ္တ၊ အထူးတလည် မလုပ်ဖြစ်ကြတော့၊ ဟုတ်တိပက်တိ မရှိကြတော့။ ဒီလိုပဲ နေ့လည်စာကို အကြော်နဲ့၊ အသုပ်နဲ့၊ မုန့်ဟင်းခါးနဲ့ ဖြစ်သလို နှစ်ပါးသွားနေကြတာ။ အဖြစ်စားနေကြတာ။ ရာသီတွေသာ ပြောင်းသွားတယ်။ သူတို့ရဲ့ ဟင်းပုံစံတွေကတော့ မပြောင်းမလဲ၊ ထိုနည်း လည်းကောင်းတွေပါပဲ။

ဝက်သားက တစ်ဆယ်သား ၈၀၀၊ ကြက်သားက ၇၀၀၊ ငါးကြင်းက ဆယ့်ငါးကျပ်သား ၁၀၀၀၊ ငါးဖယ်ခြစ်က ၁၅၀၀ ဈေး၊ ငါးမြစ်ချင်း တစ်ကောင် ၁၂၀၀၊ ၁၅၀၀ ဆိုတော့ တစ်နေကုန်အလုပ်လုပ်လို့ လောင်ကျွမ်းနေတဲ့ ကယ်လိုရီတွေကို ဖြည့်တင်းဖို့က ကြက်ဥ၊ ဘဲဥ၊ ကန်စွန်းရွက်ဖြစ်ဖို့က ပိုပြီး နီးစပ်တာပေါ့။

ဒီတော့ နေ့တဂူဝ(နိစ္စဂူဝ) ကြက်ဥ၊ ဘဲဥဆိုရင်လည်း ငြီးငွေ့စရာပဲပေါ့။ ချဉ်ချဉ်စပ်စပ် အသုပ်တစ်မျိုး၊ မုန့်ဟင်းခါးတစ်မျိုး၊ လက်ဖက်သုပ် တစ်မျိုးနဲ့ ဖြစ်သလို ချဉ်ခြင်းတပ်နေကြရတာ။ လျှာအလိုကို လိုက်နေကြရတာ ဖြစ်သလိုနဲ့ နေသားကျနေရတဲ့ဘဝတွေပါ။

'ဖြစ်သလို'ဆိုတဲ့ စကားလုံးနဲ့ အမြဲရင်းနှီးကျွမ်းဝင်လွန်းရတဲ့ မြန်မာနိုင်ငံက အခြေခံအလုပ်သမား လူအများစုအတွက်တော့ မင်းညီမင်းသားတွေလို၊ ရှင်ဘုရင်တွေလို စားကောင်းသောက်ဖွယ်၊ ဖွယ်ဖွယ်ရာရာ စားရဖို့မဆိုထားနှင့် နေ့လည်စာနဲ့ ညစာအတွက် ဟင်းရယ်လို့ မည်ကာမတ္တ၊ ဟင်း

ကောင်းတစ်ခွက်စားရဖို့ အရေးကိုပဲ ဆန္ဒပြရ တောင်းဆိုနေရ၊ ငြင်းရခုန်ရ၊ တွေ့ဆုံဆွေးနွေးရ၊ ညှိနှိုင်းတိုင်ပင်ရနဲ့ ချီတုံချတုံ ဖြစ်နေကြရတုန်းပါ။

ခေတ်တိုင်း၊ ခေတ်တိုင်းမှာတော့ အခြေခံအလုပ်သမားတွေရဲ့ ထမင်းချိုင့်လေးတွေက၊ သူတို့ရဲ့ ခေတ်အခြေအနေတွေကို ပြောပြနေတာပဲလေ။

*မြန်မာတိုင်းစ်၊ မေ၊ ၂၀၁၅။*

✧ ✧ ✧

# ဝါးလုံးခေါင်းထဲမှာ သာတဲ့လ

အမည်ကလေးက Sunrise Ruby တဲ့။ မြန်မာ့ပတ္တမြားလက်စွပ် တစ်ကွင်းရဲ့ အမည်နာမကလေးပေါ့။ ဒီလက်စွပ်ကလေးက ကမ္ဘာ့စံချိန်တင် ဈေး ဒေါ်လာသန်း ၃၀ ကျော် (ဒေါ်လာ ၃၀ ဒဿမ ၃၃သန်း) နှင့် ရောင်းချလိုက်ရသတဲ့။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ကျောက်မျက်ဈေးကွက် မှာတော့ မဟုတ်ပါဘူး။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ လေလံတင်ရောင်းချ ခဲ့တဲ့ နိုင်ငံခြားသားပိုင်ပစ္စည်းပါ။ ပြင်သစ်ဘုရင် နပိုလီယံ၏ တူတော်စပ်သူ ပိုင်ဆိုင်ခဲ့တာလို့ ယုံကြည်ပါတယ်တဲ့။

ဒီလိုဆိုတော့လည်း ကျွန်မတို့ မြန်မာမြေက ပတ္တမြားအတွက် ဂုဏ်ယူ စရာကြီးပေါ့။ ကျွန်မတို့လို ဆင်းရဲတဲ့ အစစအရာရာ နောက်ကျကျန်ရစ်ခဲ့တဲ့ နိုင်ငံက ကမ္ဘာမှာ အကောင်းဆုံး၊ အရည်အသွေး အမီဆုံး၊ တန်ဖိုးအရှိဆုံး၊ အရှားပါးဆုံး၊ ပတ္တမြားကြီး ထွက်ရှိခဲ့တဲ့ မြေဆိုတော့လေ။

ကျွန်မတို့နိုင်ငံက ဘယ်နိုင်ငံမှ မတူအောင် သယံဇာတ ချမ်းသာ ကြွယ်ဝလွန်းတဲ့ နိုင်ငံပါ။ ကျွန်မတို့နိုင်ငံက ထွက်ရှိတဲ့ သယံဇာတတွေဆိုတာ လက်ညှိုးထိုးမလွဲနိုင်အောင် များပြားလွန်းခဲ့တာပါ။ ဒါကြောင့်လည်း နိုင်ငံက ဆင်းရဲရတာလို့ တစ်ကမ္ဘာလုံးက လက်ညှိုးထိုး ဝိုင်းပြောနေကြတာကို ဘယ်သူမှ ငြင်းလို့မရကြပါဘူး။ ကမ္ဘာမှာ ကျွန်မတို့လိုပဲ သယံဇာတကြွယ်ဝတဲ့ နိုင်ငံတွေက ဆင်းရဲနေကြတာပဲလေ။

နိုင်ငံက ဆင်းရဲတော့ ဖွံ့ဖြိုးတိုးတက်မှုမရှိတော့ အလုပ်အကိုင်အခွင့် အလမ်းက ရှားပါး၊ အလုပ်လက်မဲ့နှုန်းက များပြား၊ စားမှု၊ နေမှုဒုက္ခများ၊ မနက် ည ထမင်းနပ်မှန်ဖို့အရေးကိုပဲ တွေးတွေးနေရ၊ အပြေးအလွှား၊ စဉ်းစား

လှုပ်ရှားနေရတော့ စိတ်ကူးဉာဏ်ကွန့်မြူးဖို့ အချိန်မရကြ၊ တီထွင်ဖန်တီးမှုပြုဖို့ စဉ်းစားခွင့်မရကြနဲ့၊ လကမ္ဘာကို တက်ဖို့ နေနေသာသာ လူကိုလူချင်းစီးနင်းတဲ့ ယာဉ်ကိုတောင် အလုအယက် တက်နင်းနေကြရတာ အိုးနင်းခွက်နင်းပါ။

ဘဝတိုးတက်ချင်တဲ့ လူငယ်၊ လူရွယ်တွေက ကျေးလက်မှာ ဆင်းဆင်းရဲရဲ မနေချင်ကြတော့။ ဘဝအနာဂတ်အတွက် အိပ်မက်တွေမက်ကြပြီ။ လူတန်းစေ့နေရဖို့၊ အိမ်ဝိုင်းကလေးဝယ်ဖို့၊ လုပ်ငန်းထူထောင်ဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ အရွယ်ရောက်ပြီဆိုတာနဲ့ နိုင်ငံခြားထွက်ဖို့ပြင်ကြပြီ။ အိုးပစ်၊ အိမ်ပစ်၊ မိသားစုနဲ့ခွာကြပြီ။ ရွာတွေမှာ လယ်ယာလုပ်ငန်းခွင်ဝင်ဖို့ လုပ်သားတွေရှားပါးကုန်ပြီ။ ရွာတိုင်း ရွာတိုင်းမှာ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေသာ အများစုရှိကြတော့တယ်။ လုလင်ပျို၊ လုံမပျိုတို့က တစ်ခါမှ မရောက်ဖူးတဲ့ ရန်ကုန်ကိုတက် ဆေးစစ်ကြ passport ရုံးသွားကြ၊ စင်ကာပူ၊ မလေးရှားထွက်ဖို့ပြင်ကြ၊ ရွာမှာ ဆိုင်ကယ်တောင် ရဲရဲမစီးရဲခဲ့တဲ့ ရွာသူတွေလည်း လေယာဉ်ပျံကြီးတွေ စီးဝံ့ခဲ့ကြပြီ။

ဒီလိုနဲ့ပဲ ကျွန်မတို့ဆီက အလုပ်လုပ်နိုင်တဲ့ အရွယ်ကောင်းတွေ၊ ပညာတတ်တွေရော၊ ပညာမတတ်သူတွေရော သူများနိုင်ငံမှာ သူများတွေမလုပ်ချင်တဲ့အလုပ်တွေ၊ မလုပ်နိုင်တဲ့အလုပ်တွေကို ပင်ပင်ပန်းပန်း လုပ်ကိုင်နေကြရတာ အတော်ကြာပါပြီ။ တချို့လည်း အဆင်ပြေ၊ တချို့လည်း အဆင်မပြေ ဘဝတွေပျက်နဲ့ စွန့်စားပြီး သူများနိုင်ငံမှာ အလုပ်လုပ်နေကြရတာ ငွေကြေးကြောင့်ပါ။ နိုင်ငံအတွက်ကတော့ လူသားအရင်းအမြစ်တွေ ဆုံးရှုံးခဲ့ကြရတာပေါ့။

ကမ္ဘာ့ဘဏ်အဖွဲ့ကြီးရဲ့ ဖွံ့ဖြိုးရေးအစီရင်ခံစာက "ယနေ့ကမ္ဘာတွင် လူဦးရေ သန်းခြောက်ထောင်ကျော် ရှိသည့်အနက် သန်း ၁၅၀၀ ခန့်မှာ အသက် ၁၂ နှစ်နှင့် ၂၄ နှစ်ကြား လူငယ်လူရွယ်များဖြစ်ကြပြီး ၄င်းတို့ထဲမှ သန်း ၁၃၀၀ မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မှီတင်းနေထိုင်ကြသူများဖြစ်သည်။ ဆင်းရဲသားများအတွက် လုပ်အားသည်သာ တစ်ခုတည်းသောနှင့် အဓိကအကျဆုံးအက်ဆေးဖြစ်လေရာ အဆိုပါလုပ်အားကို ကုန်ထုတ်သတ္တိမြင့်မားလာအောင် ဖန်တီးပေးခြင်းသည်ပင် ဆင်းရဲမှုလျှော့ချရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးသော စိန်ခေါ်ချက်တစ်ရပ်မှာ တိုးပွားလာသော လူငယ်လူရွယ်များအတွက် အလုပ်အကိုင်

သစ်များ ဖန်တီးပေးနိုင်ရေးပင်ဖြစ်သည်။ လူငယ်လူရွယ်များကာလတာရှည် အလုပ်အကိုင်မရှိဖြစ်နေသည်မှာ စီးပွားရေးတိုးတက်မှုကို ထိခိုက်စေရုံမျှသာမက လူမှုရေး၊ နိုင်ငံရေးမတည်ငြိမ်မှုများကို လက်ယပ်ခေါ်သလိုလည်း ဖြစ်သည်။ လူငယ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည်ပင် လူ့အဖွဲ့အစည်းတိုင်းအတွက် အနာဂတ်အာမခံချက်' ဟု ဆိုထားပါသည်။ လူငယ်ဆိုတာ နိုင်ငံရဲ့ အားတွေပဲလို့ပြောချင်တာပါ။

ဒီတစ်လအတွင်းမှာပဲ မြန်မာလုပ်သားတွေအတွက် စိတ်မကောင်းစရာသတင်းတွေက ဆက်တိုက်ဆိုသလို ဖတ်နေရပါတော့တယ်။ အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းစုများမှာ မြန်မာရေလုပ်သား ၅၀၀ ကျော် ကျွန်ပြုစေခိုင်းခံရတဲ့ သတင်း၊ ပင်ပင်ပန်းပန်းလုပ်ရ၊ လစာလည်းမရ၊ ထွက်ပြေးလို့လည်းမရ၊ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်တဲ့သူတွေတောင် ရှိတယ်လို့ သိရပါတယ်။ အေပီသတင်းဌာနရဲ့ကောင်းမှုကြောင့် သူတို့တွေကို ကယ်ထုတ်နိုင်ခဲ့ပါပြီ။ နောက်သတင်းတစ်ခုက ထိုင်းနိုင်ငံ မဟာချိုင်မြို့နယ်က ပုဇွန်အခွံခွာတဲ့ အလုပ်ရုံမှာ လူကုန်ကူးခံရပြီး သုံးနှစ်ခန့်အကြာ ပိတ်လှောင်ထားကာ အလုပ်စေခိုင်း ခံရတဲ့ မြန်မာလုပ်သား လေးဆယ်ကျော်သတင်း၊ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများအဖွဲ့ (MAI) နှင့် ထိုင်းရဲတပ်ဖွဲ့တို့ ကယ်ထုတ်နိုင်ခဲ့တယ်တဲ့။

နောက်ထပ်သတင်းတစ်ပုဒ်ကလည်း စိတ်မချမ်းသာစရာ။ မြန်မာရေလုပ်သား ၇၄ ဦးကို လူကုန်ကူး၍ တောတွင်းတစ်နေရာတွင် ပစ်ထားပြီး အမျိုးသမီး လေးဦးကို အဓမ္မပြုကျင့်၊ ရုပ်ရည်ချောမောသော မြန်မာအမျိုးသမီးတစ်ဦးကို ခေါ်ဆောင်သွားသတဲ့။ လောလောဆယ်မှာတော့ လူကုန်ကူးခံရတဲ့ မြန်မာရေလုပ်သား ၇၄ ဦးကို ထိုင်းရဲက ဖမ်းဆီးလိုက်ပါပြီ။

ကျွန်မတို့ မြန်မာလုပ်သားတွေ တိုင်းတစ်ပါးမှာ ကျွန်ပြုခံရ၊ လူကုန်ကူးခံရ၊ အလိုမတူပဲ ရောင်းစားခံရနဲ့ ဘယ်လောက်များများ တိုင်းတစ်ပါးမှာ ဒုက္ခရောက်နေကြသလဲဆိုတာ မသိနိုင်ပါဘူး။ အခုလိုမျိုး လူမသိ သူမသိ ဒုက္ခရောက်နေကြဦးမှာ ဘယ်လောက်များ ရှိကြဦးမလဲဆိုတာ မတွေးရဲလောက်အောင်ပါပဲ။

တစ်ချိန်က အိမ်နီးနိုင်ငံတွေက မော့ကြည့်ရ၊ ငေးကြည့်ရတဲ့ မြန်မာတွေက အခုတော့ အိမ်နီးချင်းနိုင်ငံတွေ ထိုင်းမှာ၊ မလေးရှားမှာ၊ စင်ကာပူမှာ၊ ဒူဘိုင်းမှာ၊ ဆော်ဒီမှာ၊ အလုပ်တွေ၊ အလုပ်ကြမ်းတွေ ထွက်လုပ်နေကြရတာ၊

ခေတ်မီမီ ကမ္ဘာသိသိဖို့ ဆိုတာထက် မိသားစုစားဝတ်နေရေး ဖြေရှင်းဖို့အတွက် အဓိကပါ။

အခုခေတ်မှာ အိမ်တစ်အိမ်မှာ အိမ်ရှိလူကုန် အလုပ်ထွက်လုပ်ကြပေမယ့် တင့်တင့်တယ်တယ် ပြေပြေလည်လည် မဖြစ်ကြပါဘူး။ ရရစားစား၊ ဝါးဝါးမျိုမျို ငွေပိုငွေလျှံမရှိလှဘဲ အကြွေးကင်းရုံ၊ အသက်ရှူချောင်ရုံတင်ကလေးပါ။ အိမ်တစ်အိမ်မှာ နိုင်ငံခြားထွက် အလုပ်လုပ်သူတစ်ယောက်လောက်ရှိမှသာ ပြေလည်တဲ့၊ စားဝတ်နေရေးအတွက် မပူပင်ရဘဲ အသက်ရှူချောင်ကြတာဆိုတော့ နိုင်ငံခြားထွက် အလုပ်လုပ်ခြင်းဟာ ခေတ်တစ်ခေတ်ရဲ့ ပေါ်လစီလို ဖြစ်နေကြပါပြီ။ အိမ်ပိုင်မရှိဘဲ အိမ်ငှားနေရတဲ့ ဘဝတွေဆိုရင်တော့ ခြောက်လတစ်ခါပေးလိုက်ရတဲ့ အိမ်လခက နင့်ကနဲဆိုတော့ ဘယ်လောက်လုပ်လုပ် အသက်ရှူချောင်ဖို့ဆိုတာ ဝေးကြပြီပေါ့။

ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့တဲ့ ရှေ့မီ၊ နောက်မီ ဘဘတစ်ယောက် မဆုံးပါးခင်မှာ ပြောသွားတဲ့စကားက မမေ့နိုင်စရာ အမှန်တရားတစ်ခုပါပဲ။

"မင်းတို့ခေတ်က တစ်နေ့တစ်ခြား အနေကျပ် အသေကျပ်၊ ကျပ်တည်းကျဉ်းမြောင်းနေကြတာ ဝါးလုံးခေါင်းထဲ အတင်းဖိသိပ် အထည့်ခံရသလိုပါပဲကွာ၊ မင်းတို့ ဝါးလုံးခေါင်းထဲ လသာနေကြတာ" တဲ့။

သတင်းစာမျက်နှာဖုံးမှာ လှလှကြွကြွ ထည်ထည်ဝါဝါ ခန့်ခန့်ညားညား ရှိလှတဲ့ ဒေါ်လာသန်း ၃၀ ကျော်တန် ခိုသွေးရောင် ရှားပါး မြန်မာ့ပတ္တမြားလက်စွပ်ကြီးကို တစ်စိမ့်စိမ့်ကြည့်ပြီး ဂုဏ်ယူရမလိုလို ဝမ်းနည်းမိသလိုလို၊ ပြင်သစ်ဘုရင် နပိုယီယံရဲ့တူကိုပဲ မနာလိုဖြစ်မိသလိုလို၊ မခြင်ဘူးလိုက်ရတဲ့ ဘကြီးတော်ဘုရား၊ ဘိုးတော်ဘုရား ပါတော်မူ သီပေါမင်းနှစ်ပါးနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ကိုပဲ လွမ်းချင်သလိုလို၊ ငိုချင်သလိုလို၊ ဘာလိုလို၊ သရိုးသရီနဲ့ ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်မိရပါတော့တယ်။ ။

*သမဂ္ဂ၊ နွေ၊ ၂၀၁၅။*

✧ ✧ ✧

# ကြားကထွား ကြီးမွားနေသလား

''ဆားတစ်ရာတန် တစ်ထုပ်''

''တစ်ရာတန်မရှိတော့ဘူး တစ်ရာ့ငါးဆယ် ဖြစ်သွားပြီ''

ဆိုင်ရှင်ရဲ့စကားသံအဆုံးမှာ ပိုက်ဆံတစ်ရာတန်ပဲ ကိုင်လာတဲ့ ကောင်လေး တစ်ယောက် လှစ်ခနဲဆိုသလို ဆိုင်ထဲက ပြန်ထွက်သွားတယ်။ ကျွန်မလည်း မနေနိုင်လို့ ငါးဆယ်တန်တစ်ရွက်ပေးမလို့ လှမ်းခေါ်တာ၊ ကောင်လေးက မကြားတော့ဘူး။ ဩော်… သူ့ခမျာ ငါးဆယ်တန်လေး တစ်ရွက်နဲ့ အိမ်ပြန် ပိုက်ဆံယူရဦးမယ်။

ဒီနှစ်ပတ်၊ သုံးပတ်အတွင်းမှာကို ကုန်ဈေးနှုန်းတွေက တမင်ညှိပြီးများ တင်ထားကြသလားလို့ ထင်ရတယ်။ ကုန်ပစ္စည်းအားလုံးလိုလို၊ အလိုလိုနေရင်းက မြေလျှိုးမိုးပျံတက်ကုန်ကြတာ။ ကုလားပဲတစ်ဆယ်သား (၁၅၀)ကနေ (၂၀၀)၊ သကြား အစိတ်သား (၂၀၀)ကနေ (၃၀၀)၊ ကြောင်စာ တစ်ဆယ်သား (၃၅၀)ကနေ အခုတော့ (၄၀၀)တဲ့။ ကတ်သပေါင်းငါးခြောက်က (၁၂၀၀) ဈေးကနေ အခု (၁၆၀၀) ဈေး ဖြစ်သွားပြီလေ။ အရင်က (၁၄၀၀)တန်ဆန်က အခု (၁၇၀၀၊ ၁၈၀၀) တဲ့။

အခြေခံစားသောက်ကုန်ဈေးတွေက ကျတယ်ရယ်လို့ ခပ်ရှားရှား။ အတက်ချည်းပဲ ဖြစ်နေကြတာ ဘာကြောင့်မှန်းမသိ၊ ဘာအတွက်မှန်းမသိ၊ စားသုံးသူတွေက မေးပိုင်ခွင့်မရှိ၊ ဘယ်သူမေးရမှန်းလည်း မသိ၊ ဝယ်ချင်ဝယ်၊ မဝယ်ချင်နေ၊ မဝယ်ဘဲ သပိတ်မှောက်မယ်ဆိုရင်လည်း ကိုယ်ပဲ ငတ်သေရုံပဲ ရှိမှာဆိုတော့ ညစ်တစ်တစ်စိတ်နဲ့ပဲ ဝယ်စားနေကြရတာပါပဲ။ ကုန်သည်ပွဲစား တွေ၊ ပွဲရုံတွေနဲ့ လက်လီရောင်းချကြတဲ့ ဈေးသည်တွေရဲ့ အခြေအနေတွေ၊

လုပ်ရကိုင်ရတာတွေ၊ သယ်ယူစရိတ်၊ ဘာစရိတ်၊ ညာစရိတ်တွေ၊ ဓယား တွေကို ကိုယ်က သိချင်ပေမယ့် သိနိုင်ခွင့်မရှိတော့ ကိုယ့်ဓယားပဲ ကိုယ့် ဘာသာဆွဲပြီး ချွေတာရတာပေါ့။

အရင်က ဟင်းတစ်အိုးကို ကြက်သွန်ဖြူ သုံးလုံးထည့်ရင် အခု နှစ်လုံးပဲ ထည့်။ တတ်နိုင်သမျှ ဆီနည်းနည်းပဲ ထည့်ရမယ့် ဟင်းမျိုးရွေးချက်။ ရခိုင်မဟုတ်ပေမယ့် ရခိုင်ဟင်းတွေ များများချက်။ ဆန်လည်း ၁၄၀၀ တန် အသင့်အတင့်ဆန်ကို ၁၀၀၀ တန်နဲ့ ဆတူရောပြီးစား၊ အရင်က ဝမ်းတီး နို့ဆီဗူးကို ဆယ်ရက်ပဲသောက်ရင် အခု နှစ်ပတ်ထိ ရအောင်သောက်။ အာသာ ပြေလေး နည်းနည်းနဲ့ ကျဲကျဲဝိုင်းပေါ့။ ကြောင်ကလည်း ၁၃ ကောင်တောင် ဆိုတော့ ကြောင်စာကိုလည်း ချွေတာရမယ်။ လူလည်း ချွေတာ၊ ကြောင် တွေလည်း ချွေတာပေါ့။

အစားအသောက်တွေ ဈေးတက်ကုန်လို့ ချွေတာနေတဲ့ကြားထဲက ထိုင်းက ကြက်သား၊ ကြက်ဥ၊ ငါးပုစွန်တွေ ဈေးသက်သက်သာသာနဲ့ ဝင် လာတယ်ဆိုတဲ့သတင်းကို ဖတ်လိုက်ရတော့ မျက်ခုံးခပ်လှုပ်လှုပ်ပါပဲ။ ကျွန်မ တို့လို အိမ်ရှင်မ အများစုက ဈေးကို တစ်ပတ်လောက်ပတ်ပြီးမှ ဈေးပေါ တာကို ရွေးပြီး ဝယ်တတ်ကြတာဆိုတော့ ခက်ပြီပေါ့။ အရင်ကလည်း တရုတ်က အေးခဲကြက်အသည်းတွေ၊ ကြက်ဥတွေ၊ မသန့်တဲ့ဆီတွေ၊ မမှန် ကန်တဲ့ နို့မှုန့်တွေ ကျွန်မတို့ဆီ ရောက်လာသေးတာလေ။ အခုလည်း ထိုင်းက ကုန်တွေက အန္တရာယ်ကင်းရဲ့လားဆိုတာ သံသယဖြစ်စရာပါ။ ကျွန်မတို့ မြန်မာတို့ ပြောပြောနေတဲ့ 'မကောင်းကျောင်းပို့' ဆိုတဲ့ ဆိုရိုးစကားလိုများ 'မကောင်း မြန်မာပို့' လို့ဆိုရင်တော့ 'သေပြီဆရာ' ပေါ့။

ကျွန်မတို့ စားသုံးသူတွေမှာ အစားအစာတွေရဲ့ အန္တရာယ်က ပြည် တွင်းကရော၊ ပြည်ပကပါ အန္တရာယ်တွေ ဒုနဲ့ဒေးပါ။ ဆိုးဆေးနဲ့ ဓာတ်မြေ သြဇာ၊ ပိုးသတ်ဆေးတို့ရဲ့ အန္တရာယ်အပြင်၊ ဒီရက်ပိုင်း သတင်းစာမှာပဲ ဖတ်လိုက်ရတဲ့ ဆောင်းပါးတစ်ပုဒ်မှာ ပေါင်မုန့်မှုတက်တွေကို ဆိုင်တွေမှာ ပြန်သိမ်းကြပြီး လွှင့်မပစ်ဘဲ မုန့်ပြန်လုပ်ကြတာတဲ့။ ပေါင်မုန့်မှိုတက်တွေကို အပူပေး၊ အမှုန့်ကြိတ်ပြီး မုန့်ပြန်လုပ်သတဲ့။ ငါးဆယ်တန်၊ တစ်ရာတန် ပူတင်း ပေါင်မုန့်၊ ဒါးလှီးမုန့်တွေ ပြန်လုပ်ရောင်းတာဆိုတော့ ဆင်းရဲသားကလေးတွေ အတွက် လွယ်လင့်တကူ ဝယ်စားနိုင်ကြတဲ့ အခွင့်အရေးပဲပေါ့။ အဲဒီမုန့်တွေ စားမိရင် ကျောက်ကပ်နဲ့ အသည်းကို ပျက်စီးစေပါသတဲ့။

ဝိသမလောဘသားဆိုတာ ခေတ်တိုင်းခေတ်တိုင်းမှာ ရှိကြပေမယ့် အခုခေတ်လောက် ပိုးစိုးပက်စက် ကမ်းကုန်အောင် ရက်စက်ကြလိမ့်မယ်လို့ မထင်မိပါဘူး။ ငါတို့ မစားရင်ပြီးရော၊ ငါ့သားသမီးမစားရင် ပြီးရော၊ တခြားသူတွေ ဘာဖြစ်ဖြစ်ဆိုတဲ့ ယုတ်မာတဲ့စိတ်မျိုးနဲ့ လူသားမဆန်မှုတွေက လက်နက်ကိုင်ထားတဲ့ရန်သူလိုပဲ ကြောက်စရာကောင်းတာပါပဲ။ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ကို သေနတ်တစ်ချက်မဖောက်ရဘဲ တဖြည်းဖြည်းနဲ့ လုံးပါးပါးအောင် သတ်နေကြတာ။ အမှည့်ခြွေခြွေတာ။

ဒီလို လူတွေ ကိုယ်ချင်းစာတရား ခေါင်းပါးကုန်တာ၊ လူသားမဆန်တဲ့ စိတ်ရိုင်းတွေ ဝင်စေတာ၊ လူလူချင်း စေတနာထားမှု၊ မေတ္တာထားမှုတွေ မရှိကြတော့တာ ဘာကြောင့်လဲလို့ အခြေခံကျကျ ရိုးရိုးရှင်းရှင်းတွေးရရင် ကုန်ဈေးနှုန်းက အဓိကတရားခံပဲလို့ ပြောရမှာပါ။ ကုန်ကြမ်းတွေကိုသာ ဈေးသက်သက်သာသာနဲ့ ပေါပေါများများ လွယ်လွယ်ကူကူ ဝယ်ယူလို့ရကြမယ်ဆိုရင် တစ်နေရာနဲ့ တစ်နေရာကုန်စည်စီးဆင်းမှုတွေ လွယ်ကူမြန်ဆန်ကြမယ်ဆိုရင် ထုတ်လုပ်ကုန်တွေကိုလည်း အရည်အသွေးရှိရှိ၊ မှန်မှန်ကန်ကန်နဲ့ ဈေးသက်သက်သာသာ ထုတ်လုပ်လာနိုင်မှာပါ။ စားသုံးသူ အန္တရာယ်ဖြစ်စေမယ့် လုပ်ရပ်မျိုး၊ စိတ်ကူးမျိုးကို လက်ရှောင်လာကြမှာပါပဲ။ အခုလောက်ထိဆန်ကောလောက်မှ ဓောက်မနက်တဲ့ အကြံမျိုးတွေနဲ့ ငတေမာတွေ များနေကြမှာ မဟုတ်ဘူးလို့ ယုံကြည်မိပါတယ်။

အခုတော့ ရခိုင်မှာ သုံးရာ၊ လေးရာဈေးပဲရှိတဲ့ ငါးနီတူခြောက်က ရန်ကုန်ရောက်တော့ တစ်ထောင်ဈေးဖြစ်သွားပြီ။ ဈေးက နှစ်ဆမြင့်သွားပေမယ့် ရခိုင်က ကုန်သည်လည်း ဈေးပိုမရ၊ ရန်ကုန်က စားသုံးသူလည်း ဈေးကြီးပေး ဝယ်ရ၊ ကြားက ဘယ်သူက အကျိုးအမြတ် ပိုရသွားတာလဲ။ လမ်းပန်းဆက် သွယ်ရေးအလှမ်းဝေးတာကို အကြောင်းပြုလို့ သယ်ယူစရိတ်ခကို ပိုတောင်းကြသလား။ သယ်ယူတဲ့ ကုန်သည်ကပဲပိုပြီး ဈေးတင်ထားတာလား၊ ရန်ကုန်ရောက်မှ ပွဲရုံတွေကပဲ ပိုပြီး အမြတ်ကြီးစားကြသလားဆိုတာ စားသုံးသူတွေဘက်က စဉ်းစားစရာတွေပါ။

လက်လုပ်လက်စား ဆင်းရဲသားပြည်သူအများကတော့ ပဲဆီတစ်ပိဿာ နှစ်ထောင်ကျော်ဆိုတာကို မစစ်မှန်းသိလျက်နဲ့ ဝယ်စားကြမှာပဲ။ ဘာဆီနဲ့ ရောထားသလဲဆိုတာ မတွေးနိုင်အား။ အေးခဲကြက်အသည်းတွေ ဘယ်ကလာသလဲ မစူးစမ်းနိုင်၊ ပျော့ဖတ်၊ နူးအိနေတဲ့ ပုဇွန်ခေါင်းကျိုးတွေ

လည်း ဈေးပေါတော့ ဝယ်ကြမှာပဲ။ ဒီခေတ်မှာ ပုဗ္ဗနိ်စားရတဲ့အခွင့်အရေးက ရှားရှားပါးပါးကိုး။ ကော်ဖီမစ်ထဲမှာ ကော်ဖီမှုန့်အပြင် တခြားဘာမှုန့်တွေ ပါသေးလဲ မတွေးအား။ ကလေးတွေ အဆာပြေအတွက် ကော်ဖီမစ်တစ်ထုပ်ကို နှစ်ခွက်ဖျော်နှုန်းနဲ့ ဈေးပေါတဲ့ ပူတင်းပေါင်မုန့်၊ ဒါးလှီးပါမုန့်ကို ဝယ်ကျွေးဖို့ တောင် အတော်ကြိုးစားကြရတာဆိုတော့။ ခန္ဓာကိုယ်အသက်ရှင်အောင်၊ ကိုယ်ခံအားကောင်းအောင် စားကြရတဲ့ အစားအစာတွေက ကိုယ်ခန္ဓာပြိုလဲ ချည့်နဲ့စေတဲ့ အစားအစာတွေဖြစ်နေကြရတာ ရင်နာစရာကြီးပါ။

'စားသုံးသူ အခွင့်အရေးဆိုတာ' လူတိုင်းမှာ ရှိကြပါတယ်။ စားသုံးသူတစ်ယောက်က ကိုယ်ဝယ်ယူမယ့် ကုန်ပစ္စည်းကို တန်ဖိုးသင့်၊ မသင့် အရည်အသွေးစစ်၊ မစစ်၊ သန့်ရှင်းလတ်ဆတ်မှု ရှိ၊ မရှိ စသဖြင့် သိခွင့်၊ ရွေးစမ်းခွင့်၊ မေးမြန်းလေ့လာခွင့် ရှိကြရမှာ ဖြစ်သလို၊ ကုန်ထုတ်သူနဲ့ စားသုံးသူ နှစ်ဦးကြားက ကုန်သည်ပွဲစားတွေရဲ့ လုပ်ကွက်ဖယားတွေကိုလည်း မသိ၊ သိအောင် ကြိုးပမ်းလေ့လာကြပါမှ လူတိုင်းရဲ့ဘဝတွေကို ရိုက်ခတ်နေတဲ့ 'ကုန်ဈေးနှုန်း' ဆိုတဲ့ မုန်တိုင်းအန္တရာယ်ကို နှိမ်နင်းနိုင်မယ့် နည်းလမ်းကောင်းတွေ ရလာမှာပါ။

*သမဂ္ဂ၊ ဇွန်၊ ၂၀၁၅။*

✧ ✧ ✧

# မစည်ကားအပ်တဲ့ အရပ်

လူတွေ မစည်ကားအပ်တဲ့ နေရာဆိုတာ ဆေးရုံ၊ တရားရုံး၊ သုသာန်၊ အကျဉ်းထောင်တွေပဲလို့ လူကြီးတွေ ပြောပြောနေကြတာ ကြားရလွန်းပေမယ့် ကျွန်မတို့ လူဖြစ်လာတဲ့ခေတ်တစ်လျှောက်မှာတော့ မစည်ကားအပ်တဲ့နေရာတွေမှာ စည်ကားနေကြတာပါပဲ။

ရှုပါးမားကတ်တွေ၊ ရှောပင်းစင်တာတွေ ပေါများလာတာကြောင့်ပဲလား၊ လူတွေ စားဝတ်နေရေးပိုပိုပြီး ခက်ခဲကျပ်တည်းလာလို့ပဲလားမသိ။ တစ်နှစ်ထက်တစ်နှစ် နံနက်ခင်းဈေးလေးတွေမှာ စနေ၊ တနင်္ဂနွေ နေ့မျိုးမှာသာ လူစည်ကားတတ်ပြီး ကျန်တဲ့ကြားရက်တွေမှာတော့ ဈေးဝယ်သူကျဲပါးလှစွာ ခြောက်ကပ်ကပ်နိုင်လာတာကတော့ အမှန်ပါပဲ။ လူစည်ကားရမည့် ဈေးတွေမှာ လူကျဲပါးလာပေမယ့် ဆေးရုံတွေ၊ တရားရုံးတွေမှာတော့ လူတွေက ဝင်ချည်ထွက်ချည်နဲ့ လှုပ်ရှားသွားလာနေကြ၊ စည်ကားနေကြတာ တစ်ခါတရံ ပွဲတော်တမျှ ဖြစ်နေကြသလိုမျိုးပါ။

ဆေးရုံတွေမှာလည်း အဆောင်အသီးသီးမှာ ကုတင်တွေက အအားအလပ် မရှိ၊ အဆောင်တွေနဲ့ မဆန့်လို့ လူသွားစင်္ကြံလမ်းမှာ ခုတင်တွေ ထပ်တိုးရ၊ ရောဂါအမျိုးမျိုးတွေနဲ့ လူနာတွေကလည်း နေ့မြင်ညပျောက်ဆိုသလို တဖျောက်ဖျောက်နဲ့ အတက်အဆင်းမြင်ကွင်းတွေက ဖြစ်ပျက်သံသရာလည်မှု ယန္တရားကြီးတစ်ခုတည်းမှာ လူတွေလှုပ်ရှားရုန်းကန်နေမှုတွေ အထင်းသားပါ။

တရားရုံးတွေ ကြည့်ပြန်တော့လည်း ၈၈ ကာလနောက်ပိုင်း စစ်အုပ်ချုပ်ရေးကာလကတည်းကစလို့ စည်ကားနေလိုက်ကြတာ ယနေ့ထက်တိုင်လို့ပဲ ဆိုရင်တော့မှာပါ။ စစ်အာဏာရှင်ကြီးစိုးတဲ့ခေတ်မှာ ပြည်သူတွေရဲ့

ဘဝက 'ပေ' ဖြစ်တုန်း ခံကြဆိုသလို၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို ဖျက်သိမ်းပြီးပေမယ့် အင်္ဂလိပ်လက်ထက်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကို လိုရင်လိုသလို ဆွဲထုတ်သုံးပြီး ပြည်သူကို နိုင်ငံရေးနဲ့ ကင်းကွာအောင် ငြိမ်ဝပ်ပိပြားစွာ နေကြအောင် နှိပ်ကွပ်ခဲ့ကြတာပေါ့။ စစ်ကားကို ခဲနဲ့ပေါက်လို့ ထောင် ၇ နှစ်၊ တို့အရေးအော်လို့ ထောင် ၇ နှစ်၊ ကျောင်းထဲမှာ ကျောင်းသားသမဂ္ဂ ရှိသင့်တယ်လို့ လမ်းကမ်းစာစောင်ဝေတဲ့ ကျောင်းသားကို ထောင် ၁၃ နှစ်၊ ဓာတ်ဆီဈေးတွေတက်လို့ ဘတ်စ်ကားခတွေ ဈေးကြီးလို့ လမ်းလျှောက်ပြီး ဆန္ဒပြတဲ့ ကျောင်းသားတွေကို ထောင်ချတာ နှစ် ၆၀ တဲ့။

အဲဒီလို ပြင်းပြင်းထန်ထန်ဖိနှိပ်မှုတွေနဲ့ တစ်ခါတုန်းက မြန်မာပြည်တစ်နံတစ်လျားက အကျဉ်းထောင်တွေမှာ လူဆိုး၊ သူခိုး၊ ဓားပြ၊ လူသတ်သမားတွေ မဟုတ်ခဲ့ကြဘဲနဲ့ အကျဉ်းသားတွေ ဖြစ်ခဲ့ကြတယ်။

ဒီဖက်ပိုင်း အစိုးရသစ်လက်ထက်မှာတော့ ဖြေလျှော့မှုတွေနဲ့အတူ စစ်အုပ်ချုပ်ရေးကာလတုန်းကလို အပြစ်ဒဏ်တွေက မပြင်းထန်လှတော့ပေမယ့် တရားရုံးတွေနဲ့ ထောင်တွေထဲမှာတော့ လူစည်ကားမြဲပါပဲ။ တရားရုံးတွေမှာ အရင်ကထက်ပိုပြီး စည်ကားနေသလိုပါပဲ။

အစိုးရသစ်လက်ထက်မှာ ခေတ်အစားဆုံးပုဒ်မကတော့ ၁၈(ခ)ငြိမ်းစုစီပေါ့။ ငြိမ်းချမ်းစွာစုဝေးစီတန်းလှည့်လည်ခွင့်။ အစိုးရသစ်လက်ထက်မှာ ပြောင်းလဲတိုးတက်လာတာက လူတွေက လမ်းပေါ်မှာပေါ်ပေါ်ထင်ထင် ထွက်ခွင့်ရလာတယ်။ လမ်းပေါ်မှာ ငါးယောက်ထက်ပိုပြီး စုဝေးခွင့်ရလာတယ်ပေါ့။ လှုပ်ရှားတက်ကြွတဲ့သူတွေ ပေါ်ပေါ်ထင်ထင် လှုပ်ရှားလာကြ၊ အစိုးရကလည်း ဦးဆောင်သူတွေကို ပုဒ်မ ၁၈ နဲ့ ဖမ်းပြ။ ဘာပဲဖြစ်ဖြစ် ဟိုတုန်းကလို လှုပ်ရှားတဲ့သူကလည်း ခိုးကြောင်ခိုးဝှက်လှုပ်ရှား၊ ဖမ်းတဲ့သူကလည်း ခိုးကြောင်ခိုးဝှက်ဖမ်းတာ မဟုတ်တော့ဘဲ ပေါ်ပေါ်ထင်ထင်လှုပ်ရှား၊ ပေါ်ပေါ်ထင်ထင်ဖမ်းလာကြတယ်ဆိုတော့ ဒီမိုကရေစီဆန်လာပြီဆိုရမှာပါ။ ခေတ်မီပြီးကမ္ဘာဆန်လာပြီပေါ့။

ဒီရက်ပိုင်း သတင်းတစ်ပုဒ်က "နေပြည်တော်တွင် အချုပ်ထောင်သစ် စီမံကိန်းဆောက်လုပ်ရန် မြေဧက ၂၀၀ ပေါ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ" တဲ့။ မြန်မာပြည်တစ်နံတလျားက အကျဉ်းထောင်တွေနဲ့ မလုံလောက်တော့လို့ တိုးချဲ့ဆောက်လုပ်ရတဲ့ သဘောပေါ့။ ပိုပြီး စည်ကားလေမလားတော့မသိ။

'ထောင်'နဲ့ ပတ်သက်ပြီး နောက်သတင်းတစ်ပုဒ်ကလည်း စိတ်ဝင်စားစရာပါ။ 'စနစ်ပြုပြင်ပြောင်းလဲခြင်းဟာကွက်များကို ရှာဖွေရန် အိုဘားမား အကျဉ်းထောင်သို့ သွားရောက်'တဲ့။ အမေရိကန်အကျဉ်းထောင်များတွင် အကျဉ်းသား ၂.၂သန်း ရှိပြီး လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကထက်လည်း နှစ်ဆ ပို၍ လူကျပ်နေသတဲ့။

အိုဘားမားက "ကျွန်တော်တို့ရဲ့ ထောင်ချမှုနှုန်းဟာ တရုတ်ထက် လေးဆပိုမိုမြင့်မားနေပါတယ်"တဲ့။ "မူးယစ်ဆေးပမာဏအနည်းငယ်ကူးသူ၊ ခံဝန်ကို ချိုးဖောက်သူ၊ အဖွဲ့အစည်းအတွက် အကြွေးတချို့တင်သူတွေဆိုရင် သင့်လျော်တဲ့အပြစ်ဒဏ်ပဲ ကျခံရမယ်။ ပြုပြင်ထိန်းသိမ်းရေး ပြုလုပ်ပေးရမယ်။ ဒါပေမဲ့ ထောင်နှစ် ၂၀ ကျတာမျိုး မဖြစ်သင့်ပါဘူး"တဲ့။

အကျဉ်းသားဟောင်းများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာကိစ္စများထည့်သွင်းရန်နှင့် ပို၍ တရားမျှတသော စီရင်ချက်များ ချမှတ်ရန် အကြံပေးခဲ့ပါသတဲ့။

ကမ္ဘာမှာ အကျဉ်းသားဦးရေ စုစုပေါင်းရဲ့ လေးပုံတစ်ပုံဟာ အမေရိကန် အကျဉ်းသားတွေဆိုတော့ အင်း... ကျွန်မတို့နိုင်ငံ အကျဉ်းသားဦးရေများတာက ဘာဟုတ်သေးလို့လဲနော်။ တွံတေးသိန်းတန်ရဲ့ သီချင်းလို 'ပျင်းတောင်ပျင်းသေးတယ်' ပေါ့။

ဘယ်ခေတ်၊ ဘယ်အချိန်ကျမှပဲ လူမစည်ကားအပ်တဲ့အရပ်တွေမှာ လူတွေ ခြောက်ကပ်နေကြမလဲပဲ။ အဲဒီခေတ်၊ အဲဒီအချိန်ကျရင်တော့ ကျွန်မလည်းပဲ ရှိချင်မှ ရှိတော့မှာ။

*သမဂ္ဂ၊ ဩဂုတ်၊ ၂၀၁၅။*

✧ ✧ ✧

## ဈေးကောက်ပွဲမှာ နတ်ရှိသလား

လူကြီးသူမတွေက ပြောကြတယ်။ 'နတ်' ဆိုတာ နေရာတကာမှာ ရှိသတဲ့။ အိမ်မှာနေတော့ အိမ်စောင့်နတ်၊ ကျောင်းမှာနေတော့ ကျောင်းစောင့်နတ်ဆိုသလို တောင်စောင့်နတ်၊ မြို့ရွာစောင့်နတ်၊ သစ်ပင်စောင့်နတ် စသဖြင့် ရှိကြသတဲ့။

မှတ်မိသေးတယ်။ ငယ်ငယ်က သီတင်းကျွတ်၊ တန်ဆောင်တိုင် ပွဲတော်တွေမှာ တေးသရုပ်ဖော်ကကြတာကို ရပ်ကွက်တိုင်းလိုလို စင်တွေဆောက်ပြီး နှစ်ည သုံးညကကြတာ။ အဲဒီခေတ်ကတော့ ဒစ္စကိုခေတ်ပေါ့။ စုံတွဲတေးတွေ ခေတ်စားချိန်ဆိုတော့ စိုးပိုင်၊ နွဲ့ယဉ်ဝင်း၊ အောင်ကိုလတ်၊ တင်မိုးခိုင်တို့ရဲ့ စုံတွဲတေးက စင်ပေါ်မှာ မပါမဖြစ်ပေါ့။ မြန်မာအကဆိုလည်း အပျိုတော်ယိမ်း၊ မှုံရွှေရည်၊ မောင်ရွှေရိုးနဲ့ ချစ်စပယ်သီချင်းတွေက ထိပ်ဆုံးက ပါနေကျ။ ကျွန်မတို့က သူတွေကို စင်ပေါ်မတက်ခင်မှာ လူကြီးတွေ သတိပေးတတ်တဲ့စကားက စင်စောင့်နတ်ကို ကန်တော့နော်တဲ့။

စင်ပေါ်မှာ အဆင်ပြေပြေချောချောမောမောဖြစ်အောင် စင်စောင့်နတ်ကို ကန်တော့ခိုင်းတာတဲ့။ စင်ပေါ်မှာနေရင်းနဲ့ ချော်မလဲအောင် မီးကြိုးလွတ်ပြီး သီချင်းတိပ်ခွေက ရပ်သွားတာမျိုး၊ ပတ်ထားတဲ့ ခါးပတ်က ပြုတ်ထွက်ပြီး ထမီကျွတ်သွားတာမျိုး၊ အမျိုးမျိုးအခက်အခဲတွေ မဖြစ်အောင်ပေါ့ဆိုတော့ ကျွန်မတို့ကလေးတွေလည်း စင်ပေါ်မတက်ခင်မှာ မမြင်ရတဲ့ စင်စောင့်နတ်ကို ကန်တော့ပါတယ်လို့ ဆိုပြီးမှ စင်ပေါ်ကို တက်ကြတယ်။ စင်စောင့်နတ်က ကူညီစောင့်ရှောက်ခဲ့လေသလားတော့မသိ။ နှစ်စဉ်နှစ်တိုင်းတော့ ချောချောမောမောပါပဲ။

တက္ကသိုလ်ကျောင်းသူဘဝမှာ မှတ်မှတ်ရရ ကျပန်းစကားပြောပြိုင်ပွဲ ဝင်ပြိုင်ခဲ့ဖူးတယ်။ စင်ပေါ်မှာ တစ်ခါမှ စကားပြောဖူးတာ မဟုတ်တော့ ကြောက်တာပေါ့။ ဆုမရရင်လည်း ရှက်စရာကြီးဆိုပြီး ငယ်ငယ်ကအတိုင်း စင်ပေါ်တက်ခါနီးမှာ စင်စောင့်နတ်ကြီး အဆင်ပြေအောင် ကူညီပါလို့ အကူအညီတောင်းမိတယ်။ ပြိုင်ပွဲဝင် လေးယောက်စလုံးက အတွေ့အကြုံရှိတဲ့ သူတွေမဟုတ်ကြတော့ ရင်တုန်ပန်းတုန်နဲ့ မျက်နှာကလေးတွေ ငယ်လို့ပေါ့။ အဲဒီညက ကျွန်မ ပထမရခဲ့တယ်။ စင်မြင့်ပေါ်မှာ အထစ်အငေါ့မရှိ၊ လေယူလေသိမ်းကောင်းစွာ ရဲဝံ့တဲ့အမူအယာတွေနဲ့ ကျွန်မအမှတ်တွေသာခဲ့တယ်။ ပွဲမဝင်ခင် အများက ပထမရလိမ့်မယ်လို့ မှန်းထားတဲ့သူက ပြောနေရင်းနဲ့ ဘာဆက်ပြောရမှန်းမသိဘဲ တခဏကြောင်သွားတာမို့ စဉ်းစားနေတာ ကြာသွားပြီး အမှတ်လျော့သွားတော့တယ်။ အဲဒီညက ကျွန်မကပဲ တော်လို့လား၊ စင်စောင့်နတ်ကပဲ ကူညီပေးလိုက်သလားဆိုတာတော့ ပဟေဋ္ဌိတစ်ခုပဲပေါ့။

ဆယ်တန်းစာမေးပွဲဖြေတုန်းကလည်း အမေနဲ့ အစ်မက ကျွန်မကို တဖွဖွပြောကြတယ်။ ဆယ်တန်းဆိုတာ နတ်ကြီးတယ်။ စိတ်ကောင်းကောင်း မွန်မွန်ထားမှ စာမေးပွဲအောင်တာ။ ခင်ပွန်းကြီးဆယ်ပါးမပြစ်မှားမိစေနဲ့။ လူကြီးတွေကို ခံခံမပြောနဲ့ဆိုပြီး စာကျက်နေတဲ့ ကျွန်မနားမှာ ဆီမန်းမန်းသလို လာပြောနေကြတော့ ကျွန်မက 'ဘာဆိုင်လို့လဲ၊ ကိုယ်စာရရင် ကိုယ်အောင်မှာပေါ့။ ကိုယ်စာရလို့ စာမေးပွဲဖြေနိုင်တာကြီးကို နတ်ကမအောင်အောင် ဆွဲချလို့ရမလား' လို့ ဘုတောပစ်ခဲ့သေးတာ။ သူတို့ပြောတာကို လက်ခံလို့ မရဘူးလေ။

အဲဒီနှစ်က ကျွန်မ စာမေးပွဲကျတယ်။ အချိန်မလောက်လို့ အပုဒ်ရေ မဖြေလိုက်ရတာ။ မေးခွန်းနားမလည်လို့ မဖြေခဲ့ရတာတွေကြောင့် စာမေးပွဲကျတာလို့ ကျွန်မက ဘယ်လိုပဲရှင်းပြရှင်းပြ အစ်မကတော့ ပြောအားရှိသွားတဲ့ လေသံနဲ့ 'ငါမပြောဘူးလား၊ ဆယ်တန်းဆိုတာ နတ်ကြီးတယ်လို့ တစ်နှစ်လုံး ဘယ်လိုပဲ ကျက်ခဲ့ကျက်ခဲ့ စာမေးပွဲခန်းထဲမှာ မေ့သွားတတ်တယ်။ ခြေချော် လက်ချော်ဖြစ်တတ်တယ်လို့။ နင်ကိုက လူကြီးတွေကို ခံပြောတတ်တာ၊ ဒါကြောင့် နင်ကျတာ' လို့ အတင်းကြီးကို စွပ်စွဲနေတော့တာပဲ။

နောက်တစ်နှစ်ကျတော့ ဒီနှစ်မအောင်ရင် ကျောင်းထွက်ရတော့မယ်။ မအောင်လို့ မဖြစ်ဘူးဆိုတဲ့ အသိနဲ့ ကြောက်အားလန့်အား စာပဲလုပ်နေမိတယ်။ သူတို့ပြောတာ ဟုတ်များဟုတ်နေသလားဆိုပြီး အရင်က ဆောင့်ကြွားကြွား၊ မာကျောကျော အချိုးတွေကိုပြင်၊ ဘယ်သူ့ကိုမှ ရန်မထောင်တော့ဘဲ ငြိမ်ငြိမ်

ကုပ်ကုပ်နဲ့ စာပဲဖိလုပ်နေမိတော့တယ်။ ကံအကြောင်းလှစွာပဲ ကျွန်မစာမေးပွဲ အောင်ခဲ့ပါတယ်။

အခုလည်း ကျွန်မဖြစ်နေပုံက ငယ်ငယ်က စင်ပေါ်တက်ခါနီးမှာ စိုးရိမ်စိတ်တွေနဲ့ စိတ်လှုပ်ရှားနေသလိုမျိုး ဆယ်တန်းစာမေးပွဲဖြေခါနီးမှာ ကြောက်လန့်ရင်ခုန်ခဲ့ရသလို ခံစားမှုမျိုးနဲ့ ဆင်တူနေတော့တယ်။ ရင်ထဲမှာ မငြိမ်မသက်နဲ့ စိုးရိမ်စိတ်၊ အားငယ်စိတ်တွေဝင်ပြီး စိတ်လှုပ်ရှားနေမိပါတယ်။ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲကျင်းပဖို့က နှစ်လကျော်ပဲ လိုတော့တယ်လေ။ အခု ရွေးကောက်ပွဲက ကျွန်မတို့တိုင်းပြည်ရဲ့ ကံကြမ္မာပဲဆိုတော့ အရင် ရွေးကောက်ပွဲတုန်းကလို တစ်တိုင်းပြည်လုံး လှုပ်လှုပ်ခတ်ခတ်ဖြစ်ရတဲ့ ပွဲ ၂၅ နှစ်ကြာမှ တစ်ဖန်ပြန်ခံစားရတဲ့ ခံစားမှုပဲလို့ ဆိုရပါမယ်။

အိမ်နီးချင်းထိုင်းနိုင်ငံမှာတော့ ရွေးကောက်ပွဲတွေ ခဏခဏ ကျင်းပ အခြေခံဥပဒေတွေ ခဏခဏ ရေးဆွဲကြလွန်းလို့ ရိုးနေကြပါပြီ။ ကျွန်မတို့ ဆီမှာသာ အခြေခံဥပဒေဖြစ်ဖို့ကို အထူးအဆန်းလုပ်ပြီး စကားတွေပြောနေကြတာပါ။

သူများနိုင်ငံတွေ လူဦးရေများတဲ့နိုင်ငံကြီးတွေမှာ ရွေးကောက်ပွဲဝင် ပြိုင်ကြတဲ့ ပါတီတွေက များများစားစား မရှိကြဘူး။ အာဏာရပါတီနဲ့ အတိုက် အခံပါတီ၊ နှစ်ပါတီလောက်ပဲ ရှိကြတာများတယ်။ ဒီတော့ ပြည်သူတွေက သိပ်ပြီး ဝေဝါးထွေပြားနေစရာမလိုဘဲ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ဆုံးဖြတ်နိုင်ကြတာပေါ့။ ဖြူမလား၊ မည်းမလား၊ အနီကိုလား၊ အဝါကိုလား ဆိုတာ သိပ်စဉ်းစားစရာ မလိုဘူး။

ကျွန်မတို့ဆီမှာတော့ လူဦးရေ ၅၁ သန်းကျော်မှာ ပါတီတွေက အမယ်တွေများပြီး ထွေပြားနေလိုကြတာ။ သူတလူငါတမင်း စိတ်ဓာတ်တွေနဲ့ ပေါင်းစည်းနိုင်မှုအင်အားတွေက သူများထက်စာရင် နည်းလိုက်တာလို့ပဲ ဆိုရ ပါတော့မယ်။ ဒီတော့ ပြည်သူတွေခမျာ ရွေးချယ်စရာတွေများပြီး ဝေဝါး ထွေပြား ခေါင်းစားစရာပဲပေါ့။ ဘာနဲ့တူသလဲဆိုတော့ ဟင်းအမယ်များတဲ့ စားပွဲဝိုင်းကြီးမှာ ဝင်စားကြရသလိုမျိုးပေါ့။ ဟိုဟင်းစားချင်သလိုလို၊ ဒီဟင်း စားချင်သလိုလို စိတ်ကို ထွေပြားစေတာ အမှန်ပဲ။ ဒါပေမဲ့ ဘယ်လောက်ပဲ ပါတီတွေ များပြားပြီး ထွေပြားနေပေမယ့် နောက်ဆုံးမှာတော့ ပြည်သူတွေရဲ့ အသဲကြားက မဲတစ်ပြားကတော့ ရှင်းရှင်းလင်းလင်း ပေါ်ထွက်လာမှာပါပဲလေ။ ပြည်သူတွေက မှန်မှန်ကန်ကန်နဲ့ ဆုံးဖြတ်ချက် ပိုင်ပိုင်ချနိုင်ကြမှာပါ။

အခုခေတ် ပြည်သူတွေကိုတော့ လျှော့တွက်လို့ မရတော့ပါဘူး။ တစ်ခေတ်တစ်ခါတုန်းကလို မျက်စိစုံမှိတ် လက်ညှိုးထောင် ခေါင်းညိတ်မယ့် ပြည်သူမျိုး၊ အများနဲ့အတူ ချောလဲရောထိုင်မယ့် ပြည်သူမျိုး၊ ရွေးကောက်ပွဲဆိုတာ ငါတို့နဲ့မဆိုင်ဘူးဆိုပြီး ဖာသာလဝါနေကြမယ့် ပြည်သူမျိုးက ရှားသွားပါပြီ။ ရှိတော့ရှိမယ်၊ ရှားတယ်လို့ ဆိုရမှာပါ။ အခုခေတ် ပြည်သူတွေက အင်တာနက်တွေ၊ ဖေ့ဘွတ်ခ်တွေသုံးပြီး အသိအမြင်ကျယ်ကျယ်နဲ့ နားကြီးမျက်စိကြီးတွေ ရှိနေကြပြီဆိုတာ သူတို့တစ်တွေ မှန်မှန်ကန်ကန် ရွေးချယ်ကြလိမ့်မယ်ဆိုတာ ယုံမှားသံသယ ဖြစ်စရာမရှိ၊ စိုးရိမ်စရာ မရှိလှပါဘူး။

ဒါပေမဲ့ပေါ့။ ပြည်သူတွေဘက်ကို ယုံကြည်ရပေမယ့် စိုးရိမ်ပူပန်ရတာပဲပေါ့။ ရင်ခုန်စိတ်လှုပ်ရှားတာကတော့ လှုပ်ရှားတာပါပဲ။ နေရာတိုင်းမှာ နတ်ရှိတယ်ဆိုရင် ရွေးကောက်ပွဲမှာကော နတ်ရှိသလားလို့ စဉ်းစားကြည့်မိတယ်။ စတီတ်ခုံပေါ်မှာ နတ်ရှိရင်၊ ဆယ်တန်းစာမေးပွဲမှာ နတ်ရှိရင် ရွေးကောက်ပွဲမှာကော နတ်ရှိသလား၊ ရှိနိုင်သလားလို့ တွေးကြည့်မိတယ်။ ရှိနေတယ်ဆိုရင်တော့ ငယ်ငယ်တုန်းက အကူအညီတောင်းခဲ့သလိုမျိုး ရွေးကောက်ပွဲနတ်ကြီးကိုလည်း အကူအညီတောင်းချင်ပါတယ်။

"ရွေးကောက်ပွဲရလဒ်က ပြည်သူတွေ ရွေးချယ်တဲ့ အသံကြားက မဲတစ်ပြားအတိုင်း မှန်မှန်ကန်ကန်ဖြစ်ပါစေ။ မဲလိမ်ခြင်း၊ မဲခိုးခြင်းမရှိအောင် လူမသိ၊ သူမသိ၊ ဦးဘယ်သူ၊ ဒေါ်ဘယ်သူမှန်းမသိတဲ့ ကြိုတင်မဲတွေပုံအောမဝင်အောင်၊ သေပြီးသူတွေရဲ့ နာမည်တွေ မဲစာရင်းထဲမှာ မပါရလေအောင် ရွေးကောက်ပွဲကြီးတစ်ခုလုံး ဝရုန်းသုန်းကားနဲ့ ခြေချော်လက်ချော်မဖြစ်ဘဲ ဘေးပယောဂကင်းကင်းနဲ့ ချောချောမောမော ပြီးစီး အောင်မြင်နိုင်အောင် ရွေးကောက်ပွဲနတ်မင်းကြီး ကူညီပေးပါဦး" လို့။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ ယုတ္တိရှိတာ၊ မရှိတာ နောက်ထား၊ တကယ်လို့များ ရွေးကောက်ပွဲနတ်ဆိုတာ တကယ်ရှိခဲ့ရင်တော့ ကျွန်မတို့တိုင်းပြည်အတွက်၊ ကျွန်မတို့ ပြည်သူတွေလိုလားတဲ့ အစိုးရတစ်ရပ်ကို ရရှိဖို့အတွက် သူကူညီချင်လည်း ကူညီနိုင်တာပဲပေါ့။ 'လူမစွမ်းနတ်မ' ဆိုတဲ့ စကားက အလကားစကားတော့ ဖြစ်ဟန်မတူလောက်ပါဘူးလေ။

*သမဂ္ဂ၊ စက်တင်ဘာ၊ ၂၀၁၅။*

◇ ◇ ◇

# မျက်ဝန်းချင်းဆုံမှာ စိုးမိတယ်

အိမ်ကနေ လမ်းမပေါ် ထွက်လိုက်တယ်ဆိုရင်ပဲ သူတို့တွေနဲ့ မျက်လုံးချင်း မဆုံချင်လို့ မျက်နှာလွှဲပြီးနေရတဲ့ ကျွန်မဒုက္ခကလည်း မသေးပါဘူး။ ဘယ်လိုပဲ မျက်လုံးချင်းမဆုံမိအောင် ကြိုးစားပေမယ့် အပြင်ထွက်တိုင်း သူတို့တွေနဲ့တော့ တွေ့တွေ့နေရတာပါပဲ။

တစ်သက်လုံးလိုလို ဘတ်စ်ကားပဲစီးလာရတဲ့ လူတန်းစားဆိုတော့ အခုခေတ်မှာ တက္ကစီတွေ ဘယ်လောက်များများ အမြဲလိုလို စီးဖြစ်နေတာက တော့ ဘတ်စ်ကားတွေပါ။ တက္ကစီကိုတော့ အရေးတကြီးကိစ္စမှ၊ အချိန်မ လောက်တော့မှ ပစ္စည်းတွေ မနိုင်မနင်းဖြစ်မှပဲ စီးဖြစ်တာပါ။ ဘယ်သွားသွား တက္ကစီစီးတတ်တဲ့ လူတန်းစားထဲမှာမပါတဲ့ ကျွန်မအတွက် အားတုံ့အားနာ ဖြစ်ရတာက တက္ကစီမောင်းသမားတွေကိုပါပဲ။ ကျွန်မကို လှမ်းကြည့်တတ်တဲ့ သူတို့တွေရဲ့ မျှော်တလင့်လင့်မျက်ဝန်းတွေကို ဥပေက္ခာပြုရမှာ ကျွန်မက အားနာတာ။

လမ်းပေါ်မှာ သွားရင်းလာရင်းနဲ့ပဲဖြစ်ဖြစ်၊ ဘတ်စ်ကားမှတ်တိုင်မှာ ကားစောင့်နေရင်းပဲဖြစ်ဖြစ် တက္ကစီမောင်းသမားတွေက မျှော်လင့်ချက်များစွာနဲ့ ကျွန်မကို လှမ်းလှမ်းကြည့်ကြတယ်။ သူတို့တက္ကစီကို လက်လှမ်းတားမလား၊ စီးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ သွေးရိုးသားရိုး လှမ်းကြည့်ကြတာပါ။ တချို့ ကလည်း လက်ညှိုးလေးထောင်လို့၊ ခေါ်မလားဆိုတဲ့ အကြည့်ကလေးတွေနဲ့ ပေါ့။

အခုခေတ် တက္ကစီမောင်းသမားတွေကလည်း လူကြီး၊ လူရွယ်၊ လူငယ်အရွယ်စုံတွေပါ။ ကြီးကြီးငယ်ငယ် ယောကျ်ားမှန်သမျှ တက္ကစီမောင်း

ကြသည်လို့တောင် ဆိုရမလို။ ကားတွေက ပေါလာတော့ သူသူကိုယ်ကိုယ် တက္ကစီမောင်းလာကြပါပြီ။ လမ်းတွေပေါ်မှာ တက္ကစီတွေက များလာပေမယ့် တက္ကစီ စီးနိုင်တဲ့ လူတန်းစားက များလာတာ မဟုတ်တော့ ရောင်းလိုအားနဲ့ ဝယ်လိုအား မမျှတသလို ဖြစ်ပြီး တက္ကစီမောင်းသမားတွေလည်း ခရီးသည်ရဖို့ အသည်းအသန်ရှာရ၊ ကားပတ်မောင်းနေကြရတာပေါ့။

ရံဖန်ရံခါ တက္ကစီစီးမိတဲ့အခါတိုင်း 'တက္ကစီမောင်းရတာ အဆင်ပြေလား' လို့ ကျွန်မ စပ်စုကြည့်မိပါတယ်။ အဆင်ပြေပါတယ်လို့ ပြန်ဖြေတဲ့သူက ခပ်ရှားရှား။ ချုံ့ချဲ့ပါအောင် ညည်းကြတဲ့သူတွေက ခပ်များများပါ။ 'အဆင်မပြေဘူး။ အံ့နှာခ ရှင်းပြီး ကိုယ့်အတွက် ၇,၀၀၀၊ ၈,၀၀၀ ကျန်အောင် မနည်းရှာနေရတာတဲ့လေ၊ ကိုယ့်ကားအပိုင်ဆိုရင်တော့ အဆင်ပြေတာပေါ့။ မဟုတ်ရင်တော့ အံ့နှာကို လုပ်ကျွေးနေသလိုပါပဲ။ ကိုယ့်အတွက် ဈေးဖိုးကျန်ရုံပဲ' လို့ ဆိုကြတယ်။ အဲဒီလိုဆိုတော့ သူတို့ရဲ့ တစ်နေ့ဝင်ငွေဟာ ဆိုက်ကားသမားတစ်ယောက်ရဲ့ တစ်နေ့ဝင်ငွေနဲ့ အတူတူပဲ။ မတိမ်းမယိမ်း ဖြစ်နေကြတာပေါ့။

နိုင်ငံတစ်နိုင်ငံမှာ တက္ကစီမောင်းသူအရေအတွက် များနေရင် လမ်းပေါ်မှာ တက္ကစီတွေ များနေရင်၊ အဲဒီနိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံပဲတဲ့။ ကျွန်မတို့နိုင်ငံက စက်မှုနိုင်ငံလည်းမဖြစ်၊ လက်မှုနဲ့ လယ်ယာလုပ်ငန်းကျပြန်တော့လည်း ထွန်းထွန်းပေါက်ပေါက် မတိုးတက်သေးတော့ နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေက လမ်းပေါ်မှာ တက္ကစီ မောင်းနေကြရတယ်။ နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် အင်အားထုတ်လုပ်ရမယ့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ လူငယ်လူရွယ်တွေက သူတို့ရဲ့ အစွမ်းအစကို အသုံးချနိုင်မယ့် အနေအထား၊ အခင်းအကျင်း မရှိလေတော့ မိသားစုဝမ်းတစ်ထွာအတွက်ပဲ လမ်းပေါ်မှာ အချိန်ကုန်နေကြရတော့တယ်။ တိုင်းပြည်တည်ဆောက်ဖို့ အခန်းကဏ္ဍက ပျောက်နေတော့တယ်။ တိုင်းပြည်လည်း မတိုးတက်၊ သူတို့လည်း ဝမ်းစာအတွက် ကြက်ယက်ယက်သလို ရှာကြပေါ့။

တစ်ခေတ်တစ်ခါတုန်းကတော့ တက္ကစီမောင်းသမားတွေ ရွှေခေတ်ဖြစ်လိုက်ကြသေးတယ်။

ကားဈေးတွေက မြောက်နေတဲ့ခေတ်ဆိုတော့ အိမ်မှာ တက္ကစီ တစ်စီးထောင်ထားနိုင်ရင် ရပ်ကွက်ထဲမှာတော့ သူဌေးစာရင်း ဝင်သွားပြီ။ တစ်မိသားစုလုံး ထိုင်စားရုံပဲ။ ကားပိုင်ရှင်မပြောနဲ့ တက္ကစီမောင်းတဲ့ ဒရိုင်ဘာဆိုရင်ပဲ

တော်တော်အထင်ကြီးကြတယ်။ ဘာလို့လဲဆိုတော့ တစ်နေ့ကို အုံနာရှင်းပြီး နှစ်သောင်း၊ သုံးသောင်းလောက် ရှာနိုင်တဲ့သူကိုး။ 'ဓ'ရှိတဲ့သူဆို မိသားစုကို နှစ်သောင်းလောက်ပေးပြီး ကျန်တဲ့တစ်သောင်းနဲ့ စမောလေးနဲ့ ကဲလိုက်သေးတာ။ အဲဒီခေတ်က အထူးကုဆရာဝန်တို့၊ ရှေ့နေတို့ ဝင်ငွေထက်မပိုရင်သာ နေမယ်၊ မလျော့ကြတာဆိုတော့ ဘာပဲပြောပြော လမ်းထဲမှာ၊ မိသားစုအသိုင်းအဝိုင်းထဲမှာ၊ မျက်နှာပန်းလှတဲ့သူပေါ့။

တက္ကစီသမားရဲ့ ဇနီးမယားဆိုရင်လည်း သင်္ဘောသားကတော်တွေလိုပဲ စိန်နားကပ်၊ စိန်လက်စွပ်နဲ့ နောက်ဆုံးပေါ်အဝတ်အစားတွေနဲ့ စမတ်ကျကျနေနိုင်ကြသူတွေပါ။ ကျောင်းက ဆရာမတွေကတောင် အဖေ့အလုပ်အကိုင်က တက္ကစီမောင်းဆိုရင် အလှူငွေပိုကောက်ခံကြတဲ့ခေတ်ပါ။

အခုများကျတော့လည်း တက္ကစီမောင်းသမားတွေဘဝက ဆိုက်ကားသမားတွေဘဝနဲ့ မခြားနား။ ပိန်မသာ လိမ်မသာ ဖြစ်နေကြရတာ စိတ်မကောင်းစရာ ဝင်ငွေမကောင်းကြရတဲ့အထဲ လမ်းပေါ်မှာ အသက်အန္တရာယ်နဲ့ ရင်းပြီး ဝမ်းစာရှာကြရသူတွေပါ။

ယာဉ်အန္တရာယ်တွေအပြင် ဒီခေတ်က စားဝတ်နေရေး ကျပ်တည်းကြတော့ လူရမ်းကားတွေရဲ့ အန္တရာယ်၊ လုယက်မှုအန္တရာယ်တွေကိုလည်း ကြောက်ရပါသေးတယ်။ ယောကျ်ားနှစ်ယောက်၊ သုံးယောက်ကားပေါ်မှာ ပါလာရင်ပဲ သတိထားနေရတဲ့အနေအထားပါ။ ဒီကြားထဲ တက္ကစီမောင်းသမား အတုအယောင်တွေလည်း ရှိပြန်တော့ ခရီးသည်ကလည်း ကိုယ့်ကို မယုံကြည်၊ ကိုယ်ကလည်း ခရီးသည်ကို မယုံကြည်နဲ့ ဝမ်းစာအတွက် ကိုယ့်ဘာသာကြက်ယက် ရှာစားတာတောင် အေးအေးလူလူမရှိဘဲ ကျီးလန့်စာစားဘဝနဲ့ပါ။

အဲဒီလို တက္ကစီမောင်းသမားတွေရဲ့ အမောမျက်နှာ၊ သောကမျက်နှာတွေကို သွားရင်းလာရင်းနဲ့ မြင်မြင်နေရတဲ့ ကျွန်မကလည်း သူတို့ရဲ့ ဘဝအခြေအနေတွေကို ခံစားနားလည်မိပေမယ့် မကူညီနိုင်။ ကိုယ့်ရဲ့ အနေအထားကလည်း ဘတ်စ်ကားခရီးသည်ဘဝနဲ့ ယိုင်တီယိုင်တိုင်ဆိုတော့ သူတို့ရဲ့ မျှော်လင့်ချက်မျက်ဝန်းလေးတွေနဲ့ ဆုံမိတိုင်း ဆုံမိတိုင်း အားနာနာနဲ့ပဲ မျက်နှာလွှဲလွှဲနေရတော့တာပါပဲလေ။

*7 Day Journal, Sept , 2015.*

✧ ✧ ✧

# နိုင်ငံကြီးသား ပီသကြပါစေ

လူတိုင်းလူတိုင်းကတော့ နိုင်ငံကြီးသား ပီသချင်ကြတာပဲ။ ကိုယ့်ကိုကိုယ် နိုင်ငံကြီးသား၊ နိုင်ငံကြီးသားနဲ့ ပါးစပ်ဖျားက မချချင်ကြဘူး။ ကိုယ်တိုင်ကသာ နိုင်ငံကြီးသားပီသချင်ကြတာ တကယ်တမ်းကျတော့ ကိုယ်ရဲ့ပြုမူလှုပ်ရှား၊ သွားလာ၊ နေထိုင်တတ်မှုတွေ Human Behavion က နိုင်ငံကြီးသားပီသကြရဲ့လားဆိုတာ စဉ်းစားစရာပါ။

လူဆိုတဲ့အမျိုးက နည်းနည်းလေးတော့ ကြွားတတ်ကြတယ်နဲ့တူပါရဲ့။ ကိုယ့်မှာရှိတဲ့အရည်အချင်း၊ ပစ္စည်းဥစ္စာ၊ ဂုဏ်ပုဒ်လေးတွေ၊ ကောင်းကွက်ကလေးတွေကို လူကြားထဲရောက်ရင် အခွင့်သင့်ရင်သင့်သလို ထုတ်ဖော်ပြောတတ်ကြတယ်။ ကြုံတုန်းကြွားလိုက်ဦးမယ်ဆိုပြီး ကြုံကြွားလေးတွေနဲ့ ကြုံရင်ကြုံသလို ကြွားတတ်ကြသေးတယ်။

ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ဘယ်သူမှမသင်ပေးရဘဲနဲ့ တတ်တာက ကြွားတတ်တာ။ ကွန့်ပါဘူးအသစ်၊ ချွန်စက်အသစ်၊ ပေတံအသစ်ရရင် အတန်းထဲက သူငယ်ချင်းတွေကို ထုတ်ထုတ်ပြီးကြွားရတာအမော။ ကလစ်ကလေးအသစ်၊ ဖိနပ်ကလေးအသစ်ဆိုရင်လည်း ငါ့ကလစ်ကလေးလှလား။ ငါ့ဖိနပ်ကလေးလှလား သူများတွေမမြင်မှာစိုးလို့ ထုတ်ဖော်ပြီး မေးရတဲ့အဆင့်ထိရောက်အောင်ကို ကြွားတတ်ကြတာ။

ငယ်ငယ်ကတည်းက ကြွားတတ်တဲ့စိတ်သဘာဝအခံက လူကြီးဖြစ်လာတဲ့အထိ ပျောက်မသွားကြဘူး။ ငယ်ငယ်တုန်းကလို ပေါ်ပေါ်တင်တင်ထုတ်ဖော်မကြွားတော့ပေမယ့် မသိမသာလေးတွေ နည်းနည်းလေးတော့ ကြွားတတ်သေးတာပဲ။

'ညက အိပ်ပျော်သွားတာ အဲယားကွန်းမပိတ်လိုက်မိဘူး။ မိုးလင်းခါနီးမှ ပိတ်လိုက်ရတယ်' 'သကြံန်တရားစခန်းတုန်းက နေ့ဆွမ်းတစ်နပ်လှူလိုက်သေးတယ်၊ ရှင်သာမုခေါ်ဦး' စသည်ဖြင့်ပေါ့။ ဘယ်သူကမှလည်း မမေးဘဲနဲ့ ကိုယ်ဘာသာကြွားလုံးထုတ်တာရှိသေးတယ်။ ကိုယ့်ဂုဏ်ကို ကိုယ်ဖော်ကျူးကြတာ။ ငါတို့လူမျိုးက ကြီးကျယ်မြင့်မြတ်တဲ့လူမျိုး၊ ငါတို့က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားတာ ငါတို့ဘာသာက အမွန်မြတ်ဆုံး၊ အသန့်စင်ဆုံးဘာသာ၊ ငါတို့နိုင်ငံက ရွှေရောင်လွှမ်းတဲ့နိုင်ငံ၊ ဘယ်နေရာကြည့်ကြည့် ဘုရားကျောင်းကန်၊ စေတီပုထိုးပေါများလှတဲ့နိုင်ငံ၊ ငါတို့လောက်ဘယ်နိုင်ငံမှ သယံဇာတတွေပေါများလှတဲ့နိုင်ငံ မရှိဘူးဆိုပြီး ဂုဏ်ယူဝင့်ကြွားတတ်ကြတယ်။ ဂုဏ်ယူဝင့်ကြွားစိတ်ကနေတဆင့် ကိုယ်နိုင်ငံမှ ကိုယ်နိုင်ငံပဲ။ ကိုယ်လူမျိုးမှကိုယ့်လူမျိုးဆိုပြီး စိတ်ကြီးဝင်တတ်ကြတယ်။ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်တွေနဲ့ မျိုးချစ်စိတ်ထက်သန်ကြတာကတော့ ဘယ်သူမှ၊ ဘယ်လူမျိုးမှ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို မချစ်ဘူးဆိုတာ မရှိကြဘူး။

ရှေးပဝေသဏီကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှာန်းနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မြင့်မားမားနဲ့ မာန်ဝင့်ခဲ့ကြတဲ့ ကျွန်မတို့မြန်မာတွေက အမျိုးဂုဏ်မြင့်မားသလိုပဲ စိတ်နေစိတ်ထားတွေကကော အဆင့်အတန်းရှိရှိမြင့်မားကြပါရဲ့လား။ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ လုပ်ဆောင်ချက်တွေကကော မြင့်မြင့်မားမား အဆင့်အတန်းကော ရှိကြပါရဲ့လား။ နိမ့်ကျတဲ့အတွေးအခေါ်တွေနဲ့ နိမ့်ကျတဲ့လုပ်ဆောင်ချက်တွေ လုပ်ကြသလားဆိုတာဆင်ခြင်ကြည့်ချင်စရာပါ။

လူတွေရဲ့ သဘောသဘာဝတွေ၊ စိတ်နေစိတ်ထားတွေ၊ စရိုက်တွေကိုစိတ်ဝင်တစားနဲ့ အကဲခတ်လေ့လာတတ်တဲ့ ကျွန်မက ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာလူတော်များများမှာ ရှိကြတဲ့ စရိုက်တစ်ခု၊ စိတ်နေစိတ်ထားကို သတိထားမိတယ်။ မျက်စိရှေ့မှာ အမြဲလိုလိုမြင်နေရတဲ့၊ ရိုးနေရတဲ့ အပြုအမူမျိုးပါ။ ဒါပေမဲ့ ကျွန်မအတွက်တော့ စိတ်ပျက်ရတဲ့ မြင်ကွင်း၊ အရှက်ရစေတဲ့ မြင်ကွင်းပါ။

လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေမှာ အမြဲလိုလို မြင်နေရတယ်။ ဘာလဲဆိုတော့ လူအတော်များများက ဆိုင်ထဲရောက်တာနဲ့ စားစရာသောက်စရာမှာပြီး စားပွဲပေါ်မှာရှိတဲ့ တစ်ရှူးဘူးထဲက တစ်ရှူးတွေကိုအများကြီးထုတ်ပြီး မျက်နှာတွေ၊ လည်ပင်းတွေ၊ လက်ဖျံတွေကို ချွေးသုတ်

တော့တာပဲ။ သူတို့ရဲ့ ရပိုင်ခွင့်အခွင့်အရေးတစ်ခုလို သဘောထားပြီး အားမနာ ပါးမနာ အသုံးပြုကြတော့တာ။ ဆိုင်က လက်သုတ်ဖို့၊ ပါးစပ်သုတ်ဖို့ ချပေးထားတဲ့ တစ်ရှူးဘူးများက ချွေးသုတ်တာနဲ့တင် တော်တော်ကုန်နေပြီ။ တစ်ချို့များဆို တစ်ဝိုင်းလုံးမှာရှိတဲ့ လူကုန်ပဲ ဝိုင်းပြီး ချွေးသုတ်ကြတာ တစ်ရှူး တစ်လိပ်လုံးကုန်ပါလေရော။ ပိုက်ဆံပေး ဝယ်စားတာ၊ အားနာစရာ မလိုဘူးလို့ ထင်ချင်လည်း ထင်ကြမှာပါ။ ဒါပေမဲ့ ဒီတစ်ရှူးတွေက ချွေးသုတ်ဖို့၊ မျက်နှာသုတ်ဖို့ ပေးထားတာ မဟုတ်ဘူးဆိုတာတော့ အသိတရားလေးဝင်ဖို့ ကောင်းပါတယ်။

ကိုယ့်ချွေးကိုယ်သုတ်ဖို့၊ ကိုယ့်ရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးကို လုပ်ဖို့တောင် ငါးဆယ်တန်၊ တစ်ရာတန် တစ်ရှူးထုတ်ကလေးတွေကို ဝယ်ပြီး ဆောင် မထားဘဲ ခပ်တည်တည်နဲ့ သူများလက်သုတ်ဖို့ ပေးထားတဲ့ တစ်ရှူးတွေကို သုံးတတ်ကြတာ။ အခွင့်အရေးပိုယူတတ်ကြတာဟာ နိုင်ငံကြီးသား လုပ်ရပ်၊ နိုင်ငံကြီးသားစိတ်ဓာတ်တွေတဲ့လား။ လူတစ်ဦးချင်းရဲ့ အသေးအဖွဲ့ ကိစ္စလေးတွေကအစ နိုင်ငံကြီးသားပီသနိုင်ပါမှ ကြီးကြီးမားမားကိစ္စရပ်တွေမှာလည်း နိုင်ငံကြီးသား ပီသကြမှာ။ လူကြီးလူကောင်း ဆန်နိုင်ကြမှာပါ။

နိုင်ငံကြီးသား ပီသတယ်ဆိုတာ ပါးစပ်ဖျားက ထုတ်ဖော်ကြွားဝါ ပြောကြားနေစရာမလိုဘဲ ကိုယ့်ရဲ့ အပြုအမူတိုင်း အပြုအမူတိုင်းမှာ နိုင်ငံကြီးသားလက္ခဏာတွေနဲ့ ပြည့်ဝအောင်ကျင့်ကြံကြရမှာပါပဲ။ တစ်ဦးချင်းစီရဲ့ အပြုအမူ၊ အကျင့်တရားတွေက ပုံရိပ်ကောင်းပါမှ နိုင်ငံရဲ့ ပုံရိပ်ကလည်း ကောင်းမွန်မှာ။

အခုဆို ရွေးကောက်ပွဲကြီး နီးလာပြီဆိုတော့ နိုင်ငံသားတွေရဲ့ အခန်းကဏ္ဍက အရေးပါလာပါပြီ။ နိုင်ငံတကာကလည်း ကိုယ့်နိုင်ငံရဲ့ အခြေအနေတွေကို လေ့လာအကဲခတ်နေကြပါပြီ။ ဒီအချိန်၊ ဒီအခြေအနေတွေက ကျွန်မတို့ နိုင်ငံသားအားလုံးရဲ့ အရည်အချင်းတွေကို ထုတ်ဖော်ကြွားကြရတော့မှာပါ။ ကိုယ့်ရဲ့ နိုင်ငံကြီးသားပီသတဲ့ဂုဏ်ကို ထုတ်ကြွားရတော့မှာ။

ပါတီတွေ မဲဆွယ်စည်းရုံးကြရာမှာ ပါတီဝင်တွေက ဂုဏ်သိက္ခာရှိရှိ၊ အဆင့်အတန်းရှိရှိ၊ စိတ်ထားမှန်ကန်စွာ စည်းရုံးကြပြီး နိုင်ငံကြီးသားပီသ ကြောင်း ပြသရမယ့်အချိန်။ တစ်ဖက်ပါတီက မဲဆွယ်စည်းရုံးနေချိန်မှာ ကိုယ့်က အေးအေးဆေးဆေး လက်ခံနားထောင်ပေးရမှာ ဖြစ်သလို ကိုယ့်ပါတီ မဲဆွယ်စည်းရုံးချိန်မှာလည်း တစ်ဖက်ပါတီဝင်တွေက ငြိမ်းငြိမ်းချမ်းချမ်း

လွတ်လပ်စွာ မဲဆွယ်ခွင့် ပေးကြရမှာပါ။ တစ်ဖက်နဲ့တစ်ဖက် ရန်သူတွေလို သဘောမထားဘဲ အပြန်အလှန် လေးစားမှုရှိကြပါမှ နိုင်ငံရေးသမားကောင်း၊ နိုင်ငံရေးသမ္မာရင့်ကျင့်သူတွေ ဖြစ်ကြမှာပါ။

အခုတော့ သူများပါတီမဲဆွယ်စည်းရုံးမှုကို မနှာလိုမရှုစိမ့်နိုင်၊ ပွဲဖျက်ဖို့ ကြံစည်ကြ၊ ပွဲပျက်အောင် လုပ်ကြဆိုတော့ ပါတီရဲ့ အရေခြုံပြီး ပါတီကို သိက္ခာချနေကြသလိုပါ။ သူများပါတီရဲ့အလံကို ခဲနဲ့ပေါက်၊ လာရောက်ကြတဲ့ ပရိသတ်ကို ခြိမ်းခြောက်ကြတဲ့ လူမိုက်ဆန်ဆန် လုပ်ရပ်တွေက ဘယ်သူ့ အားကိုးနဲ့ လုပ်ဝံ့ကြသလဲဆိုတာ စဉ်းစားစရာ။ ဒါလား နိုင်ငံရေးသမားလို့ မေးရမလို။ နိုင်ငံရေးအလုပ်ဆိုတာ မွန်မြတ်တဲ့အလုပ်၊ နိုင်ငံရေးသမားဆိုတာ မွန်မြတ်တဲ့လူသားဆိုတာ သိပါရဲ့လားမသိ။

ဘာနဲ့တူသလဲဆိုတော့ ကလေးတွေ ကစားကြသလိုပါ။ တစ်ဖက်လူကို နိုင်အောင် မကစားနိုင်မှန်းသိတော့ ကျားကွက်ခုံကို မှောက်ပစ်လိုက်သလိုပေါ့။ ပါတီဝင်များအားလုံးပဲ နိုင်ငံရေးစင်မြင့်ထက်မှာ ဂုဏ်သိက္ခာရှိရှိ ယှဉ်ပြိုင်ကြပါ။ အသက် ၁၈ နှစ် ပြည့်ပြီးသူတွေမို့လို့ ကလေးမဆန်ကြပါနဲ့လို့ပဲ ပြောရပါတော့မယ်။

*သမဂ္ဂ၊ အောက်တိုဘာ၊ ၂၀၁၅။*

✧ ✧ ✧

# ပြည်သူတွေက စာတတ်ကြပါတယ်

အခုခေတ်မှာ ပြည်သူတွေ စာမဖတ်ကြတော့ဘူး။ လူငယ်လူရွယ်တွေကို စာမဖတ်ကြတော့ဘူးလို့ ပြောနေကြတာ။ ပြည်သူတွေက စာမဖတ်ရင်သာ နေမယ်။ စာတော့ တတ်နေကြပါပြီ။ ပြည်သူတွေက စာမျက်နှာပေါ်က အကြောင်းတွေကိုသာ မသိကြမခံစားမိကြတာသာ ရှိမယ်။ သူတို့ရဲ့ လက်တွေ့ဘဝက ပေးတဲ့ သင်ခန်းစာတွေနဲ့တင် စာတွေ တတ်မြောက် တက္ကသိုလ်ရောက်နေကြတာပါ။

မနက်စောစောစီးစီး ဝေလီဝေလင်းမှာကိုပဲ တန်းစီနေကြတဲ့ လူတန်းရှည်ကြီးက ထူးဆန်းလှစွာ ငြိမ်သက်တိတ်ဆိတ်လို့ပါ။ တစ်ယောက်တစ်ပေါက်စကားသံတွေလည်း မကြားရ၊ ကျယ်ကျယ်လောင်လောင် ဆူဆူညံညံလည်း မရှိ၊ လူအုပ်တစ်ပြုံတစ်မကြီးက အုန်းအုန်းကျွတ်ကျွတ်နဲ့ ဝရုန်းသုန်းကားလည်း မဖြစ်ဘဲ ဣန္ဒြေရရ အတွေးကိုယ်စီနဲ့ ငြိမ်သက်နေကြတာ ဘဝမှာ ဒီလိုမြင်ကွင်းမျိုး ဒီလိုအနေအထားမျိုးကို ဒီတစ်ခါပဲ မြင်ဖူးသေးတာပါ။

ဒီလို လူတန်းရှည်ကြီးတမျှော်တခေါ်နဲ့ တန်းစီနေကြတဲ့ မြင်ကွင်းမျိုးကို ငယ်ငယ်တုန်းကလည်း အကြိမ်ကြိမ်ကြုံဖူး၊ ခံစားဖူးပါတယ်။ ဒါပေမဲ့ ဒီလို ငြိမ်သက်မှုမျိုးတော့မဟုတ်ဘူးပေါ့။

ရပ်ကွက်က သမဆိုင်မှာ ရေနံဆီပေးတဲ့အခါတွေပေါ့။ အိမ်ထောင်စုစာရင်းစာအုပ်တွေထပ်ပြီး တန်းစီကြရတာ။ ကိုယ့်အလှည့်ရောက်ဖို့ကို တစ်မနက်ခင်းလုံးလိုလို တန်းစီနေကြရတယ်။ အဲဒီခေတ်က Hot Plate ကို တွင်တွင်ကျယ်ကျယ် မသုံးကြသေးတဲ့ခေတ်ဆိုတော့ ရေနံဆီမီးသွေးနဲ့ ထမင်း၊ ဟင်းချက်ကြတာကိုး။ ရေနံဆီဈေးကွက်တစ်ခု ဖြစ်လိုက်သေးတာပေါ့။

နောက်ပြီး သိမ်ကြီးဈေးက ကုန်တိုက်မှာလည်း တန်းစီတဲ့ခေတ် တစ်ခေတ် ဖြစ်လိုက်သေးတယ်။ ရပ်ကွက်ထဲက အလုပ်အကိုင် မရှိတဲ့ ယောကျ်ား၊ မိန်းမတွေက ပြည်သူ့ကုန်တိုက်ကို သွားပြီး တန်းစီကြတာ။ ကုန်တိုက်က ရောင်းတဲ့ခွဲတန်းတွေကို ဝယ်ဖို့ တန်းစီ၊ တစ်နေ့ကုန်ကောင်တာ တစ်ခုပြီးတစ်ခု တန်းစီ၊ ညနေကျတော့ ကုန်တိုက်အောက်က လမ်းဘေးဈေး သည်တွေဆီမှာ ကိုယ်ဝယ်လာတဲ့ ပစ္စည်းလေးတွေ ပြန်ရောင်း၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ နို့ဆီသကြား၊ မျက်နှာသုတ်ပါဝါ စသည်ဖြင့်ပေါ့။ တစ်နေ့တာ ရတဲ့ အမြတ်ကလေးနဲ့ အိမ်ပြန်ကြပေါ့။ တန်းစီးရာမှာ သူ့ထက်ငါ အလု အယက် နေရာဦးကြ၊ ကျော်တက်ကြ၊ ရန်ဖြစ်ကြနဲ့ ရှုတ်ရှုတ်သဲသဲ ပွက်လော ညံနေကြတာ။ ဪ… တစ်ခေတ်တစ်ခါက ရန်ကုန်လူထုရဲ့ ရှင်သန်လှုပ်ရှား ခဲ့ကြတဲ့ ဘဝ တစ်စိတ်တစ်ဒေသတွေပါ။

အဲဒီတုန်းက အခုလို ဗီဒီယိုတွေလည်း မပေါ်သေး၊ တီဗွီတွေလည်း ပေါပေါများများ မရှိကြသေးတော့ ရုပ်ရှင်ရုံတွေမှာ နေပူပူ၊ မိုးရွာရွာ တန်းစီ ပြီး လက်မှတ်ဝယ်ကြရတယ်။ လူများလွန်းရင် တန်းစီရတာ ဝရုန်းသုန်းကားနဲ့ ရန်ဖြစ်ကြ၊ နေရာယူကြနဲ့ ရဲတွေက ထိန်းကြရတဲ့အဖြစ်၊ ရုပ်ရှင်ရုံထဲရောက် ဖို့ကို တိုးဝှေ့ပြီး ခဲခဲယဉ်းယဉ်းဖြစ်ခဲ့ကြရတာပါ။

အဲဒီခေတ်၊ အဲဒီအချိန်တုန်းက ပြည်သူတွေ တန်းစီးကြရတာက ရယူမှုတစ်ခုအတွက် ရေနံ့ဆီလိုချင်လို့၊ ဆပ်ပြာ၊ သွားတိုက်ဆေးလိုချင်လို့ ရုပ်ရှင်ကြည့်ချင်လို့၊ သူ့ထက်ငါ အလုအယက် တိုးကြ၊ ဝှေ့ကြ၊ ရန်ဖြစ်ကြ ပွတ်ပွတ်ညံလို့ပါ။

အခုတစ်ခါ ပြည်သူတွေ တန်းစီကြတာက ရယူဖို့မဟုတ်ဘဲ ပေးဖို့ သက်သက်တန်းစီကြတာ။ တစ်ဦးတစ်ယောက်ရဲ့ စေခိုင်းမှု၊ ခြိမ်းခြောက်မှု ကြောင့်လည်းမဟုတ်၊ ဘာရဖို့၊ ညာရဖို့ဆိုတဲ့ မက်လုံးလည်း မရှိ၊ ဘယ်သူကမှ ဘာမှမပေးဘဲနဲ့ ကိုယ့်ဘာသာ တန်းစီနေကြတာ။ ပေးချင်လို့။ သူတို့ရဲ့ ရင်ထဲက မျှော်လင့်ချက်တွေကို ပေးချင်လို့။ မနက်အစောကြီးထပြီး ဝီရိယရှိရှိ တန်းစီ နေကြတာ။ ဘေးပယောဂတွေ အဖျက် အနှောင့်အယှက်တွေ ဝင်မှာစိုးလို့ တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်ငြိမ်သက်သက် အေးအေးဆေးဆေး၊ ဣန္ဒြေရရ ရင့်ကျက်တည်ငြိမ်တဲ့ မျက်နှာပေးလေးနဲ့ ဪ… မြင်ရတွေ့ရတာ ကျက် သရေရှိနေလိုက်ကြတာ။ စည်းကမ်း ရှိနေလိုက်ကြတာ။ အဲဒါကြောင့် ကျွန်မ ပြောတာပေါ့။ ပြည်သူတွေက စာမဖတ်ကြတာသာ ရှိမယ်။ ဘဝတက္ကသိုလ်

သင်ခန်းစာတွေနဲ့ Facebook တွေ၊ အင်တာနက်တွေသုံးပြီး စာတက်ကုန်ကြတာ။ လိုချင်တဲ့အစိုးရသစ်ကို သတ္တိရှိ ရှိ၊ ဣန္ဒြေရရ ပြောင်းပစ်လိုက်ကြတာပဲ ကြည့်လေ။

*သမဂ္ဂ၊ နိုဝင်ဘာ၊ ၂၀၁၅။*

✧ ✧ ✧

## အပြောင်းအလဲတွေနဲ့ ကောင်းလာမည့် မြန်မာပြည်

ရွက်ဟောင်းတွေကြွေလို့ ရွက်သစ်တွေဝေကြသလိုမျိုး အဟောင်းအဟောင်းတို့နေရာမှာ အသစ်၊ အသစ်တို့ အစားထိုး ဝင်ရောက်လာတာ လောကရဲ့ဓမ္မတာပါ။

အခုအချိန်မှာ ကျွန်မတို့တိုင်းပြည်က အပြောင်းအလဲတွေနဲ့ ကောင်းဖို့တာစူနေတဲ့အချိန်လို့ ဆိုရမှာပါ။ အပြောင်းအလဲတွေဖြစ်ဖို့ ငံ့လင့်သွေးစာနေတဲ့ ကျွန်မအတွက်တော့ အပတ်စဉ်ထုတ် သတင်းစာတွေ၊ ဂျာနယ်တွေကို အငမ်းမရဖတ်ရင်း အားရကျေနပ်မှုတွေ ရှိလာပါတယ်။ အရင်ကနဲ့စာရင် ကျွန်မတို့ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေက ပိုပြီး နီးစပ်လာခဲ့ပြီလေ။

တကယ်တော့ အခုခေတ်မှာ လူဖြစ်လာရတာ ကျွန်မတို့တွေ ကံကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့တိုင်းပြည်က လွတ်လပ်တဲ့တိုင်းပြည်ဖြစ်နေပြီ။ ကျွန်မတို့ပြည်ကို ထိပါးကျူးကျော်မယ့်သူကို ချောမွန်းနေစရာမလိုတော့ဘူး။ ကျွန်မတို့တွေ အေးအေးဆေးဆေး စာသင်ရတယ်။ အင်တာနက်တွေသုံးလို့၊ ရှော့ပင်းစင်တာတွေမှာ ဈေးဝယ်ထွက်နိုင်လို့၊ နိုင်ငံတကာကော်ဖီတွေသောက်လို့၊ အပန်းဖြေခရီးတွေထွက်လို့။ ခေတ်အဆက်ဆက်က သူ့ရဲကောင်းအာဇာနည်တွေရဲ့ ကျေးဇူးကြောင့် ကိုယ့်အိမ်ရာ၊ ကိုယ့်တိုင်းပြည်မှာ ငြိမ်းငြိမ်းချမ်းချမ်း နေကြရတယ်။ သူတို့တွေမရခဲ့တဲ့ အခွင့်အရေးတွေကို ရရှိခံစားလို့ ကျွန်မတို့တွေ ကံကောင်းခဲ့ကြတယ်။

သခင်ကိုယ်တော်မှိုင်းကြီးဆိုသူ ကလေးဘဝကတည်းက နိုင်ငံကတိုင်းတစ်ပါးလက်အောက် ရောက်နေပြီ။ အဲဒီခေတ်က ပြည်သူတွေ မလွတ်လပ်တဲ့ဘဝနဲ့ ဘယ်လောက်မျက်နှာငယ်ကြရမလဲ။ ကျီးလန့်စာစားဘဝနဲ့

ဘယ်လောက်အောက်ကျ နောက်ကျနိုင်ခဲ့ကြမလဲ။ သူတို့တွေရဲ့ဘဝကို သခင်ကိုယ်တော်မှိုင်းက စာချိုးလေးနဲ့ ငြီးတွားလိုက်ပုံက –

"ဩော်… ဘုရားအလုပ်၊ တရားအလုပ်ကိုဖြင့် အားထုတ်မယ် ကြံစည်ပေမယ့် မြန်ပြည်မလေ ငတို့လွတ်လပ်ရေးဟာက ဖွတ်ဖြုပ်သေးသေး တစ္ဆေရစ်သနယ် ဝဋ်ဇာတ်ကြွေးတွေ (ဗလဗွေ ဗလဗြစ်) ကယ်နှင့်၊ မဗွေးခင် ကြွေးတင်တဲ့ ခေတ်ပေမို့၊ အိပ်ရာမှာတင် လိပ်ပြာလစ်တော့မလို၊ ထိတ်ထိတ်ပြာပြာ စိတ်မှာလည်း ညစ်ပြန်တော့" တဲ့လေ။ ဘယ်လောက်များ ရင်နာစရာကောင်းလိုက်သလဲလို့။

တိုင်းပြည်က မလွတ်လပ်တော့ နယ်ပယ်အသီးသီးမှာ သူရဲကောင်းတွေ ပေါ်ထွက်လာကြတယ်။ ဗိုလ်လရောင်၊ ဆရာစံ၊ သခင်ဖိုးလှကြီးစတဲ့ ခေါင်းဆောင်တွေ ဦးဆောင်တဲ့ သူရဲကောင်းပြည်သူတွေက ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့ကို တော်လှန်ဖို့ ကြိုးစားခဲ့ကြရတာ ဘယ်လောက်ပင်ပန်းဆင်းရဲရှာလိမ့်မလဲ။ ဘယ်လောက်ဘဝတွေ စတေးခဲ့ကြရမလဲ။ နောက်ဆုံးမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်တွေက သီပေါမင်းလက်ထက်က နယ်ချဲ့လက်အောက်ရောက်ခဲ့ရတဲ့ မြန်မာပြည်ကို ပြန်လည်ရယူပေးခဲ့တယ်။ အခု ကျွန်မတို့ ရရှိခံစားနေရတဲ့ လွတ်လပ်ရေးရဲ့ အသီးအပွင့်တွေကို ဗိုလ်ချုပ်တို့က တော့ ရမသွားကြရှာပါဘူး။ ဒီအတွက် အခွင့်အရေးတွေကို ခံစားနေရတဲ့ ကျွန်မမှာ ဗိုလ်ချုပ်တို့ကို အားတုံ့အားနာ ဖြစ်ရပါသေးတယ်။ ပြီးတော့ တိုင်းပြည် လွတ်လပ်ရေးရတာ နှစ်ခြောက်ဆယ်ကျော် ကြာပေမယ့်လည်း ဗိုလ်ချုပ် မျှော်မှန်းထားတဲ့ ဒီမိုကရေစီနိုင်ငံ မဖြစ်သေးတဲ့အတွက်၊ နိုင်ငံက Under Developing Country ဖြစ်နေတဲ့အတွက် ကျွန်မမှာ ပြည်သူတစ်ယောက် အနေနဲ့ ဗိုလ်ချုပ်ကို မျက်နှာလည်းပူ၊ အားလည်းနာရပါသေးတယ်။

လွတ်လပ်ရေး ရပြီးတော့ တိုင်းပြည်မှာ ဖဆပလ နှစ်ခြမ်းကွဲ၊ ပြည်တွင်းစစ်တွေဖြစ်၊ နိုင်ငံလုံးဆိုင်ရာ အလုပ်သမားသပိတ်တွေ ပေါ်ပေါက် တရုတ်–ဗမာ အရေးအခင်း၊ ဦးသန့်အရေးအခင်းတွေနဲ့ တိုင်းပြည်က ဘယ်မှာ လှခဲ့လို့လဲ။ ၈၈ အရေးအခင်းမှာ ပြည်သူတွေက မဆလ တစ်ပါတီစနစ်ကို ဖြုတ်ချနိုင်ခဲ့ပေမယ့် 'ဒီမိုကရေစီဆိုတာ' ကျွန်မတို့အတွက် အိပ်မက်ထဲက ကမ္ဘာလေးပါ။ နိုင်ငံရေးဆိုတဲ့စကားကို ကျယ်ကျယ်မပြောရဲ၊ အမှန်တကယ် စိတ်အဝင်စားဆုံး ဘာသာရပ်ဖြစ်ကြပေမယ့် အချင်းချင်းစကားပြောကြရင် နိုင်ငံရေးမပါနဲ့လို့ ဟန်ဆောင်သတိပေးကြရ၊ ဒီမိုကရေစီဆိုတာ ကိုယ်တွေနဲ့

မထိုက်တန်သလိုနေ၊ လူ့အခွင့်အရေးဆိုတာကို မသိချင်ယောင်ဆောင်ပြီး ဘဝကို ငြိမ်ဝပ်ပိပြားစွာ နေလာခဲ့ကြရတာနော်။

အခုတော့လည်း လိုချင်တဲ့ အစိုးရတစ်ရပ်ကို ကျွန်မတို့ ပြည်သူတွေ ဖော်ဆောင်ခဲ့ကြပါပြီ။ အစိုးရသစ်ရဲ့ လုပ်ဆောင်ချက်တွေကိုလည်း ဆွေးနွေးညှိနှိုင်းခွင့်တွေ၊ ဝေဖန်သုံးသပ်ပိုင်ခွင့်တွေ ရလာတော့မှာပါ။ အစိုးရသစ်ရဲ့ အဓိကလုပ်ဆောင်ရမယ့် ကိစ္စကြီးတစ်ရပ်ကတော့ ပြည်တွင်းငြိမ်းချမ်းရေးပါပဲ။ လွတ်လပ်ရေးရပြီးလို့ ပြည်ပက ကျူးကျော်ရန်စတိုက်ခိုက်လာတာ မရှိဘဲနဲ့ ကျွန်မတို့ရဲ့ ဖခင်ဗိုလ်ချုပ်က နိုင်ငံတော်ကို ကာကွယ်ဖို့ စတင်ဖွဲ့စည်းပေးခဲ့တဲ့ တပ်မတော်သားတွေရဲ့ သေနတ်ပြောင်းဝမှာ ယမ်းငွေ့တွေက လှိုင်နေဆဲပါပဲ။ နယ်စွန်၊ နယ်ဖျားက တိုင်းရင်းသားတွေခမျာ ကိုယ့်အိမ်ကိုယ့်ရာမှာ နေလို့မရကြ။ ပညာသင်ခွင့်၊ အလုပ်လုပ်ခွင့်မရကြဘဲ ဒုက္ခသည်တွေဖြစ်နေကြရတာ ကြာလှပါပြီ။ ပြည်ပသွေးတစ်စက်မပါတဲ့ နိုင်ငံသားအချင်းချင်းဖြစ်နေကြတဲ့ စစ်ပွဲတွေပါ။ ဘယ်လောက်များ ရင်နာစရာကောင်းလိုက်သလဲနော်။ ကိုယ့်နိုင်ငံသားအချင်းချင်း နိုင်ငံတော်ကို ကာကွယ်နေကြတာက နှစ်ပေါင်း ၅၀ ကျော်သတဲ့။ သခင်ကိုယ်တော်မှိုင်းသာရှိသေးရင် စာချိုးလေးနဲ့ ငြီးတွားနေဦးမှာ မြင်ယောင်မိပါသေးတယ်။

သီပေါမင်းပါတော်မူပြီးကတည်းက သမိုင်းကြောင်း မကောင်းခဲ့တဲ့ မြန်မာပြည်က ဒီတစ်ခါတော့ ကောင်းလာဖို့ကို မျှော်လင့်မိရပါတယ်။ အမိနိုင်ငံတော်ရဲ့ သယံဇာတတွေကို ဝေဝေမျှမျှ သုံးစွဲခံစားကြပြီး ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ မြန်မာ့မြေမှာ ကောင်းစားနေကြမယ့် ကိုယ့်ပြည်သူ၊ ပြည်သားတွေကို မဝေးတော့တဲ့ အနာဂတ်တစ်ခုမှာ မြင်ကြည့်ချင်ပါတော့တယ်။

*သမဂ္ဂ၊ ဒီဇင်ဘာ၊ ၂၀၁၅။*

✧ ✧ ✧

# အရိပ်ကောင်း

မိုးအကုန် ဆောင်းအကူး၊ နှင်းတွေ မဝေတဲ့ ဒီဇင်ဘာဆောင်းရယ်လို့ပဲ ပြောရတော့မှာပါ။ ဒီဇင်ဘာဆိုပေမယ့် ဆောင်းရယ်လို့ ပီပြင်မှုမရှိ။ နေ့လည်ခင်း နေပူပြင်းနေတဲ့ကြားက ဘယ်သစ်ပင်ထိပ်ဖျားကမှန်းမသိ အော်မြည်လိုက်တဲ့ ငှက်တစ်ကောင်ရဲ့ အသံက ဥဩ… ဥဩ…တဲ့။ ဩော် နွေဥဩလေးခမျာ ရာသီများမှားပြီး တွန်ကျူးလေတော့သလားပဲ။

လူသားတွေက ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘာဝရှိလေတော့ လူသားတွေကြောင့်ပဲ ကမ္ဘာကြီးလည်း ရာသီဥတုတွေ ဖောက်ပြန်ပျက်စီးလာခဲ့ရပြီပေါ့။ ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးကာကွယ်ခြင်းမရှိပါက ရောဂါထူပြောကာ သီးနှံများ ပျက်စီး၍ လူသန်းပေါင်းတစ်ရာ၏ ဘဝကို ဆင်းရဲတွင်းသို့ တွန်းပို့နိုင်သည်ဟု ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက် အစီရင်ခံစာကို ဖော်ပြထားပါတယ်။

ကမ္ဘာမှာ ဆင်းရဲတဲ့ နိုင်ငံစာရင်းဝင် ကျွန်မတို့နိုင်ငံအတွက်တော့ ရာသီဥတု ဖောက်ပြန်ပျက်စီးမှုကြောင့် ဒီထက်ပိုပြီး ဆင်းရဲရဦးမယ်ဆိုရင်ဖြင့် ကြားဖူးတဲ့ ကဗျာ အတိုင်း 'သေသော်မှတည့် ဩော် ကောင်း၏' လို့ပဲ ညည်းတွားဖို့သာ ကောင်းပါတော့တယ်။

တကယ်တော့ ကျွန်မတို့နိုင်ငံက ဆင်းရဲတဲ့နိုင်ငံသာ ဖြစ်နေတာ။ မြေကြီးက ရွှေသီးနေတဲ့ နိုင်ငံ၊ သဘာဝသယံဇာတတွေ အလျှံပယ်ထွက်တဲ့ နိုင်ငံ၊ သဘာဝဓာတ်ငွေ့တွေဆိုတာ ပိုလျှံလို့ကို ပြည်ပကိုတောင် တင်ပို့ရောင်းချနေရတဲ့ နိုင်ငံ၊ ပြည်ပက စီးပွားရေးပညာရှင်တွေ ပြောကြတာက "မင်းတို့နိုင်ငံက ပြည်ပကို သဘာဝဓာတ်ငွေ့တွေ ရောင်းချလို့ရတဲ့ ဝင်ငွေနဲ့တင် မင်းတို့

နိုင်ငံသူ၊ နိုင်ငံသားတွေ အလုပ်မလုပ်ဘဲ အေးအေးဆေးဆေး ထိုင်စားနိုင်ပါတယ်"တဲ့။ "မင်းတို့က ငွေပုံကြီးပေါ်မှာ ထိုင်နေရတဲ့သူတွေ"တဲ့။

ပညာရှင်တွေက စာရင်းအင်းတွက်ချက်ပြီး သွားရည်ကျလောက်အောင် ပြောကြပေမယ့် လောလောဆယ်မှာတော့ အရှေ့တောင်အာရှမှာ ဆင်းရဲတဲ့ နိုင်ငံစာရင်းမှာ ကျွန်မတို့က ထိပ်ဆုံး။ ကမ္ဘာမှာ ဆင်းရဲတဲ့ နိုင်ငံအဆင့် (၃)တဲ့။ တစ်ချိန်က အစားအစာ ဝေါ်မှတ်ခေါင်းပါးလှတဲ့ အီသီးယိုးပီးယားနိုင်ငံကတောင် ကျွန်မတို့ထက်သာသွားပြီဆိုတော့ ကျွန်မတို့တစ်တွေ အကြီးအကျယ်မှားယွင်းခဲ့ကြပြီး နှစ်ပေါင်းများစွာ မှားယွင်းမှုတွေက တော်တော်တန်တန်ဖျက်ဆီးလို့ မရလောက်အောင် စနစ်ကျခဲ့လို့ပါပဲ။ နှစ်ပေါင်းများစွာ စနစ်တကျမှားယွင်းမှုတွေကို အခုမှ အမြစ်က လှန်ပစ်လိုက်နိုင်တာ ဘာကြာသေးလို့တုန်းနော်။

အခုမှ ကျွန်မတို့က ပြိုပျက်နေတဲ့ အဆောက်အအုံကို ပြန်လည်တည်ဆောက်သလိုမျိုး ကျွန်မတို့နိုင်ငံကို ပြန်လည်ပြုပြင်တည်ဆောက်ရမှာ ဆိုတော့ဘာနဲ့တူသလဲဆိုတော့ အိမ်နီးနားချင်းတွေက မိုးမျှော်တိုက်ကြီးပေါ်ကနေ ဇိမ်ခံလို့ ကောင်းနေကြချိန်မှာ ကျွန်မတို့တစ်တွေက အုတ်ဖုတ်တုန်း၊ မဆလာဖော်တုန်း၊ အုတ်မြစ်ချတုန်းပေါ့။ အလွန့်အလွန် နောက်ကျနေပြီလို့ ဆိုရပေမယ့်ကျွန်မတို့နိုင်ငံက ရေခံမြေခံကောင်းတွေ ရှိပြီးသား၊ သဘာဝအရင်းအမြစ်တွေရှိပြီးသား။ အဲဒီရှိပြီးသား သဘာဝအရင်းအမြစ်တွေနဲ့ လူသားအရင်းအမြစ်တို့ပေါင်းစည်းပြီး ကြိုးစားပမ်းစား အလုပ်လုပ်ကြရင် မှန်မှန်ကန်ကန် အလုပ်လုပ်ကြရင် နှစ်အနည်းငယ်အတွင်းမှာ အာရှမှာ ကျွန်မတို့ ကျားတစ်ကောင်ဖြစ်လာနိုင်တာပေါ့။

ကျားတစ်ကောင်ဖြစ်ဖို့ အခုစနေပါပြီ။ အမှိုက်စကောက်ကြပါပြီ။ အန်တီစုက အမှိုက်ကောက်ခိုင်းခြင်းဖြင့် စလိုက်ပါပြီ။ တကယ်တော့ အမှိုက်ကောက်ခြင်း၊ အမှိုက်လှည်းခြင်းဆိုတာ ပြည်သူတွေရဲ့ အလုပ်မဟုတ်ပါဘူး။ စည်ပင်ဝန်ထမ်းတွေရဲ့ အလုပ်ပါ။ ပြည်သူတွေရဲ့ အလုပ်က လမ်းပေါ်မှာ အမှိုက်မချကြဖို့ပါ။ ပြည်သူ့ကိုယ်စားလှယ်တွေ၊ ပြည်သူတွေကို အမှိုက်ကောက်ခြင်းဖြင့် ပြည်သူတွေ အမှိုက်မချကြတော့အောင် စည်းရုံးရေး ဆင်းလိုက်တာပါပဲ။ လမ်းပေါ်မှာ အမှိုက်မပစ်ရလို့ စည်းမျဉ်းစည်းကမ်းထုတ်ပြီး စာကပ်တာထက် ပိုပြီးထိရောက်တဲ့ စည်းရုံးရေးပါ။ တချို့တွေက ပြောကြတယ်။ NLD ကိုယ်စားလှယ်လောင်းတွေထဲမှာ လူတော်တွေ သိပ်မရှိဘူး။

အထင်မကြီးစရာ၊ မလေးစားစရာ လူပုဂ္ဂိုလ်တွေလည်း ပါကြတယ်လို့ ဆိုကြတယ်။ တိုင်းပြည်တိုးတက်ဖို့အတွက် လူတော်တွေ လိုတာတော့ အမှန်ပါ။ ဒါပေမဲ့ လူကောင်းဖြစ်ဖို့က ပိုပြီး အရေးကြီးပါတယ်။ လူတော်ဖြစ်နေပြီး လူကောင်းမဟုတ်ပြန်ရင်လည်း သူရဲ့ တစ်ဖတ်ကမ်းခပ် တော်တတ်မှုက အန္တရာယ်ဖြစ်မှာပါပဲ။ မကောင်းတဲ့ လူတော်တစ်ယောက် တိုင်းပြည် အုပ်ချုပ်နေတာထက်စာရင် မတော်တဲ့ လူကောင်းတစ်ယောက် ကိုယ့်အထက်မှာ ရှိနေတာက ကိုယ့်အတွက် ပိုပြီး စိတ်ချလုံခြုံရပါလိမ့်မယ်။

ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းမှာမဆို လူတော်၊ လူကောင်းတွေ ရှိကြမှာပါ။ NLD မှာ လူတော်၊ လူကောင်းတွေ၊ လူတော်မဟုတ်သူတွေ ရှိနိုင်သလို ရှုံးနိမ့်ခဲ့တဲ့ တခြားပါတီတွေမှာလည်း လူတော်၊ လူကောင်းတွေ၊ လူမတော်တဲ့ လူကောင်းတွေလည်း ရှိနိုင်ပါတယ်။ တော်တဲ့သူတွေရော၊ မတော်တဲ့လူတွေရော၊ ကောင်းတဲ့သူတွေရော၊ မကောင်းတဲ့သူတွေရော၊ အားလုံးဟာ သူတို့ရဲ့ ကိုယ်စားပြုပါတီ၊ အဖွဲ့အစည်းရဲ့ အရိပ်အောက်မှာ ရှင်သန်နေကြရတာပါ။ အရိပ်အာဝါသ ကောင်းရင် မကောင်းတဲ့သူလည်း ကောင်းလာရမှာပဲ။ မတော်တဲ့သူလည်း နာနာအရိုက်ခံရတဲ့ ကျောင်းသားလို တစ်နေ့တော့ တော်လာမှာပဲပေါ့။

ငယ်ငယ်က မြန်မာဖတ်စာမှာ သင်ခဲ့ရတဲ့ ကျေးညီနောင်ပုံပြင်လေးကို ပြန်ပြီးအမှတ်ရမိသေးတယ်။ ရသေ့ဆီ ရောက်သွားတဲ့ ကျေးလေးက လိမ္မာယဉ်ကျေးပြီး ချစ်စရာစကားဆိုတတ်ပေမယ့် ခိုးသူတို့လက်ထဲ ရောက်သွားတဲ့ ကျေးလေးကတော့ ဟောဟောရမ်းရမ်း၊ သောသောသွမ်းသွမ်း စရိုက်ကြမ်းတမ်းသွားတာကိုလေ။

မြန်မာစကားမှာ ဆိုရိုးစကားရှိပါတယ်။ 'အရပ်ကောင်းတော့ အလောင်းလှတယ်'တဲ့။ အင်း··· အရိပ်ကောင်းတော့ ဘာဖြစ်မလဲ စဉ်းစားကြည့်မိတော့၊ အရိပ်ကောင်းတော့ ဝန်းကျင်လှတာပေါ့နော်။

*7 Day Jarnal,*

*Dec , 2015.*

✧ ✧ ✧

# အမှန်တရားက ပြတင်းပေါက်က ခုန်ဆင်းသွားပြီလား

လပေါင်းများစွာ လိပ်ခဲတည်းလည်း ဖြစ်နေရတဲ့ လိပ်ကျွန်းအမှုစီရင်ချက်ကတော့ ကျွန်မတို့ မြန်မာပြည်သူပြည်သားတွေအတွက် ငယ်ထိပ်မြွေပေါက် လိုက်တာပါပဲ။ မြွေမှ ရိုးရိုးမြွေမဟုတ်ဘူး။ အဆိပ်ပြင်းတဲ့ မြွေပါ။

ကြားလည်း ကြားဖူးခဲ့တယ်။ စာတွေထဲမှာလည်း ဖတ်ဖူးခဲ့တယ်။ 'ငွေကြေးက အိမ်ရှေ့က ဝင်လာတဲ့အခါ အမှန်တရားက ပြတင်းပေါက်က ခုန်ဆင်းသွားတယ်' ဆိုလား။ ဒီအဆိုအမိန့်ကလေးက နှစ်တွေ ဘယ်လောက်ပဲကြာကြာ၊ မပြောင်းလဲတော့တဲ့ အမှန်တရားတစ်ရပ်များ ဖြစ်နေလေတော့သလားပဲ။ အခု အမှုကိစ္စကတော့ ငွေကြေးတစ်ခုတည်းကြောင့်တော့ မဟုတ်လောက်။ ငွေကြေးထက် အရေးကြီးတာက ဂုဏ်သိက္ခာ။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ ဂုဏ်သိက္ခာ။ အဲဒီဂုဏ်သိက္ခာအတွက် ပေးဆပ်လိုက်ရတာက အပြစ်မဲ့တဲ့ မြန်မာလူငယ်လေးနှစ်ယောက်တဲ့။

ကြာခဲ့ပါပြီ။ ကျွန်မတို့ပြည်သူတွေ နှစ်ပေါင်းများစွာ ဆင်းရဲကျပ်တည်းနေခဲ့ရတာ။ ဘဝတွေ မွန်းကျပ်ခဲ့ရတာ။ ကောင်းကောင်းမနေရ၊ ကောင်းကောင်းမစားရ၊ ကောင်းကောင်းမရှင်သန်ကြရတဲ့ ဘဝတွေအတွက် ထွက်ပေါက်ကတော့ လူငယ်လူရွယ်လေးတွေပါပဲ။ သူတို့လို အရွယ်ကောင်းလေးတွေက ထွက်ပေါက်ရှာကြတာ၊ စွန့်စားခဲ့ကြရတာ။ အေဘီစီဒီ A,B,C,D မတတ်ဘဲနဲ့ နိုင်ငံခြားကို ဝင်ခဲ့ကြတာ။ အများစုက အခြေခံအလုပ်တွေ လုပ်ကြရတာပါ။ အခေါ်အဝေါ်လေးကတော့ သင်းပါရဲ့။ ရွှေ့ပြောင်းလုပ်သားတွေတဲ့။

အိမ်ထောင်မကျမချင်း မိဘရဲ့ရင်ခွင်ထဲမှာ ရင်အုပ်မကွာအတူနေတတ်ကြတဲ့ မြန်မာ့ဓလေ့စရိုက်တွေကို ရိုက်ချိုးပြီး မိသားစုအတွက်၊ ဘဝရပ်

တည်ရေးခိုင်မာဖို့အတွက်၊ ဝမ်းရေးအတွက် နိုင်ငံရပ်ခြားကို ထွက်လာခဲ့ကြရတာ ပျော်လို့မှ မဟုတ်တာ။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဆိုတာ မြဝတီနယ်စပ်နဲ့နီးတော့ လူငယ်၊ လူရွယ်မှန်သမျှ ထိုင်းကို သွားလိုက်ကြတာ သောက်သောက်လဲ။ ရွာတွေမှာ လုလင်ပျို၊ လုံမပျိုတွေ မရှိသလောက်ပါပဲ။ အိမ်ထောင်စုတစ်စုမှာ နှစ်ယောက်လောက်က ထိုင်းမှာရှိနေကြတယ်။ ကျေးရွာလို့သာ ပြောတာပါ။ တစ်အိမ်လုံးမှာ ခေတ်မီတဲ့ အသုံးအဆောင် ပစ္စည်းတွေချည်းပဲ။

အရွယ်ရောက်ပြီ ဆိုတာနဲ့ ကျောင်းကထွက်ပြီး ထိုင်းမှာ ရောက်နေတဲ့ အစ်ကိုတွေ၊ အစ်မတွေဆီ သွားကြတော့တာ။ အနည်းဆုံးလစာက စားသောက်ဆိုင် စားပွဲထိုးဆိုရင်ပဲ စရိတ်ငြိမ်းတယ်လေ။ ရွာက မိဘတွေကို ပြန်ထောက်ပံ့နိုင်တယ်။ မိဘတွေက သားသမီးတွေပေးတဲ့ငွေနဲ့ လယ်လေး ယာလေးလုပ်၊ ခြံလေးစိုက်။ ဒီလိုနဲ့ ဘဝလေးတွေ မယိုင်လဲသွားအောင် ထိန်းထားကြတာ။

အရွယ်ရောက်တာနဲ့ ကျောင်းထွက်ကြတော့ အတန်းပညာကလည်း မတတ်တခေါက်ပေါ့။ လေးတန်းနဲ့ပြီး၊ ရှစ်တန်းနဲ့ပြီး၊ ကိုယ့်ဘာသာပဲ ကျောင်းတွေ စောစောစီးစီး ပြီးပစ်လိုက်ကြတာ။ သူတို့တွေကို ပညာမသင်ချင်ဘူးလားလို့ မေးကြည့်။ ဘဝပေးအသိတွေနဲ့ပဲ ပညာတွေ တတ်မြောက်နေလေတော့သလားတော့ မသိ။ သူတို့ဖြေကြတာက မသင်ချင်တော့ဘူးတဲ့။ သူတို့ရဲ့ ဆင်းရဲတဲ့ဘဝကိုလည်း မလိုချင်တော့ဘူးတဲ့။ မိဘတွေကိုလည်း ဆင်းဆင်းရဲရဲ မဖြစ်စေချင်ဘူးတဲ့။ သူတို့လည်း ဆင်းဆင်းရဲရဲ မနေနိုင်ဘူးတဲ့။ မှတ်ကရော။ ဘယ်လိုလုပ်ပြီး ပညာနဲ့ ဆွဲဆောင်မလဲ။ ဘယ်လိုနှလုံးသားနဲ့ ကျောင်းတက်ပါလို့ အတင်းတိုက်တွန်းရပါ့မလဲ။ ကျောင်းဆက်တက်တော့ ပညာတတ်ကြီး ဖြစ်တာပေါ့လို့ ပြောရင် ဟာသတစ်ပုဒ်ကို ကြားလိုက်ရသလို မထိတထိအပြုံးနဲ့ ကိုယ့်ကိုပြုံးပြလိမ့်ဦးမှာ။ အဲဒါ နိုင်ငံရဲ့မျိုးဆက်။ ကျွန်မတို့ရဲ့မျိုးဆက်။ အနာဂတ်ရဲ့ သားကောင်းရတနာတွေပါ။

အခု ကလေးနှစ်ယောက်ကတော့ ရခိုင်ပြည်နယ်က၊ ရခိုင်ပြည်ဆိုတာ သဘာဝအလှအပတရားတွေနဲ့ ရှုမောမဆုံးသာယာလှတဲ့ ပြည်နယ်။ သဘာဝက ပေးတဲ့ လက်ဆောင်ရေ၊ မြေ၊ လေ၊ တော၊ တောင်စိမ့်စမ်းတွေနဲ့ တောအထပ်ထပ် တောင်အထပ်ထပ် နေချင်စဖွယ်ကောင်းတဲ့ဒေသ။ အဲဒီဒေသမှာ အဓိက စီးပွားရေးလုပ်ငန်းက ရေလုပ်ငန်း၊ ရေထွက်ကုန်တွေ ပေါများချက်က ဒေသချင်း အနီးစပ်ဆုံး ဘင်္ဂလားဒေ့ရှ်ကို အများဆုံး ရောင်းချ

နေကြရတာ။ မြေတွေပေါ်၊ သဘာဝထွက်ကုန်တွေ ပေါပါလျက်နဲ့ လမ်းပမ်းဆက်သွယ်ရေးခက်ခဲ။ လျှပ်စစ်မီးလည်း မရှိကြတော့ ကုန်ချောစက်ရုံတွေက မရှိ လူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းက မရှိ။ နိုင်ငံရဲ့ ဖွံ့ဖြိုးမှု အနည်းဆုံးပြည်နယ်နှစ်ခုအနက် တစ်ခုဖြစ်နေလေတော့ လူငယ်လေးတွေက ရေကြည်ရာ မြက်နုရာ စီးပွားရှာကြ။ မိဘရင်ခွင်ထဲက ထွက်ခွာကြ။

သာယာနေပျော်စရာကောင်းတဲ့ သူတို့ရဲ့ ဒေသမှာ မလေးရှားလို၊ ထိုင်းလို၊ စင်ကာပူလို ကုန်ချောစက်ရုံတွေ ရှိကြည့်ပါလား။ ရေခြားမြေခြား၊ တိုင်းတစ်ပါးကို သွားဖို့ဆိုတာ စိတ်ကူထဲတောင် ထည့်ကြမှာ မဟုတ်ဘူး။ ဘယ်လောက်ပဲ တိုးတက်ခေတ်မီနေပါစေ၊ ကိုယ့်ဒေသ၊ ကိုယ့်အရပ်မှာပဲ နေချင်ကြတာပါ။

ဒီကလေးနှစ်ယောက်အပြစ်ကျူးလွန်တယ်ဆိုတာ ခိုင်လုံတဲ့ သက်သေအထောက်အထားလည်းမရှိ။ နယ်ပယ်အသီးသီးက ပညာရှင်တွေက ဝေဖန်ထောက်ပြနေတဲ့ ကြားထဲက အပြစ်ကျူးလွန်သူတွေလို့ ပက်ပက်စက်စက် အမိန့်ချပစ်ခဲ့တာက အရုပ်ဆိုးအကျည်းတန်လွန်းပါတယ်။ အခုတော့ မြင်သွားပါပြီ။ တစ်ကမ္ဘာလုံးက မြင်သွားကြပြီ။ ဒီကလေးနှစ်ယောက်က ဓားစာခံတွေ ဖြစ်ကြရတာလို့။

တရားမျှတမှုဆိုတာ တစ်နည်းအားဖြင့် အမှန်ဓမ္မသစ္စာလမ်းကြောင်းပါ။ မမှန်ကန်တာ၊ မမျှတတာတွေက အမှန်ဓမ္မလမ်းကြောင်းကနေ သွေဖည်သွားတဲ့ အဓမ္မလမ်းကြောင်း။ အရှက်နဲ့ သိက္ခာအတွက် အဓမ္မပြုမှု ပစ်လိုက်ရတာက နောက်ထပ်ရှက်ရတဲ့ အရှက်တစ်ခုပါ။ တစ်ရှက်ကနေ နှစ်ရှက်ဖြစ်သွားတာပါပဲ။ ကျွန်မတို့ရဲ့ ကလေးနှစ်ယောက်ကတော့ ကံအကြောင်းမလှစွာ သူတို့လူမျိုးတွေရဲ့ အရှက်တွေအတွက် အသက် သေပေးရတော့မတဲ့လေ။ မဖြစ်နိုင်ပါ။ ဘယ်လိုနည်းနဲ့မှ ဖြူစင်တဲ့ အသက်နှစ်ချောင်းကို အစတေးမခံနိုင်။ ဘယ်လို နည်းနဲ့မှ မဖြစ်နိုင်။

ကျေးဇူးတင် ချီးကျူးချင်စရာကောင်းတာကတော့ ထိုင်းရှေ့နေ ကောင်စီပဲ။ ဒါပေမဲ့ ကျေးဇူးတင်ဖို့၊ ချီးကျူးဖို့ကို ဆက်ပြီး စောင့်ကြည့်ရဦးမှာပါပဲ။ သူတို့လူမျိုးအချင်းချင်း လက်ဝါးချင်းရိုက်၊ စည်းဝါးကိုက်ထားသလား ဆိုတာလည်း မသိနိုင်ဘူးလေ။ ကျွန်မတို့မြန်မာတွေ အင်အားတွေ သုံးရမယ်။ လူထုရဲ့ အင်အား၊ အစိုးရရဲ့ အင်အား၊ နိုင်ငံတကာအသီးသီးရဲ့ အင်အားတွေ လိုအပ်တယ်။ အဲဒီအင်အားတွေကို အသုံးချကြရတော့မယ်။ အဲဒီအင်အားတွေ

စုစည်းပြီး အဓမ္မမှုကို တွန်းလှန်ပစ်ရမှာ။ အမှန်တရားတွေကို ဖော်ထုတ်ကြရမှာ။ ဂုဏ်သိက္ခာရဲ့ လောင်းကြေးထပ်ရတဲ့ပွဲမှာ သမိုင်းတွေ မှန်ဖို့ အရေးကြီးတယ်။ သမိုင်းတွေ မှန်ဖို့၊ ရာဇဝင်တွေ မရိုင်းဖို့ အားလုံးကြိုးစားကြရတော့မှာ။ အခုတောင် ကိုယ်တိုင် မကျူးလွန်ခဲ့တဲ့အပြစ်အတွက် အယူခံဝင်နေရတာကိုက တော်တော်ရာဇဝင်ရိုင်းနေပါပြီ။။

*7 Day Daily,*

*Dec , 2015.*

✧ ✧ ✧

# လေသန့်ဘူးတွေ ဝယ်ရဦးမှာလား

သဘာဝတရားကြီးက တစ်ခုနဲ့တစ်ခု ကွင်းဆက်မိမိချိတ်ဆက်နေတဲ့ ယန္တရားကြီးတစ်ခုပဲ ဆိုတာ လူသားတို့ သတိပြုမိချိန်က အလွန်နောက်ကျနေတဲ့ အချိန်ပါ။ လူသားတို့အတွက် မရှိမဖြစ် လိုအပ်လှတဲ့ လေက သဘာဝအတိုင်း ဆိုရင်တော့ သန့်ရှင်းစင်ကြယ်ပြီးသားပေါ့။ ဒါပေမဲ့ လူသားတို့ရဲ့ ပယောဂ ကြောင့် အမှုမဲ့အမှတ်မဲ့ ဆင်ခြင်ကင်းမဲ့မှုကြောင့် သန့်စင်လှတဲ့လေတွေက ကြေးညှော်တွေ အထပ်ထပ်နဲ့ ညစ်ပတ်ပေရေကုန်ပါပြီ။

ဆရာမဂျူးရဲ့ အစိမ်းရောင် အမွေအနှစ်စာအုပ်မှာ ဖတ်ရတာက သစ်ပင်တွေက ကမ္ဘာမြေရဲ့ အုပ်ထိန်းသူ၊ လေထုကို အုပ်ထိန်းစောင့်ရှောက်သူ တဲ့။ ဒီကမ္ဘာမြေရဲ့ အောက်ဆီဂျင်တွေအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းကို ပင်လယ် အယ်လ်ဂေးရေညှိပင်တွေဆီက ရတာတဲ့။ လူသားတွေ မပေါ်မီ နှစ်သန်းပေါင်း များစွာကတည်းက တည်ရှိခဲ့တဲ့ အစိမ်းရောင်သစ်ပင်တွေက ယနေ့ လူသားတွေ အသက်ရှူနေတဲ့ လေထုကိုပေးခဲ့တာ ဖြစ်ပါတယ်။ ယနေ့ လူသားတွေ အသက်ရှူ နေတဲ့ အောက်ဆီဂျင်ဓာတ်ငွေ့ဟာ ဟိုးရှေးရှေးတုန်းက အပင်တွေ ဖိုတိုဆင်သီး ဆစ်ခ်ျက်ပြုတ် အသက်ရှူရာကရတဲ့ ဘေးထွက်ပစ္စည်းပါ။ ကမ္ဘာမြေရဲ့ အပူချိန် ကို တစ်နည်းတစ်ဖုံ ထိန်းသိမ်းပေးနေတာက လေထုထဲက ကာဗွန်ဒိုင်အောက် ဆိုက်ဓာတ်ငွေ့တွေ ဖြစ်တယ်။ ဒီဓာတ်ငွေ့က အပူချိန်ထိန်းတဲ့ စောင်ကြီး တစ်ထည်လိုပဲ။ ကမ္ဘာမြေပြင်ပေါ်ကနေ ပျံ့နှံ့ထွက်ပေါ်လာတဲ့ အပူကို လေဟာ ပြင်ထဲ လွတ်ထွက်မသွားအောင် သိမ်းယူထားတယ်လို့ ဆိုထားပါတယ်။

ဒီတော့ ကျွန်မတို့ ရှူရှိုက်ရတဲ့လေဟာ အသက်ရှင်ဖို့အတွက်သာ ကျေးဇူးပြုရုံမက ကျွန်မတို့အတွက် မရှိမဖြစ်လိုအပ်တဲ့၊ လုံလောက်တဲ့ အပူချိန်ကို

ရအောင်လည်း အကျိုးပြုခဲ့တာပေါ့။ ကျွန်မတို့ လူသားတွေအတွက် လေထုရဲ့ ကျေးဇူး၊ မြေကြီးရဲ့ ကျေးဇူး၊ ရေသမုဒ္ဒရာရဲ့ ကျေးဇူးတွေက အဖိုးမဖြတ်နိုင်လောက်အောင် ကြီးမား နက်ရှိုင်းလှပါတယ်။ ဒီကျေးဇူးတွေကို သိတတ်ဖို့၊ တန်ဖိုးထားဖို့၊ ကျေးဇူးမကန်းကြဖို့ကတော့ လူသားအားလုံးရဲ့ တာဝန်ပါပဲ။

ပြီးခဲ့တဲ့ တစ်ပတ်က သတင်းစာမှာ ရေတွင်းဟောင်းဆယ်ယူရာမှ လူငါးဦး အောက်ဆီဂျင်ပြတ်လပ်ပြီး သေဆုံးသွားကြောင်း ဖတ်လိုက်ရပါတယ်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်၊ လေအသက်ကတော့ ချက်ချင်းပါလားလို့ သံဝေဂရမိပါတော့တယ်။ ကျွန်မတို့အတွက် အသက်တမျှ အရေးကြီးလှတဲ့ လေက မသန့်စင်ကြတော့ဘူး။ ညစ်ပတ်နေပြီဆိုတော့ ဒီလေထုတွေကို ရှူရှိုက်နေကြရတာ အန္တရာယ်ပါပဲ။ ဘာနဲ့ တူသလဲဆိုတော့ ဆေးလိပ်မသောက်ဘဲနဲ့ ဆေးလိပ် သောက်နေရသလိုမျိုးပေါ့။ မီးဖိုဆောင် ကျပ်ခိုးစင်က မီးခိုးမှိုင်းတွေလိုပဲ ကျွန်မတို့ရဲ့ အဆုတ်နံရံတွေမှာ မီးခိုးမှိုင်းတွေ တက်နေမလားပဲ။

ဒီလထဲမှာပဲ သတင်းတစ်ခု ဖတ်လိုက်ရတာက လေထုညစ်ညမ်းမှုကြောင့် တရုတ်နိုင်ငံသားများ ကနေဒါမှ လေသန့်ဘူးဝယ်သုံးနေရပြီတဲ့။ ဘေကျင်းမြို့မှာ အန္တရာယ်ရှိတဲ့ မီးခိုးမြူများကြောင့် မြို့တော်နှင့် အနီးဝန်းကျင်ဒေသမှာ လေထုညစ်ညမ်းမှုအနီရောင်အဆင့် သတ်မှတ်ခံရတယ်။ အခုဆိုရင် အနီရောင်အဆင့်ကို ဒုတိယအကြိမ် သတ်မှတ်ထားရပါတယ်။ လေသန့်ဘူး ရောင်းသော ကနေဒါကုမ္ပဏီတစ်ခုက ပြီးခဲ့တဲ့လက နှစ်ပတ်အတွင်း ဘူး ၅၀၀ ကျော် ရောင်းကောင်းကြောင်း၊ အရွယ်အစားပေါ် မူတည်၍ ၁၄ ဒေါ်လာမှ ဒေါ်လာ ၂၀ ကြား ရောင်းချကြောင်း ဖတ်လိုက်ရပါတယ်။ ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် လေသန့်ဘူးဝယ်သုံးနေကြပါသတဲ့။

ကမ္ဘာမှာ အမေရိကန်နဲ့ တရုတ်က ကာဗွန်ဒိုင်အောက်ဆိုက် အထုတ်လုပ်ဆုံး နိုင်ငံတွေဖြစ်ခဲ့ပြီး တရုတ်က ကျောက်မီးသွေးအထုတ်လုပ်ဆုံး နိုင်ငံပါ။ အခုတော့ လေထုထဲရှိ အဆိပ်ဖြစ်နေသော မီးခိုးမြူများကို လျှော့ချရန် နည်းလမ်းများစွာဖြင့် ကြိုးစားနေကြတယ်လို့ ဆိုပါတယ်။

ဟိုးရှေးရှေးတုန်းက လွန်ခဲ့တဲ့နှစ် ၃၀၊ နှစ် ၄၀ လောက်က သူသူငါငါ ရေလဲသုံးတတ်တဲ့ စကားလေးတစ်ခွန်း ရှိတယ်။ 'ညောင်ဦးကမ်းပါး ပြိုတာနဲ့ စပ္ပါနဂိုလ်ပြည်က နွားမ ပေါင်ကျိုးတာ ဘာဆိုင်လို့တုန်း' ဆိုပြီး ပြောတတ်ကြတာပါ။

အခုတော့ ဒီအရပ်စကားက Up to Date မဖြစ်ကြတော့ပါဘူး။ ကမ္ဘာ့အရှေ့ဘက်ခြမ်းက အဖြစ်အပျက်က ကမ္ဘာ့အနောက်ဘက်ခြမ်းကိုလည်း အကျိုးသက်ရောက်လာစေတော့တာပဲလေ။ ဟိုတစ်လောကပဲ စင်ကာပူနိုင်ငံသူ၊ နိုင်ငံသားတွေ တရုတ်ဘက်ကလာတဲ့ လေထုညစ်ညမ်းမှုတွေကြောင့် အတော်ဒုက္ခရောက်ခဲ့ကြသေးတာ။ ဘရာဇီးနိုင်ငံမှာ သစ်တောတွေ ခုတ်လှဲတာကြောင့် မိုးခေါင်သွားတဲ့အပြင် ဘေးက နိုင်ငံဖြစ်တဲ့ ပီရူးနိုင်ငံအထိ သဘာဝအတိုင်း မဟုတ်တော့ဘဲ သဲကန္တာရပျံ့နှံ့သွားခဲ့တာတဲ့။

ကျွန်မတို့နိုင်ငံမှာလည်း ကျောက်မီးသွေးစက်ရုံ စီမံကိန်း ၁၀ ခု တည်ဆောက်ရန် စီစဉ်ထားပြီး တရားဝင်ခွင့်ပြုထားခြင်းမရှိသေးဘဲ စီမံကိန်းဖြစ်နိုင်ခြေ လေ့လာဆဲအဆင့်သာ ရှိကြောင်း သိရပါတယ်။ ဧရာဝတီတိုင်း ငရုတ်ကောင်းဒေသ စီမံကိန်း၊ မွန်ပြည်နယ် ရေးမြို့နယ် အံဒင်ကျေးရွာအနီး Toyo Thai ကုမ္ပဏီက တည်ဆောက်မယ့် မဂ္ဂါဝပ် ၁,၂၈၀ ထွက်ရှိမယ့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝဒေသမှာလည်း အိန္ဒိယနှင့် ဆွေးနွေးနေပြီး ငရုတ်ကောင်းဒေသနဲ့ ရေးမြို့ကတော့ ဒေသခံတွေက ကန့်ကွက်ကြတယ်လို့ ဆိုပါတယ်။ စိတ်ဝင်စားဖို့ ကောင်းတာကတော့ ဘေးထွက်ဆိုးကျိုးတွေပါ။ မဂ္ဂါဝပ် ၅၀၀ ထွက်ရှိသည့် ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ သဘာဝပတ်ဝန်းကျင်ပျက်စီးစေသည့် ဓာတ်များက တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်တန် ၁၀,၀၀၀၊ နိုက်ထရိုဂျင်ဓာတ်ငွေ့ တန် ၁၂,၂၀၀၊ ကာဗွန်မိုနောက်ဆိုက် ၇၂၀ တန်၊ လေလွင့်အမှုန်တန် ၅၀၊ ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့ တန် ၂၀၀၊ ပြဒါးအငွေ့ပေါင် ၁၇၀၊ အာဆင်းနစ် ၂၂၅ ပေါင်။ ခဲ ၁၄၄ ပေါင်၊ ကတ်မီယံလေးပေါင်၊ မီးခိုးခေါင်းတိုင်ပြာတန် ၁၁၆,၈၀၀၊ မီးခိုးပြာတန် ၈၈,၄၀၀ နှင့် ယူရေနီယံ အနည်းငယ်ထွက်ရှိသတဲ့။

ကျောက်မီးသွေး စက်ရုံ ၁၁ ခုသာ အမှန်တကယ် တည်ဆောက်ဖြစ်ခဲ့ရင်တော့ မဂ္ဂါဝပ်တန်ချိန် မြောက်မြားစွာ ထွက်ရှိမယ့် ကျောက်မီးသွေးတွေနဲ့အတူ လေထုထဲမှာ ညစ်ညမ်းပျက်စီးနေမယ့် ဓာတ်ငွေ့တန်ချိန်တွေကလည်း တိုင်းတာလို့ ရနိုင်ပါတော့မလားဆိုတာ စဉ်းစားစရာပါ။

သစ်တောတွေ ကွယ်ပျောက်တဲ့အခါ ကာဗွန်သံသရာလည်မှုက အားနည်းသွားတယ်တဲ့။ ကျွန်မတို့ဆီမှာ သစ်တောတွေ ခုတ်လှဲတော့ ဧရာဝတီဖြစ်ကြီး သောင်ထွန်းနေပြီ။ ရေလမ်းကြောင်းတွေ ကျပ်ကုန်လို့ သင်္ဘောပေါ်

ကုန်တင်လို့မရအောင် ခက်ခဲကုန်ကြပြီ။ အင်းလေးကန်ကြီး တဖြည်းဖြည်းနဲ့ ခန်းခြောက်လာသလို ဧရာဝတီမြစ်ကြီးလည်း တဖြည်းဖြည်းနဲ့ ခန်းခြောက်လာတော့မလားဆိုတာ တွေးပူစရာအခြေအနေပါပဲ။ အပင်တွေနဲ့ လေထု၊ မြေထု၊ ရေထု၊ ကျောက်သား၊ ကျောက်တောင်တွေနဲ့ သဘာဝတရားကြီးက လှလှပပဖွဲ့နွဲ့ရေးသားထားခဲ့တဲ့ ပန်းချီကားတစ်ချပ်ကို လူသားတွေက ကဖျက်ကဖျက်ဖျက်ဆီးနေကြသလိုပါ။

ဆရာမောင်သာချို့ရဲ့ ဆောင်းပါးမှာတော့ စက်မှုနိုင်ငံကြီးတွေမှာ Oxygen Bar တွေ ပေါ်ပါပြီတဲ့။ ရုပ်ရှင်မင်းသမီး ဂျူလီယာရောဘတ်တို့၊ ဘရစ်တနီစပီးယားတို့လည်း Oxygen Bar ရဲ့ ဖောက်သည်တွေတဲ့။ ငွေပေးပြီး လေသန့်သန့်ကို ရှူနေကြသတဲ့။

ကျွန်မတို့ရဲ့ ခေတ်မှာ ကျွန်မတို့ရဲ့ အဘိုး၊ အဘွား၊ ဘိုးဘေးတွေ လက်ထက်မှာ မရှိခဲ့တဲ့၊ မသောက်ခဲ့ရတဲ့ ရေသန့်ဘူးတွေကို ကျွန်မတို့ ဝယ်သောက်နေကြရပါပြီ။ နောက် ၁၀ နှစ်၊ ၁၅ နှစ်မှာတော့ ကျွန်မတို့လည်း လေသန့်ဘူးအမျိုးအစား အမျိုးမျိုးတွေကို ကျွန်မတို့ရဲ့ မျိုးဆက်တွေ၊ မြေးမြစ်တွေနဲ့အတူ ဝယ်ပြီး ရှူနေကြရမလား မသိနော်။

*7 Day Daily,*
*Jan, 2016.*

✧ ✧ ✧

# အသစ်က ပြန်စကြစို့

ဖေဖော်ဝါရီလ ၁ ရက်၊ ၂ ရက်နေ့ထုတ်သတင်းစာတွေရဲ့ မျက်နှာဖုံးပုံတွေကို မြင်ရတော့ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်လောက်ကတည်းက နားလျှံအောင် ကြားခဲ့ရတဲ့ ' သမိုင်းတစ်ခေတ်×××ဆန်းသစ်လာပြီ×××တို့ချစ်တဲ့မြန်မာပြည်×××ဆိုတဲ့ သီချင်းတစ်ပိုင်းတစ်စကလေးကို သတိရမိပါတော့တယ်။ ဩော်…သမိုင်းတစ်ခေတ်ဆန်းသစ်လာခဲ့ပြီ။ အခုတော့လည်း လွှတ်တော်မှာ ပင်နီရောင်တွေ တကယ်လွှမ်းခြုံသွားခဲ့ပါပကော။

ပင်နီတွေ၊ ပင်နီတွေ၊ ခေါင်းပေါင်းစတလူလူလွင့်လို့ ဝင့်ဝင့်ကြွားကြွားမော်နိုင်ကြပြီးပေါ့။ ဒီလိုငွားငွားစွင့်စွင့်၊ ဝင့်ကြွားနိုင်ဖို့က ပေးဆပ်ခဲ့ရတဲ့ဘဝတွေ၊ ခင်းခဲရတဲ့လမ်းတွေကလည်း တင်းကြမ်းပါ။ ဆူးခင်းလမ်းကိုလျှောက်လို့ သုမနကျောမှာလည်း ဒဏ်ရာတွေကအပြည့်နဲ့။ ပင်နီအင်္ကျီယောထဘီ၊ ပင်နီတိုက်ပုံ ယောပုဆိုးလေးတွေနဲ့ ဟိုးလွန်ခဲ့တဲ့ ၁၉၈၉ ခုနှစ်က အစပြုလို့ ဒီမိုကရေစီခရီးကြမ်းကြီးကို နှင်ခဲ့ကြရတာ မောခဲ့ကြပြီပေါ့။ ပန်းခဲ့ကြပြီပေါ့။ ခရီးတာရှည်လှစွာ ၂၇ နှစ်ကြာမှပဲ အခုလို လှလှပပပန်းဝင်နိုင်ခဲ့ကြတော့တယ်။

၁၉၉၀ ရွေးကောက်ပွဲကတည်းက အနိုင်ရခဲ့တဲ့ ပါတီဖြစ်ပေမယ့် အခုမှပဲ မင်္ဂလာအချိန်အခါကျရောက်လာတယ်လို့ပဲ ဆိုရတော့မှာပါ။ လူအများပြောပြောနေကြတဲ့ 'အခြေအနေနဲ့ အချိန်အခါက လူကို မစောင့်ဘူး' လို့ဆိုတတ်ကြပေမယ့် အခြေအနေနဲ့ အချိန်အခါကျဖို့ကတော့ လူကစောင့်လိုက်ရတာ တမေ့တမောကြီးပါ။ စောင့်လိုက်ရတာ။ လည်ပင်းတွေဆိုတာ ရှည်လို့သောက်ရေအိုးစင်တွေလို ဖြစ်ခဲ့ကြရတာ။ အခုတော့လည်း မျှော်ရကျိုးနပ်၊ စောင့်ရကျိုးနပ်ပါပြီလို့ပဲ သဘောပါရတော့မှာပေါ့။

မြန်မာရာဇဝင်ကို ပြန်ကြည့်ရင် ဟိုးရှေးရှေးကတည်းက သမိုင်းတွေက မကောင်းခဲ့ကြတာ။ မလှပခဲ့ကြတာချည်းပါ။ ရှေးရှေးက ဘုရင်တွေက နန်းတတ်ဖို့အတွက် ထီးနန်းလုခဲ့ကြတာ။ ကျော်မကောင်း၊ ကြားမကောင်း လူသတ်မှုတွေပါ၊ အဖေက သားကိုသတ်၊ သားက အဖေကိုသတ်၊ ညီအစ်ကို အချင်းချင်းသတ်၊ တစ်ဆွေလုံးတစ်မျိုးလုံး သတ်ကြနဲ့ ထီးနန်းလုခဲ့ကြတာ။ လူသတ်ပွဲတွေ အပြိုင်အရိုင်းနဲ့ ကမ်းကုန်အောင် မိုက်ရိုင်းခဲ့ကြတာပါ။

ရှေးအတိတ် အတိတ်က ကံတွေကြောင့်ပဲလားမသိ။ ကျွန်မတို့လူ ဖြစ်ရတဲ့ဘဝမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့သူတွေ အဆက်ဆက်က သူတို့ရဲ့ နန်းသက်တမ်း ကြာသထက်ကြာအောင် ဆွဲဆန့်ခဲ့ကြတာ။ ကျွန်မတို့ ပြည်သူတွေမှာ တုံးအောက်ကဖားတွေလို ပြားပြားဝပ်နေခဲ့ကြရတာပါ။

အခုတော့ လိုချင်တဲ့ အစိုးရတစ်ရပ် ဖြစ်တည်ခွင့်ရလာပြီ ဆိုတော့လည်း ပျော်စရာကြီးပဲပေါ့။ ပျော်စရာတွေနဲ့အတူ လုပ်စရာတွေကလည်း အုံနဲ့ကျင်းနဲ့ တစ်ပြုံတစ်မကြီးပါပဲ။ လုပ်စရာတွေသာမက၊ ပြုပြင်စရာတွေကလည်း များမှများ၊ အရာအားလုံးကို အစက ပြန်စရမယ့်ကိန်းပါ။

နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံအဆောက်အအုံဖြစ်တဲ့ လူမှုဘဝတွေက မပြည့်စုံ မဖူလုံရုံမျှမက နိမ့်ကျလွန်းတဲ့ အခြေအနေတွေ၊ အဆင့်တွေဆိုတော့ ဒီလိုနိမ့်ကျလွန်းတဲ့ဘဝတွေ၊ ဆိုးရွားလွန်းတဲ့ ဘဝတွေကို အရင်ဦးဆုံးပြန်ပြီး နာလန်ထူနိုင်အောင် ကြိုးပမ်းကြရဦးမှာပါ။ တိုင်းပြည်တည်ဆောက်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အသာထား။ တိုင်းပြည်ရဲ့ လုပ်အားတွေဖြစ်တဲ့ ပြည်သူတွေ ဗလငါးတန်နဲ့ ပြည့်ဝအောင်၊ လူလူသူသူဖြစ်လာအောင် အရင်ဦးဆုံး ကုစားကြရဦးမှာပါ။ ပြည်သူတွေရဲ့ဘဝတွေ မယိုင်လဲပါမှ တိုင်းပြည်ရဲ့ အခြေအနေကလည်း ခိုင်မြဲနေမယ်ဆိုတာ အစိုးရအဆက်ဆက် မသိသွားခဲ့တဲ့ သင်ခန်းစာတွေပါပဲ။

လူသစ်၊ စိတ်သစ်၊ အမူအကျင့်သစ်၊ အတွေးအခေါ်အသစ်၊ လုပ်နည်းလုပ်ဟန်အသစ်၊ တီထွင်ဆန်းသစ်မှုအသစ်၊ နည်းဥပဒေအသစ်၊ ပညာရပ်အသစ်စတဲ့အသစ် အသစ်တွေနဲ့ ခရီးအသစ်တွေဆီ၊ တိုးတက်မှုအသစ်တွေဆီ၊ ညီညွတ်မှုအသစ်တွေဆီ၊ မျှတမှုအသစ်တွေဆီ၊ ပန်းတိုင်အသစ်တွေဆီ ဟန်ချက်ညီညီလျှောက်လှမ်းကြရမှာဆိုတော့ ပြည်သူတွေရဲ့ လိုက်ပါစီးမျောနိုင်မှု စွမ်းအားတွေလည်း လိုအပ်တာပဲပေါ့။

အခုပဲ ကိုးရီးယားနိုင်ငံမှာ မြန်မာများ လမ်းမများပေါ်တွင် ကွမ်းတံတွေးထွေးလျှင် ဒဏ်ငွေ ဝမ်တစ်သိန်းနှင့် အချုပ်ခံရမည်ဖြစ်ကြောင်း

ကိုရီးယားရဲတပ်ဖွဲ့က သတိပေးစာထုတ်ပြန်သလိုပဲ။ ကျွန်မတို့ဆီမှာလည်း အမှိုက်ပစ်ခြင်းအစ၊ ကွမ်းတံတွေးထွေးခြင်းအလယ်၊ မြောင်းရေလျှံမှုတွေ အဆုံး၊ အခြေခံအမူကျင့်ကောင်းလေးတွေ ကျင့်ကြံဖို့၊ စည်းကမ်းတကျနေတတ်၊ ထိုင်တတ်ဖို့၊ အချိန်အခါသင့်ပါပြီ။ အဲဒီလို အခြေခံလေးတွေကအစ၊ တစ်ဦး တစ်ယောက်တည်း လုပ်ယူလို့မရဘဲ အားလုံးက လိုက်ပါလာပြီး တညီတညွတ် တည်း လုပ်ကြပါမှ TV ထဲမှာ ခဏခဏအော်တဲ့ စည်းကမ်းပြည့်ဝသော ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်လာမှာပါ။

နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးနေတဲ့ အခြေအနေတွေကနေ ပြောင်း လဲပစ်ဖို့ဆိုတာကတော့ ခက်နေကြဦးမှာပါပဲ။ စာရေးဆရာမတစ်ယောက် ပြောသလိုပဲ "တို့လူမျိုးတွေက မွေးလာကတည်းက ဘာမှလောက်လောက်ငင ရလာကြတာ မဟုတ်တော့ ဘတ်စ်ကားထိုင်ခုံတောင် နေရာဖယ်မပေးချင်ကြ ဘူး"တဲ့လေ။ အများပိုင်တဲ့ ဘတ်စ်ကားထိုင်ခုံကိုပဲ စွဲလမ်းရတဲ့ ဘဝတွေဆိုတော့ စာရိတ္တတွေ၊ တွေးခေါ်မှုတွေ၊ နေမှုထိုင်မှုတွေက ချွတ်ခြုံကျကြရမှာပဲပေါ့။ ဒါကြောင့်လည်း နှစ်ပေါင်းငါးဆယ်ကျော်ကြာ Mindset တွေ ဖျက်ဆီးခံကြ ရတာ။ ပျက်စီးခဲ့ကြတာလို့ ပြောပြောနေကြတာပေါ့။

အချောင်ရယူလိုမှု စိတ်ဓာတ်တွေ၊ လျင်သူစားစတမ်းနိယာမတွေ၊ တရားနဲ့မပြိုင်၊ အားနဲ့ပြိုင်ချင်တဲ့ ဖောက်ပြန်မှုတွေ၊ ကိုယ်ချင်းစာစိတ် ခေါင်းပါး ကုန်တဲ့ အသိတရားတွေ၊ အထက်ဖားအောက်ဖိတတ်တဲ့ ဉာဉ်ဆိုးတွေက ဘဝမှာ အစစအရာရာ ချို့တဲ့ခဲ့ကြလို့ ရှားရှားပါးပါးနဲ့ ကြီးပြင်းခဲ့ကြရလို့၊ သူများ နိုင်ငံသားတွေလို အေးအေးလူလူနေခွင့်မရခဲ့ကြလို့ ဆိုတဲ့အကြောင်းတရားတွေက အရင်းခံတွေပါပဲ။ ဒီလိုအကြောင်းတရားတွေကြောင့် ဒီလိုအကျင့်ပျက်လာကြ၊ ဒီလိုတွေ ဆိုးသွမ်းလာခဲ့ကြခြင်းပါ။

သယံဇာတတွေ ပေါများကြွယ်ဝတဲ့နိုင်ငံမှာ ဒေသခံပြည်သူတွေ ရရှိ ခံစားရတဲ့ အကျိုးရလဒ်က နည်းပါးလွန်းတော့ တိုင်းပြည်ဆင်းရဲရတယ်။ လယ် ယာစိုက်ပျိုးရေးနိုင်ငံဖြစ်ပေမယ့် လယ်ယာမြေတွေ ပေါများပါလျက်နဲ့ ကိုယ့် လယ်ကိုယ် အေးအေးလူလူ မလုပ်ကိုင်ကြရတော့ဘဲ လယ်သိမ်းယာသိမ်းအဖြစ် တွေက တစ်တိုင်းပြည်လုံးလိုလိုမှာ ဖြစ်ခဲ့ကြတော့ လယ်ပိုင်ယာပိုင်ဘဝကနေ လယ်မဲ့ယာမဲ့တွေ ဖြစ်လာကြရတယ်။ ဘာနဲ့ သွားတူသလဲဆိုတော့ မြေရှင်ပဒေ သရာဇ်တွေက လယ်သမားလူထုကို လယ်မြေကနေ အတင်းအကျပ် မောင်းထုတ် ပြီး ကြီးမားတဲ့ ပစ္စည်းမဲ့လူတန်းစားတစ်ရပ်ကို ဖန်တီးလိုက်သလိုမျိုးပါပဲ။

ပြီးတာတွေလည်း ပြီးခဲ့ပါပြီ။ ဖြစ်ခဲ့တာတွေလည်း ဖြစ်ခဲ့ကြပါပြီ။ ရှေ့ဆက်ပြီး အနာဂတ်ဘဝတွေမှာ သာတောင့်သာယာဖြစ်ကြဖို့ပဲ လိုအပ်ပါတော့တယ်။ အနာဂတ်အမိမြန်မာပြည်အတွက်၊ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့ အလုတရားတွေ ကျန်ခဲ့အောင် ချန်ထားခဲ့ကြရတော့မှာပါ။ သမိုင်းတစ်ခေတ် ပြန်လည်ဆန်းသစ်နိုင်ဖို့ အဟောင်းတွေကိုထားခဲ့ကြပြီး အသစ်က ပြန်စကြရအောင်ပါ။ ဇော်ဝင်းထွဋ်ရဲ့ သီချင်းလိုပေါ့၊ အားလုံးပဲ ဟောင်းနွမ်းလွန်းလို့ ××× အသစ်က ပြန်စကြစို့×××။

*7 Day Daily,*
*Feb, 2016.*

✧ ✧ ✧

## ရှင်ဘုရင်ရယ်၊ ဆင်းရဲသားရယ်၊ စာအုပ်တွေရယ်

စာဖတ်ဝါသနာမပါတဲ့ ရှင်ဘုရင်မျိုးတော့ မဖြစ်ချင်ပါဘူး။ အထပ်ခိုးပေါ်မှာနေရပြီး စာအုပ်တွေအများကြီးရှိတဲ့ ဆင်းရဲသားတစ်ယောက် ဖြစ်ရမယ်ဆိုရင် ဖြစ်ချင်ပါတယ်။

**(ဗြိတိသျှစာရေးဆရာ မကွေ့ာလေး)**

ရှင်ဘုရင်ဆိုတာ တိုင်းပြည်တစ်ပြည်ရဲ့ ရေမြေ့သခင်ပြည့်ရှင်မင်း၊ ကေရာဇ်တစ်ပါးဆိုတော့ လက်ညှိုးညွှန်ရာ ရေဖြစ်နိုင်တဲ့ ဘဝမျိုးဆိုတော့ မက်မောလိုချင်စရာ ဘဝပဲပေါ့။ ဒါပေမဲ့ စာရေးဆရာ မကွေ့ာလေးကတော့ ရှင်ဘုရင်ဖြစ်ရရင်တောင် စာဖတ်ဝါသနာမပါတဲ့ ရှင်ဘုရင်မျိုးတော့ မဖြစ်ချင်ပါဘူးတဲ့။ သူပြောချင်တာက ခေါင်းမရှိတဲ့ ဘုရင်မျိုးကို မလိုချင်ဘူး၊ မဖြစ်ချင်ဘူး ပြောတာပါ။ စာမဖတ်တဲ့ သူဟာ ခေါင်းမရှိတဲ့သူနဲ့ အတူတူပဲလေနော်။

အထပ်ခိုးပေါ်မှာ နေရပြီး စာအုပ်တွေအများကြီးရှိတဲ့ ဆင်းရဲသားတစ်ယောက်ကတော့ သူ့မှာပိုင်ဆိုင်တာဆိုလို့ စာအုပ်ကလွဲပြီး တခြားရုပ်ဝတ္ထုတွေက မည်မည်ရရ ဘာမှမရှိတာကိုး။ ရုပ်ဝတ္ထုပစ္စည်းတွေက မပေါများ၊ မကြွယ်ဝတဲ့သူတစ်ယောက်ဆိုတော့ ဆင်းရဲသားပဲပေါ့။ တော်ရုံတန်ရုံ လူတော်တော်များများအတွက်တော့ ကျေနပ်နိုင်မယ့် ဘဝမျိုးမဟုတ်ပေမယ့် ဆင်းရဲသားအတွက်ကတော့ စာအုပ်တွေကို ပိုင်ဆိုင်ထားရတဲ့ဘဝ၊ စာအုပ်တွေနဲ့ နေထိုင်ရတဲ့ဘဝကို ကျေနပ်ပြီး ချမ်းသာနေမှာပါ။ စာအုပ်တွေကလွဲလို့ ဘာမှမရှိတဲ့ သူ့ရဲ့ အထပ်ခိုးလေးက သူ့အတွက်တော့ နတ်ဘုံနတ်နန်းတမျှပဲပေါ့။

ရှင်ဘုရင်ရယ်၊ စာအုပ်တွေရယ်၊ ဆင်းရဲသားရယ်လို့ ဆက်စပ်စဉ်းစားကြည့်မိတော့ အဓိကအချက်က စာအုပ်တွေပဲလို့ ကောက်ချက်ချမိ

တယ်။ ရှင်ဘုရင်ဖြစ်ဖို့က ဆင်းရဲသားပဲဖြစ်ဖြစ်၊ ချမ်းသာသူပဲဖြစ်ဖြစ် အရေးကြီးတာက စာဖတ်ဖို့ပါ။ စာဖတ်ခြင်းဖြင့်သာ လူသားရဲ့ အသိဉာဏ်ပညာကို မြှင့်တင်နိုင်စေတာဆိုတော့ ဆင်းရဲသားလည်း စာဖတ်ရင် ရှင်ဘုရင်ဖြစ်နိုင်တာပဲပေါ့။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်မယ့်သူဟာ စစ်ရေးအမြင်ရှိဖို့ထက် စေတနာမှန်မှန်နဲ့ တိုင်းပြည်ကို ချစ်တတ်ဖို့ပဲ အဓိကပါ။ စေတနာမှန်မှန်နဲ့ တိုင်းပြည်ကို ချစ်တတ်ဖို့၊ ချစ်ရာရောက်ဖို့က စာဖတ်ခြင်းကမှ တစ်ဆင့် ရရှိနိုင်တာပါ။

တိုင်းပြည်ကို စေတနာမှန်မှန်နဲ့ ချစ်တတ်သူက ပြည်သူပြည်သားတွေကိုလည်း ချစ်တယ်။ ကိုယ့်ရဲ့ ပြည်သူပြည်သားတွေ ဆင်းရဲနေတာ၊ ငတ်မွတ်နေတာကို မလိုလားဘူး။ သူချစ်တဲ့တိုင်းပြည်ကို အဟောသိကံ၊ ဗုံးပေါလအောမဖြစ်စေဘူး။ တိုင်းပြည်ရဲ့ မြေတွေကို မရောင်းဘူး။ ရေတွေကို မရောင်းဘူး။ မီးတွေကို မရောင်းဘူး။ တောတွေကို မရောင်းဘူး။ တောင်တွေကို မရောင်းဘူး။ … မရောင်းဘူး … မရောင်းဘူး။

အခု သမ္မတသစ်ဖြစ်တဲ့ ဦးထင်ကျော်ကို ကြိုဆိုလက်ခံကြတဲ့သူတွေ အများအပြားရှိသလို မကျေမနပ်ဖြစ်ကြ၊ အားမလိုအားမရဖြစ်ကြတဲ့ အသံတွေကိုလည်း ကြားနေရပါတယ်။ ဒီရက်ပိုင်းမှာတော့ သမ္မတသစ်ရဲ့ အကြောင်းတွေက လူတိုင်းပါးစပ်မှာ ရေပန်းစားနေရတဲ့အကြောင်းအရာပါပဲ။ လက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေတွေ စုံကြတော့ ထုံးစံအတိုင်း စိတ်လွတ်ကိုယ်လွတ် ရင်ဖွင့်မိကြပြန်တာပေါ့။

"ရိုးသားရုံနဲ့ သမ္မတဖြစ်လို့ မရဘူး။ ရိုးသားတဲ့ သူတွေ ရှိကြပါတယ်။ နင်လည်း ရိုးသားတယ်။ သူလည်း ရိုးသားတယ်။ ရိုးသားနေရုံနဲ့ မရဘူး။ အဓိကက နိုင်ငံရေးသမား စစ်စစ်ဖြစ်ဖို့ လိုတယ်"

"ကျွန်တော်ကတော့ အားမရဘူး။ သူ့အလှည့်စားခံရမှာကို စိုးတယ်။ နိုင်ငံရေးဆိုတာ ပရိယာယ်ကြွယ်ဝရတယ်။ ထက်ထက်မြက်မြက် ပုဂ္ဂိုလ်ဖြစ်ရင် ကောင်းမယ်။ ၈၈ ထဲမှာ ထက်မြက်တဲ့သူတွေ ရှိတယ်။ ကျွန်တော်ကတော့ သူတို့ကို မျှော်လင့်ချင်သေးတယ်"

"၈၈ က ရာဇပလ္လင် ဖင်မကပ်သေးတာ။ ရာဇပလ္လင် ဖင်ကပ်ဖို့ အတိတ်ကံလည်း ပါဦးမှာ"

အဲဒီလို သူ့အတွေး၊ ကိုယ့်အတွေးတွေကို လွတ်လွတ်လပ်လပ် ရင်ဖွင့်နေရတာကိုက အရသာ ရှိနေကြတာပါပဲ။ နိုင်ငံရေးဆိုတာ ကြက်ဥအယောင် တိမ်ယောင်သဖွယ် မင်းရေး ကျယ်တယ်ပဲဆိုဆို၊ နိုင်ငံရေးဆိုတာ ခက်ခဲ၊

နက်နဲ၊ ရှုပ်ထွေးပွေလီတဲ့ ဘာသာရပ်လို့ပဲ ကင်ပွန်းတပ်တပ် ကျွန်မကတော့ အင်မတန်ရှုပ်ထွေးပွေလီတဲ့ ဝက်ပါတစ်ခုလို ကွေ့ကောက်လှတဲ့ နိုင်ငံရေး ဆိုတာကို ရိုးသားခြင်းနဲ့ပဲ အနိုင်ရယူစေချင်ပါတယ်။ မရိုးသားမှု အလုံးစုံတို့ကို ရိုးသားခြင်းနဲ့ပဲ အနိုင်ယူလိုက်စေချင်ပါတယ်။

ရိုးသားခြင်းစိတ်အခံနဲ့ ရိုးရိုးရှင်းရှင်း၊ ကြည်ကြည်လင်လင်၊ စေတနာ မှန်မှန် ဆောင်ရွက်ကြဖို့ပဲ လိုပါတယ်။ ရိုးသားမှုအင်အားတွေ များလာတာနဲ့ အမျှ မရိုးသားမှုတွေက အလိုလို နောက်ဆုတ်သွားကြပါလိမ့်မယ်။ တဖြည်း ဖြည်း ကွယ်ပျောက်သွားကြပါလိမ့်မယ်။ လက်သန်းလေးတွေရဲ့ ရိုးဂုဏ်နဲ့ တွန်းလှန်နိုင်ခဲ့တဲ့ ဥပမာက သက်သေပဲလေ။

မရိုးသားသူတွေ အုပ်ချုပ်ခဲ့လို့ တိုင်းပြည်က နှစ် ၅၀ ကျော် ဆင်းရဲ မွဲတေသွားခဲ့ပါပြီ။ အခု ရိုးသားသူတစ်ယောက် တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ် မှာကို ကျွန်မတို့က ဘာလို့ မကြိုဆိုရမှာလဲ၊ ဘာလို့ ငြူစူနေရဦးမှာလဲ။ ဘာလို့ စောင်းမြောင်းပုတ်ခတ်၊ မကျေမနပ် ဖြစ်နေရဦးမှာလဲ။ သူ့ကို အခွင့် အရေးပေးပြီး သူဖန်တီးတဲ့ နိုင်ငံရေး အနုပညာကို ကျွန်မတို့ မျှော်လင့်စောင့် စားကြရဦးမှာပေါ့။

အာဏာနဲ့နေရာကို မက်မောနစ်ခြိုက်ကြတဲ့ သူတွေအတွက်တော့ အာဏာရဖို့၊ နေရာရဖို့ ကြိုးပမ်းနေကြဦးမှာပါပဲ။ ရတဲ့နည်းနဲ့ ကြံဖန်ယူဖို့ ကြံစည်နေကြဦးမှာပါပဲ။ ဆင်ကြံ၊ မြင်းကြံ၊ မြေခွေးကြံ၊ လင်းတကြံတွေနဲ့ ကြံကြ ဖန်ကြ ကြိုးစားကြဦးမှာပါ။ တရားသော ကြိုးပမ်းခြင်းတွေ၊ တရား သော ကြံစည်မှုတွေ ဖြစ်ကြရင်တော့ ကောင်းပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ကလေးတွေ နားထောင်နေကျ ပုံပြင်လေးအတိုင်းပါပဲ။ နောက်ဆုံးမှာတော့ မကောင်းကြံတဲ့ ဝံပုလွေကြီးလည်း ရင်ကွဲနာကျပြီး သေပွဲဝင်သွားရှာသတဲ့ ကွယ်… ဆိုပြီး အဆုံးသတ်သွားကြရမှာပါ။

ကျွန်မတို့အတွက် လိုအပ်တာက စာဖတ်တဲ့ သမ္မတ၊ ခေါင်းရှိတဲ့ သမ္မတကို အလိုရှိကြတာပါ။ အဲဒီသမ္မတက အထပ်ခိုးပေါ်မှာ စာအုပ်တွေ အများကြီးပိုင်ဆိုင်တဲ့ ဆင်းရဲသားပဲ ဖြစ်စေဦးတော့၊ အဲဒီသမ္မတရဲ့ နှလုံးသားက မရိုင်းဘူး။ ရာဇဝင်ရိုင်းတဲ့သမိုင်းတွေကို မဖန်တီးဘူးဆိုတာ ရဲရဲကြီးယုံကြည် ထားလို့ ရပါတယ်။

***7 Day Daily, March , 2016.***

✧ ✧ ✧

# ခံတွင်းပျက်တဲ့ သကြံန်

သကြံန်နားနီးလာတာနဲ့အမျှ မြူးမြူးကြွကြွ သကြံန်သီချင်းလေး တွေက ဟိုကဒီက ကြားလာရတော့ စိတ်ထဲမှာ ရိုးတိုးရွတနဲ့ အနုပညာပိုး ခတ်ခံရိတဲ့ ကျွန်မမှာ ထကချင်စိတ် ပေါက်မိတော့တာပါပဲ။ ဩော်… အရွယ်တွေ၊ အသက်တွေကသာ အိုသွားတာ။ အနုပညာကတော့ အိုသွား တာမှ မဟုတ်တာပဲလေနော်။

ရှေးက ဂီတစာဆိုတွေက သကြံန်သီချင်းကို ဖြည်းဖြည်းလေးလေး ကြီးတွေ မဖန်တီးကြဘဲ မြူးမြူးကြွကြွ သံစဉ်စာသားတွေနဲ့ ဖန်တီးခဲ့ကြ လို့သာ ကျွန်မတို့ရဲ့ သကြံန်ယိမ်းအက၊ ယိမ်းအလှတွေကလည်း ဖျိုးခနဲ၊ ဖျက်ခနဲ၊ ဆိုးခနဲ၊ ဆတ်ခနဲနဲ့ မြူးကြွနေတော့တာ။ မြင်ရသူ၊ ကြားရသူတွေရဲ့ နှလုံးစိတ်ဝမ်းကို ရွှင်မြူးလန်းဆန်းစေတော့တာပါ။ သကြံန်မှာ မပျော်တဲ့သူ မရှိသလောက်အောင်ပဲ သကြံန်သီချင်းတွေက လူတွေရဲ့ စိတ်ကို ဖမ်းစား နိုင်စွမ်း ရှိကြပါတယ်။

ဒါပေမဲ့ တစ်နှစ်မှ တစ်ခါဆိုသလို ပျော်စရာကောင်းတဲ့ သကြံန်က တစ်နှစ်ထက်တစ်နှစ် ပျော်စရာမကောင်းတော့ဘဲ စိတ်ပျက်စရာကောင်းတဲ့ သကြံန် ဖြစ်လာပြီလို့ ခံစားမိတာကြာပါပြီ။ ဘယ့်နှယ်ကိုယ့်ရိုးရာသကြံန်ကို မပျော်ရတာလဲ။ ဘယ့်နှယ် စိတ်ပျက်လက်ပျက်ဖြစ်ရတာလဲလို့ အပြစ်တင်ကြ ရင်လည်း ခံရုံပဲရှိပါတော့တယ်။ တကယ့်ကို ကျွန်မကတော့ မြန်မာ့ရိုးရာ သကြံန်ဆိုတာကို စိတ်ပျက်နေတာ။ ခံတွင်းပျက်နေတာ ကြာပါပြီ။

ခေတ်ရေစီးကြောင်းဆိုတာကတော့ သူ့ခေတ်နဲ့သူ ပြောင်းလဲနေကြတာ ပဲပေါ့။ ကျွန်မတို့ ငယ်ငယ်က ခေတ်ရေစီးကြောင်းနဲ့အခုခေတ်ရေစီးကြောင်းက

မတူကြတော့။ ကျွန်မတို့ ငယ်ငယ်က သင်္ကြန်နဲ့ ခုခေတ်သင်္ကြန်နဲ့က မတူကြတော့။ ကွဲပြားခြားနားသွားခဲ့ပါပြီ။

ကျွန်မတို့ငယ်ငယ်က မိန်းမပျိုကလေးတွေနဲ့ သင်္ကြန်ဖီလင်က ရေကစားဖို့၊ ရေပက်ခံထွက်ဖို့၊ ယိမ်းကဖို့၊ မဏ္ဍပ်လျှောက်လည်ဖို့သာ စိတ်ဝင်စားကြပါတယ်။ ယောကျ်ားလေးတွေကတော့ ရေပက်ခံထွက်မယ်။ ရေကစားကြမယ်။ မူးပြီး ကဲကြမယ်ပေါ့။

အခုခေတ်ကျတော့ ယောကျ်ားလေးတွေ အပြောင်းအလဲ သိပ်မသိသာပေမယ့် မိန်းကလေးတွေကတော့ သင်္ကြန်ဆိုတာကို အခွင့်အရေးတစ်ခုလို အသုံးချပြီး မူးဖို့ လိုင်စင်ရသလို အချိုးမျိုးနဲ့ မူးဖို့ ပြင်ကြတော့တာပါ။ သင်္ကြန်ဆိုတာ ဘီယာကို လူမြင်ကွင်းမှာ ပေါ်ပေါ်ထင်ထင် သောက်ခွင့်ရတဲ့ လိုင်စင်ရသလိုမျိုး ပေါ်ပေါ်ထင်ထင် မူးကြတော့တာ။ သူ့ထက်ငါအပြိုင် ဘောင်းဘီတိုဝတ်ပြီး ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်းကဖို့၊ လူမြင်ကွင်းမှာ မူးပြီးကဖို့ အခွင့်အရေးက သင်္ကြန်ကျမှရတဲ့ အခွင့်အရေးလေ။

အခုခေတ်မှာ မိန်းကလေးတွေ ဘီယာသောက်လာကြတာ ဆန်းတော့ မဆန်းတော့ပါဘူး။ မွေးနေ့ပွဲတွေ၊ နှုတ်ဆက်ပွဲတွေမှာ ဘီယာက မပါမဖြစ် ပွဲလယ်တင့်နေကြတာဆိုတော့လေ။ ကိုယ့်စိတ်နဲ့ကိုယ် ကိုယ်ကြိုက်လို့ ကိုယ်သောက်တာ ဘာမှမဖြစ်။ ဘယ်သူမှ မထိခိုက်ပေမယ့် သင်္ကြန်ပွဲတော်လို လူမြင်ကွင်းမှာ မလုံမခြုံနဲ့ ရုပ်ပျက်ဆင်းပျက်မူးပြီး ကနေကြတဲ့ မြန်မာမိန်းကလေးတွေကို မြင်ရတာကတော့ ဘယ်လိုမှ မြင်လို့မကောင်း၊ မတင့်တယ်တော့။ အနိဋ္ဌာရုံတွေပဲလို့ စိတ်ထဲခံယူမိတော့တာ။ ဒီလိုမြင်ကွင်းတွေကို မတွေ့လို မမြင်လိုပဲ သင်္ကြန်ဆို အလိုလိုစိတ်တိုပြီး ရင်မောနေမိတဲ့ ကိုယ့်အဖြစ်က တစ်နှစ်တစ်ခါ ခံစားရတဲ့ဒုက္ခတွေပါ။

အဲဒီလို သင်္ကြန်ဆိုတာကို ခံတွင်းပျက်နေမိတဲ့ ကျွန်မ ဒီနှစ်တော့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်သစ်က စီးပွားဖြစ်ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခွင့်မပေး၊ မူးယစ်ဆေးတွေ အရက်သေစာတွေနဲ့ ဆိုးရွားလာမှာ စိုးလို့ ခွင့်မပြုတော့ဘူးဆိုတော့ ဝမ်းသာမိပါတော့တယ်။ အနည်းနဲ့အများတော့ မူးပြီး ထင်တိုင်းကြဲမှာတွေ လျော့သွားမှာအမှန်ပဲလို့ တွေးမိလို့ပါ။

သင်္ကြန်ရဲ့ အစဉ်အလာတွေ၊ အနှစ်သာရတွေကို မသိကြတော့ဘဲ သင်္ကြန်ဆို မူးဖို့လောက်သာသိကြတော့တဲ့ ခုခေတ်လူငယ်၊ လူရွယ်အတော်များများကို ထိန်းကျောင်းတည့်မတ်ပေးဖို့ လိုအပ်နေတာကြာပါပြီ။ ဒါပေမဲ့

အစိုးရသစ်အပြောင်းအလဲနဲ့ ကြုံကြိုက်တဲ့ သင်္ကြန်မှာ ဝန်ကြီးချုပ်သစ်က ပထမဆုံးရက်မှာပဲ စီးပွားဖြစ်သင်္ကြန်တွေ ခွင့်မပြုတော့ဘူးလို့ ညွှန်ကြားခဲ့တာ ဖြစ်တယ်။ ဧပြီ ၂ ရက်မှာတော့ ဘာကြောင့်ခွင့်မပြုကြောင်း မီဒီယာတွေက ရှင်းပြပါတယ်။

သင်္ကြန်နားနီးလာချိန်မှာ ဝန်ကြီးချုပ်သစ်ရဲ့ မူအသစ်ပေါ်မှာ ကိုယ့်ရှုထောင့်က ကိုယ် ပြောဆိုငြင်းခုံနေကြတာလည်း တွေ့ရပါတယ်။ အလကားနေရင်းတောင် စိတ်ကြွဆေးတွေ၊ မူးယစ်ဆေးတွေက လူငယ်တွေရဲ့ လက်တစ်ကမ်းမှာ အဆင်သင့်ရှိနေကြတာ။ သွေးဆောင်ဖြားယောင်းပြီး လက်ယက်ခေါ်နေကြတာ။ သင်္ကြန်ဆိုတာကို အခွင့်ကောင်းယူပြီး လူငယ်တွေ လမ်းမှားမရောက်ကြဖို့၊ အပျော်တွေ မလွန်ကြဖို့ စည်းကမ်းတင်းကျပ်သင့်ရင် တင်းကျပ်ရမှာပါပဲ။

ရေချိုတွေ ပေါများလှပါတယ်ဆိုတဲ့ ကျွန်မတို့နိုင်ငံက တစ်နှစ်ထက်တစ်နှစ် ရေရှားလာတာ အားလုံးအသိပါ။ အထက်အညာအရပ်တွေဆို နှစ်စဉ်ရေရှားကြသလို၊ မြစ်ဝကျွန်းပေါ်ဒေသတွေမှာလည်း သောက်သုံးရေရှားပါးနေကြတာ နှစ်စဉ်ပါ။ ကမ္ဘာဂြိုဟ်ရဲ့ သုံးပုံနှစ်ပုံဟာ ရေဖြစ်ပေမယ့် ကမ္ဘာကြီးမှာ တစ်နှစ်ထက်တစ်နှစ် ရေသယံဇာတတွေ ရှားလာခဲ့ပါပြီ။ ကမ္ဘာကြီးမှာ ရေရှားတယ်ဆိုတာ မဖြစ်နိုင်ပါဘူးလို့ စပ်ဆိုထားတဲ့ သင်္ကြန်သီချင်းလေးက

'ရေ ရေ ရေ မိုးပေါ်မှာရေ ××× မြေကြီးထဲမှာရေ××× ကမ္ဘာမြေကြီးရဲ့ လေးပုံသုံးပုံဟာ ရေ××× ရေတွေကုန်တာ ဖြစ်နိုင်ပါဘူးလေ××× နေ နေ နေ မပက်ချင်လည်းနေ ××× နောက်နှစ် မလာတော့ဘူးလေ' တဲ့။

မုံရွာသင်္ကြန်သီချင်းလေးမှာ ကောင်လေးတွေက ကောင်မလေးတွေကို ကျီစားပြီး ပြောထားတာ။ ရေမပက်ချင်လည်း နေပါ။ ရေတွေကုန်တာတော့ မဖြစ်နိုင်ပါဘူး။ ငါတို့ကို ရေမပက်ရင်တော့ နောက်နှစ်မှာ ညည်းတို့ဆီ မလာတော့ဘူးတဲ့။ ကမ္ဘာကြီးမှာ ရေတွေ ပေါပါတယ်တဲ့လေ။

ဟုတ်တာပေါ့နော်။ ကမ္ဘာမြေကြီးရဲ့ လေးပုံသုံးပုံဟာ ရေတွေဆိုတော့၊ ရေတွေကုန်တယ်၊ ရေတွေ ရှားတယ်ဆိုတာ ဖြစ်နိုင်တယ်လို့ ဘယ်သူထင်မှာလဲနော်။ အဲဒီလို ဘယ်သူမှ မထင်ကြပေမယ့် အမှုမဲ့အမှတ်မဲ့ နမော်နမဲ့နိုင်ခဲ့ကြပေမယ့် ကမ္ဘာကြီးကတော့ သိသိသာသာ ရေရှားလာခဲ့ပါပြီ။ ၁၉၉၈ တုန်းက နိုင်ငံ ၂၈ နိုင်ငံသာ ရေရှားပြီး ၂၀၂၅ မှာတော့ ၅၆ နိုင်ငံဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းထားတာ ကြာပါပြီ။ ရေရှားလာရခြင်းက လူဦးရေတိုးနှုန်းကြောင့်

သာမကဘဲ လူတွေရဲ့ ရေအလွန်အကျွံသုံးစွဲမှု၊ သဘာဝက ပေးနိုင်တာထက် ပိုပြီးထုတ်ယူသုံးစွဲမှုတွေကြောင့်ပါပဲတဲ့။

အခုလိုပူပြင်းခြောက်သွေ့လွန်းတဲ့ နွေရာသီမှာ ရေသယံဇာတတွေ ရေရှားပါးလွန်းတဲ့ခေတ်ကြီးမှာ ရေတွေကို ဖုံးပေါလအော သုံးပစ်ကြတဲ့ သင်္ကြန်ဆိုပြီး အများအမြင်မှာ ရုပ်မဆိုးစေချင်ပါဘူး။ ဝန်ကြီးချုပ်သစ်ရဲ့ ဆုံးဖြတ်ချက်က ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းရာရောက်၊ ရေသယံဇာတကို လည်း ချွေတာရာရောက်ပါတယ်။ ကျက်သရေမင်္ဂလာရှိရှိ၊ ရေကို ချွေချွေတာ တာ သုံးစွဲကြပြီး ရိုးရာမပျက် ရေကစားကြရင် ပျော်စရာကောင်းတဲ့သင်္ကြန် တွေ ဖြစ်လာပြီပေါ့။

သင်္ကြန်ဆိုတာကို ခံတွင်းမပျက်တော့ဘဲ စိတ်တွေမတို၊ ရင်တွေမမော ရတော့ဘဲ အပူအပင်ကင်းစွာနဲ့ မြူးမြူးကြွကြွ သင်္ကြန်သီချင်းသံတွေ ကြားရင် အရွယ်ဘယ်လောက်ပဲရရ၊ အသက်ဘယ်လောက်ပဲ ကြီးကြီး ငယ်မူပြန်ပြီး ထကချင်စိတ်ပေါက်ချင်ပါသေးတယ်။

*7 Day Daily,*

*April , 2016.*

✧ ✧ ✧

# နေညိုညို အဘွားအို

တဘက်လေး ခေါင်းပေါ်တင်ပြီး ဆွဲခြင်းစိမ်းလေးဆွဲလို့ ခြေတစ်ဖက် ထော့နဲ့ ထော့နဲ့နဲ့ ဖြေးဖြေးချင်း လျှောက်လာနေတဲ့ အဘွားအိုက ဗာဒံပင် အရိပ်အောက်အရောက်တွင် ထိုင်နေကျ ခုတ်ခဲပြားလေးပေါ် အသာအယာ ထိုင်ချလိုက်သည်။ သည်နေရာက အဘွားအိုရဲ့ စားကျက်တွင်းလေ။

ဒီနေရာ၊ ဒီအချိန်ဆိုရင် အဘွားအိုကို အမြဲလိုလို တွေ့ရတတ်သည်။ ဗာဒံပင်ရဲ့ အေးမြတဲ့ အရိပ်လေးက အဘွားအိုအတွက် အတန်ငယ် မောလျှနွမ်းနယ်မှုကို ပြေပျောက်စေတာ အမှန်ပင်။ နေသာတဲ့အခါမှာ သက်သောင့်သက်သာ ရှိလှပေမယ့် မိုးရွာရင်တော့ ထီးအဟောင်းလေးကို ဆောင်းပြီး ထိုင်နေရရှာသည်။

အဘွားအိုရဲ့ ရှေ့မှာတော့ သစ်သားဖင်ထိုင်ခုံ သေးသေးလေး တစ်လုံး။ အပေါ်က လက်ကိုင်ပဝါအဟောင်းလေးနှင့် ခင်းထားသေးသည်။ ခုံပေါ်မှာက တေဇောဘမ်းလိုမျိုး ဒဏ်ကြေလိမ်းဆေးဘူးလေး တစ်ဘူး။ အဘွားရှေ့ကို တစ်စုံတစ်ယောက် ဖြတ်လျှောက်သွားပြီဆို အဘွားရဲ့ နှုတ်က မဟတဟ၊ မပွင့်တပွင့် အသံလေးထွက်လာသည်။

သားရယ် အဘွားကို ထမင်းဖိုးလေး သနားခဲ့ပါ…

တစ်ယောက်ယောက်က အဘွားအိုကို ပိုက်ဆံလှမ်းပေးလိုက်ရင် အဘွားက ပိုက်ဆံကို ခုံလေးပေါ်တင်ပြီး ဒဏ်ကြေလိမ်းဆေးပုလင်းနှင့် ဖိထားလိုက်သည်။ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်ကလေးတွေ၊ ငါးရာတန်၊ တစ်ထောင်တန်လိုမျိုး အတန်ကြီးတွေဆိုရင်တော့ အဘွားက ရင်ပုံကြားထဲ ထိုးထည့်လိုက်တော့သည်။

အဘွားက သထုံဘက်က၊ အဘွားတို့ လင်မယားနှစ်ယောက် ရန်ကုန် ရောက်တာ ၁၄ နှစ်ရှိပြီး…

"အခု အဘိုးကော" လို့ ကျွန်မကမေးတော့ -

"ဆုံးတာ ရှစ်နှစ်ရှိသွားပြီ။ အကောင်းချည်းကနေ ပန်းရန်လုပ်ရင်း ရုတ်တရက် လေဖြတ်ပြီး သေသွားတာ။ အဘိုးကြီးရှိရင် ငါဒီလို မလုပ်ရပါဘူး" လို့ အဘွားက နှမ်းလျှလျှပြန်ဖြေရှာပါသည်။

အဘိုးရှိစဉ်တုန်းကတော့ လင်မယားနှစ်ယောက် မြောက်ဥက္ကလာပ မှာ အိမ်ငှားနေကြသည်။ ရုတ်တရက် အဘိုးဆုံးတော့ အလုပ်ရှင်က အဘွားကို သူ့အိမ်ခေါ်ထားသေးသည်။ နောက်တော့ အဘွားက ကြာရှည်မနေချင်တော့တာ မို့ မိတ်ဆွေတစ်ယောက်ရဲ့ ဒဂုံအရှေ့ပိုင်း၊ (၁၂၅)တိုးချဲ့ရပ်ကွက်က အိမ်ကလေး မှာ အဖီလေးဆွဲပြီးနေသည်။

"အဘွားရယ်။ (၁၂၅)နဲ့ (၁၃၃)က နီးနီးလေးပဲ၊ ဘာလို့ အဲဒီမသွား ဘဲ ဒီအထိ လာရတာလဲ။ (၁၃၃)က ဒီနေရာထက် လူစည်တဲ့ ဥစ္စာ"

"ရှက်လို့လေ။ (၁၃၃)မှာ အသိတွေရှိတယ်။ ဒီအလုပ်လုပ်တာ သူတို့ မြင်သွားမှာ စိုးလို့၊ ဒီလို ဘယ်လာချင်မလဲ။ ဒီကို လာရတာ မောတယ်။ ကားပေါ်ကဆင်းရင် မှတ်တိုင်မှာ ခဏထိုင်နားရသေးတယ်။ အသက်က (၈၆)နှစ်လေ။ ဘာရောဂါမှတော့ မရှိပါဘူး။ ဒူးတစ်ဖက်မကောင်းတော့ လမ်းကောင်းကောင်းမလျှောက်နိုင်ဘူး။ ကားတက်၊ ကားဆင်း စပယ်ယာတွေ ကူလို့သာ အဆင်ပြေတာ"

သထုံဘက်က ရွာမှာ အဘွားတို့က ပေ ၂၀ အိမ်လေး ရှိသည်။ သမီးနှင့်သမက်က ကျပန်းအလုပ်လုပ်ပြီး သားသမီးသုံးယောက်နှင့် ကသီလင် တနိုင်သည်။ သမက်က အဘိုးတို့ကို ငြူစူချင်သည်။ တစ်ရက်မှာ အဘိုးနှင့် သမီးဖြစ်သူတို့ စကားများကြပြီး အဘိုးက နင်တို့လုပ်စာ မစားဘူးဆိုပြီး ရန်ကုန်ကို ဖွတ်ထွက်လာကြခြင်း ဖြစ်သည်။ မိတ်ဆွေတစ်ယောက်က ပေး လိုက်သော လိပ်စာစာရွက်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း တစ်ခါမှ မရောက်ဖူးသော ရန်ကုန်ကို အဘွားတို့ စွန့်စွန့်စားစားရောက်ခဲ့ကြသည်။

ရန်ကုန်ကို စရောက်ကတည်းက အဘိုးက ပန်းရန်ဝင်လုပ်သည်။ လူငယ်တွေကြားထဲမှာ အဘိုးက တက်တက်ကြွကြွ၊ ပျော်ပျော်ရွှင်ရွှင်၊ ပင်ပန်း နွမ်းနယ်ဟန်မရှိ၊ သေသည်အထိ ပန်းရန်လုပ်ရင်း အဘွားအိုကို လုပ်ကျွေးခဲ့ ရှာသည်။

အဘိုးမရှိတော့ပေမယ့် အဘွားက ရွာကို ပြန်ချင်စိတ်မရှိတော့။ သမီးနှင့် သမက်ကို စိတ်နာ၍မဟုတ်။ သားသမီးကို မချစ်သည့်မိဘဟူ၍ မရှိဘဲ၊ အဘွားပြန်သွားရင် သူတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေမည်။ အဘွားက လူပိုဖြစ်နေပြီလေ။ သူတို့ကို ဒုက္ခမပေးချင်တော့။ သူတို့အတွက် ဘာမှလည်း လုပ်ပေးနိုင်စွမ်းရှိတာလည်း မဟုတ်။ နှစ်တွေပဲ ကြာလှပါပြီ။

ဒီနေရာလေးမှာပဲ အဘွားလာလာထိုင်နေတာ ရှစ်နှစ်ရှိနေပြီ။ တချို့ကလည်း အဘွားကို သနားစိတ်နှင့်သားသမီးတွေ မရှိဘူးလားလို့ မေးကြသည်။ အဘွားကတော့ တိုတိုတုတ်တုတ် မရှိဘူးလို့ပဲ ပြောလိုက်ပါသည်။ ကိုယ်ကြောင့် သူများတွေ သံသရာမရှည်စေချင်ပါ။ ဒီနေရာလေးမှာ ထိုင်တာ တစ်နေ့ကို တစ်ထောင့်ငါးရာ၊ နှစ်ထောင်လောက်တော့ရသည်။ မရဘူးဆိုတဲ့ နေ့က တစ်ထောင်တော့ ရသည်။ တစ်ယောက်တည်းဆိုတော့ ချက်မစားတော့ဘဲ ဝယ်စားလိုက်သည်။ အဘွားအတွက် ထမင်းတစ်ရာဖိုးက မနက်နှင့်ည နှစ်ခါ စားရသည်။ ဟင်းတစ်ပွဲဝယ်လျှင် ညစာ၊ မနက်စာ ရသည်။ ပိုတဲ့ ပိုက်ဆံကလေးကို စုထားသည်။ နေထိုင်မကောင်းလို့ ဆေးခန်းနှစ်ခါလောက်သွားရရင် စုထားတဲ့ပိုက်ဆံလေးက ပါသွားပြန်သည်။

အခုဆို အဘွားက စုထားတဲ့ ပိုက်ဆံနဲ့ အိမ်ရှင်ကို ခွင့်တောင်းပြီး ခြံထဲမှာ တဲထိုးပြီးနေသည်။ ၉ ပေ × ၁၀ ပေ အခန်းလေးက အဘွားတစ်ယောက်အတွက်တော့ ကျယ်တောင်ကျယ်နေသေးသည်။ ကိုယ့်ဘုရားစင်လေးနှင့် ကိုယ်သီးသန့်လေး ဖြစ်သွားတော့ အဘွားက စိတ်ချမ်းသာရတာပေါ့။

အိမ်ရှင်မိတ်ဆွေက အဘွားကို ဒီမှာပဲ သေတဲ့အထိ နေလို့ ပြောထားတာမို့ နေဖို့အတွက် ပူစရာမလိုတော့။

နေလောင်သည့် အသားအရေနှင့် ကွမ်းတမြုံ့မြုံ့ဝါးရင်း စိတ်ရှည်လက်ရှည် ပြောပြနေသော အဘွားအိုကို ကြည့်ရင်း မချင့်မရဲနှင့် မေးလိုက်မိသည်။

"အဘွားသမီးက အဘွားတို့ကို လာမရှာဘူးလား၊ အဘွားတို့ဆီ မဆက်သွယ်ဘူးလား"

"သူတို့က ရန်ကုန်ကိုတောင် ရောက်ဖူးကြတာ မဟုတ်ဘူး။ ငါတို့ကလည်း အဆက်ဖြတ်ထားတော့ သူတို့ ဘယ်သွားရှာမလဲ။ နှစ်တွေကြာပြီပဲ ဟာ၊ အခုဆို အိမ်ဈေးတွေ ကောင်းနေတာဆိုတော့ တို့အိမ်လေးလည်း ရှိချင်မှ ရှိတော့မှာပါ"

အဘွားရဲ့အဖြေက ကျွန်မကို မောသွားစေတော့သည်။ အဘွားလိုမျိုး သားသမီးကို တိတ်တိတ်ကျိတ်လွမ်းနေရတဲ့ မိဘတွေ ရှိကြသေးသလားမသိနိုင်ပါ။ အဘွားရဲ့ သမီးကကော မိဘတွေကို တိတ်တိတ်ကျိတ်လွမ်းမနေဘူးလို့ ဘယ်သူပြောနိုင်မှာလဲနော်။

ညနေ ၅ နာရီကျော်ကျော်မှာတော့ အဘွားက ထိုင်ရာမှ ထလိုက်ပြီး ပြန်ဖို့ ပြင်ဆင်ပြီ။ အနောက်ဘက်က နေလုံးကြီးကလည်း တိမ်တိုက်တွေကြားထဲ တရွေ့ရွေ့နဲ့ ဝင်တော့မည်ဟန် ဖြည်းဖြည်းချင်း ရွေ့လျားနေတော့သည်။ တဘက်ကလေး ခေါင်းပေါ်တင်ပြီး ဆွဲခြင်းစိမ်းကလေးဆွဲလို့ ခြေတစ်ဖက်ထော့နဲ့၊ ထော့နဲ့နဲ့ ဘတ်စ်ကား မှတ်တိုင်ဆီ လျှောက်လှမ်းနေတဲ့ အဘွားအိုရဲ့ ခြေလှမ်းတွေကလည်း တရွေ့ရွေ့ဖြင့်…။

ခွန်းဆင့်သူသူ

*စံတော်ချိန်၊ ဇူလိုင်၊ ၂၀၁၄။*

✧ ✧ ✧



# ခွန်းဆင့်သျှသျှ

အမည်ရင်း-မေစီလွင်၊ ၁၉၆၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာခဲ ကျေးရွာတွင် အဖ ဦးသက်လွင် (ကျန်းမာရေးမှူး)၊ အမိ ဒေါ်ခင်ဝင်း (မူပြ-ဆရာမ) တို့မှ မွေးဖွားသည်။ အင်းစိန်မြို့နယ်၊ အမက (၁၁) အလက (၈)၊ အထက (၂)တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၈၄ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေ၊ ရန်ကုန်တက္ကသိုလ်(ပင်မ)တို့တွင် မြန်မာစာ အဓိက ဘာသာဖြင့် တက်ရောက် သင်ကြားခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း စာကြည့်တိုက်ပညာ ဒီပလိုမာ (DLIS)၊ စာကြည့်တိုက်ပညာ မဟာဘွဲ့ (MLIS) များ ရရှိသည်။

ထုတ်ဝေပြီးသောစာအုပ်-နေပြည်တော်ကြီး သိပါလေစ။

●●●